
www.burmeseclassic.com



www.burmeseclassic.com

# မဟူရာ (လှိုင်ကော်)

## ဖိုးတာ

စာမူခွင့်ပြုချက်အမှတ် - ၂၂၂/၂၀၀၄ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၉၂/၂၀၀၄ (၃)

၂၀၀၄ ခုနှစ်၊ မေလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊



# မဟူရာ
## (လှိုင်ကော်)

# ဖိုးတာ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဘဝကိုလျှောက်လှမ်း
ဘယ်ကမ်းကိုကပ်ကပ်
ဘယ်အရပ်မှာနေနေ
ဘဝတွေက ဒီလိုပဲ
မပြောင်းလဲပဲ ဤ ထစ်နေ
မပြောင်းလဲပဲ ထိုတစ်နေ
မျှော်မှန်းရင်းပဲလျှောက်လျှောက်
ငိုကြွေးရင်းပဲလျှောက်လျှောက်
လူတစ်ယောက်တော့ဖြစ်နေ
မေတ္တာတွေပဲလိုအပ်
တနေ့လိုရပ်တည်ကာ
ကူညီလို့ ပေးထူပါ
မိုးတာ ဆိုသော လူငယ်လေး
ဩော် ...
မိုးတာ ဆိုသော ထိုကလေး ...။

www.burmeseclassic.com

www.burmeseclassic.com







ဖိုးတာ ဆိုသော အမည်ကို တီတီတာတာ ပြောတတ်လွန်း၍ ပေးထားခြင်းပါ။ အသားလေးက ဖြူသည်။ မျက်နှာထား ချိုသည်။ ပြီးတော့ အိမ်ထောင်သက် အတန်အသင့်ရမှ ဦးမျိုးနှင့် ဒေါ်ဆင့်တို့ ဤသားဦးလေးကို မွေးဖွားချေသည်မို့ အရမ်းကို ချစ်ကြသည်။ ဖိုးတာလေးသည် ငါးနှစ်အရွယ်လောက်ထိတော့ သာမန်ကလေးများနှင့် ဘာမျှမခြား။

ဒါပေမဲ့ မမျှော်လင့်တာ ဖြစ်ခဲ့ရသည်။ မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသည့် အဖြစ်သည် ရုတ်ခြည်းဖြစ်ပေါ်လျက် တစ်သက်တာအတွက် ဆိုးရွားသောဘဝကို ဖြစ်စေခဲ့သည်။

သကြီန်မှာ ကလေးတို့ဘာဝ ဖိုးတာ ရေကစားသည်။ ဖိုးတာတို့ နေသည်က တောင်ဥက္ကလာပမှာ ..။ နေပူထဲ ရေကစားသည့် ဖိုးတာ၊ ညကျတော့ ဖျားသည်။ အဖျားကြီးလွန်းသည်မို့ တက်သွား;သည် အထိ ဖြစ်ရသည်။ ညကြီးမင်းကြီးမို့ ဆေးခြီးတို



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆေးတိုက်ရသည်။ မနက်ကျတော့ အဖျားမကျ။ သတိလက်လွှတ်လျက် ဖိုးတာလေး တက် ... တက်နေတာမို့ ဆေးရုံတင်လိုက်ရသည်။

ဖိုးတာလေး အဖျားကျသွားခဲ့ပေမဲ့ ဦးနှောက်က ပုံမှန် ပြန်ဖြစ်မလာခဲ့ရှာတော့။ ဆေးရုံက ဖိုးတာကို ကျောရိုးမှ ခြင်ဆီကိုထုတ်၍ စစ်သည်။ တီဘီပိုး ဦးနှောက်ထဲရောက်သည်ဟုလည်း ဦးမျိုးနှင့် ဒေါ်ဆင့်ကို ပြောပြသည်။ ဦးနှောက်ကိုခွဲစိတ်ကုသပေးမည်ဟု ဆိုတော့လည်း ဒေါ်ဆင့်က တငိုငို။

"ကိုမျိုးရယ် ... မဆင့်ရဲ့ သားလေးက ဒီတစ်ယောက်တည်းရှိတာ၊ ဦးနှောက်မကောင်းချင်လည်း ရှိပါစေတော့၊ မဆင့်သားကို မြင်နေရသေးတယ်၊ မတော်တဆ ခွဲစိတ်ကုသရင်းနဲ့ တိမ်းပါးသွားရင် မဆင့် ရင်ကွဲရှာမှာမို့ပါ၊ မခွဲပါရစေနဲ့ ကိုမျိုးရယ်"

သားလေးကလည်း ဖြူဖြူလေး၊ ချစ်စရာလေး။ ဘယ်လိုမှ ပစ်ရက်စရာ မရှိ။ အရုပ်ကလေးကို သော့ပေးလမ်းလျှောက် ခိုင်းတာကို ကြည့်ရသလို ချစ်စဖွယ် အရွယ်လေး။ ဒီလို ချစ်စဖွယ် သားလေးကိုပါ ဆုံးရှုံးလိုက်ရမှာ အဘယ်မိဘသည် မစိုးရိမ်ဘဲ ရှိနိုင်ပါမည်လဲလေ။

ဦးမျိုးကိုယ်တိုင်ကလည်း ဖနီးသည်နှင့် စိတ်ထားချင်း တူနေသည်။





ဒါကြောင့်မို့ ဖိုးတာလေးကို မခွဲစိတ်ဖြစ်။

ဤသို့ဖြင့် ဖိုးတာသည်တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပါချေသည်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာမှာ အသက်သာ ကြီးလာသည်။ အသိဉာဏ်က မဖွံ့ဖြိုးလာ။ ကလေးတစ်ယောက်၏ အတွေးပဲ ရှိသည်။

ဂေါ်လီပစ်လိုက်၊ ကလေးတွေနှင့် ရန်ဖြစ်လိုက်နှင့် ဖိုးတာသည် အသက်နှစ်ဆယ် အရွယ်သာ တိုင်ခဲ့၏။ ကလေး တစ်ယောက်နှယ် ဆော့မြဲ၊ ကစားမြဲ။

ငါးနှစ်အရွယ်တုန်းက ကလေးတစ်ယောက်နှယ် ရှိစဉ် ထိုအဖြစ်သည် ဘာမျှ မထူးခြား။ ဒါပေမယ့် အသက် နှစ်ဆယ်ထိ အရွယ်မရောက်သေးသည့် ကလေးနှယ် သွားလာပြုမူ နေတော့ မိဘများက စိတ်မချမ်းသာ။

"အဖေနဲ့ အမေက ညီမလေးကျတော့ ချစ်တယ်၊ သူ့ကျ တော့ အဝတ် ဝယ်ပေးတယ်၊ သားကျတော့ မဝယ်ပေးဘူး၊ ဘာလုပ်မှာလဲ၊ ဒီအင်္ကျီ လှလည်းမလှတော့ဘူး၊ အဟောင်း ကြီး"





ဖိုးတာမှာ ညီမလေး မိထူးရှိသည်။ အသက်ချင်း သုံးနှစ်လောက် ကွာသည်။ ဖိုးတာ သုံးနှစ်သားလောက်မှာ မိထူး ကို ဒေါ်ဆင့် မွေးဖွားခဲ့သည်လေ။

ယခုလည်း မိထူးအတွက် အင်္ကျီသစ်တစ်ထည် အမေလုပ်သူက ဝယ်ပေးတာကို သူ့အတွက် မပါရကောင်းလား ဟု မျက်နှာကို မှုန်တေစူပုပ်၍ ဂျီချနေပြီ။ အသက်သာ နှစ်ဆယ် ရှိခဲ့ပေမယ့် မျက်နှာလေးက ကလေး၏ အမူအရာမျိုး နှုတ်ခမ်းကို စူထော်ထားသည်။ မျက်ခုံးကို မှုန်ကုပ်ထားလျက် မျက်တောင်က တပုတ်ခတ်ခတ်။

တကယ်တော့ ဂျစ်ကျနေရင်း ဖိုးတာ ဝမ်းလည်း နည်းနေပုံ ရသည်။ မျက်ရည်က ဝဲချင်ချင်။ ဒါကြောင့်လည်း မျက်တောင်ကို ပုတ်ခတ်ရင်း မျက်ရည်ကို ထိန်းနေခြင်းပါ။

အိမ်ထောင့်ကြမ်းပြင်မှာ ခြေဆင်း ထိုင်ရင်း မှုန် တေတေဖြင့် မိထူးကိုလည်း လှမ်းလှမ်း၍ ရန်လိုကြည့် ကြည့် သည်။

လမ်းထဲမှာ နီတိုးတို့နှင့် ဂေါ်လီ ရိုက်တော့လည်း ဖိုးတာ ရှုံးခဲ့သည်။ အိမ်ပြန်လာတော့လည်း မိထူးက အင်္ကျီအသစ် နှင့် ရှိုးထုတ်ထားသည်။

"အမေ ... သားဖို့ အင်္ကျီအသစ်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု မီးဖိုထဲ ပြေးဝင်၍ အမေ့ဘေးမှာ ကပ်ထိုင်ပြီး မျှော်လင့် ဝမ်းမြောက်စွာ မေးတော့ အမေက သူ့ဆံနွယ်များကို သပ်တင်ပေးရင်း ...

"နောက်တစ်ခါမှ ဝယ်ပေးမယ်နော်"

ဟု ပြုံး၍ ချော့မော့ ပြောတာနှင့် မျက်နှာကြီး ပျက်ကျလျက် ဆောင့်အောင့် ထ,ပြီး ညှော်ခန်းမှာ သွားထိုင်ကျိုကျနေခြင်းပါ။

"နောက်မှ ဝယ်ပေးမယ် ဝယ်ပေးမယ်နဲ့ မိထူးချည်းပဲ အင်္ကျီအသစ် ရသွားတာ လေးခါရှိပြီ၊ လုံချည်လည်း အသစ်ဝယ်ပေးသေးတယ်၊ သားကျတော့ အဖေ့ပုဆိုး အဟောင်းပဲ ဝတ်ဝတ်နေရတာ၊ ဒီအင်္ကျီကလည်း ကြာလှပြီ၊ လှလည်း မလှတော့ဘူး၊ နီတိုးလို အင်္ကျီဝယ်ပေး ... အခု ဝယ်ပေး"

ပြောရင်း ပြောရင်း ဖိုးတာ မျက်ရည်တွေ ကျလာသည်။ ကလေးလိုပဲ တဟီးဟီးနှင့် အော်ငိုသည်။ နီတိုးဝတ်ထားသည့် စပို့ရှပ် အနီရောင်လေးကို ဖိုးတာ မျက်စိကျနေတာကြာပြီ။ ခုလို အင်္ကျီအသစ်လေး ဝတ်ချင်နေချိန်မှာ မိထူးချည်း အဝတ်အသစ်တွေ ရရနေတော့ ဖိုးတာ ဝမ်းနည်းပန်းနည်း အော်ငိုပစ်သည်။

"မဝယ်ပေးရင် သားတော့ အော်ငိုနေမှာ အမေရ"





ဟုလည်း အသိပေးထားနှင့်သည်။ တကယ်လည်း ကလေးလိုပဲ ငိုကြွေးရှည်ကြီးနှင့် တအီအီ ငိုနေသည်။

"ဒါကတော့ သားရယ်၊ သားရဲ့ ညီမလေးက ကျောင်းနေနေရတယ်လေ၊ သူငယ်ချင်းတွေ ရှေ့မှာ မိထူးလေး မျက်နှာငယ်မှာပေါ့၊ ဝတ်ပါစေလား သားရယ်"

အမေက သူ့ဘေးမှာ လာထိုင်ရင်း ဆံပင်တွေ သပ်ပေးရင်း ချော့မော့ ပြောတော့ သူ့မျက်ရည်တွေကို သုတ်သည်။

"ဟာဗျာ ... ဒါဆို မနက်ဖြန်ဘဲ သားလည်း ကျောင်းနေမယ်၊ ဝယ်ပေး အင်္ကျီသစ်"

ကြီးကောင်ကြီးမား အချိုးအစားနှင့် ကလေးစိတ်ဖြစ်နေသော သားကို ကြည့်လျက် အမေ လုပ်သူ မျက်ရည်ကျရသည်။

"သားမှာလည်း သူငယ်ချင်းတွေ ရှိတာပဲ၊ နီတိုးတို့ အောင်ထိုက်တို့၊ ဖိုးလုံးတို့ အဲဒါတွေ ရှေ့မှာ သားလည်း မျက်နှာ ငယ်မှာပေါ့ ... ဝယ်ပေး"

အဖေ လုပ်သူက စာပေတိုက် တစ်တိုက်မှာ ဖိုမင်လုပ်နေရသူ။ ငွေကြေးက သိပ်ပြီး ပြည့်စုံတာ မဟုတ်။ ဖိုးတာ၏ ဆေးဖိုးဝါးခလည်း ရှိသေးသည်။ ဒေါ်ဆင့် စိတ်ညစ်ညစ်နှင့် မျက်ရည်ဝဲကျရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါလာလည်း ဒီခေါင်းပေါ်က ဆံပင်ကိုပဲ သပ်သပ်ပြီး ချော့နေတာပဲ၊ တကယ်လည်း ဘာမှ ဝယ်မပေးဘူး၊ ခေါင်းတုံး တုံးပစ်မယ်"

တအီအီ ငိုနေရာမှ ဒေါနှင့် မောနှင့် ထ,ထွက်သွား၏။

လမ်းထိပ်ကို ထွက်သွားသည်။ ပြန်လာတော့ တကယ့်ကို ခေါင်းမှာ ဆံပင် ပြန်မပါလာတော့။ လမ်းထိပ်က ဆံပင်ညှပ်ဆိုင်မှာ ဆံပင်တွေ ချန်ထားရစ်ခဲ့ပြီ။ ခေါင်းတုံးလေးဖြင့် ဖိုးတာ အိမ်ပေါ်ပြန်တက်လာ၏။

"အင်္ကျီဝယ်ပေး"

ဒါကိုကျတော့ မမေ့။ ဆက်၍ ဂျီကျနေခိုက် ဦးမျိုး ရောက်လာသည်။ မိုးလည်း ချုပ်ပြီ။

"ဒီကောင် ဘာဖြစ်နေတာလဲ၊ သူ့ကို ဘယ်သူက ခေါင်းတုံး တုံးပေးလိုက်တာလဲ"

ဦးမျိုး မေးတော့ ဒေါ်ဆင့် အဖြစ်တွေအားလုံး ပြောပြသည်။

ဖိုးတာကတော့ ထုံးစံအတိုင်း မှန်ဘောင်ကွာ အခန်းထောင့်မှာ ခြေကြီးဆင်း၍ ထိုင်ရင်း အမေနှင့် အဖေ လုပ်သူကို မသိမသာ ခိုးခိုးကြည့်နေ၏။

"ဒီကောင် ဘာဂျီကျတာလဲ၊ ဖိုးတာနော် ... မိဘမှာ ရှိမှန်း မသိ, မရှိမှန်းမသိ ဆိုးဖို့ပဲသိတယ်၊ ပူဆာဖို့ပဲ သိတယ်၊





မင်းအတွက် ဆေးဖိုးတွေကို ဘယ်က ပိုက်ဆံနဲ့ ဝယ်ရမှာလဲ၊ အဲဒါကျတော့ မသိဘူး၊ တောက် ... ငါ ရိုက်လိုက်ရ၊ သွား ... ဝေးဝေးမှာ သွားနေစမ်း၊ ငါ ရိုက်မိတော့မယ်၊ အလုပ်ပင်ပန်းရတဲ့ ကြားထဲမှာ သူက တစ်မျိုး"

ဦးမျိုး စိတ်ရှုပ်ရှုပ်နှင့် ဆူတော့ ဖိုးတာ အဖေ လုပ်သူကို အတန်ကြာ မော့ကြည့်သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေ၏။

ဖိုးတာ၏ မျက်ဝန်းတွေက တကယ့်ကလေးနှယ်ပင် ကြည်လင်လျက် အပြစ်ကင်းရိုပ်က ထင်းခနဲ ရှိ၏။

"သားကျတော့ ပုဆိုးဆိုလည်း အဲဖေ့ ဥစ္စာအဟောင်းပဲ ဝတ်ရတာ၊ အင်္ကျီဆိုလည်း အဖေ့ဥစ္စာပဲဝတ်ရတာ၊ အသစ်ဆို တစ်ထည်မှ မရှိဘူး၊ သားလည်း အင်္ကျီအသစ် ဆိုတာကို ဝတ်ဖူးချင်တာပေါ့"

တရှုံ့ရှုံ့ငိုယိုရင်း ကြေကြေကွဲကွဲ ခံစားပြောတာ မြင်တော့ ဦးမျိုး ငိုင်ခနဲ ဖြစ်ရသည်။ ရင်ထဲမှာ နင့်ခနဲ ထိခိုက် ခံစားရသည်။

"သားလည်း အင်္ကျီအသစ် ဆိုတာကို ဝတ်ဖူးချင်တာပေါ့"

ဟူသော စကား ...

တကယ်လည်း ဤသားမှာ အဝတ်သစ် မဝတ်ခဲ့ရတာ ကြာရှည်ခဲ့ချေပြီပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေး အခြေအနေအရ မဝယ်ပေးနိုင်ခဲ့တာလည်း ကြာခဲ့ပြီ။ ဖအေ့ အဝတ်ဟောင်းတွေပဲ ဖိုးတာ ဝတ်ခဲ့ရရှာသည်။

ယခင်တုန်းကတော့ ခုလို မပူ မဆူ။

ဖိုးတာခမျာ ရှိသည့် အဝတ်နှင့် ပျော်ရွှင်စွာ ပြေးလွှား ကစားခဲ့သည်ပါပဲ။

ခွေလိမ့်လိုက်၊ ဂေါ်လီရိုက်လိုက်၊ စွန်လွှတ်လိုက်။

ယခုတော့ ကစားဖော်၏ အဝတ်သစ်တွေ ညီမ၏ အဝတ်သစ်တွေကြောင့် အဝတ်အစားသစ်ကို ဖိုးတာ ပူဆာတက်ပြီ။

ဖိုးတာ မျက်ရည်ကို သုတ်၍ ထ,ရပ်သည်။ ပုဆိုးစ နှင့် မျက်နှာကို သုတ်သည်။ နောက် အိမ်ပေါ်မှ ဆင်းသွား၏။

“ကိုမျိုးရယ် ဒီလိုကြီးလည်း မပြောပါနဲ့ရှင်၊ ခမျာ ရှင့်ကို ထမင်းစား စောင့်နေရှာတာ”

ဦးမျိုး မျက်ရည်ဝဲလာသည်။

“ငါ့သားကို ဘယ်မဝယ်ပေးချင် ရှိပါ့မလဲ မဆင့်ရယ် … ဆေးဖိုးဝါးခက တစ်ဖက်၊ သမီးလေးကလည်း အရွယ်လေး ရလာ၊ မီးဖိုစရိတ်ကလည်း ရှိနေတာ မင်းလည်း အသိပဲ၊ စိတ်မောမောနဲ့ ငါ ဆူလိုက်မိတယ်ကွာ”

ဟု ပြောပြီး ဦးမျိုး အိမ်ပေါ်မှ ဆင်းသည်။

ဖိုးတာကို ဝေးဝေးမှာ သွားရှာဖို့မလို၊ ကလေးတွေ ဆူဆူနှင့် ကစားနေသည့် နေရာကို သွားလျှင် တွေ့စမြဲ။





ဦးမျိုး လမ်းထိပ်မှ ကလေးတွေ နေရာကိုရောက် တော့ ကလေးအုပ်ထဲမှာ ဖိုးတာကို မတွေ့။

ဟိုဟိုသည်သည် ကြည့်မှ လမ်းဘေးမှာ အုတ်ခဲလေး …င်ခုထိုင်လျက် နီတိုးကို ငေးကြည့်နေသည့် ဖိုးတာကို မြင်၏။

ဖိုးတာ၏ အကြည့်တွေက နီတိုး၏ စပို့ရှပ်အနီလေး …ာ တပ်မက်စွာ ငြိတွယ်နေ၏။

နီတိုး ရွှေ့လျားရာအတိုင်း ဖိုးတာ လိုက်ကြည့်နေတာ ကို မြင်တော့ ဦးမျိုး ရင်ထဲမှာ ဖြေဆည်မရ မျက်ရည်ပေါက်ခန့် …ကျတာကိုပင် ဦးမျိုး မသုတ်လိုက်နိုင်။ ဖိုးတာရှိရာသို့ လျှောက်ခဲ့ …ကျ် သား၏ ဘေးမှာ ရပ်သည်။

ခေါင်းတုံးလေးနှင့် ထိုင်နေသည့် ဖိုးတာ၏ ပခုံးကို ဆုပ်ကိုင်သည်။

“ကဲ … သား ထ, ထမင်းစားရအောင်၊ အဖေ သားကို စပို့ရှပ်အနီရောင်လေး ဝယ်ပေးပါ့မယ်ကွာ”

ဖိုးတာ မယုံနိုင်သလို အဖေလုပ်သူကို ကြည့်၏။ နောက် ဖခင်လုပ်သူ၏ မျက်နှာကို အကဲခတ်၏။ တကယ် …ပြောမှန်း သိတော့ ဝမ်းသာအားရဖြင့် …

“အဟုတ်လား အဖေ …”

ဟု မေးသည်။ ခေါင်းညိတ်တော့ ဖိုးတာ ဝမ်းသာ …အားရ ထ,ရပ်၍ ဖခင်နှင့် လိုက်လာသည်။ ငြိမ်ငြိမ်မလိုက်။ …လေးလိုပဲ ခုန်ပေါက်ရင်း လိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒုက္ခပါပဲ"

ဟု ခုန်ပေါက်လိုက်လာနေရာမှ အလန့်တကြား ရပ်လိုက်ရင်း ခေါင်းပြောင်ပြောင်လေးကို ပွတ်၍ ဖိုးတာ စိတ်ညစ်ညစ်နှင့် အော်သည်။

"ဒီလိုမှန်းသိရင် ဆံပင်တွေ ခေါင်းတုံး မတုံးပါဘူး အဖေရာ၊ ခုတော့ ရှုံးပုံပြီ"

ဟု ပြောလာတာမို့ စိတ်ညစ်သည့်ကြားမှာ ဦးမျိုးပြုံးမိချေ၏။





"ဦးလေး ... ဦးလေး ... ဦးလေးသားကို ပြောထားဗျာ၊ သားကို အရူးလို့ ပြောတယ်"

စပို့ရှပ်အနီ အသစ်လေးနှင့် ခေါင်းတုံးပြောင်လေးနှင့် ရှိနေသည့် ဖိုးတာကို ကစားဖော် ချာတိတ်လေးတွေက စ,ကြတာမို့ ဒေါနှင့် မောနှင့် ဖိုးတာ လာတိုင်ခြင်းပင်။

ဖိုးတာ၏ ကစားဖော်တွေက အမြဲတမ်း ကလေးတွေပဲ ဖြစ်နေတတ်သည်။ ဖိုးတာ၏ ငယ်ကစားဖော်တွေက အယ်တန်းအောင်ကုန်ပြီ။ တက္ကသိုလ် တက်ကုန်ပြီ။ ဖိုးတာကတော့ ချာတိတ်တွေနှင့် ဆော့တုန်း။

အဖေ ဝယ်ပေးသည့် စပို့ရှပ် အသစ်လေးနှင့် ကြွားမဆုံး ဖြစ်နေသည့် ဖိုးတာကို ကစားဖော် ချာတိတ်တွေက အရူးဟု စ,လျှင် အရမ်းစိတ်ဆိုးလျက် ခုန်ပေါက်ခဲ့ပြီးမှ သူက ဦးအောင် လာတိုင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ဒီကောင့်ကို သေချာဆုပ်ပြီး ရိုက်မယ်၊ ကဲ ... ပြန် ... ပြန် ... စိတ်ချ၊ ကောင်းကောင်းနာအောင် ရိုက်မှာယ်"

"အင်း ... နာအောင် ရိုက်နော်၊ နာနာရိုက်"

ဟု ကျေကျေနပ်နပ် မှာပြီး ဖိုးတာ မျက်နှာပြုံးလာ၏။

"အံမယ် ဖိုးတာ အကျႌလေးက တယ်လှပါလား"

ဟု ဆိုလာလျှင် အရမ်းကျေနပ်သွားလျက် ...

"အဖေ ဝယ်ပေးတာလေ၊ အဖေက ဝယ်ပေးတာ၊ လှတယ်နော်၊ သိပ်လှတာ"

ဟု အကျႌလေးကို လက်လေးနှင့် ပုတ်လျက် ကြွားလည်း ပြန်ကြွားသည်။

အရူးဟု ပြောသည့် ကလေးတွေ၏ အိမ်ပေါက်စေ့အောင် မိဘတွေကို တိုင်ခဲ့ပြီးမှ အကျႌအနီလေးနှင့် မြောက်ကြွမြောက်ကြွဖြင့် ဖိုးတာ အိမ်ပြန်လာသည်။

အိမ်မှာ ခဏနားသည်။ ပြီးတော့ စိတ်ကူးရတိုင်း အကျႌသစ်လေးဖြင့် လမ်းသလား၍ မဆုံး၊ ကြွား၍မဆုံး။

အဖေ လုပ်သူ ကြွေးတင်တာ ဖိုးတာ မသိ။

ထိုနေ့က လမ်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်ကို နေပူကျဲကျဲထဲမှာ ဖိုးတာ လမ်းသလား၍ မဆုံးတော့။ ဖိုးတာ၏ မျက်နှာလေးကလည်း အရမ်းကို ပြုံးနေ၏။





"မဆင့်ရယ် ... နင်ကတော့ ထားခဲ့ပြီပေါ့၊ ငါ့မှာ ဒီသားရူးပေါပေါကောင်နဲ့ သမီးပျိုလေးနဲ့ ကျန်ခဲ့ရပြီ၊ မင်း ငါ့ကို ထားခဲ့တာ မြန်လိုက်တာ မဆင့်ရယ်"

ဇနီးဖြစ်သူ ဒေါ်ဆင့် ရုတ်ခနဲ ဆုံးပါးတော့ ဦးမျိုးရှူးမတတ် ခံစားရသည်။ ဦးနှောက်သွေးကြောပြတ်၍ ဒေါ်ဆင့် ဆုံးပါးခဲ့သည်။

ဒေါ်ဆင့် ဆုံးသွားတော့ ဖိုးတာ မျက်နှာလေး ညှိုးနေတတ်သည်။ အမေ လုပ်သူကို မီးသဂြိုဟ်စက်ထဲ ထည့်လိုက်တာကို မမိုတ်မသုန် ငေးကြည့်ရင်း တုန်လှုပ်စွာ အဖေလုပ်သူကို ကြည့်၏။ မျက်ရည်ကျနေသော အဖေ့ကို ဖိုးတာ အတန်ကြာ ကြည့်သည်။

"အမေ့ကို မီးရှို့တာ အဖေ မတားဘူးလား"

ဟု ဖိုးတာက မေးသည်။ ဦးမျိုးမှာ ခေါင်းခါရမ်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့အမေ သေပြီလေ၊ ဒီလိုပဲ မီးရှို့လိုက်ရမှာပေါ့"

ဟု ပြောပြ ရှင်းပြရသည်။ မိထူးမှာ ကျိတ်၍ မျက်ရည်ကျရှာ၏။ အော်ဟစ် မငိုရဲ။ အစ်ကိုလုပ်သူ စိတ်ထဲ ပေါက်လာပြီး သော်င်းကျန်းပစ်မှာ သားအဖနှစ်ယောက် စိတ်ပူကြတာမို့ ကျိတ်၍ မျက်ရည် ကျရသည့်အဖြစ်။

ဒီနောက်ပိုင်းမှာ ဖိုးတာကို ...

"မင်းအမေရော ..."

ဟု မေးလျှင် ...

"မီးရှို့ပစ်လိုက်ပြီ၊ အမေ သေသွားပြီ"

ဟု ဖြေတတ်သည်။

အမေ မရှိတော့သည့် နောက်ပိုင်းမှာ အဖေ့ကို ပို၍ ကပ်သည်။ အဖေ ပြန်မလာမချင်း ထမင်းမစားတော့။

မနက်ဆိုလျှင် ဖိုးတာကို အဖေလုပ်သူက လက်ဖက်ရည် တစ်ခွက်၊ မုန့်နှင့် ဆိုင်က ဝယ်ကျွေးရသည်။ ပြီးတော့ ပိုက်ဆံ တစ်ဆယ် ပေးသည်။

နောက် ... အလုပ်သို့ သွား၊ လမ်းထိပ်ထိ ဖိုးတာ လိုက်ပို့သည်။ တစ်ခါတစ်ခါ ပိုက်ဆံတစ်ဆယ် မပေးဘဲ သုတ်သုတ်ပျာပျာ ဦးမျိုး အလုပ်သွားမည်ဆိုလျှင် ...

"အဖေ ပိုက်ဆံ"

ဟု လက်တံရှည်ကြီးဖြင့် ကမ်း၍ ကလေးလို ပိုက်ဆံ တောင်းတတ်သည်။ ပြီးမှ သားအဖ နှစ်ယောက်





လမ်းထိပ်ထိ အတူတူထွက်ကြ၏။ ထုံးစံအတိုင်း ဖိုးတာက အဖေ့အားမှာ ကလေးလိုပဲ ခုန်ပေါက်မြောက်ကြွလျက် လိုက်လာတတ်၏။ လမ်းထိပ်ရောက်မှ ဖိုးတာ ကျန်ခဲ့တတ်သည်။

အိမ်ပြန်ချိန် နောက်ကျလျှင် အဖေ့ကို ဖိုးတာ စိတ်ကောက်ပြီ။

"ပိုက်ဆာလှပြီ အဖေရ၊ ဒီလောက် ကြာရသလား၊ ထိပ်ထုမယ်"

ဟု ပြောလည်းပြော တကယ်လည်း အဖေ့ကို ထိပ်ထုတတ်သည်။

အရွယ်ကြီးလာပေမယ့် အသိဉာဏ် ကလေးသာ ဖြစ်နေသည်မို့ ကလေးများ မိဘရင်ခွင်ဝင် စိတ်ကောက်၍ ရင်ဘတ်ထု၊ နဖူးထုနှင့် ဆိုးနွဲ့သည်သို့ပင် ဖိုးတာ ဆိုးနွဲ့ရှာခြင်းပါ။

ဒါပေမဲ့ တချို့က ထိုအချက်ကို သဘောမပေါက်။ နှစ်ဆယ်ကျော် အရွယ်ကြီးက မိဘထိပ် ထုရကောင်းလားဟု မြင်ချင်၏။ အလိုမလိုက်ဖို့ ဦးမျိုးကို ပြောကြ၏။

"အရပ်ကြီးရှည် လူကောင်ကြီး ထွားနေပေမယ့် သားဟာ ကလေးတွေးပဲ ရှိရှာတတ်တာဝါ၊ ကလေးတွေ ဆိုးနွဲ့သလို ဆိုးရှာတာပါ၊ အဲဒီကလေးအရွယ်မျိုးပဲ သူ့ကို နေရာထားပြီး နားလည်ခွင့်လွှတ်ရမှာပါ"

ဟု ဦးမျိုးခမျာ ရှင်းပြရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်က သမဝါယမဆိုင်မှာ ဖိုးတာ ရှိတတ်သည်။ ဆန်ချိန်တာ၊ လက်တိုလက်တောင်း ခိုင်းတာလေးကို ဖိုးတာ လုပ်ပေးတာမို့ မုန့်ဖိုးပဲဖိုး ရတတ်သည်။ ရတာလေးနှင့် သားရေကွင်း ဝယ်သည်။ ဂေါ်လီဝယ်သည်။ တစ်ခါတစ်ခါ မုန့်ပဲဝယ်စားသည်။ အချဉ်ထုပ်တွေလည်း စားချင်စားသည်။

"ဖိုးတာ ဒီမှာကြည့်စမ်း"

အရောင်းစာရေး ကျော်လတ်က လက်မောင်းမှာ ပတ်ထားသည့် ရွှေရောင် လက်ပတ်နာရီကို ဖိုးတာရှေ့မှာ လက်မောင်းကို ပင့်၍ တဝဲဝဲ လုပ်ပြသည်။

"လှတယ် မဟုတ်လား ဖိုးတာ"

"အင်း ... အင်း ... လှတယ် ... လှတယ်နော်"

ဖိုးတာ၏ မျက်ဝန်းတွေ ရွှန်းတောက်နေသည်။ နာရီပေါ်မှ ဖိုးတာ အကြည့်တွေက ကလေးတစ်ယောက် လိုချင်နေသည့် အကြည့်တွေဖြင့် အတန်ကြာ ရှိနေ၏။





ဖိုးတာကို ရှူးရှူးပေါ်ပေါ်အဖြစ် ထားလျက် ရှုတ်နောက်နောက်ဖြင့် စ,ချင်နောက်ချင်သည့် ကျော်လတ်က ဖိုးတာကို ပြုံး၍ကြည့်သည်။ ဖိုးတာ၏ ပခုံးပေါ် လက်ကို ဘုတ်ခနဲတင်၏။ ထိုအခါမှ ဖိုးတာ ခေါင်းမော့ အကြည့်ခွာလျက် ...။

"ဟာဗျာ ... အစ်ကိုကလည်း လန့်လိုက်တာ"

နာရီလေးထဲ စိတ်နှစ်နေတာမို့ တကယ်လည်း ဖိုးတာ လန့်သွားရသည်။ ကျော်လတ် ရယ်သည်။ ကျောကိုလည်း ဆပ်ပုတ်သည်။

"မင်း မလိုချင်ဘူးလား"

"အင်း ... အင်း ... လိုချင်တယ်"

ကလေးလိုပဲ ခေါင်းညိတ်ရင်း ဝမ်းသာအားရ ဟန်ဆောင်မှု ကင်းစင်စွာ ဖိုးတာ ဖြေသည်။

"လိုချင်ရင် မင်းရဲ့ အဖေကို ဝယ်ခိုင်းပေါ့ကွ"

"အင်း ... ဟုတ်တယ်၊ အဖေ့ကို ဝယ်ခိုင်းမယ်"

ဝမ်းသာအားရနှင့် ဖိုးတာ အိမ်သို့ပြန်လာ၏။ အိမ်ရောက်တော့ အိမ်ပေါက်ဝ လှေကားထစ်မှာ ဖိုးတာ ထိုင်၍ အဖေ အိမ်အပြန်ကို စောင့်သည်။ ဒူးကလေး တန့်နံ့နှင့် ဖိုးတာ မျှော်နေ၏။

မိထူးမှာ အိမ်ကို တံမြက်လှည်းရင်း အစ်ကိုလုပ်သူကို လှမ်း၍ အကဲခတ်ကြည့်ကြည့်နေမိသည်။ ဖိုးတာ မျက်နှာ ပြုံးနေတာတော့ အမှန် ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့လက်ကိုလည်း ခဏခဏ မြှောက်မြှောက်ကြည့်သည်။

ဦးမျိုး အလုပ်မှ ပြန်လာတော့ ဖိုးတာ ခုန်ပေါက်၍ ပြေးကြို၏။

"အဖေ ပြန်လာပြီဟေ့၊ အဖေ ပြန်လာပြီ"

ကလေးတွေ အဖေကို ကြိုသလိုပဲ ဖိုးတာ ခုန်ပေါက်ပြေးလွှား၍ အော်ဟစ်ကြိုဆိုဖေသည်။ ၄၄ လမ်းမှာ ရှိသည့် စာပုံနှိပ်တိုက်မှ တောင်ဥက္ကလာ ဘတ်စ်ကားနှင့် ပြန်လာရတာမို့ ဦးမျိုး ပင်ပန်းတာတော့ အမှန်။ ဒါပေမဲ့ ခုလို သားလုပ်သူ၏ မြူးတကြွကြွနှင့် ခုန်ပေါက်ကြိုဆိုခံရတိုင်း ရင်ထဲမှာ ကြည်နူးရတာတော့ အမှန်။ ရှုးတူးတူး ပေါတောတောလေးမို့ ကရုဏာလည်း ပိုရသည်လေ ...။

"အဖေ ..."

အိမ်လေးပေါ် ရောက်တော့ အဖေ့ဘေးမှာ ကပ်ထိုင်ရင်း ဖိုးတာ ခေါ်သည်။ သားအဖနှစ်ယောက်အတွက် ထမင်းပွဲ ပြင်နေသည့် မိထူးက လှမ်းကြည့်၏။ ဖိုးတာက အဖေနှင့် သူပဲ အတူတူ ထမင်းစားချင်သည်။ မိထူးကို အတူမစားစေချင်။ အဖေ့ထံမှ မေတ္တာကို အပိုင်စီးထားချင်သည့် ဖိုးတာပါ။

"ဘာလဲ သားရဲ့"





"ဒီနေ့ ဟိုသမဝါယမဆိုင်က အစ်ကို ကျော်လတ်ရဲ့ နာရီလေးက သိပ်လှတာ အဖေရ၊ အဲဒါ နာရီလိုချင်တယ် အဖေ၊ သားကို နာရီ ဝယ်ပေးပါ"

ဦးမျိုး ရင်ထဲ မောကျသွားသည်။ ကျော်လတ်ကိုလည်း ဒေါပွချင်သည်။ ပေါချာချာမှန်းသိပါလျက် ဖိုးတာကို မြှောက်ပေးပြီး ပြဿနာ လုပ်ခိုင်းတာကို ဒေါသဖြစ်ချင်၏။

"နော် ... အဖေ ... ဝယ်ပေးနော်၊ သား ပတ်ချင်တယ် အဖေရ"

"ဒီမှာ ဖိုးတာ ... ငါ့မှာ နာရီဝယ်ပေးစရာ ပိုက်ဆံမရှိဘူး၊ ထမင်းစား စကားမများနဲ့"

စိတ်မောမောဖြင့် ခပ်မာမာပြောပြီး ဦးမျိုး ထမင်းပွဲမှာ ထိုင်သည်။ ငံပြာရည်ချက်ကို ဆမ်း၍ တို့စရာဖြင့် မြိုပ်စားသည်။ ဖိုးတာ ထမင်းပွဲကို မလာ။ ထုံးစံအတိုင်း အိမ်နံရံကို မှီ၍ အခန်းထောင့်မှာ ခြေဆင်း၍ ထိုင်သည်။ လက်ညှိုးနှစ်ဖက်ကို ပွတ်နေရင်း အဖေလုပ်သူကို ကြည့်သည်။

"ဟေ့ကောင် ... လာ ထမင်းစား၊ စိတ်ကောက်ပြမနေနဲ့၊ ငါ ထ,ရိုက်မိမယ်"

ဦးမျိုး ထပ်ခေါ်တော့မှ နံရံကို ကျောဖြင့် ပို၍ ကပ်ပစ်ရင်း ဖိုးတာ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်သည်။ နှုတ်ခမ်းကို ချွန်နေအောင် စူထားရင်း ဂျီကျသည်။



www.burmeseclassic.com

www.burmeseclassic.com



"နာရီကို ဝယ်ပေးပါလို့ ပြောတာကို နာရီ ဝယ်မပေးဘဲ ထမင်းပဲ နင်းကန်ကျွေးနေတာပဲ၊ နာရီ ဝယ်ပေးမှ ထမင်းစားမယ်"

ကလေးဆိုးကြီးလို မျက်လုံးလေး တလှန်လှန်ဖြင့် ကြည့်ရင်း ဖိုးတာ ပြောတော့ ဦးမျိုး လက်ဆေးပြီး ဖိုးတာရှေ့မှာ ရပ်သည်။

"ဒီမှာ ဖိုးတာ နာရီရမှ ထမင်းစားမယ် လုပ်မနေနဲ့၊ ငါ့မှာလည်း ပိုက်ဆံမရှိဘူး၊ နာရီကို မင်းလိုချင်တိုင်း သွားယူလာလို့ ရအောင် ငါက သူဌေးမဟုတ်ဘူးကွ၊ ဖိုမင် ဖိုမင်"

"မသိပါဘူးဗျာ၊ နာရီ လိုချင်တယ်၊ ဝယ်ပေး အီးဟီးဟီး ဝယ်ပေး၊ ဒီမှာ ပတ်ချင်တယ် သိလား"

နာရီပတ်မည့် လက်ကောက်ဝတ်နေရာကိုပါ အတိအကျ ပြပြီး နာရီဝယ်ပေးဖို့ သံပြိုင်ကြီးနှင့် ဖိုးတာ စင်ိပြီ။

"ဒီမှာ ... ငိုမနေနဲ့ ပိုက်ဆံမရှိဘူး၊ ငါ ရိုက်လိုက်ရ၊ မင်းက ဘယ်နှပြား ပိုက်ဆံရှာနိုင်လို့လဲကွ၊ ဟေ ... နာရီ ပတ်ရအောင် မင်းက ဘယ်လို အလုပ်အကိုင်ကြီး လုပ်မှာမို့လဲ၊ မင်းအတွက် စိတ်ငြိမ်ဆေး ဝယ်ရတာက တစ်မျိုး၊ မင်းဟာ မရှိတာပဲ ကောင်းမယ်၊ မိဘကို ဒုက္ခပေးချင်နေတဲ့ကောင်၊ ဟိုတုန်းက ဦးနှောက်ခွဲမယ်ဆိုတုန်းက ခွဲလိုက်ရင်





ကောင်းသား၊ သေရင်လည်း အေးတာပဲ၊ မသေရင်လည်း လူကောင်း သူကောင်းလို ပြန်ကောင်းမှာ၊ ခုမှ ငါမှားတာကို ငါ သိတယ် ဖိုးတာ"

ဦးမျိုး စိတ်ဆင်းရဲလွန်းစွာ ပြောရင်း ငိုတော့ ဖိုးတာ အငိုတိတ်သွားသည်။

အဖေ လုပ်သူကို မော့၍ အတန်ကြာ ကြည့်သည်။ နောက်တော့ ဖိုးတာ အကြည့်က လက်ကောက်ဝတ်ဆီသို့ ပြန်ရောက်သွားပြန်၏။

"အီး ... ဟီး ... ဝယ်ပေး၊ နာရီ ဝယ်ပေး"

ဦးမျိုး စိတ်ညစ်ညစ်နှင့် တုတ်ပြေးဆွဲတော့ မိထူးက

"မလုပ်ပါနဲ့ အဖေရယ် ... အစ်ကိုက ဘာသိလို့လဲ၊ သူများ မြှောက်ပေးလို့ လုပ်တာပါ၊ မလုပ်ပါနဲ့ အဖေရယ်"

"ငါ သေမှ ဒီကောင် ကောင်းကောင်း ဒုက္ခရောက်မှာ၊ အမေ မရှိတော့ အဖေကို ဒုက္ခပေးနေတဲ့ကောင်၊ ငါ မရှိမှ သူ့ကို ဘယ်သူက တာရှည် ကြည့်နိုင်မှာလဲ"

ပြောရင်း ပြောရင်း လက်ထဲမှ တုတ်ကိုမြှောက်၍ ဖိုးတာကို လှမ်းရိုက်သည်။ လက်မောင်းကို ထိ၏။

"ရိုက်ပါ အဖေရဲ့၊ ပြီးရင် နာရီတော့ ဝယ်ပေးပါ၊ ဒီမှာ ပတ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ငိုကြီးချက်မနှင့် ငိုယိုပြောရင်း လက်ကောက်ဝတ်ကို ပြ၍ ဖိုးတာ တမော့မော့ ပူဆာတော့ ဦးမျိုး ရင်ထဲ ဘယ်လိုမှ မကောင်းနိုင်။

ဤသားလေးခမျာ သူမှလွဲ၍ အဘယ်သူ့ထံ ပူဆာနိုင်ရှာပါမည်လဲလေ။ သား၏ ဘေးတွင်ထိုင်၊ သား၏ ခေါင်းလေးကို ရင်ခွင်ထဲ သိမ်းပိုက်၍ ပွေ့ဖက်ထားရင်း ဦးမျိုး မချိတင်ကဲ ငိုကြွေးရှာချေသတည်း။

"သြော် ... အဒေါ်၊ လာ ... လာ"

တစ်ဖက် အိမ်ခန်းဆီမှ ဒေါ်နွဲ့ ရောက်လာတာမို့ မိထူးခေါ်တော့ ဒေါ်နွဲ့ ဖျာပေါ်မှာ ထိုင်သည်။

"ဟိုဘက်ခန်းက အားလုံးကြားတယ် ဦးမျိုးရဲ့၊ မနေနိုင်လို့ ထွက်လာခဲ့ရတာ၊ ရော့ ..."

ရွှေရောင် နာရီဟောင်းလေး တစ်လုံး။ အတော်လေး လှသည်။

ရော့ ... ဆိုသံကြောင့် ဖိုးတာ လှမ်းကြည့်သည်။ နာရီလေးကို တွေ့တော့ ချက်ချင်း လက်ကိုကမ်းပေး၏။ လက်ကောက်ဝတ်လေးကို ထိုးပေးရင်း ပတ်ခိုင်းလိုက်သည့် အသွင်။ နောက် သတိဝင်လာဟန်ဖြင့် ချက်ချင်း လက်ကို ပြန်ရုပ်၍ အဖေလုပ်သူကို ကြည့်၏။ အရိုက်ခံထားရတာမို့ ကြောက်တာလည်း သိသာသည်။





"ပေး ... ပေး ... အဒေါ် ပတ်ပေးမယ်၊ ဖိုးတာကလည်း အဖေ့ကို မဆိုးနဲ့လေ၊ မသနားဘူးလား"

ဖိုးတာ အဖေ့ကို ကြည့်၏။ မျက်ရည်တွေနှင့် ရှိနေသော အဖေ့ကို မော့ကြည့်ရင်း ...

"အဖေ့ကို သနားတာပေါ့"

ဟု ဖြေသည်။ ပြီးတော့ နာရီလေးကို လှမ်းကြည့်သည်။ နောက် အဖေ့ကို မော့၍ ခွင့်ပြုချက်ကို ယူသည်။

"ပတ်လိုက်မယ်နော် အဖေ၊ နာရီက လှတယ်ဗျ"

ခေါင်းညိတ်ပြတာနှင့် ဖိုးတာ ဝမ်းသာအားရ ကိုယ်ကို ရှေ့သို့ တိုးသည်။ လက်ကိုလည်း ကမ်း၍ ဒေါ်နွဲ့ ရှေ့မှာထိုးထားသည်။ ဒေါ်နွဲ့က နာရီကို ဖတ်ပေးတော့ တပြုံးပြုံးနှင့်ခံ၏။

"အဟိ ... အင်း၊ သိပ်လှတယ်နော် ... သိပ်လှတယ်၊ နေဦး ... နေဦး၊ အစ်ကိုကျော်လတ်ကို သွားပြမယ်"

ဟု နာရီလေးကို လက်တမြှောက်မြှောက်နှင့် ကြည့်ပြီး ဖိုးတာ ခုန်ပေါက်၍ အိမ်ပေါ်မှ ဆင်းသည်။ ပြီးတော့ မြှောက်ကြွ မြှောက်ကြွနှင့် ထွက်သွား၏။

"အဲဒီ နာရီလေးက ပျက်နေပါပြီ ဦးမျိုးရယ်၊ ဆိုင်သွားပြင်တော့လည်း မကောင်းလာပါဘူး၊ နာရီထက် ပြင်ခက ပိုဈေးကြီးလာတာနဲ့ ဒီအတိုင်းပဲ ထားလိုက်တာပါ၊ ဘာမှ အားနာစရာ မလိုပါဘူး၊ ဖိုတာလေး ပတ်ချင် ပတ်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်နွဲ့ ပြောပြီး ပြန်သွားတော့ ဦးမျိုး အတန်ကြာ ငိုင်၍ ကျန်ရစ်၏။ ဖိုးတာကို ရိုက်မိခဲ့တာကိုလည်း စိတ်မကောင်း။

ဦးမျိုး အိမ်ပေါ်မှ ဆင်းသည်။ ထုံးစံအတိုင်း ဖိုးတာကို လမ်းပေါ်မှာ ကလေးတစ်အုပ်နှင့် တရုန်းရုန်း တွေ့ရ၏။

"ဟေ့ကောင်တွေ ... ဟေ့ကောင်တွေ ငါ့နာရီကို အရမ်း မထိပါနဲ့ကွ၊ ပျက်သွားမယ် ... ပျက်သွားမယ်"

တကယ်က ဖိုတာ၏ နာရီက လက်တံမရွေ့တော့။ ဒါကို ဖိုးတာ နားလည်သည်မှ မဟုတ်ဘဲလေ နာရီက ပျက်နှင့်နေပြီးသား။ ဒါပေမယ့် ဖိုးတာကတော့ လက်ပတ်နာရီတစ်လုံးနှင့် ကလေးအုပ်ထဲမှာ အလုပ်ရှုပ်နေပြီ။ လက်ကို ကလေးတွေနှင့် မမီအောင် ဖိုးတာ မြှောက်ထား၏။

"သား ... ဖိုးတာ ထမင်းစားမယ်၊ လာ ..."

ဖိုးတာ၏ လက်ကို ဆွဲ၍ ဦးမျိုး ပြောတော့ ဖိုးတာ ခုန်ပေါက်၍ လိုက်လာ၏။ ကျော်လတ်ဆီသို့လည်း ဖိုးတာ မရောက်ဖြစ်လိုက်။ လမ်းခုလတ်မှာပဲ ကလေးအုပ်နှင့် တိုးကာ နာရီကြွားနေစဉ် အဖေနှင့် ပြန်ပါသွား၏။

"အဟင်း ... ဟင်း ... လှတယ်နော် အဖေ"

အရိုက်ခံရတာကို ဖိုးတာ လုံးဝ မေ့သွားချေပြီတည်း။





"ဟာ ... မင်း နာရီက စက်မှ မသွားတာ၊ ဒီအတံလေးက ဒီလို ရွေ့နေရတယ်ကွ"

သမဝါယမဆိုင်မှာ ဖိုးတာ ကျော်လတ်ကို လာကြွားတော့ ကျော်လတ် ပြောသည့် စကားကြောင့် ဖိုးတာ မျက်နှာမကောင်း။ စောစောကတော့ နာရီလက်တံ မရွေ့တာကို နားမလည်။ တကယ်တမ်း ကျော်လတ် ပြမှ နာရီလက်တံလေးတွေ ရွေ့တာကို သိမြင်လာရသည်။ ဖိုးတာ သူ့လက်မှာ ပတ်ထားသည့် လက်ပတ်နာရီကို ငုံ့ကြည့်၏။ နာရီ လက်တံက မရွေ့။

"မင်း နာရီက အစုတ်ကြီးပဲကွ၊ ဟား ... ဟား ... အစုတ်ကြီးနဲ့ လာကြွားရလား"

ဖိုးတာ မျက်နှာပျက်နေပြီ။ မျက်နှာလည်း မဲ့နေပြီ။

"နာရီ ပျက်ရင် ပြင်ရတဲ့ နေရာရှိတယ်၊ လာ ... ငါ ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



နာရီပြင်ဆိုင် နေရာသို့ ဖိုးတာကို ကျော်လတ် ခေါ်ခဲ့သည်။ နေရာကို လှမ်းပြပြီးတော့ ကျော်လတ် ပြန်သွား၏။ ဖိုးတာက နာရီကို နာရီပြင်ဆိုင်မှာ သွားပြသည်။ လက်တံနေရာကို ပြသည်။

"ဒီဥစ္စာကို ရွေ့အောင် လုပ်ပေး"

ရင်ထဲမှာ စွဲနေတာကိုပဲ ဖိုးတာပြောသည်။ ဈေးခြင်းနှင့် ဒေါ်နွဲ့ကို လှမ်းမြင်ရတာမို့ ...

"နာရီက အတံလေး မရွေ့ဘူးဗျ၊ အဒေါ် လိုက်ကြည့်၊ အစ်ကိုကျော်လတ်က ပြောတယ်၊ အဲဒီနာရီက စုတ်နေတယ်တဲ့"

ဟု ဆိုတာမို့ ဒေါ်နွဲ့ စိတ်မကောင်း။ နာရီပြင်ဆိုင်မှ နာရီကို ပြန်ယူသွားသည်။

"နင် ဒီလို ကြပ်ကြပ်လုပ်၊ နာရီ ပျောက်သွားလိမ့်မယ်၊ မှတ်ထား၊ အဲဒီ ကျော်လတ် နာရီက စုတ်တာ"

ကျော်လတ် ပြောတာကို ဒေါ်နွဲ့ စိတ်တိုနေပြီ။ ဘယ့်နှယ် ... ပေါတောတော ကောင်လေးကို ရယ်မောလိုစိတ်နှင့် နောက်သည်ပဲထား။ အဖေ လုပ်သူခများ ဒုက္ခရောက်ရရှာသည် မဟုတ်ပါလော။

"အဲဒီ ကျော်လတ်ရဲ့ နာရီက စုတ်နေတာ၊ လက်တံက မနိုင်ဘဲ ပြုတ်နေတော့ ဟိုရွေ့ ဒီရွေ့ ဖြစ်နေတာ သိလား၊





နင့် နာရီက အကောင်း၊ သူက သူ့နာရီအစုတ်နဲ့ လဲချင်လို့ နင့်ကို လိမ်တာ၊ နောက် သူ့ကို နင့်နာရီ မပြနဲ့၊ သူ့နာရီနဲ့ လဲသွားလိမ့်မယ်"

ဒေါ်နွဲ့ ပြောတော့လည်း ဖိုးတာ အဟုတ် ထင်သွားသည်ပါပဲ။ နာရီလေးကို တင်းတင်းဆုပ်ထားသည်။

"ဟုတ်လား ... အင်း ... နောက်ကို မပြတော့ဘူး၊ ရော့ ရော့ ... ဒီနေရာမှာ ပတ်ပေး"

နာရီက ကြိုးလေးကအစ ရွှေရောင်။ နာရီကို ပေတ်တတ်တာမို့ ဒေါ်နွဲ့ကိုပဲ လက်ကိုထိုးပေးပြီး ပတ်ခိုင်းသည်၊

နောက်ကို ဘယ်တော့မှ သူ့နာရီကို ဖိုးတာ တစ်ယောက် ကျော်လတ်ကို မပြတော့။ ဘယ်တော့မှလည်း ချွတ်တော့။ ချွတ်လည်း မချွတ်တတ်၊ လက်ပတ်ကြိုးမှ မဖြုတ်တတ်ဘဲလေ။

ရေချိုးလျှင်တောင်မှ ဖိုးတာက နာရီပတ်လျက် ချိုးသည်။

ရေလဲပုဆိုးကို မိထွေး လျှော်ဖို့ ရေစည်ဘေးမှာ ထားခဲ့သည်။

မိထွေးအပေါ်ကလည်း ဖိုးတာ အနိုင်ယူတတ်သည် ပါပဲ။ အမြဲတမ်း ဖိုးတာကို ကလေးအုပ်ထဲမှာပဲ တွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိ၏။

အဖေ ပြန်လာချိန်ကိုတော့ ဖိုးတာ မမေ့။ အဖေ အိမ်သို့ ကြိုပြန်ပြီး ကြိုနေတတ်သည်။





"မင်းမှာ နာရီတော့ ရှိတာပေါ့၊ ဒါပေမဲ့ ဒီမှာ တွေ့လား၊ ငါ့မှာက လက်စွပ်လည်း ရှိတယ်၊ ဆွဲကြိုးလည်း ရှိတယ်"

ဖိုးတာကို ကျော်လတ် ပြောပြီး လက်စွပ်နှင့် ဆွဲကြိုးကို ပြသည်။

ပြီးတော့ ဖိုးတာကို ပြုံး၍ ကြည့်သည်။

ဖိုးတာက ကျော်လတ်၏ လက်မှ လက်စွပ်နှင့် လည်ပင်းမှ ဆွဲကြိုးကို ငေးကြည့်နေ၏။

"မင်း အဖေကို ဝယ်ခိုင်းပေါ့ကွ၊ ဒါပေမယ့် နာရီကို အစုတ်ပတ်ခိုင်းသလို မင်းကို ရွှေအတုပဲ ဝယ်ပေးမှာပေါ့၊ အဟင်း ... အဟင်း"

ဖိုးတာ မျက်နှာ တင်းသွား၏။ ဤဆိုင်သို့ ဖိုးတာ မလာဘဲ မနေနိုင်။

ကျော်လတ်ပြောသည့် နာရီစုတ် ဆိုတာကိုလည်း ဖိုးတာ မခံချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နာရီက အကောင်းပါ၊ အစုတ်က အစ်ကိုဟာ၊ နာရီက လက်တံက မခိုင်လို့ လှုပ်နေတာ"

မခံချင်စိတ်နှင့် ဖိုးတာ ပြောတော့ ကျော်လတ် ရယ်သည်။

"ဒါပေမယ့် မင်း လက်စွပ်နဲ့ ဆွဲကြိုးကျရင်တော့ အတုပဲ ရမှာပါကွာ"

"ကိုကျော်လတ် ဖိုးတာကို အရမ်း သွားစမနေနဲ့၊ ဟိုက ပူဆာနေမှ ဦးမျိုး ဒုက္ခရောက်ရမှာ"

ဆိုင်မှ မခင်မြင့် ပြောတော့ ကျော်လတ် တဟဲဟဲ ရယ်နေသည်။

"ငါ ဆွဲကြိုးနဲ့ လက်စွပ်ကို ကိုလှိုင့် ပန်းတိမ်ဆိုင်က ဝယ်တာကွ၊ အဲဒီက လက်စွပ်နဲ့ ဆွဲကြိုးကမှ စစ်တာ"

ဖိုးတာ ထ,ရပ်သည်။ အနီးဝန်းကျင်မှာ ဖိုးတာ မသိသည့် လူလည်း မရှိ။ ဦးလှိုင်၏ ရွှေဆိုင်ကိုလည်း ဖိုးတာ သိသည်။

ဖိုးတာတို့ သားအဖကိုလည်း ဦးလှိုင် သိသည်။

ဖိုးတာ အိမ်ပြန်လာပြီး ထုံးစံအတိုင်း ရေချိုး။ ပြီးတော့ အဖေ့ကို မျှော်သည်။

အဖေ့ကို မျှော်ရင်း ဒူးနှံ့နှံ့နှင့် လုပ်နေ၏။





ဟော ... အဖေ ပြန်လာပြီ။ ပိန်ပါးသော အဖေသည် လွယ်အိတ်လေး လွယ်လျက် စိုက်စိုက် စိုက်စိုက်နှင့် ပြန်လာပြီ။

"အဖေ ... ပြန်လာပြီဟေ့၊ အဖေ ပြန်လာပြီ"

ကလေးလိုပင် ဖိုးတာ ခုန်ပေါက်အော်သည်။ အဖေ့ကို ပြေးကြိုပြီး ကလေးလိုပဲ ခုန်ပေါက်ရင်း အဖေ့ဘေးမှာ ပါလာ၏။ ခုန်လွှန်းပေါက်လွှန်း ပြေးဆော့လွှန်းတာမို့ ဖိုးတာကို တာယာ ဖိနပ်ပဲ ဝယ်ပေးထားရသည်။

ထမင်းပွဲကို မိထူး ပြင်ပေးစဉ် ထုံးစံအတိုင်း ဖိုးတာ အဖေ့ကို မော့ကြည့်၏။

"အဖေ အစ်ကို ကျော်လတ်ဆီက လက်စွပ်နဲ့ ဆွဲကြိုးမျိုး လိုချင်တယ် အဖေ၊ ဝယ်ပေးနော်"

"အစ်ကို ဖိုးတာ အဖေ့ကို စိတ်ညစ်အောင် မလုပ်နဲ့၊ ထမင်းစား"

မိထူးကို ဖိုးတာ ဖုတ်လေသည့် ငါးပိပင် မထင်။ ငိုင်နေသော အဖေ့ကို ဖိုးတာ တမော့မော့ဖြင့် ပူဆာသည်။

"နော် ... အဖေ"

မထင်မှတ်နိုင်စွာပင် အဖေ ခေါင်းညိတ်ပြတာ မြင်တော့ ဖိုးတာ ခုန်ပေါက်၍ အိမ်ပေါ်မှ ဆင်းသွား၏။ ထမင်းစားဖို့ ဖိုးတာ မေ့သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး … ရတော့မယ်ကွ၊ ရတော့မယ် … ရတော့မယ်ဟော့ … ရတော့မယ်၊ ဝယ်တော့မယ်ကွ၊ ဝယ်တော့မယ်၊ ဂုတ်တော့မယ်ဟော့ … ဝတ်တော့မယ်"

လက်ကို တမြှောက်မြှောက် လုပ်ရင်း ဖိုးတာ ပြေးသွားရာနောက်သို့ ဦးမျိုး လိုက်ရန် အိမ်ပေါ်မှ ဆင်းသည်။

ထမင်းစားဖို့ ဖိုးတာကို ဟလေးတွေ ကြားထဲမှ ဆွဲခေါ်ခဲ့ရချေဦးတော့မယ်လေ။





"ဟင့်အင်း … ဒီဆိုင်က ဥစ္စာကို မယူဘူးအဖေ၊ ဦးလှိုင်ဆိုင်က လက်စွပ်နဲ့ ဆွဲကြိုးပဲ ယူမယ်"

ကျော်လတ်၏ စကားကို အသေ မှတ်ထားသော တာ ပြောပြီး မျက်နှာကို ပုတ်ထား၏။

'သက် ရွှေရည်စိမ်' ဆိုင်ရှေ့မှာ ဦးမျိုး ရပ်ရင်း တွေ ငိုင်နေသည်။

ပြဿနာက စပြီ။ မဝယ်ပေး၍လည်း ဖြစ်မှာမဟုတ်။

မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် မျက်ရည်ဝိုင်းနေပြီဖြစ်သည့် သားကို လက်ဆွဲ၍ အိမ်ပြန်ခေါ်ခဲ့ရသည်။

"သား … ခဏနေခဲ့ ဟုတ်လား"

ဟု ချော့မော့၍ အိမ်မှာ ထားခဲ့စဉ်ခိုက် …

"အီး … ဟီး … ဟီး … ဝယ်ပေး … ဝယ်ပေး"

ဟု တကယ့် ကလေးလို အော်ငိုကျန်ခဲ့သည့် သားတွက် ဦးမျိုး ရင်လေးလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှိရင် ..."

ဟု ရှေ့ရေးကို ရင်လေးရပါ၏။ မိထွေးကိုလည်း ဖိုးတာက ဘယ်တုန်းကမှ ဂရုစိုက်တာမဟုတ်။ မိထွေး စကားကို လည်း နားမထောင်။ ဤကြားထဲ ပတ်ဝန်းကျင်ထဲက လူပြောင် လူနောက်တွေကလည်း ဖိုးတာကို ရွတ်ရွတ်နောက်နောက်နှင့် မြှောက်ပင့်ပေးသည်။ မိဘ မတတ်နိုင်တာကို ပူဆာခိုင်းတတ်သည်။

နောက်ပြောင်သူကတော့ ခပ်ပေါ့ပေါ့ ပြောလိုက်ခြင်း ပါ။ ပျော်စေ ပြက်စေ သဘောမျိုး။ ဖိုးတာကို ချစ်၍ ချစ်စနိုး စလိုက်သည့် သဘော။ ဒါပေမယ့် ဦးမျိုးမှာ ဒုက္ခ ရောက်ရသည် လေ။

တအောင့်ကြာတော့ ဦးလှိုင်ရွှေဆိုင်သို့ ဖိုးတာကို ခေါ်သွားရသည်။ သည်လိုဆိုတော့လည်း ဖိုးတာ မြှောက်ကြွ မြှောက်ကြွနှင့် ပါလာ၏။

"အဖေ တကယ် ဝယ်ပေးမှာနော်၊ ဟိုရောက်မှ မဝယ်ပေး ဘဲနဲ့ မနေရဘူးနော်၊ လှလှလေး ဝယ်ပေးနော်၊ ဟို ... အစစ်ကို ဝယ်ပေး"

"မင်းပဲ ဦးလှိုင်ဆိုင်က ဥစ္စာမှ စစ်တာဆို၊ အဲဒီက ဝယ် ပေးမှာပါကွ၊ ဘာလည်း မယုံဘူးဆိုရင် မဝယ်နဲ့"

စိတ်ရှုပ်သံနှင့် အဖေက ပြောတော့ ဖိုးတာ မျက်နှာ လေး ပျက်သွားသည်။





နောက် ချော့သလို ရယ်ပြသည်။

"ဦးလှိုင်ဆိုင်က စစ်တယ် အဖေရဲ့၊ အစ်ကိုကျော်လတ် ပြောပြထားတာ"

ဦးလှိုင်ရွှေဆိုင်ကို ရောက်တော့ ...

"ဆွဲကြိုးတစ်ကုံးနဲ့ လက်စွပ်တစ်ကွင်း လိုချင်လို့ ဦးလှိုင် ရေ၊ အစစ်ဆုံး ဆွဲကြိုးနဲ့ လက်စွပ်ကို ရွေးပေးပါဗျာ"

ဟု ဦးမျိုး ပြောတော့ ဦးလှိုင် ပြုံးသည်။

"ဘယ်သူ့အတွက်လဲ ဦးမျိုးရ၊ မိထွေးအတွက်လား"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်တော့်အတွက် ... ကျွန်တော် ဝတ်မှာ"

လက်ချောင်း နေရာနှင့် လည်ပင်းနေရာကို ကြား၍ ပြရင်း ဖိုးတာ ဝင်ဖြေသည်။

ဦးလှိုင် ခေါင်းတညိတ်ညိတ်နှင့် သားအဖနှစ်ယောက် ကို ကြည့်ပြီးမှ သက်ပြင်းရှိုက်၏။

"ဒီသား တစ်ယောက်နဲ့ တာဝန်ကြီးလှချေလား ဦးမျိုး ရယ်"

ဟု စိတ်မကောင်းသံဖြင့် ပြော၏။ ဖိုးတာကတော့ မှန်ဗီရိုထဲက ရွှေထည်ပစ္စည်းကို ကြည့်ရင်း လက်မနှစ်ဖက်ကို ပွတ်လျက် ...

"ဦးလေးရေ ရွေးပေးတော့လေ ... ရွေးပေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု လောသည်။ ခြေဖျားလေးကို ထောက်၍ ထောက်၍ ပျော်နေ၏။

ဦးလှိုင်က မျက်မှန်ကို တပ်၊ ရွှေကြိုး တစ်ကုံးနှင့် လက်စွပ် တစ်ကွင်းကို ယူ၍ ရွှေချိန်ခွင်မှာ ချိန်၏။ နောက် ဦးမျိုးထံ ကမ်းပေးသည်။

"လာ သား ... အဖေ ဝတ်ပေးမယ်"

"အဟင်း ... ဟင်း လှတယ်နော် အဖေ၊ သိပ်လှတာပဲ၊ ဝတ်ပေး မြန်မြန်ဝတ်ပေး၊ သွားပြီး နီတိုးတို့ကို ပြချင်ပြီ အဖေရ"

လက်သူကြွယ်မှာ လက်စွပ်ကို ဝတ်ပေး။ လည်ပင်းမှာ ဆွဲကြိုးကို ဆွဲပေးပြီးတာနှင့် ဖိုးတာ ...

"ဟေး ... ဝတ်ရပြီကွ၊ ဝတ်ရပြီ၊ သိပ်လှတယ်ဟေ့ ... သိပ်လှတယ်"

ဟု အော်၍ နီတိုးအိမ်သို့ ကြွားဖို့ ပြေးလေ၏။

"ကျေးဇူးတင်လိုက်တာ ဦးလှိုင်ရယ်"

ဟု ဦးမျိုး မျက်ရည်ဝဲရင်း ပြောသည်။

"ရပါတယ်ဗျာ၊ ဒါပေမဲ့ ကျော်လတ်ကိုတော့ သတိပေးစကား ပြောလိုက်ဦး၊ ကျွန်တော်လည်း သူ့ကို ပြောလိုက်ပါမယ်၊ ဒီလိုနည်းနဲ့ မပျော်သင့် မနောက်သင့်ဘူးလို့"

ဦးမျိုး ခေါင်းညိတ်ပြပြီး ဆိုင်တွင်းမှ ထွက်ခဲ့သည်။





ဖိုးတာကို မောစောပိုင်းက အိမ်ပြန်ပို့ခဲ့ပြီးသည့်နောက် ရွှေရည်စိမ်ဆိုင်သို့ တစ်ခေါက်ပြန်သွား၊ ဆွဲကြိုးနှင့် လက်စွပ်ကို ဝယ်၊ ဦးလှိုင်ဆီမှာ အကျိုးအကြောင်း ပြောပြပြီး ရွှေထည်များထားရာ မှန်ဗီရိုလေးထဲ ခဏထားခဲ့ပြီး သားကို ပြန်ခေါ်၍ ရွှေအတုကို ရွှေအစစ်လုပ်ဆင်ပေးခဲ့ရသည့် အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဟော့ ... ငါ့လက်စွပ်နဲ့ လက်ကို ကိုင်မကြည့်နဲ့ကွ၊ နင်တို့ လက်က ချေးတွေ ကပ်ကုန်မယ်"

ထုံးစံအတိုင်း ကလေး တရုန်းရုန်းနှင့် ရှိနေသည့် ဖိုးတာနှင့် အပြန်မှာ ဆုံရသည်ပါပဲ။

ဦးမျိုး ဖိုးတာထံ သွားသည်။ ပခုံးကို ကိုင်သည်။

ပြီး ... ပျော့နေသည့် သားကို ဖြုံး၍ ကြည့်သည်။

"ထမင်း စားကြစို့ သား"

"အင်း ... စားမယ်၊ အဖေနဲ့ စားမယ်"

အဖေ့ကို ဘေးတွင်ထား၍ တာယာဖိနပ်ကို စီးထားသော ဖိုးတာသည် ခုန်ပေါက်၍ အိမ်သို့ ပြန်ပါလာ၏။

ဖိုးတာ၏ အသွင်က မြောက်ကြွ မြောက်ကြွ ...။

ဖိုးတာ လည်ပင်းဆီမှ တဝင်းဝင်း လှဲ့နေသော ရွှေကြိုးလေးသည်လည်း တလှုပ်လှုပ် တယမ်းယမ်း ...။





"ဖိုးတာ"

"ဗျ ... အဖေ"

အိမ်အောက်မှ ရွှံ့စေးတွေနှင့် လောက်စာလုံး ထိုင်လုံးနေရာမှ ဖိုးတာ မော့ထူးသည်။ အသိဉာဏ်က ကလေးလိုပဲ ရှိတာမို့ ကလေးလိုပဲ ဖိုးတာ ဆော့တတ်သည်။

ယခုလည်း လောက်စာလုံးတွေ ထိုင်လုံးနေပြန်ပြီ။

လက်တစ်ဖက်က လက်သုတ်ပဝါ ထုပ်ထားသည့် ထမင်းဘူးပြားလေးကို ကိုင်လျက် ပခုံးမှာ လွယ်အိတ် လွယ်ထားသည့် အဖေလုပ်သူကို မြင်တော့ ကမန်းကတန်း ပြေး၍ ရေစည်ပိုင်းမှာ ဖလားဖြင့် ရေခပ် လက်ဆေးသည်။

ဦးမျိုးမှာ သားဖြစ်သူကို ရင်မောမောနှင့် ကြည့်နေရသည်ပါပဲ။

"အင်း ... ဒီကလေး ငါမရှိတော့ရင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုပဲ အမြဲ ချင်မအေးအောင် ဖြစ်ဖြစ်နေရသည့် ဘဝ။

ဖိုးတာကတော့ ရင်ဘတ် ကြယ်သီးပြုတ်နှင့် မြေး လာနေပြီ။

"ရော ... သော့"

ဆိုပြီး သော့ချောင်းလေးကို ပေးတော့ ...

"အင်းပါ ... သိမ်းမှာပါ အဖေရ"

လက်ကလေး ဖြန့်၍ယူ။ ရှပ်အင်္ကျီဟောင်း၏ ရင်ဘတ်မှာရှိသည့် အိတ်ကပ်မှာ တွယ်ချိတ်နှင့် ကပ်၍ သော့ကို ချိတ်ထားသည်။ ဒါ နေ့စဉ် ဖိုးတာ လုပ်မြဲအလုပ်။

ညီမ မိထူး စက်ဆိုင် တစ်ဆိုင်မှာ အထည်ကောက် သဘောမျိုးနှင့် စက်ချုပ်ကတည်းက ဤသော့ထိန်းအလုပ်ကို ဖိုးတာ ရသည်။

အိမ်မှာက ဦးမျိုးနှင့် သမီးတစ်ယောက်၊ သား တစ်ယောက်ပဲ ရှိသည်ကိုး။

ဦးမျိုးက ပုနိပ်တိုက်သို့ မနက်ပိုင်းထွက်။

မိထူးကလည်း စက်ဆိုင်သို့ သွား။

အိမ်မှာက ဖိုးတာပဲ ကျန်သည်။ အိမ်မှာရှိသမျှ ပစ္စည်းကောင်းနိုးသင့်ရာတွေကို အိပ်ခန်းထဲ ထည့်၊ အိပ်ခန်း တံခါးကို သော့ခတ်။ ပြီးလျှင် ဖိုးတာကို သော့အပ်။





အိမ်တံခါးမကြီးကိုတော့ စေ့ပိတ်ထားခဲ့။

ဖိုးတာ ဆိုတာက စိတ်ထဲပေါက်လျှင် အိမ်စောင့် သည်။

ကစားချင်လျှင် ကလေးတွေ တစ်အုပ်ကြီးနှင့် လမ်း ထိပ်မှာပဲ ဖြစ်ဖြစ်၊ လမ်းကျော်မှာပဲ ဖြစ်ဖြစ် ထွက်ဆော့နေတတ် သည်။

သည်တော့ အိမ်ကို ဖိုးတာနှင့် စိတ်မချရ။

မီးဖိုထဲမှာ မိထူးက ထမင်းဟင်း သေချာချက်ပြုတ် ပြီး ထားခဲ့ရသည်။ ဖိုးတာအတွက်လည်း ပန်းကန်စင်ပေါ်မှာ စားဖို့သောက်ဖို့ ထမင်းဟင်းကို ပန်းကန်ထဲထည့်၍ အုပ်ဆောင်း အုပ်ထားခဲ့ရသည်။

လည်ပတ် ဆော့ကစား၍ မောလျှင် ဖိုးတာ အိမ်ပြန် ထမင်းစား၊ ပန်းကန်ကို ဆေးမှောက်ထားပြီးတာနှင့် ဆက်ဆော့ ချင် ဆော့။

အိမ်ရှေ့ကပြင်မှာ အိပ်ချင် အိပ်တတ်သည်။

ဒါက ဖိုးတာ၏ နေ့စဉ်ကိစ္စ။

ဒါကြောင့် ဖိုးတာနှင့် အိမ်ကို စိတ်မချနိုင်တာမို့ ယခုလို ပစ္စည်းကောင်းလေးတွေကို အိပ်ခန်းထဲမှာ ထည့်၊ သော့ခတ်၍ သော့အပ်ထားခဲ့ရသည့် အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"သော့ကို ဘယ်သူတောင်းတောင်း မပေးနဲ့၊ ကြားလား ဖိုးတာ၊ မိထူး လာမှ ပေး"

"အင်းပါ ... အဖေရ၊ စိတ်ချ ... စိတ်ချ"

တွယ်ချိတ်ကလည်း တကယ့်ကို လက်သန်းလောက်ရှိသည့် တွယ်ချိတ်။ ချိတ်အားကောင်းသည့် ချိတ်။

နောက်တစ်ကြိမ်များပင် တွယ်ချိတ်ကို စစ်ဆေးလိုက်ပြီးမှ ဖိုးတာ ခေါင်းမော့၍ အဖေလုပ်သူ မှာသည့် စကားအတွက် အာမခံချက် ပေးသည်။

"အင်းပါ ... ဆိုပြီး ချော့တောင်းရင်လည်း ဘယ်သူ့မှ မပေးနဲ့ ကြားလား၊ မင်းက အချော့ကြိုက်"

"မပေးပါဘူး အဖေရ၊ မိထူးကိုမှ ပေးမှာ"

အာမခံချက်ကို ရင်ကော့၍ ပေးတော့ ဦးမျိုး သက်ပြင်းရှိုက်သည်။

ပြီးတော့ သားအဖနှစ်ယောက် လမ်းထိပ်သို့ အတူတူ လျှောက်ကြ၏။

"မင်းအတွက် ထမင်းဟင်းတွေ ပန်းကန်စင်မှာ မိထူး ထားခဲ့တယ်၊ မဝ,ရင် ထမင်းအိုးထဲက ထမင်းကို ထပ်ယူ ကြားလား၊ မီးဖိုခန်းတံခါးကို မဖွင့်ပစ်နဲ့၊ ခွေးဝင်ပြီး မင်း ထမင်းတွေ စားသွားလိမ့်မယ်"





"အင်းပါ၊ အဖေရ၊ အဲဒီ ခွေးတွေလာရင် ဆော်ဖို့ သား လောက်စာလုံးထားတယ်"

တစ်ခါက မီးဖိုခန်းတံခါးကြီး ဖွင့်ခဲ့၍ ဖိုးတာ စားမည့် ထမင်းတွေ ခွေးဝင်စားသွား၍ ငတ်ဖူးသည်။

သည်ကတည်းက လောက်စာလုံးတွေ အိမ်မှာမပြတ်။ ခွေးမြင်လျှင် လေးခွတစ်လက်နှင့် ငယ်သော ကြီးသောမခွေး လိုက်လိုက်ပစ်၏။

ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်မှာ မုန့်နှင့် လက်ဖက်ရည်ကို ဖိုးတာအား တိုက်ရ၏။

မုန့်ဖိုး တစ်ဆယ် ပေးရ၏။

ပြီးနောက် လက်တမြှောက်မြှောက် ပြနေသော ဖိုးတာကို လမ်းထိပ်မှာ ထားခဲ့လျက် ဦးမျိုး အလုပ်သို့ သွားရချေသတည်း။



www.burmeseclassic.com

"အီး ... ဟီး ... ဟီး ... အဖေရေ ... အဖေ"

ညနေစောင်း အိမ်ပြန်ရောက်ချိန်မှာ ကုပြင်၌ ထိုင်၍ ခြေတွဲလောင်းချ ပုံစံဖြင့် မျက်ရည်ပေါက်ကြီးများ ဖြိုကျလျက် အော်ငိုနေသော ဖိုးတာ၏ အသံ၊ ပထမ လှမ်းလှမ်းမှာကတည်းက ကြားလျက် ခြံပေါက်ဝ ရောက်တာနှင့် လှုပုံစံကိုပါ ဦးမျိုး လှမ်းမြင်၏။

တစ်ဖက်ခန်းမှာ ဒေါ်နွဲ့ကိုလည်း ခပ်ငေးငေး ပုံစံဖြင့် တွေ့ရသည်။

အိမ်တံခါးတွေ ပြတင်းတွေကတော့ ပွင့်နေပြီ။

မိထုးလည်း ရောက်ပြီးနေပြီဆိုတာ သိ၏။ ထမင်းဟင်းပင် ကျက်လောက်ပြီ။

အိမ်မှာ ဘာဖြစ်ခဲ့ချေသည်လည်း မသိ။

အဖေကိုမြင်တော့ ဖိုးတာ ငိုသံ ပိုကျယ်လာ၏။



www.burmeseclassic.com



ကလေးလို ငိုယိုနေပေမဲ့ အသံက ကလေးသံမဟုတ်တော့။ တော်တော်ကြီးကို ကျယ်နေသည့် အဖြစ်။

ကလေးလိုပဲ ပြေးလာလျက် သူ့ကို အားကိုးတကြီးဖြင့် ...

"ဦးဦး ရိုက်တယ် အဖေရဲ့၊ အီး ... ဒီမှာ ရိုက်တယ်"

ဟု ကျောတွေ ခြေသလုံးတွေကို ပြ၏။ လက်ညှိုးလေးနှင့် ထောက်ထောက်ပြပြီး မျက်ရည်များ အိုင်နေသော မျက်လုံးဖြင့် အဖေကိုလည်း ကြည့်၏။ အဖေကို တိုင်လိုက်ရ၍ ရင်ထဲမှာ အားကိုးရှိနေသည့် ပုံမျိုးလည်း ပေါက်နေသည်။

ရင်ထဲ မောကျသွားတာရော၊ စိတ်ထိခိုက်တာရော ဖြစ်လျက် ...

"ပြ ... အဖေ့ ပြစမ်း"

ဆို၍ ခြေသလုံးကို ကြည့်တော့ အရိုးရာကို တွေ့တာ ... ထောင်းခနဲလည်း ဖြစ်၊ ရင်ထဲလည်း ထိခိုက်သွားရပါပြီ။

ဤစိတ်မမှန်သည့် ကလေးကိုမှ ဘာကြောင့် ရိုက်ရချေသည်တဲ့လဲ။

ကွယ်လွန်သွားပါသည့် ဇနီးသည် မဆင့်၏ မောင် ...သို့ အိမ်ကို လာသွားသည်ထင့်။

"ဘာဖြစ်လို့ သားကို ရိုက်တာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ မျက်ရည်တွေ သုတ်လျက် နှုတ်ခမ်းကို စူထော်လိုက်ရင်း ...

"သော့တောင်းတယ် အဖေရ၊ မပေးလို့တဲ့ ရိုက်တယ်"

နောင်တသည် ရင်၌ ချက်ချင်းဖြစ်တည်၏။

ဩော် ... အံ့ဖေ့သား၊ အဖေ့ကြောင့် အရိုက်ခံရလေခြင်းဟု ရင်၌ မချိတင်ကဲ ခံစားရသည်။

ဖြစ်ချင်တော့ ယောက်ဖလုပ်သူက တစ်နေ့က အိမ်လာပြီး သူ့ခုတ်ခဲရေဒီယိုလေး မြို့ထဲမှာ ဝင်ပြင်ပေးစမ်းပါဟု အပ်၏။

သူကလည်း ယူသွားကာ ပြင်ပေးခဲ့သည်။ ဆိုင်မှ ပြန်ယူလာတော့ ထုံးစံအတိုင်း အိပ်ခန်းထဲထည့်၍ သော့ခတ်သိမ်းခဲ့သည်။

သည်နေ့ လာယူဖို့လည်း ယောက်ဖကို လှမ်းမှာထားမိခဲ့သည်။

တကယ်တမ်း လာယူတော့ လေ့နံစားထစ်သမားဖိုးတာနှင့် ယောက်ဖလုပ်သူတို့ အဆင်မပြေ ဖြစ်ကြသည်ထင့်။

သော့တောင်းပြီး ရေဒီယိုကို အခန်းထဲ ဖွင့်ယူမည့်ယောက်ဖ။

အဖေ မှာသည့်အတိုင်း မိထူးမှလွဲ၍ ဘယ်သူ့ကိုမှ သော့မပေးဘဲနေမည့် ဖိုးတာ။





"အဲဒါ ကျွန်မ သမဆိုင်က အပြန်စောမိလို့ ဦးမျိုးရေ၊ လှမ်းလှမ်းကတည်းက ဖိုးတာ အော်အော်ငိုနေသံကိုတော့ ကြားမိနေရပြီး အိမ်ရောက်တော့ ညှို့ခန်းမှာ တူဝရိုး ဖြစ်နေကြပြီလေ၊ ကိုညိုကလည်း ဝါးခြမ်းပြားနဲ့ကို လိမ့်ရိုက်တာ၊ သော့တောင်းတိုင်း မပေးလို့တဲ့၊ မင်းက ငါ့ကို သူခိုးမှတ်နေလားဆိုပြီး ရိုက်နေတာရှင့်"

"ဒီကလေးအကြောင်း သိရက်နဲ့ဗျာ၊ ကလေးက ကျွန်တော်မှာတဲ့အတိုင်း မပေးတာပါ"

ရင်ကွဲသံကြီးနှင့် ပြောရင်း ဦးမျိုး မျက်ရည်ဝဲ၏။

"ရိုက်လည်း သော့မပေးဘူး ကိုမျိုးရဲ့၊ လက်ကာကာ ခြေကာကာနဲ့ ရိုက်သမျှကို ကလေးလိုပဲ ခံရှာတာ ... လက်ကာတာတောင်မှ တစ်ဖက်တည်းရယ်၊ လက်တစ်ဖက်ကဖြင့် သူ့အိတ်ကပ်ကို အုပ်ထားတာ၊ အဖေကိုတော့ အားကိုးရမှန်း သိတယ် ဦးမျိုး၊ ဦးလေးကို အဖေ့ ပြန်တိုင်မယ် ... ပြန်တိုင်မယ်နဲ့ အော်သေးတယ်"

"သားရယ် ..."

အိမ်ထဲ မဝင်ဖြစ်ဘဲ ကပြင်မှာ ခြေပစ်လက်ပစ်ထိုင်မိရင်းမှ သား၏ ဆံစများကို တယုတယ ပွတ်သပ်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုညိုကလည်း သူ့ကို မယုံရကောင်းလား၊ သော့ မယုံလို့ မပေးရကောင်းလားဆိုပြီး ဒေါသဖြစ်ဖြစ်နဲ့ ရိုက် တာ၊ အဲသလိုပြောလို့ ကျွန်မက ပြောလိုက်ပါတယ် ဖိုးတာ ခများ ကလေးပဲလို့ ...”

ဦးမျိုး မျက်ရည်ပဲ ဝဲနေသည်။

“ဖိုးတာအကြောင်း သိရက်နဲ့ဗျာ၊ ကလေးနဲ့ ဖက်ဖြိုင် တယ်လို့ ...”

ဟု ပြောပြီး ရင်ထဲ၌ ဒေါသဖြစ်လာ၏။

“ကျွန်မ ဝင်တားလို့ အရိုက်ရပ်တာ၊ ဖိုးတာလည်း တစ်ချ တော့ သူ့လက်ကို ဖမ်းကိုက်ပစ်လိုက်သေးတယ်”

ဟု အကိုက်ခံရသည့် ကိစ္စကိုကျတော့ ဒေါ် မျက်ဝန်းတွေထဲမှာ ကျေနပ်ရိပ် သမ်းလျက် ပြောပြ၏။

“ဟုတ်တယ် အဖေရ၊ သား ကိုက်ထည့်ပစ်လိုက်တာ သွေးတွေ ထွက်လာတယ် သိလား၊ ဟင်း ... ဒီလော ရိုက်တာ ကိုက်ထည့်ပစ်လိုက်တယ် မှတ်ထား”

တအီအီနှင့် ဘေးမှာ ထိုင်ရင်း ငိုယိုနေရာမှ ဖျတ် အငိုရပ်လျက် အားရပါးရ ပြောပြနေပါသည့် သားကို စိတ် ကိုယ်မောဖြင့် ကြည့်နေသည်က ဦးမျိုး။

ကိုက်သည့် ကိစ္စ ပြောပြပြီးတော့ ဖိုးတာ တအီး နှင့် ဆက်ငိုပြန်၏။ အချော့ခံ အယုယခံချင်သည့် ဖိုးတာအကြော သိတာမို့ ...





“အေး ... အေး ... သားကိုလုပ်တဲ့ ဦးလေးညိုကို အဖေ သွားဆူဦးမယ်၊ ကြားလား”

ဟု ဒေါသသံနှင့် ပြောတော့မှ မျက်ဝန်းတွေ တောက်လာလျက် ...

“အင်း ... အင်း၊ ဆူနော် ... ဆူပစ်လိုက်၊ အကြာကြီး ဆူမှာလား၊ ခဏလေး ဆူမှာလား အဖေရ”

“အကြာကြီး ဆူမှာပေါ့ သားရဲ့”

ထိုအခါမှ ပို၍ မျက်နှာလေးပြုံးကျလာလျက် ...

“အင်း ... ကောင်းတယ်၊ အကြာကြီးဆူ ... ကောင်းတယ် ဆူထည့်ပစ်လိုက်”

ဟု ဝမ်းသာအားရ ပြော၏။ ပျော်သွားပုံလည်း ရသည်။

“ဒါကြောင့် သားက ဦးကို ပြောတာ၊ အဖေလာရင် တိုင် မယ်လို့၊ ခုတိုင်လိုက်တော့ ဦးလေး ဆူခံထိတော့မယ်၊ မှတ်ထား၊ နောက်ပြီး နေဦး အဖေ”

ဟု ပြောပြီး ကပြင်အောင်သို့ ဆင်း၏။ နောက် လေးဘက်ထောက်၍ အောက်ထဲ ဝင်သွားသည်။ ပြန်ထွက်လာ တော့ ဝါးခြမ်းပြားတစ်ချောင်း ပါလာသည်။

“ဒီတုတ်နဲ့ သားကို ရိုက်တာ၊ သူ့ကို ပြန်ရိုက်ခဲ့ အဖေ”

ဟု တုတ်နှင့်တကွ အဖေ့ လက်ထဲအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ဦးလေးလုပ်သူ ရိုက်ခဲ့သည့် တုတ်ကို သေချာ အိမ်ကပြင်အောက်မှာ ယူဖွက်ထားဟန်တူသည်။ တုတ်ကို မြင်တော့ တကယ်လည်း ဦးမျိုး စိတ်ထွက်လာသည်။

"တောက် ... ငါ့အိမ်က ဘယ်ထွက်ပြေးမှာမို့လဲ၊ နေ့လယ် မရတော့လည်း ညဘက်မှာ အိမ်ကို လာယူတော့ ဘာဖြစ်မှာမို့လဲ၊ ကလေးကို သက်သက်ရိုက်သွားတာ"

ဟု ရင်ထဲမှာ ဒေါသဖြစ်လာသည်။

အသက်နှစ်ဆယ်အရွယ်။ အရပ်ကြီးက ကလန်ကလားနှင့် ရှိနေသည့် ဖိုးတာကို အသက် နှစ်ဆယ်အရွယ်ဟု ဦးမျိုး မမြင်ရက်။ ကလေးလိုပဲ မြင်သည်။

"မိထူး ... သမီး"

ဟု ဦးမျိုး လှမ်းအော်ခေါ်တော့ မိထူး ထွက်လာ၏။ မျက်နှာမကောင်း။ ဖိုးတာ အရိုက်ခံရသည့် ကိစ္စကို စောစောပိုင်းက သူ့အစ်ကိုနှင့် ရောဂျ မျက်ရည် ကျထားဟန် တူ၏။

"နင့် အစ်ကိုကို ဆေးထည့်ပေးရဲ့လား"

အိမ်မှာက ဒဏ်ကြေဆေးတော့ အမြဲရှိတတ်သည်။ ဖိုးတာဆိုတာက လဲလာလိုက်၊ ကွဲလာလိုက်နှင့် ဖြစ်နေကျမို့ ဒဏ်ကြေဆေးကိုတော့ ဆောင်ထားရသည်လေ။

"ထည့်ပြီးပြီ အဖေ၊ ဦးလေး ဒီလိုလုပ်တာ မကောင်းဘူး"

ဟု ကလေးပီပီ ရင်ထဲရှိသမျှ ပြောတော့ ...





"အင်း ... အင်း ... ဟုတ်တယ်"

ဟု ဝမ်းသာအားရ ဖိုးတာ ပြောသည်။

သူ့ဘက်က ဒေါ်နွဲ့ရော၊ မိထူးရော၊ အဖေလုပ်သူရော ပါနေတာကို ကျေနပ်ပြီး ဝမ်းမြောက်အယ်လဲ ဖြစ်နေသည့် အဖြစ်။

"မိထူး၊ အဲဒီ ရေဒီယို ပေးစမ်း၊ အပြန်မှ အဖေ့ ထမင်းစားမယ်"

စိတ်ဖြစ်ဖြစ်နှင့် ပြောတော့ မိထူး ပေါ့ပါးစွာ ရေဒီယိုလေး ယူလာသည်။

ဤမှာတ်ခဲ ရေဒီယိုလေးကို မိထူး စောစောကတည်းက ပြေး၍ ဦးလေးလုပ်သူကို ပေးလိုက်ချင်တာ အမှန်။ ကိုယ်က ကလေးမို့ မကောင်းတတ်တာမို့ ငြိမ်နေရခြင်းပါ။

ဘယ့်နှယ် အစ်ကိုလုပ်သူခမျာ စိတ်က ကလေးစိတ်။ အသိဉာဏ်ကလည်း ကလေးလိုပဲ ရှိသည့် ဥစ္စာ။ ရက်ရက်စက်စက် အရိုးထင်အောင် ရိုက်သွားရက်သည်။

"ရော့ ... အဖေ"

တောင်ဥက္ကလာပမှာ နေဗွာချင်း တူပေမယ့် တော်တော်တော့ သွားရမည်။

"ဘတ်စ်ကားနဲ့ သွားမယ် သမီး၊ ဖိုးတာ အဖေမကြာဘူး၊ ထမင်းအတူတူ စားမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်း ပြော၊ ရေဒီယိုလေးကို ဆွဲ၍ ဦးမျိုး ထွက်ခဲ့၏။

"အဖေ ..."

နောက်မှ ပြေးလိုက်သံကြောင့် ဦးမျိုး ရပ်၍ လှည့်ကြည့်တော့ ဝါးခြမ်းပြားကြီးနှင့် အမောတကော နောက်ပါးမှာ ရောက်လာသည့် ဖိုးတာ။

"ရော့ ... အဖေက ဒါကြီးကို မေ့ခဲ့တာကိုး၊ များများရိုက်ခဲ့ အဖေ၊ အကြာကြီးလည်း ဆူခဲ့၊ မြန်မြန် ပြန်မလာနဲ့ အဖေ၊ ကြာကြာနေ၊ ကြာကြာရိုက်၊ ကြာကြာဆူခဲ့၊ သား မဆာသေးပါဘူး အဖေရ၊ နောက်မှ စားမယ်၊ ကြာကြာ နေနော် အဖေ"

ဟု ဝမ်းမြောက်ဝမ်းသာ မှာသည်။ ဝါးခြမ်းပြားကို လည်း သေသေချာချာ အဖေ့လက်ထဲ ထည့်သည်။

"အေး ... အေး"

ဟုပဲ ဦးမျိုး ဖြေရသည်ပေါ့။ လမ်းထိပ်မှာ ဖိုးတာ ကျေနပ်စွာ ကျန်ခဲ့၏။

မမြင်လောက်သည့် နေရာရောက်မှ လက်ထဲမှ ဝါးခြမ်းပြား ကြီးကို ဖိုးတာ မျက်ကွယ်မှာ ပစ်ချထားခဲ့ရချေသည်။





ဇနီးသည် မဆင့်ကတော့ ဆုံးပါးခဲ့ပြီ။

သမီးတစ်ယောက် သားတစ်ယောက်နှင့် ဦးမျိုး ကျန်ခဲ့ရချိန်မှာ ဖိုးတာအတွက် နောင်ရေးကို ဘယ်လိုမှ ဦးမျိုး ရင်မအေးနိုင်။

ဒါပေမဲ့ ဘာတတ်နိုင်မှာလဲလေ။ သတ္တဝါတစ်ခု၊ ကံတစ်ခုဟုသာ မှတ်ယူလိုက်ရမည့် အခြေပဲဟု နှလုံးပိုက်လိုက် ရချေသည်ပါပဲ။

ကလေးတစ်အုပ်နှင့် ခွေလိမ့်လိုက်။ ဘောလုံးကန် လိုက်၊ အခန့်မသင့်လျှင် ရန်ဖြစ်လိုက်နှင့် ဖိုးတာကတော့ ပြုံမြဲနေမြဲ အတိုင်း ရှိရှိနေတတ်သည်ပါပဲ။

တစ်ခါတစ်ခါတော့ ဖိုးတာကို ပဲကြီးလှော် ဆယ့် ငါးကျပ်ဖိုးလောက် ဝယ်ထားပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားမည့် အဖေကို ပဲကြီးလှော် ဖိုးတာ ပူဆာလျှင် ဤနေ့တော့ဖြင့် ဖိုးတာ အိမ်မှာ အချိန်ကြာမြင့်မည့် သဘောကို ဆောင်၏။

အိမ်အပြင်မှာ ထိုင်ပြီး ပဲကြီးလှော်တွေကို အခွံခွာတတ်သည်။

ထမင်းစားချိန်ကျလျှင် စား၊ ပြီးလျှင် ခွာ၊ အားလုံးခွာပြီးမှ သူ့ပဲကြီးလှော်ထုပ်လေးကို သိမ်းခဲ့ကာ၊ ကလေးတွေနှင့် သွားကစားတတ်၏။

ညနေစောင်း အဖေ ပြန်ချိန်နီးလျှင်၊ အိမ်ပြန်လာတတ်ကာ ကပြင်လေးမှာ ထိုင်လျက် အဖေကို မျှော်တတ်သည်။

"ဟော ... အဖေ ပြန်လာပြီဟေ့ ... အဖေ ပြန်လာပြီကွ"

ဟု အဖေကို မြင်တာနှင့် ခုန်ပေါက်အော်ကာ ပြေးကြိုတတ်သည်။

တစ်နေကုန် ဖြစ်သမျှတွေကိုလည်း အဖေ လုပ်သူကို တောက်လျှောက် ပြောပြတတ်သည်။

"နီတိုးက သားကို ထိုးတယ် အဖေ၊ သားက ပိတ်ကန်ပစ်ခဲ့တယ်၊ ဘာရမလဲ မောက်ရော ..."

"လမ်းထိပ်က ဖိုးတေက သားကို မုန့်ဝယ်ကျွေးတယ် အဖေ"





ဟု ကလေးသူငယ်ချင်း ကျွေးတာကို စားခဲ့ရတာလည်း ပြောသည်။ အထိုးခံရတာကိုလည်း ပြောသည်။ ပြန်လုပ်ခဲ့တာကိုလည်း ဖော်သည်။

နီတိုး၏ မိဘများထံ သွားတောင်းပန်ရဦးမည့် ကိစ္စ တိုးခဲ့ပြီဆိုတာကို ဦးမျိုး ရင်မောစွာ တွေးမိရပြီ။

အနီးပတ်ဝန်းကျင်က လူတွေကလည်း နားလည်ပေးကြပါသည်လေ။ နီတိုး၏ မိဘများကလည်း ဖိုးတာကို နားလည်ခွင့်လွှတ်ပေးကြမည်သာ။

ဤအနီးပတ်ဝန်းကျင်မှ ကလေးတိုင်း၏ မိဘများသည် ဖိုးတာကို နားလည်ပေးကြသည်ချည်း။

ထိုသို့ သိတတ်၍လည်း ထုခဲ့ထောင်းခဲ့သည့် ဖိုးတာ၏ လုပ်ရပ်တွေအပေါ် စိတ်မဆိုးကြ။

ဒါပေမဲ့ သူတို့ စိတ်မဆိုးသည်က သတ်သတ်၊ ကိုယ့်ဘက်က လူမှုဝတ္တရားအရ တောင်းပန်ရမည်က ကိုယ့်တာဝန်။

ဖိုးတာကို တစ်ခုခု မလုပ်ဘဲနှင့်လည်း ထိုသို့ မထုထောင်းခဲ့တတ်တာမို့ ကလေးတွေ၏ မိဘများက ကိုယ့်သားသမီးကိုလည်း ပြန်၍ဆူတတ်သည်ချည်း။

"ဖိုးတာက သဘောကောင်းတယ်၊ နင်တို့ ဘာလုပ်ခဲ့မှန်းမှ မသိတာ၊ နင်တို့ မလုပ်ဘဲ ဖိုးတာက ဘယ်တော့မှ လက်မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်ပါလောက်အောင် ထုထောင်းခံခဲ့ရသည့် ကိုယ့်သားသမီးကိုပင် ဆူချင်ဆူပစ်တတ်သည်။

အိမ်ပေါ်ရောက်တော့ သမီးဖြစ်သူ မိထွေးမှ ...

"ရေချိုးလိုက်မလား အဖေ၊ မိထွေး ခပ်ထားတယ်"

ဟု ပြောတော့ ...

"သားလည်း ခပ်ပါတယ် အဖေရ၊ မိထွေး နင်တစ်ယောက်တည်း ခပ်တာ မဟုတ်ဘူးနော်၊ အဖေ့ကို ဖားမနေနဲ့၊ ငါလည်း ခပ်တာပဲ"

ဟု မကျေမနပ် ပြောတော့ မိထွေး ရယ်သည်။

"ဟုတ်ပါတယ်၊ အစ်ကိုဖိုးတာလည်း ခပ်ပါတယ်"

ဟု ပြောမှ မြောက်ကြွမြောက်ကြွနှင့် အဖေ့အတွက် ရေလဲပုဆိုးကို သွားယူ၏။

ကလေးလိုပဲ မိဘကို မျက်နှာလိုအားရကလည်း အရမ်းလုပ်ချင်သည့် ဖိုးတာ။

အဖေ့ ထမင်းချိုင့်ကိုလည်း ဆေးပေးရမှ။ သူ ဆေးတာကိုလည်း အဖေသိအောင် ...

"အဖေ့ ထမင်းချိုင့် သား ဆေးတာနော်၊ မိထွေး ဆေးတာ မဟုတ်ဘူးနော်"

ဟု မကြာမကြာ သတိရတိုင်း သတိပေးနေတတ်သည်။





"အေး ... အေး ... အဖေ့ သား ဆေးတာမှ ပြောင်တာ"

ဟု ပြောလျှင် ကျေနပ်နေတတ်၏။

"ဒီနေ့ အိမ်လည်း သား ဆေးထားတာ အဖေ"

ဟု ပြောတော့မှ ကြမ်းပြင်တွေကို သေချာ ရေနှင့် ဆေးကြောထားတာမို့ ပို၍ သန့်တာကို ဦးမျိုး သတိထားမိသည်။

"အဖေ့သားက လိမ္မာလိုက်တာကွာ"

ဟု ချီးကျူးခံလိုက်ရလျှင် သွားလေးဖြဲ၍ သဘောတွေ ကျနေ၏။

အဖေ လုပ်သူ ရေချိုးတော့ ဖိုးတာက အောမှာထိုင်ရင်း လေတဲပေါပေါနှင့် ချိုင့်ကို ဆေး၏။ ပြောင်, မပြောင်ဆိုတာကိုလည်း ချိုင့်ကို ထောင်၍ ထောင်၍ ကြည့်၏။ စိတ်တိုင်းကျမှ ပေါလှမ်းလှမ်းမှာ သွားထိုင်ရင်း ရေချိုးနေဆဲ အဖေ့ကို စောင့်၏။

"အဖေ့"

"ဟေ"

"လမ်းထိပ်က ဒေါ်ကြီးခက်က သားကို မုန့်ဟင်းခါး ကျွေးတယ် အဖေရ၊ ကောင်းလိုက်တာ၊ အကြော်တောင် ပါသေးတယ်၊ ပဲကပ်ကြော်နဲ့ဗျ၊ ဟင်းရည်ဆိုတာ ချိုနေတာပဲ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာ တစ်ခုခုတော့ ကူညီလုပ်ကိုင်ပေးလိုက်ပြီဖြစ်မည်ဟု ဦးမျိုး တွေးမိ၏။

"သားက ဒေါ်ကြီးကို ပန်းကန်တွေ ဆေးကူတယ်၊ အဲဒါ မုန့်ဟင်းခါးလည်း ကျွေးတယ်၊ ပိုက်ဆံလည်း ပေးတယ်၊ အဖေ သိမ်းထားပေး ... သား စုထားမလို့"

"ဘယ်မှာလဲ မင်းပိုက်ဆံ"

ပုဆိုးခြောက်ကို လဲရင်း ရေတိုင်ကီ ဘေးမှာ ဦးမျိုး မေးတော့ အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ပေးသည်။

"မပျောက်စေနဲ့နော် အဖေ"

ဟု သေချာမှာသည်။ ပိုက်ဆံက ငါးကျပ်။

သားအဖနှစ်ယောက် အိမ်ပေါ်ပြန်တက်။ ထမင်းပွဲပြင်နေသော မိထူးမှ အားလုံးပြီးတော့ လှမ်းခေါ်တာမို့ ဝင်စားဖြစ်ကြ၏။

ဖိုးတာဆိုတာက စိတ်ထဲထင်တာကို ဖိစားတတ်သည့်ကလေး။ ငါးပိရည်ဖျော်ကိုပဲ ခံတွင်းလိုက်သွားလျှင် ဘယ်လောက်စပ်စပ် ရှူးရှဲနှင့် ထိုတစ်မည်တည်းဖြင့် စားသွားတတ်တာမို့ အစပ်ကို လျှော့၍ မိထူး ငါးပိရည်ကို ဖျော်ရသည်ပါပဲ။

စားသောက်ပြီးတော့ ဖိုးတာ ပန်းကန် သွားဆေးသည်။





နောက် ထုံးစံအတိုင်း လမ်းထဲမှ ကလေးအုပ်စုနေသည့် နေရာသို့ သွားကာ ကစားသည်။ အိပ်ချင်တော့ ပြန်လာပြီး အိပ်၏။

ညကျတော့ ဖိုးတာ ခြင်ထောင်ထဲမှာ တကျွတ်ကျွတ်ဝါးသံ ပေါ်လာ၏။

ည ဆယ့်တစ်နာရီလောက် ရှိပြီ။

ဖိုးတာ ဘာလုပ်နေသည်ဆိုတာ ဦးမျိုး သိသည်ပေါ့။ အားလုံး အိပ်ချိန်လောက်ကျမှ တိတ်တိတ်လေး ထ,၍ ခြင်ထောင်ထဲမှာ ပဲကြီးလှော်တွေ ဝါးနေခြင်းပါ။

နေ့လယ်က တပင်တပန်း ခွာထားသည့် ပဲကြီးလှော်တွေကို စိမ်ပြေနပြေ ခိုမ်ခံ၍ ဝါးနေခြင်းပါ။

အိပ်ရာမှာလှဲရင်း ဦးမျိုး ကျိတ်၍ သက်ပြင်းလည်းချိုက်၊ ပြုံးလည်း ပြုံးမိပါ၏၊

အားလုံးကုန်လောက်မှ ဖိုးတာ ရေထ၍ သောက်သည်။

"သားရယ် ... ကလေးလေးလို ရှိနေတဲ့ သားကိုမြင်ရတော့ ဘယ်လိုပြောရမလဲကွယ်၊ ကလေးဘဝဆိုတာကို အေးချမ်းတယ်လို့ လူတွေက ပြောကြတယ်၊ ငါ့သားဘဝကို အေးချမ်းတယ်လို့ပဲ ပြောရမလား၊ ကံဆိုးတယ်လို့ပဲ ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိရာမှ မျက်ရည်သည် စိမ့်ခနဲ ကျချေ၏။

အပူအပင်မဲ့သော ကလေးဘ၀ကို လိုချင်ကြသည့် တမ်းတကြသည့် လူတွေ များကြချေသည်ပဲ။

ကလေးဘ၀ကို ပြန်ရချင်လိုက်တာဟု ဖွင့်ပြောကြသူတွေပင် ရှိကြချေ၏။

ယခု ဖိုးတာသည် အသက် နှစ်ဆယ်ကျော် အရွယ်ကြီးနှင့် ကလေးဘ၀ကို ပိုင်ဆိုင်နေဆဲ။

ကလေးတစ်ယောက်နယ် ဆော့လိုက်၊ ကစားလိုက်၊ ငိုယိုပူဆာလိုက်နှင့် ရှိဆဲ။

သို့ဆိုလျှင် ဤ ဖိုးတာ ဘ၀သည် အေးချမ်းချေသည်တဲ့လား ...။

ဩော် ... အေးချမ်းချေသည်တဲ့လား။

ဦးမျိုး မျက်ရည် ထပ်ကျချေ၏။





"အဖေ ... သားကို ပုဆိုး ၀ယ်ပေးတော့လေ၊ အသစ်လှလှလေး ၀ယ်ပေး"

ဖိုးတာ ပူဆာတော့ ဦးမျိုး သက်ပြင်းရှိုက်သည်။

ဖိုးတာ ပုဆိုး ပူဆာနေတာ တစ်ပတ် ရှိရော့မည်။

ကိုညို၏ သားထွေး ဖိုးတွတ်ကို ရှင်ပြုမည်ဆိုသည့် ...ကို အိမ်မှာ ကိုညို လာတိုင်ပင်ကတည်းက ဖိုးတာ အူမြူး...၏။

ဖိုးတာ ခမျာ သူ့ကို ဦးလေးလုပ်သူမှ ရိုက်ခဲ့တာကို ...ည်း မေ့နေပြီ။

ရှင်ပြုဆိုပေမယ့် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်။ ...ည်းအပါးပဲ ဖိတ်မည်ဆိုတာလည်း ပါသည်။

ဒါပေမယ့် ရှင်ပြုပွဲဆိုကတည်းက ဖိုးတာကတော့ ...ပျော်နှင့် ၀မ်းအသာဆုံးဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ် မဟုတ်ပေမဲ့ အနီးပတ်ဝန်းကျင် တစ်လမ်းတည်းရှိ အိမ်များ၊ မိမိတို့၏ လမ်းနှင့် အနီးအပါး လမ်းကျော်မှ အိမ်များကိုတော့ ဖိတ်ထားတာမို့ လူတွေကတော့ အထိုက်အလျောက် စည်မှာသေချာသည်။

ကိုညို့သား ရှင်ပြုအလှူရှိမည် ဆိုကတည်းက ဖိုးတာ ပုဆိုး စတင်ပူဆာသည်။

ကိုညို အိမ်ပေါ်မှ ဆင်းသွားပြီးတာနှင့် ...

"အဖေ ... ဦးဦး‌ရဲ့ သား ရှင်ပြုပွဲမှာ သား ပုဆိုးသစ် ဝတ်ချင်တယ် အဖေ"

နှင့် ဘင်၍ ပူဆာခဲ့သည်မှာ တစ်ပတ် ရှိပြီ။

ယနေ့ အလုပ်သွားလိုက်ပို့ရင်း လမ်းထိပ် ရောက်တော့ ဖိုးတာ ပုဆိုး ထပ်ပူဆာသည်။ လက်ဖက်ရည် သောက်တုန်းကလည်း ထိုပုဆိုး၊ မုန့်ဝယ်ပေးတော့လည်း ပုဆိုး။ ပုဆိုးဖောသည် ဖိုးတာမှာ ကပ်နေ၏။

"ဝယ်ပြီးရင် တစ်ခါတည်း ချုပ်ခဲ့ အဖေ၊ မိထူးကို ချုပ်ခိုင်းရင် သူက ချုပ်ပေးချင်မှ ချုပ်ပေးမှာ၊ သား ပုဆိုး ပူဆာနေတာကို မိထူးက ဆူတယ် အဖေရ၊ အဖေက ဘာသိလို့လဲ ... အဖေ့ကွယ်ရာဆိုရင် မိထူးက ဒီပုဆိုးကိစ္စ သားကို ဆူနေတာ၊ သား စုထားတဲ့ ပိုက်ဆံက နည်းနည်းလေးပဲ ရှိတာတဲ့၊ အဖေ့ကို စိတ်မညစ်စေနဲ့တဲ့၊ သူ့ကျတော့





ဦးဦးရဲ့ အလှူမှာ ဝတ်ဖို့ လုံချည်အသစ်လေး ဝယ်လာတာ ကျတော့ မပြောဘူး"

ဖိုးတာ မကျေနပ်သည့် ကိစ္စမှာ မိထူး ထဘီအသစ် တစ်ထည် ဝယ်လာတာကို မြင်ခဲ့တာလည်း ပါသည်။

မိထူးခမျာ အပျိုလေးလည်းဖြစ်၊ အရွယ်လေးလည်း ရတော့ ဦးလေးလုပ်သူ၏ သားထွေး၊ မောင်တစ်ဝမ်းကွဲ၏ ရှင်ပြုအလှူပွဲမှာတော့ သင့်တင့်လျောက်ပတ်အောင် ဝတ်ရမည် မဟုတ်ပါလား။

ဒါကြောင့် အထည်ကောက်ချုပ်နေသော စက်ဆိုင်မှ ကြိုငွေသသော်မျိုး ယူကာ ထဘီသစ်ကလေး တစ်ထည် ဝယ်ခဲ့ခြင်းပါ။

မနေ့က သမီးလုပ်သူက အဖေကို ထုတ်ပြသော ထဘီ အသစ်ကျပ်ချွတ်လေးကို ဖိုးတာ လှမ်းမြင်ပြီးကတည်းက မိထူးကို နှုတ်ခမ်းကြီးစူ၊ မျက်စိတစ္ဆေစ္ဆေနှင့် မကျေမနပ် ဖြစ်နေသည်။

အရေးထဲ ဖိုးတာကို ပုဆိုး မပူဆာဖို့ မိထူးက မနက်က ဆူလိုက်သည်နှင့် တူ၏။ ဖိုးတာ ရင်ဖွင့်လာရှာ၏။

ဦးမျိုး စိတ်မကောင်း၊ သမီးလုပ်သူကတော့ ဘာပဲဖြစ်ဖြစ် စက်ပိုင်ရှင်ထံမှာ အထည်ကောက်လေး ချုပ်နေရတော့ ငွေလေးကြေးလေးနှင့် လှည့်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသားလေးခများမှာတော့ ဖအေလုပ်သူကိုမှ မပူဆ
လျှင် ဘယ်သူ့ သွားပူဆာချေမည်တဲ့လဲ။

ဖိုးတာခများ ပုဆိုးသစ်လေး ရလိုဇောနှင့် ဒေါ်ကြ
ခက် မုန့်ဟင်းခါးဆိုင်မှာလည်း စကားရော ဖောရောနှင့် ပန်းက
တွေ သွားသွားဆေးနေရတာ အမော။

မုန့်ဟင်းခါးလည်း စားရသည်။ ပိုက်ဆံလေးလည်း
အနည်းအကျဉ်း ရသည်။ ရသမျှကို အဖေ့ကို လာလာအပ်
ပုဆိုးလည်း အဝယ်ခိုင်း၏။

"အဖေ ဝယ်ပေးပါ့မယ် သားရယ်"

ဦးမျိုး ပြောတော့ ဖိုးတာ လက်နှစ်ဖက်ကို အဖေ
သို့ ဆန့်တန်း၍ ...

"ဟေး ... ဝယ်ပေးတော့မယ်ကွ ... ဝယ်ပေးတော့မယ်ဟေ
အသစ်ရတော့မယ်ဟေ့ ... ရတော့မယ်၊ ဝတ်ရတော့မ
ဟေ့ ... ဝတ်ရတော့မယ်"

ဟု ခုန်ပေါက်အော်တော့ ဦးမျိုးရင်ထဲ နင့်ခနဲ ခံ
ရလျက် ပျော်နေသော သားကို ကရုဏာဖြင့် မချိတင်ကဲ ကြ
ရင်း မျက်ရည်ဝဲလာ၏။

"ကဲ ... သား အိမ်ပြန်ချေတော့၊ နေပူထဲ ကလေးတွေ
ဆော့မနေနဲ့ ကြားလား၊ နေပူထဲက ပြန်ပြန်ချင်း ရေလည်
ချိုးမပစ်နဲ့၊ ဖျားနေမှ အလှူမသွားရဘဲ နေလိမ့်မယ် ..."





ဟု မှာတော့ ခေါင်းညိတ်သည်။

"အင်း ... အင်း ပြန်မယ် ... မဆော့ဘူးနော်၊ နေပူထဲလဲ မဆော့ဘူး၊ အိမ်ကို သေချာစောင့်မှာ"

ဟု ဝမ်းမြောက်အားရလေး ပြော၏။

ပြီးတော့ ခုန်ကာ ပေါက်ကာဖြင့် ...

"ဝတ်ရတော့မယ်ဟေ့"

ဟု ပြောပြီးမှ ...

"တစ်ခါတည်း ချုပ်ခဲ့နော် ... မမေ့နဲ့နော် အဖေ"

ဟု သေချာအောင် ထပ်မှာပြီးမှ ထုံးစံအတိုင်း ခုန်ပေါက်ပျော်ရင်း အိမ်ဘက်လှည့်ပြန်သွား၏။ နောက်ဘက်မှာ ရပ်၍ကြည့်ရင်း ဦးမျိုး မျက်ရည်ဝဲနေ၏။

ပုဆိုးလေးကိုတော့ ဝယ်ပေးဖြစ်အောင် ဝယ်ခဲ့ရမည်။

ဖိုးတာ စုဆောင်းထားတာလေးတွေကလည်း လေးဆယ်လောက် ရှိပြီ။

ပုဆိုးကောင်းလေး တစ်ထည်လောက်တော့ သားလေးကို ဝယ်ပေးမှဟု တွေးလျက် အလုပ်တိုက်မှာ အကျိုးအကြောင်း ပြောပြပြီး ကြိုငွေလေးဆွဲလိုက်ဖို့ ဆုံးဖြတ်လိုက်ရချေသည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာ အုမြူးနေသည်က ပုဆိုးသစ်လေး ရပြီး ကတည်းကပါ။

တကယ်ပဲ အဖေလုပ်သူက အညိုရောင် ပုဆိုးကွက် စိပ်လေးတစ်ထည် ဝယ်လာတော့ ဖိုးတာ ပုဆိုးလေးကို လက်က မချနိုင်ဘဲ တစ်ကိုင်ကိုင် ဖြစ်နေသည်။

သားမှာသည့် အတိုင်းပဲ ပုဆိုးကို တစ်ခါတည်း ချုပ်ခဲ့တာမို့ ကလေးလိုပဲ ချက်ချင်း ပုဆိုးသစ်လေးကို ကောက်စွပ် ဝတ်ကြည့်နေရှာသမျှ ဦးမျိုး ပြုံး၍ ကြည့်နေမိရသည်ပါပဲ။

ပုဆိုးကို ဝတ်ပြီးတော့လည်း ဟိုဘက် သည်ဘက် လှည့်ပြီး တငံ့ငံ့ကြည့်သည်၊ ပုဆိုးလေးကို လက်ဖဝါးဖြင့် တပြုံး ပြုံးနှင့် ပွတ်သပ်ကြည့်သည်။ မျက်နှာလေး ပြုံးမြနေရှာသည် ပါပဲ။

"လှတယ်နော် အဖေ၊ မိထူး ... ကြည့် ... လှတယ်နော်"





မနက်ပိုင်းက ကောက်ကွေးနေခဲ့သမျှ မေ့ကျသွား လျက် ညီမလုပ်သူကိုလည်း ဖိုးတာလှမ်း၍ တပြုံးပြုံးနှင့် ပြော၏။

ပုဆိုးလေးကို ပြန်ချွတ်၊ ကြမ်းပေါ်ချ၍ ခေါက်ပြီး ပလတ်စတစ်အိတ်လေးထဲ မူလအတိုင်းပဲ ပြန်ထည့်သည်။

ပုဆိုးကိုသာ ပူဆာရှာသည့် ဖိုးတာ အင်္ကျီကိုကျ တော့ မပူဆာရှာ။ အလှူနေ့ကျလျှင် ဘယ်အင်္ကျီကို ကောက်စွပ် မည် မသိ။

ထိုနေ့ တစ်နေ့လုံး ဖိုးတာ တကယ့်ကို အိမ်မြဲနေ သည်ဟု ဒေါ်နွဲ့ ပြောပြ၏။

အိမ်နီးချင်းကောင်းနှင့် နေရတာမို့ ဖိုးတာ အတွက် တော့ ဦးမျိုး စိတ်ဖြောင့်ရသည်။

အိမ်အတွက်လည်း စိတ်ချရသည်။ ဒေါ်နွဲ့ ကိစ္စဝိစ္စ နှင့် အပြင်ထွက်ချိန်မျိုးမှာကျမှပဲ အိမ်အတွက် စိတ်မချစရာ ရှိသည်။ ဒါကြောင့်လည်း အိပ်ခန်းထဲ ပစ္စည်းထည့် သော့ခတ်ခဲ့ ရခြင်းပါ။

"ရေတွေ ခပ်၊ အိမ်တွေ ဆေး၊ အိမ်မှာလည်း မြဲလိုက်သမှ ရှင် ... ညနေလောက်ကျမှ လှမ်းထိပ်ထိ ဦးမျိုးကို အကြို ထွက်တော့တာ"

ဟု ဒေါ်နွဲ့ ပြောပြခိုက်မှာပဲ ပုဆိုးသစ် ထည့်ထားရာ ပလတ်စတစ်အိတ်လေး ချိုင်းကြားညှပ်၍ ဖိုးတာ ခုန်ပေါက်၍ အိမ်ပေါ်မှ ဆင်းသွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုမှ လိုက်ကြည့်ဖို့ မလို။

ဆူညံ ဆော့ကစားနေသော ချာတိတ်လေးတွေဆီသို့ ရောက်မှာ သေချာသည်။

ပြီးတော့ ပုဆိုးသစ်လေးကို ကြွားမည်။

ပုဆိုးသစ် ဖောကပ်ပြီး ကလေးတွေကို ရန်ရှာမှာလည်း စိုးရသည်။

ချာတိတ်တွေ ပုဆိုးသစ်လေးကို ကိုင်ကြည့်နေသည့်အခိုက် ပစ္စည်းဖောကပ်ပြီး ရန်ထဖြစ်ချင် ဖြစ်နေမည့် ဖိုးတာ။

ဒါကြောင့် ဦးမျိုး လိုက်သွားရပြန်၏။

တကယ်လည်း လမ်းထဲမှာ ကလေးတစ်အုပ်နှင့် ဖိုးတာ ရှိနေသည်ပါပဲ။

"တွေ့လား ... ဒီမှာလည်း ပန်းလေးတွေနဲ့ အိတ်လေးက သိပ်လှတယ် တွေ့လား၊ ငါ့ကို အဖေက ဝယ်ပေးတာကွ၊ ရှင်ပြုပွဲမှာ ဝတ်မှာ သိလား၊ ငါ ဝတ်မှာ၊ ဟော ... ဟော အပြင်ကပဲ ကြည့်ကွ၊ အထဲက ပုဆိုးကို နင်တို့ လက်တွေ အပေကြီးနဲ့ မထိနဲ့ဟ ပေကုန်မှာပေါ့ကွ၊ အပြင်ကလည်း မြင်နေရတာပဲ ဥစ္စာ၊ လှတယ်နော် ... တွေ့လား လှတယ်"

ဟု ကလေး တစ်အုပ်ကြားမှာ အုတ်ခဲလေး ဖင်ခုထိုင်လျက် မြိန်ရည်မြိန်ယှက် ပြောပြီး ကြွားလည်းကြွား ပျော်လည်း ပျော်နေသည့် သားကို ဦးမျိုး မလှမ်းမကမ်းမှပဲ ကြည့်နေမိရပါပြီ။





"အသစ်စက်စက်ကွ ... အသစ်စက်စက်၊ အဖေက ချုပ်လာပေးတာ သိလား၊ ဝတ်လိုက်ရုံပဲ၊ ရှင်ပြုပွဲမှာ ငါ ဝတ်မှာ၊ သိပ်လှတာပဲနော်၊ စောစောက ငါ တစ်ခါ ဝတ်ကြည့်သေးတယ်ကွ အသားလေးဆိုတာ ပျော့ဖတ်နေတာပဲ၊ အရောင်လေးကလည်း လှတယ်နော်၊ ဟောကောင် ဟောကောင် ငါ့လက်ထဲမှာပဲ ကြည့်ကွ ... နင့်လက်က အပေကြီး"

ပုဆိုးသစ်ထည့်ထားရာ ပလတ်စတစ်အိတ်လေးကို လက်ထဲက မလွှတ်နိုင်စွာ ကိုင်ထားလျက် ကလေးတစ်အုပ်ကြားမှာ လူကောင်ထွားကြီးနှင့် ကလေးကြွား ကြွားနေသော သားဖြစ်သူကို ငေးတွေတွေကြီး ဦးမျိုး ကြည့်နေမိရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက မိထွေးနှင့်အတူ ဖိုးတာ ပါသွားသည်။

မိထွေးကလည်း ဝတ်ကောင်းစားလှလေးနှင့်။

ဖိုးတာကလည်း ပုဆိုးသစ်လေးကို ဝတ်လျက် စွပ်ကျယ်ချိုင်းပြတ် ခပ်လတ်လတ်လေးနှင့် လိုက်သွားသည်။ စွပ်ကျယ်ချိုင်းပြတ်လေးကိုဖိုးတာ အလွန်သဘောကျသည်။ ကျရခြင်းကလည်း စွပ်ကျယ်သား ဖြူဖြူလေးထက်မှာ မြင်းစီးနေသည့် လူ၏ ပုံကအင်္ကျီရင်ဘတ်မှာရော နောက်ကျောမှာရော ပါသည်။ ဒါကို ဖိုးတာ သဘောကျသည်။

အဖေလုပ်သူက အဖေ့အင်္ကျီထဲက ခပ်လတ်လတ်လေးထဲမှ ထုတ်ပေးကာ ဝတ်ခိုင်းတာကို ခေါင်းခါသည်။ သူ့ စွပ်ကျယ် မြင်းစီးရုပ်ကိုပဲ မျက်စိကျသည်။ သူ့အင်္ကျီလေးနှင့် သူပဲ ဝတ်သွားသည်။





နောက်မှပဲ အဖေ လာခဲ့မယ်ဟု သမီးကို မှာခဲ့သည့်အတိုင်း နောက်မှပဲ ဦးမျိုး အလှူသို့ သွားဖြစ်၏။

ကိုညို့အိမ်ရှေ့မှာ လူတွေစည်နေသည်။ အလှူမဏ္ဍပ်ကလည်း ခပ်ငယ်ငယ်ပါပဲ။

အိမ်၏ ဧည့်ခန်းမှာလည်း ဖျာတွေ ခင်းထားသည်။ မောင်ရှင်လောင်းကတော့ တောင်ရှည်ပုဆိုး ရွှေချည်ထိုးနှင့် ခါးတောင်အင်္ကျီနှင့် မင်းသားခေါင်းပေါင်းနှင့် မျက်နှာချေတွေ ဖွေးလျက်၊ ပါးနီလေးနှင့် လှနေသည်ပါပဲ။

မဏ္ဍပ်မှာလည်း စားပွဲကုလားထိုင် အနည်းအကျဉ်း ရှိသည်။

ဦးမျိုး ဖိုးတာကိုရှာတော့ နောက်ဖေးဘက်မှာ ပုဆိုးသစ်လေး ပေါင်ပေါ်အောင် ပင့်လိပ်တင်ထားကာ ဆောင့်ကြောင့်လေးထိုင်လျက် စိတ်ဝင်လက်ပါ ပန်းကန်တွေ ဆေးနေတာ မြင်၏။ ပြုံး၍ အိမ်ရှေ့ဘက် ပြန်ထွက်လာရသည်။

အုန်းနို့ခေါက်ဆွဲ ကျွေးတာမို့ ဖိုးတာ ဘယ်နှပန်းကန်များ အုပ်ထားပြီးပြီ မသိ။

လူကြီးတွေနှင့် ဦးမျိုး စကားစမြည် ပြောခိုက်မှာပဲ ဖိုးတာ အိမ်ရှေ့ ရောက်လာသည်။ မျက်နှာလေး ပြုံးကျနေလျက် မှန့်ပန်းကန်တွေကို ဧည့်သည်တွေနား ချ၏။ ပြုံး၍လည်း ...

"စားနော် ... စား၊ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲရှိတာကို စေတနာသုံးတန်နှင့် ပြောခဲ၏။

မောင်ရှင်လောင်း ထိုင်နေရာသို့လည်း မြောက်ကြွမြောက်ကြွနှင့် တပျော်ပျော် သွားရပ်လျက် သဘောတကျကျနှင့် လက်ပိုက်ကြည့်ကာ ...

"လှတယ် ... လှတယ်"

နှင့် ချီးကျူး၏။ နောက်တော့ ခုန်ပေါက်၍ နောက်ဘေးသို့ ဝင်သွားသည်။

အကြောင်းသိ ဧည့်သည်တွေကတော့ ပြုံးရှုံ့ကြည့်၏။ ဖိုးတာအကြောင်း မသိသူများကတော့ ခပ်ငေးငေး ကြည့်၏။

ဖိုးတာ ထွက်လာပြန်ပြီ။ ပန်းကန် ဆေးပြီး ထ,လာတာမို့ လက်မှာ စိုနေသော ရေတွေက ဆီတွေဝေ့နေသည်။ မှန်ပန်းကန်တွေ သယ်ချလာလျက် ဧည့်သည်ရှေ့မှာ ချပေးတော့ ရွှေကြိုးတုတ်တုတ်ကြီးနှင့် ရွှေလက်ကောက် အိအိခဲခဲကြီးကို ဝတ်ထားသည့် အမျိုးသမီးကြီးက ဖိုးတာ၏ လက်ကို မနှစ်မြို့သလို ခပ်စိုက်စိုက်ကြည့်နေတာ လှမ်းမြင်တာမို့ ရင်ထဲ ထင့်ခနဲ ဦးမျိုးလေး ကျသွားရသည်။

"စားနော် ... စား"

ဟု ဖိုးတာ ဝမ်းသာအားရပြောပြီး ပြုံးသည်။





ဦးမျိုး ကိုညိုကို လှမ်းကြည့်တော့ ဖိုးတာနှင့် ထိုဧည့်သည် အမျိုးသမီးကြီးတို့ကို လှမ်းကြည့်နေတာ မြင်ရ၏။ မျက်နှာပျက်နေတာလည်း တွေ့သည်။

ဖိုးတာ နောက်ဖေးဘက် ဝင်သွားတော့ ကိုညိုဦးမျိုးထံသို့ ကပ်လာသည်။

အမျိုးသမီးကြီးကလည်း လုံးဝ ခေါက်ဆွဲပွဲကို စားသွား။ တအောင့်တနားပဲ နေပြီး နှုတ်ဆက်ပြန်သွားတာမို့ ကိုညို မျက်နှာမကောင်း။

"အစ်ကို ... အားတော့ နာတယ် အစ်ကိုရာ၊ ဖိုးတာကို ပြန်ခေါ်သွားလိုက်ပါ"

ရင်ထဲတွင် နင့်ခနဲ ခံစားရသမျှ မရိပ်မိအောင် ကြိုးစား ဟန်လုပ်ယူရင်း ...

"သြော် ... အေး ... အေး ..."

ဟုပဲ ပြောလိုက်ရသည်။

ဦးမျိုး နောက်ဖေးဘက်သို့ ထွက်လာတော့ ပန်းကန်တွေ တစ်ထပ်ကြီးကို ထုံးစံအတိုင်း ပုဆိုးသစ်လေးရေမစိုအောင် ခေါင်လယ်လောက်ထိ ပင့်ထားလျက် မြင်းစီးရပ် ဇွပ်ကျယ်ချိုင်းကြတ်နှင့် တပြုံးပြုံး ပန်းကန်တွေ ဆေးနေသော ဖိုးတာကို မြင်ရသည်။

"ဖိုးတာ ပြန်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမျိုး ပြောတော့ ဖိုးတာ ခေါင်းယမ်းသည်။

"ဟာ ... မပြန်ချင်ပါဘူး အဖေရာ၊ ပျော်စရာကြီး၊ ဒီမှာ နေရတာ မုန့်လည်းစားလို့ မဝသေးဘူးဗျ၊ တစ်ခါပဲ စားရသေးတယ်၊ ဒီပန်းကန်တွေ ဆေးပြီးမှ နောက်ထပ် တစ်ပန်းကန် စားမလို့ ဥစ္စာ"

ဦးမျိုး စိတ်လတ်ပင်ပန်းစွာ ဖိုးတာဘေးမှာ ထိုင်ရသည်။ ပန်းကန်တွေ ဆေးပြီးသည်အထိ စောင့်ရသည်။

မုန့်တစ်ပန်းကန် ထပ်စားသည်အထိ စောင့်ရသည်။

ပြီးမှ နောက်ဘေးပေါက်မှပဲ သားကို ဖွတ် လက်ဆွဲ၍ ထွက်ခဲ့ရပါ၏။

"ဟာ ... မလိုက်ချင်ပါဘူးဆို အဖေကလဲ၊ ဟိုမှာ ပျော်ပါတယ်ဆိုမှ အဖေ ပြန်ချင် ပြန်ပါလား၊ သား နေခဲ့မယ် ဆိုမှ"

နှင့် နောက်ကြောင်း တစ်လှည့်ကြည့်ကြည့်နှင့် ဖိုးတာ လိုက်ပါလာရခိုက် ဦးမျိုး ရင်ထဲမှာ ဆို့နေရသည်ပါပဲ။

"ဟောကောင် ... ဖိုးတာ စကားမရှည်နဲ့ ... လိုက်ခဲ့"

ဟု ငေါက်ဆတ်ဆတ် ပြောမှ မျက်နှာအိုကြီးနှင့် လိုက်လာသည်။

အိမ်ပြန်ရောက်တော့လည်း မျက်နှာကြီး စူပုပ်ကျ လျက် အိမ်ရှေ့ ကပြင်မှာ ခြေတွဲလောင်းချထိုင်နေ၏။





"ရောက်တာဖြင့် ခဏလေးပဲ ရှိသေးတဲ့ ဥစ္စာ၊ ပြန်ခိုင်းတယ်၊ ပုဆိုးအသစ်လေးတောင်မှ လူတိုင်း မြင်မသွားရဘူး၊ ဒီပုဆိုးလေးနဲ့ လူတွေကို ကြွားဖို့ ဥစ္စာလည်း မကြွားရဘူး၊ မိထွေးကျတော့ ထားခဲ့တယ်၊ သားကိုပဲ ခေါ်ခေါ်လာတယ်၊ မုန့်စားလို့ မဝသေးပါဘူးဆိုမှ နှစ်ပန်းကန်ပဲ စားခဲ့ရတယ်"

ဟု စူပွစူပွနှင့် ရွတ်သမျှ စိတ်ထိခိုက်စွာပဲ နားထောင်နေမိရသည်က ဦးမျိုး။

"မင်း ဒီနေ့မှာ ဒီလိုဖြစ်မယ်ဆိုတာ အဖေ သိရင် ပုဆိုးသစ်လေးကို အဖေ ဝယ်မပေးပါဘူးကွာ၊ ပုဆိုးသစ်လေး ဝယ်မပေးလို့ သား ငိုရင် အဖေ စိတ်ဆင်းရဲရမှာ သိပါတယ် သားရယ်၊ ဒါပေမဲ့ ဒီနေ့လောက် အဖေ စိတ်ထိခိုက်ရမှာ မဟုတ်ပါဘူး၊ ဘာလို့လည်းဆိုတော့ ပုဆိုးသစ်လေး မရရင် သား ဒီနေ့ အဲဒီနေရာကို သွားဖြစ်မှာမှ မဟုတ်ဘဲ သားရယ်"

ဟု တွေးမိလျက် သား၏ ဆံစလေးများကို သပ်တင်ပေးနေမိရင်း မျက်ရည်ပေါက်များ ဖြာကျလာ၏။

"သားရယ် ... မင်း ဘာလို့ ဒီလိုဘဝမျိုးနဲ့ လူတွေရဲ့ ကြားမှာ လူလာဖြစ်ဖို့ ကုသိုလ်ကံထဲမှာ ပါလာရတာလဲ သားရယ်၊ မင်းဘာလို့ ဒီလိုဘဝမှာ လူလာဖြစ်ရတာလဲ ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးမျိုး တွေးမိရင်း မျက်ရည် ဖြိုင်ခနဲ ကျလာခိုက်မှာ ခေါင်းကြီး ငုံ့ချ စိတ်ကောက်နေသော ဖိုးတာကဖြင့် ...

"မိထူးကျတော့ ဟိုမှာ ထားခဲ့ပြီးတော့"

ဟု ထုံးစံအတိုင်း စိတ်ကောက်နေရင်းမှ မျက်ရည်ဝဲလာလျက် ...

"ပြန်ပို့ပေး ... မပို့ပေးရင် သား ငိုလိုက်မှာနော်၊ တကယ်
ငိုချလိုက်မှာ ပြန်ပို့ပေး"

ကလေးလိုပဲ ပူဆာနေရင်းမှ တအီအီ ငိုချသံ ပေါ်လာ၏။

ငိုသံသည် ဦးမျိုး၏ နှလုံးအိမ်ကို ကြေကွဲအောင် ထုနှက်နေသည့် နှယ်ပါ။

တဆတ်ဆတ် တုန်နေသော လက်ဖဝါးများဖြင့် သား၏ ဆံစလေးများကို ဦးမျိုး သပ်တင်ပေးနေမိရင်းမှ မျက်ရည်လုံးကြီးများ မျက်ဝန်းအိမ်ဆီမှ ပြိုကျလာရပါချေသတည်း။





"အဖေရေ ... အဖေ"

မိုးက တစွေစွေ။ ချမ်းစိမ့်စိမ့် နံနက်ခင်း လေးနာရီ[illegible]သက်ကြီးမှာ ခြင်ထောင်ကို လာလှပ်၍ ဖိုးတာ လာခေါ်နေပြီ။ [illegible]င်ခြုံကွေးနေရာမှ ဦးမျိုး ခေါင်းထောင်ကြည့်သည်။ ငိုမဲ့မဲ့[illegible]က်နှာလေးကို မြင်ရတာမို့ တစ်ခုခုတော့ ဖြစ်ပြီးခဲ့ပြီဆိုတာ[illegible]မျိုး သိနှင့်၏။

အဖေလုပ်သူကသာ အသက်အရွယ် ကြီးရင့်လာ[illegible]ည်နှင့်အမျှ ဇရာ၏ အ[illegible]ကို ပို၍ ခံလာရစဉ်မှာ ဤသားက[illegible]ာ့ဖြင့် ချာတိတ်အတွေးနှင့်ပဲ အသက်တွေ တစ်နှစ်ပြီးတစ်နှစ်[illegible]ကြီးလာရသည့် အဖြစ် ...။

ယခုလည်း မနက် အရုဏ်ဦးအစမှာ ဘာဖြစ်လာ[illegible]ပြီ မသိ။

"အဖေ ... သား ပိုက်ဆံအိတ် ကျသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာ ငိုမဲ့မဲ့ ပြောတော့ ဦးမျိုး သက်ပြင်းရှိုက်၍ ခေါင်းကိုခါသည်။

စာပေတိုက် တစ်ခုမှာ ဖိုမင်ကြီး လုပ်နေပါသည့် ဦးမျိုးမှာ တစ်နေ့တစ်နေ့ စာစီရ၊ ဖိုမင်တာဝန်ကို လုပ်ရနှင့် ပင်ပန်းသည်။ အိပ်ရေးကောင်းနေတုန်းကြီးမှာ လာနှိုးသည့် သားကို အပြစ်တင်ရမှာကျတော့လည်း ကလေးစိတ်နှင့် လုကြီးကိုယ်ဖြစ်နေသည့် သားကို မဆူရက်။

"ဘယ်မှာ ကျတာလဲ ဖိုးတာ၊ ပြန်ကောက်လိုက်ရောပေါ့"

ရှပ်အင်္ကျီလက်တိုလေးနှင့် ပုဆိုးဟောင်းလေးကို ဝတ်ထားသည့် ဖိုးတာကို ဦးမျိုး တစ်ချက်ကြည့်သည်။ ဖိုးတာကလည်း ခြင်ထောင် တစ်ခုလုံးကို ပင့်တင်လိုက်ပြီး ဦးမျိုးကို အားကိုးသလို ကြည့်လာ၏။

မျက်လုံးလေးတွေမှာလည်း မျက်ရည်တွေ ဝဲနေသည်။ စိတ်ညစ်နေမှန်းလည်း အရမ်းသိသာ၏။ ပိုက်ဆံအိတ်လေး ကျသွားတာကို နှမြောစိတ်ညစ်နေတာ မြင်ရုံနှင့် သိသာနေသည်။

ဦးမျိုး ရင်ထဲမှာ မောကျသွားရပြီ။ ပိုက်ဆံအိတ်လေး ကျသွားသည့် နေရာသည် အလွယ်တကူ ပြန်ကောက်ယူနိုင်သည့် နေရာ မဖြစ်နိုင်တာကို မှန်းဆနိုင်လာ၏။ ကောက်၍ရလျှင် ဖိုးတာ ဘယ်နေလိမ့်မလဲ။ ကောက်ခဲ့ပြီး ဖြစ်ချေမည်ပေါ့။ ယခု





လို အဖေ လုပ်သူကို နှိုးပြီး ပြောဖို့ အချိန်ဆိုင်းထားမှာ မဟုတ်။ ကောက်မရ၍သာ လာနှိုးပြောနေတာ ဖြစ်မည်။

ပိုက်ဆံအိတ်လေး ဆိုတာကလည်း ရပ်ကွက်လေးထဲမှာ မုန့်ဟင်းခါးသည် ဒေါ်ကြီးခက်ဆီမှာ ပန်းကန် ဝင်ဆေးပေးလိုက်။ လက်တိုလက်တောင်း လုပ်ကိုင်ကူလိုက်။ သမဝါယမဆိုင်မှာ ဆန်အိတ်လေး ရွှေ့ပြု ထမ်းပိုးပေးလိုက်နှင့် လုပ်ကိုင်ပေးသမျှ ချစ်သနားစိတ်ဖြင့် ပိုက်ဆံလေးတွေ ပေးကြသမျှ ဖိုးတာ ပိုက်ဆံအိတ်လေးထဲ စုစုထားသည်။

သူ့ပိုက်ဆံအိတ်ကိုလည်း အရမ်းဂရုစိုက်သည်။ အရိပ်တကြည့်ကြည့်နှင့် နေသည်။

အိတ်ကပ်ထဲ ထည့်ပြီးလျှင် အပေါ်မှ တွယ်ချိတ်အကြီးစားကြီးနှင့် အိတ်ကပ်ကို ချိတ်တွယ် ပိတ်ထားလိုက်သည်။ သူ့ပိုက်ဆံအိတ် ကျမှာ အလွန်ကြောက်သည့် ဖိုးတာ။

ပိုက်ဆံကို အဖေလုပ်သူ တစ်ယောက်မှအပ ဘယ်သူမှ အကြည့်မခံ။ ပိုက်ဆံအိတ် ဟောင်းလေးကိုလည်း အထိမခံ။ ညီမ မိထူးပင် မထိရ။ ပိုက်ဆံအိတ်ထည့်၍ တွယ်ချိတ်နှင့် ချိတ်ထားသည့် ရှပ်အင်္ကျီအိတ်ကပ်နေရာလေးကိုပင် မိထူး ခပ်စိုက်စိုက်ကြည့်လိုက်လျှင် လက်ဖြင့်အိတ်ကပ်ကို အုပ်၍ ရန်လိုစွာ ...

"မကြည့်နဲ့ ... ပိုက်ဆံ မချေးဘူး ... မပေးဘူး"

ဟု ပြောတတ်သည့် ဖိုးတာ။



www.burmeseclassic.com

www.burmeseclassic.com



ယခုကျတော့ ဘယ့်နှယ်က ဘယ့်နှယ် အခန့်မသင့်၍ ပိုက်ဆံအိတ် ကျပြီမသိ။

ဝေါ်ရုံနှင့် ဤသို့မဖြစ်နိုင်။ ပိုက်ဆံ ရေတွက်တာ တောင်မှ ချောင်လေးမှာ အိမ်ထရံကျောမှီပြီး ခိုးကြောင်ခိုးဝှက် ရေတွက်တတ်သည့် ဖိုးတာ။ ပိုက်ဆံရေတွက်ချိန်ဆိုတာကလည်း အဖေ လုပ်သူ အိမ်မှာ ရှိချိန်မျိုးကျမှ ရွေး၍ လုပ်တတ်သည့် အဖြစ်။

အဖေ ရှိလျှင် သူ့ပိုက်ဆံ ဘယ်သူမှ မလုနိုင်ဆိုသည့် အတွေးမျိုး ရှိတတ်သည့် ဖိုးတာ။

ယခုကျတော့ ပိုက်ဆံက အိတ်လိုက် ကျခဲ့ပြီတဲ့

"ကဲ ... မိထူး ... ထစမ်း၊ ဖိုးတာ ပိုက်ဆံအိတ် ကျလို့တဲ့ လိုက်ကြည့်ပေးလိုက်ဦး၊ ကောက်ပေးလိုက်"

အေးအေးနှင့် မထချင်သေးတာမို့ ဦးမျိုး ပြောတော့ ဖိုးတာ ခေါင်းခါသည်။

အဖေ လုပ်သူလက်ကို ဇွတ်ဆွဲသည်။

"မိထူးကို စိတ်မချဘူး အဖေရ"

ဟု ပြောနေတာမို့ စုတ်သပ် တစ်ချက်ညည်းပြီး ဦးမျိုး ထ,လိုက်လာရသည်။

လက်နှိပ်ဓာတ်မီးကို ဆွဲ၍ ဖိုးတာနောက် လိုက်ခဲ့ ပါ၏။





ဖိုးတာ ခေါ်လာသည်က အိမ်သာရှိရာသို့ပါ။ ကြည့်ရတာ မနက်စောစော နောက်ဖေးနောက်ဖီ သွားချင်တာမို့ ဖိုးတာ အိပ်ရာထ၍ အိမ်သာတက်ခဲ့ပုံ ရသည်။

ဦးမျိုး စိတ်ထဲ လေးသွားရပါပြီ။ ဤပုံအတိုင်းဆို လျှင်ဖြင့် ပိုက်ဆံအိတ်လေးတော့ လမ်းဆုံးနေရာ ရောက်သွားပြီ ထင့်။

"ဒီထဲကျသွားတာ အဖေရ"

အိမ်သာကျင်းထဲ လက်ညှိုးထိုးပြတော့ ဦးမျိုး စိတ် မောကျသွားရပါပြီ။

အိမ်သာထဲ ဦးမျိုး ဝင်သည်။ ဓာတ်မီးနှင့် ထိုးကြည့် သည်။ ကျင်းထဲမှာ ပိုက်ဆံအိတ်လေးကို မတွေ့ရတော့။ မြုပ်သွား ပြီ ထင်၏။

"မတွေ့ဘူးကွ ..."

နောက်နားကပ်ရပ်နေသော ဖိုးတာကို လှည့်ပြောပြီး စိတ်မောမောနှင့် အိမ်သာလေးထဲမှ အထွက် ...

"ဟာ ..."

ငယ်ထိပ်နေရာ ခေါင်းနေရာမှာ ပူထူနာကျင်သွားပြီ။ အမှတ်တမဲ့ဖြင့် စိတ်လက်ညစ်ဈွာ အဆင်းမှာ အိမ်သာ၏ သစ်သား ခေါင်းအစွန်း ထွက်နေရာနှင့် ခေါင်းဆောင့်မိသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်လွန်းတာမို့ လက်ဖြင့် အုပ်မိတော့ စေးထန်း ထန်း ပူနွေးနွေး သွေးတွေထွက်နေပြီ။ ခတ်မီးနှင့် ထိုးကြည့်မိရာ လက်တွင် နီသော သွေးတွေကို မြင်၏။ အသားကလည်း နာ၊ အိပ်ရေးကလည်း မနက်အစောကြီး အိပ်ကောင်းချိန်ကြီး ထရ၍ ပျက်။ ပိုက်ဆံအိတ် ပျောက် ပြဿနာတက်နေသည့် သားကို စိတ်ထဲ တစ်ချက်ထွက်လာမိလျက်မှ ...

"ဖိုးတာ မနက်တော်င် မိုးကောင်းကောင်း မလင်းသေးဘူး မင်း ပိုက်ဆံအိတ်က ပျောက်ပြီ"

ဟု ငေါက်ဆတ်ဆတ် ပြောခိုက်မှာပင် ...

"အီး ... ဟီး ... ဟီး ... ပြန်ရှာပေး ... ရှာပေး၊ သား ပိုက်ဆံအိတ် ပြန်ရှာပေး၊ ပြန်ကောက်ပေး"

နှင့် အသံကြီး ဖြင့် ဖိုးတာ ထုံးစံအတိုင်း အော်ငိုသည်။

မနက်ကဖြင့် လင်းသေးတာ မဟုတ်။ ပတ်ဝန်းကျင်ကိုလည်း ဦးမျိုး အားနာရသည်။ ခေါင်းမှ သွေးတွေကလည်း ကျနေပြီ။ တအီအီ ငိုနေသော ဖိုးတာကို သူ့ စိတ်ထွက်ထွက်နှင့် တစ်ချက် ဇက်ပိုး အုပ်ထည့်ပစ်လိုက်မိပါ၏။

"တိတ်စမ်း ... ဖိုးတာ အသံချဲ့ပြီး ငိုမနေနဲ့၊ အဖေလုပ်သူလည်း ခေါင်းပေါက်ရပြီ၊ မနက်မိုးမလင်းသေးဘူး၊ ဒုက္ခပေးတဲ့ ကောင်၊ တိတ် ... ငါ ထပ် နားရင်းအုပ်လိုက်ရ"





ဟု ပြောခိုက်မှာပဲ မီးထူး ရောက်လာသည်။

"ဟင် ... အဖေ့ခေါင်းမှာ သွေးတွေ"

"အေး ... ဟုတ်တယ်၊ ငါ့သေမှ အေးမှာ၊ ဒီကောင် ဖိုးတာလည်း ငါမရှိမှ ဒုက္ခကောင်းကောင်း တွေ့မှာ၊ အဖေ ရှိတော့ အဖေကိုပဲ ဒုက္ခပေးနေတဲ့ ကောင်"

ဟု ခေါင်းမှ ဒဏ်ရာရှိန်ကြီးနှင့် ဗျစ်တောက် ဗျစ်တောက် ရွတ်ကာ ဦးမျိုး အိမ်နောက်ဘေး မီးဖိုဆောင်သို့ ဝင်၏။

ဤသို့ အဖေလုပ်သူက စိတ်အရမ်းတိုနေချိန်ကျတော့လည်း ဖိုးတာ အော်မငိုရဲတော့။

ပါးစပ်ထဲ လက်ညှိုးကြီးကိုက်၍ မျက်လုံးတလည်လည်လုပ်ရင်း ငြိမ်ကျလိုက်ပါလာသည်။ မီးဖိုဆောင်ထဲမှ နနွင်းအိုးကိုယူကာ မီးထူးက အဖေ၏ ခေါင်းမှဒဏ်ရာကို နနွင်းသိပ်ပေးသည်။ ဒါကိုလည်း ဖိုးတာ မျက်နှာငယ်လေးနှင့် ကုပ်ကုပ်လေး ထိုင်ကြည့်နေ၏။ မီးဖိုဆောင် ကြမ်းပြင်လေးမှာ ကျောလေးမှီထိုင်ရင်းမှ မျက်နှာလေး ငယ်ကျလျက် ပါးစပ်ထဲလက်ညှိုးကြီး ထည့်ထားကာ ငြိမ်ကြည့်နေသည့် ဖိုးတာကို ဦးမျိုး လှမ်းကြည့်သည်။

ရင်ထဲလည်း မကောင်းနိုင်။

ပိုက်ဆံအိတ်လေးနှင့် စုထားသမျှ ပိုက်ဆံတွေကို ဖိုးတာ အရမ်းကို ခင်တွယ်သည်။ မက်မက်မောမော ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ညကြီးမင်းကြီး ပိုက်ဆံအောနင့် ထ ထိုင်ပြီး ပိုက်ဆံအိတ်လေးဖွင့်ကာ ဖိုးတာ ပိုက်ဆံရေတွက်ခဲ့ချေလိမ့်မည်။

ပြီးတော့ အိပ်လိုအောနင့် ပိုက်ဆံအိတ်လေးကို အိတ်ကပ်ထဲပြန်ထည့်ရုံ ထည့်လိုက်မိကာ ပြန်၍ အိပ်မောကျသွားဟန်တူ၏။ ဒါကြောင့်လည်း ပိုက်ဆံအိတ် ထည့်ထားရာ အင်္ကျီအိတ်ကပ်လေးကို တွယ်ချိတ်နှင့်ပြန်မတွယ်ဖြစ်လိုက်တာကြောင့် မနက်အိမ်သာအတက်မှာ ခုလို အိမ်သာကျင်းထဲ ကျသွားတာဖြစ်မည်။

ခုတော့ စိတ်ထဲ ဒေါသတစ်ချက် ဖြစ်ခဲ့မိသည်မို့ သားလုပ်သူကို ဖက်ပိုးတစ်ချက် အုပ်ခဲ့မိပြီးပြီ။

အဖေလုပ်သူ၏ ခေါင်းမှ သွေးတွေကို မီးဖိုခန်း မီးရောင်ကြောင့် သေချာမြင်လိုက်ရ၍ထင့်။ ဖိုးတာမျက်နှာလေး ဖျော့ကျနေသည်။

ပိုက်ဆံအိတ်လေးကိုလည်း မေ့ဖျောက်ပစ်နိုင်ပုံမရ။ အင်္ကျီအိတ်ကပ်လေးကို လက်လေးဖြင့် အုပ်၍ အုပ်၍ ခေါင်းလေးငုံ့ငုံ့ကြည့်ကာ မျက်ရည်ဝဲနေသည်။

အဖေလုပ်သူ ခေါင်းပေါက်ထားတာမို့လည်း အော်ငိုပြီး ကျိကျရဲဟန် မတူတော့ ငိုမဲ့မဲ့လေးဖြင့် နှုတ်ခမ်းကိုပဲ မှီထားကာ ပါးစပ်ထဲ လက်ညှိုးကြီး ထိုးမြဲ ထိုးထည့်ထားရှာ၏။





ညနေဘက် အလုပ်က ပြန်ရောက်တော့ ခြံဝအဝင်မှာပဲ ဖိုးတာကို ဦးမျိုး ရှာမိသည်။

ဖိုးတာ မရှိ။ ထိုင်နေကျ ကပြင်လေးမှာလည်း ဖိုးတာ ရှိမနေ။

သူ့ကို မြင်တာနှင့် ပြေးလွှားခုန်ပေါက်ရင်းဖြင့် ...

"အဖေ ပြန်လာပြီဟေ့ ... အဖေ ပြန်လာပြီ"

ဟု ကြိုနေကျ ဖိုးတာလေးကို သူ မမြင်ရတော့ ရင်ထဲမှာ မကောင်း။

လမ်းထဲဝင်ကတည်းကလည်း ဖိုးတာကို ဦးမျိုး ကြည့်မိသည်ပါပဲ။ ချာတိတ်တစ်အုပ်နှင့် ဂေါ်လီပစ်လိုက်၊ ဆော့လိုက်နှင့် တစ်ခါတစ်ခါမှာတော့ ဖိုးတာကို တွေ့ရတတ်သည်။

ဤသည်ကလည်း အဖေကို အိမ်ခြံဝင်းထဲ စောင့်မျှော်လိုက်၊ ကပြင်မှာ ဒူးလေး ပိုက်မျှော်လိုက်။ ဒူးလေးပေါ်နှုတ်ခမ်း လုပ်မျှော်လိုက်နှင့် ရှိနေရာမှ စိတ်စောပြီး လမ်းထိပ်ထွက်မျှော်



www.burmeseclassic.com

www.burmeseclassic.com



တတ်ချိန်များမှာ ထုံးစံအတိုင်း ကလေးတစ်အုပ်နှင့် အဖွဲ့ကျ ဆော့ဖြစ်သွားချိန်များမှာပါ။

ဤနေ့ ညနေတွင်တော့ဖြင့် လမ်းထဲမှာလည်း မတွေ့။ ခြံထဲမှာလည်း မမြင်။ ဦးမျိုး ရင်ထဲ ဟာခနဲ ဖြစ်၏။

တာရာဖိနပ်လေးနှင့် မြောက်ကြွ မြောက်ကြွ ပြေးလာ ရင်းမှ ဦးမျိုး လက်ထဲမှ ထမင်းဘူးနှင့် လွယ်အိတ်ကို မျက်နှာလို အားရ ယူတတ်သော ဖိုးတာ။

ယနေ့တွင်တော့ ပျောက်ချက်သား ကောင်းနေ၏။ ကြည့်ရတာ ပိုက်ဆံအိတ် ကျပျောက်သွား၍ စိတ်ညစ်ညစ်နှင့် အိပ်ရာထဲ ဝင်ခွေနေပုံ ရသည်။

"ဟိုကောင် ဖိုးတာရော ..."

ကပြင်ပေါ် ခြေချမိစဉ်ခိုက်မှာပဲ ဦးမျိုး မေးတော့ မိထူး ထွက်ကြိုရင်းမှ ...

"တစ်နေကုန်ပဲ အဖေရယ် ... ထမင်းလည်း မစားဘူး၊ အစ်ကို ဖိုးတာအတွက် မိထူး ထားခဲ့တဲ့ ထမင်းပန်းကန်က အရာတောင် မရွှင်းဘူး၊ ဟိုဘက်က ဒေါ်နွဲ့လည်း ဖိုးတာကို ထမင်းခေါ်ကျွေးသေးတယ်တဲ့၊ မစားဘူး၊ ညနေ မိထူး စက်ဆိုင်က ပြန်ရောက်တော့ ဒေါ်နွဲ့ ပြောပြတယ်၊ တစ်နေကုန် ဘယ်မှလည်း မလည်ဘူးတဲ့၊ အိမ်ထဲမှာ ခွေနေတာတဲ့"





ဦးမျိုး သက်ပြင်း ဟင်းခနဲ ချ၍ အိမ်ထဲဝင်၏။ ဖိုးတာကို ရှာတော့ ဧည့်ခန်းမှာ မတွေ့။

နောက်ဖေး ဆက်လျှောက်ခဲ့ကာ မီးဖိုခန်းထဲကို ဝင်တော့ မီးဖို၏ နောက်ဖေး ကပြင်လေးမှာ ထိုင်၍ အိမ်သာဘက် ကို ငေးကြည့်နေသည့် ဖိုးတာကို မြင်၏။

ဖိုးတာ ဘေးမှာ ဦးမျိုး သွားထိုင်တော့ ငြိမ်ငြိမ် သက်သက် ရှိမြဲရှိလျက် မျက်ဝန်းမှာ မျက်ရည်ဝဲနေတာကို ဦးမျိုး မြင်သည်။

"ဖိုးတာ ... ငါ့သား ထမင်းမစားဘူးဆို၊ လာ ... အဖေနဲ့ အတူစားရအောင်"

ဖိုးတာ ငြိမ်နေသည်။ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။

"သား ခေါင်းကိုက်တယ် အဖေ၊ အဲဒါ အဖေ ဒီနားမှာ ရိုက်လိုက်လို့"

အတန်ကြာမှ ဖိုးတာ မျက်ရည်လေး တဝဲဝဲနှင့် ကားစပြောသည်။ ဇက်ပိုးနေရာကိုလည်း ကလေးလေးလိုပဲ လက်နှင့် ထောက်ပြသည်။

ဦးမျိုး စိတ်ထဲမှာ မကောင်းနိုင်။ ရိုက်လိုက်မိတာကို ရင်ထဲမှာ ယူကျုံးမရ ဖြစ်၏။ အလုပ်ထဲမှာလည်း ဦးမျိုး တစ်နေ့ ကုန် စိတ်ထိခိုက်နေခဲ့သည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားကို ရိုက်မိလေခြင်းဟု စိတ်ထဲမကောင်းနိုင်ဘဲ ဖြစ်နေရသည်။ လုပ်ဖော်ကိုင်ဖက်တွေကပင် နေမကောင်းဘူးလား ဟု မေးယူကြရသည် အထိပင်။

"ပြီးတော့ သား စထားတဲ့ ပိုက်ဆံတွေ အကုန်လုံး မရှိတော့ဘူး အဖေ၊ အဲဒါ သား မုန့်မစားဘဲ စုထားတာ အဟီးဟီး"

ဟု ကလေးလေးလို ပြောရင်း ပြောရင်း ဝမ်းပန်းတနည်း စတင်ငိုသည်။

တစ်နေကုန် ကျိတ်၍ ရင်ထဲ ဆွေးနေ ထိခိုက်နေသမျှ အဖေကို ပြန်မြင်မှ မချိုသိပ်ထားနိုင်တော့သည့် အသွင်ဖြင့် ငို၍ ပြောရှာသည့် အဖြစ်။

ဦးမျိုး ကိုယ်တိုင် မျက်ရည်ဝဲလာသည်။

ဟုတ်လည်း ဟုတ်သည်ပဲ။ ဤပိုက်ဆံလေးတွေကို ဖိုးတာ မစားရက် မသောက်ရက် စုထားသည်မှာအမှန်။ ပန်းကန်ဆေး။ ပစ္စည်းတွေ သယ်ပေးနှင့် လူချစ်အောင် လုပ်ကိုင်ကူညီရာမှ ချစ်သနားသူတို့က ပေးသမျှတွေ ပိုက်ဆံအိတ်လေးထဲ ထည့်။

အဖေလုပ်သူ အလုပ်က ပြန်လာလျှင် ရသမျှ ထုတ်ပြ။ ပိုက်ဆံကို အဖေလုပ်သူအား ရေတွက်ခိုင်း ကိုယ်တိုင်လည်း ချောင်လေးမှာ ငြိမ်ကုပ်၍ ရေတွက်နှင့် သူ့ပိုက်ဆံအိတ်လေးနှင့် ပိုက်ဆံတွေကို အရိပ်တကြည့်ကြည့် နေခဲ့တာအမှန်။





ခုလို ဖြုန်းစားကြီး ပျောက်သွားတော့ ဖိုးတာ စိတ်ဆိုခိုက်ချေမည်ပေါ့။

ကလေးစိတ်နှင့်မို့လည်း နှမြော၍ ဆုံးနိုင်ရှာတော့မှာ မဟုတ်။

ဦးမျိုးမှာ သား၏ ဆံစလေးများကို သပ်ပေးမိသည်။

"လာ ... အဖေနဲ့ ထမင်း အတူစားရအောင် ဟုတ်လား"

"သား ခေါင်းကိုက်တယ် အဖေရ၊ အဲဒါ အဖေ ရိုက်လို့"

တကယ်များ ခေါင်းကိုက်နေရှာသလား မသိ။ ဒါကိုပဲ ပြောပြောနေတော့ ဦးမျိုး ,စိတ်ထဲ ပို၍ ယူကျုံးမရဖြစ်လာရသည်။

ချော့ချော့မော့မော့နှင့် ခေါ်တော့မှ ဖိုးတာ ထမင်းစားသည်။ ဒါပေမဲ့ သိပ်မစားနိုင်။ နည်းနည်းပဲ စားပြီး ရေတစ်ခွက်သောက်ကာ အိမ်ရှေ့ ကပြင်ဘက်ကို ထွက်ထိုင်သည်။ ခါတိုင်းဆို လမ်းထဲသွား၍ ချာတိတ်အုပ်နှင့် ,မဆော့။

ညကျတော့လည်း ညှော်ခန်းထောင့်နေရာလေးမှာ ခုံကို ကျောဖြင့်မှီ၍ လက်မနှစ်ဖက်ကို ပွတ်နေရင်း ငြိမ်နေသည်။ ဘာလည်း မပြော။ မီထူးနှင့်ပင် ရန်မဖြစ်။

ဒါပေမဲ့ ထုံးစံမပျက်စွာဘဲ အဖေလုပ်သူအတွက်ကိုတော့ ရေတစ်စည်အပြည့် ရေခပ်ထည့်ထားပေးကာ ရေချိုးဖို့ အဆင်သင့်ဖြစ်အောင် လုပ်ခဲ့တာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"သား ဖိုးတာ ခေါင်းကိုက်တယ်ဆိုပြီ၊ အဖေ့အတွက် ရေခပ်ရသလားကွယ်၊ မိထူး ခပ်လိမ့်မပေါ့"

ဟု ပြောရင်း သားဘေးမှာ ထိုင်ကာ နဖူးလေးကို စမ်း၍ မေးတော့လည်း ငြိမ်သက်စွာပဲ နားထောင်သည်။ ယခင်နေ့တုန်းကလို ...

"မိထူးက သိပ်အပျင်းရှည်တာ အဖေရ၊ အဖေ့အတွက် ရေခပ်ပါဆိုရင် အချိန်ဆွဲနေတယ်၊ အဖေက အလုပ်က ပြန်ရောက်တော့မယ့် ဥစ္စာ၊ အလကား သားပဲ ခပ်ထားလိုက်ရတယ်၊ အဲဒီရေတွေ သား တစ်ယောက်တည်း ခပ်တာ အဖေ၊ မိထူး မပါဘူးနော်၊ မိထူးကို ကောင်းကောင်း ဆူပေး အဖေ၊ အပျင်း သိပ်ကြီးတာ"

ဟု တိုင်တောတာမျိုးကိုလည်း ဤနေ့မှာ မလုပ်။

ဖျာဟောင်းလေးကို ခင်း၍ ခြင်ထောင်လေး ထောင်ကာ တိတ်တိတ်ဆိတ်ဆိတ်ပဲ အိပ်ရာ စောစောဝင်ရှာ၏။ ကိုယ်ပူရှိန်တော့ မရှိ။

ညသန်းခေါင်ကျော်မှ ဖိုးတာ၏ အိပ်ရာဆီမှ ငိုရှိုက်သံ သဲ့သဲ့ကို ကြားရသည်။ ည, ည ပိုက်ဆံအိတ်လေး ဖွင့်၍ လူမသိအောင် တိတ်တိတ် ခိုးခိုးရေတွက်ခဲ့တတ်သည့် ဖိုးတာခမျာ သူ့ပိုက်ဆံတွေကို သတိရနေမြောရင်း ကြေကြေကွဲကွဲ ငိုနေရှာတာကို ဦးမျိုး နားလည် မိရပါ၏။





တအောင့်လောက်ကြာတော့ ဖိုးတာ ရေထသောက်သည်။ နှပ်ထွက်ညှစ်သည်။ ခြင်ထောင်ထဲ ပြန်ဝင်ပြီးနောက် ငိုသံသဲ့သဲ့ မျှင်မျှင်ကို ကြားရပြန်၏။ မဖြစ်။ သားအတွက် ပိုက်ဆံကိုတော့ဖြင့် ပြန်ရှာဖြည့်ပေးမှ ဖြစ်ချေတော့မည်။

ကြာလျှင် ဖိုးတာ စိတ်ရောဂါ ဖြစ်နိုင်သည်။ ဦးမျိုး ကိုယ်တိုင်ပင် ပိုက်ဆံလေးတွေကို အမှတ်ရနေသည်။ ငါးကျပ်တန်ချည်း အရွက် နှစ်ဆယ်။ လေးဆယ့်ငါးကျပ်တန်က လေးရွက်။ ငါးဆယ်တန် သုံးရွက်။ ပိုက်ဆံလေးတွေ အားလုံး အသစ်တွေချည်း။ ဖိုးတာ ရသမျှ ပိုက်ဆံတွေကို ဦးမျိုးက အဟောင်းနှင့် အသစ်ကို လဲလဲပေးသည်။ အသစ်လေးတွေ လဲပေးလျှင်လည်း ဖိုးတာ အရမ်းသဘောကျသည်။ ပိုက်ဆံကို နမ်းကြည့်ကာ ...

"မွှေးလိုက်တာ အဖေ"

ဟု ပြောတတ်သည်။ ကလေးကိုတော့ဖြင့် ပိုက်ဆံ ပြန်ဖြည့်မှ ဖြစ်ချေမည်ဆိုတော့ ငွေချေးရ ဦးမည်ပေါ့။ သား၏ အိပ်ရာဆီသို့ လှမ်းမျှော်ကြည့်မိရင်းမှ ဤကလေး ငါမရှိတော့လျှင် ဟူသော ရင်လေးရပါသည့် အတွေးကို တွေးမိ ထုံးစံအတိုင်း ဦးမျိုး တွေးရင်းမှ မျက်ရည်လုံးကြီးများ ကျလာရပါချေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကျတော့ ဖိုးတာကို လက်ဖက်ရည်ဆိုင် ခေါ်သွားကာ လက်ဖက်ရည်တိုက်တော့ မသောက်။ အကြော်ကျွေးလည်း မစား။ ခါတိုင်းလိုလည်း မုန့်ဖိုး ပိုက်ဆံ မတောင်း။

လမ်းထိပ်မှာ ရပ်၍ အဖေကို လိုက်ပို့သည့် အလုပ်ကိုပဲ လုပ်သည်။ ချော့မော့ကျွေးလည်း မစားတာမို့ အကြော်ကျွေး နှစ်ချောင်းကို ကျွတ်ကျွတ်အိတ်ထဲ ထည့်ကာ သားလက်ထဲ ထည့်ခဲ့ရသည်။

"ဆာတဲ့အခါ စား"

ဟု မှာခဲ့ရသည်။

ဖိုးတာ၏မျက်လုံးလေးတွေ အရောင်မှိန်ဖျော့ဖျော့ကျနေတာကို ဦးမျိုး သတိထားမိ၏။

ညနေဘက် အလုပ်မှ အိမ်ပြန်ရောက်တော့ ...

"အစ်ကို ဖိုးတာ ဖျားနေတယ် အဖေ"





ဟု မိထူး ခြံဝမှာ ထွက်မျှော်ရင်း ပြောတော့ ရင်ထဲ ထိတ်ခနဲ ပူကျသွားရပြီ။

ကမန်းကတန်း အိမ်ပေါ်တက်၍ ဖိုးတာကို ကြည့်သည်။ အိပ်ရာထက်မှာ ခွေခွေလေး ရှိနေရာမှ တိတ်ဆိတ်စွာပဲ အဖေကို ကြည့်သည်။

"သား ... ဖိုးတာ ... လူလေး၊ ဖျားတယ်ဆို ... မိထူး ဖိုးတာကို ဘာကျွေးထားသေးလဲ"

"မိထူးလည်း ညနေ အိမ်ပြန်ရောက်မှ သိတာ အဖေ၊ လမ်းထိပ်က ဆန်ပြုတ် ဝယ်တိုက်တယ်၊ မသောက်ဘူး အဖေရဲ့၊ ဒေါ်လေးနွဲ့လည်း နေ့ခင်းဘက်ကမှ အစ်ကိုဖိုးတာ နေမကောင်းတာ သိရတာတဲ့၊ ဘာကျွေးကျွေး မစားဘူးတဲ့ အဖေ"

သား၏ နဖူးကို စမ်းကြည့်တော့ ကိုယ်ပူရှိန်ရှိနေပြီ။ ဟင်းခနဲ သက်ပြင်းကြီး ရှိုက်ပစ်ပြီးမှ လွယ်အိတ်ထဲ ထည့်လာသည့် ပိုက်ဆံကို သတိရ၏။

ငါးကျပ်တန်က အရွက်နှစ်ဆယ်၊ လေးဆယ့်ငါးကျပ်တန် လေးရွက်၊ ငါးဆယ်တန် သုံးရွက်။

အားလုံးကို စာပေတိုက်မှ ဦးမျိုး ချေးလာသည်။ စာပေတိုက်ပိုင်ရှင်က သဘောကောင်းသည်မို့ အကျိုးအကြောင်း သိတော့ ချေးသည့်သဘောမဟုတ်ဘဲ ပေးလိုက်သည်ပါပဲ။ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပိုပိုမိုမိုလေး ပေးလိုက်သေးတာမို့ ပိုက်ဆံအိတ် အသစ်လေး တစ်အိတ်ကို ဈေးပေါပေါ အမျိုးအစားထဲက ဦးမျိုး ဝယ်လာသည်။

ဒါပေမဲ့ ခက်သည်က ပိုက်ဆံအိတ် အသစ်ကို မြင်တာနှင့် ဖိုးတာက သိမည်။ ဘာသိချေမည်လဲဆိုတော့ ထိုပိုက်ဆံအိတ်နှင့် ပိုက်ဆံသည် ဖိုးတာ ကျပျောက်ခဲ့သည့် ပိုက်ဆံအိတ်နှင့် ပိုက်ဆံ မဟုတ်ဆိုသည့် အချက်။

အစွဲအလမ်းကြီးနေသည့် သားကို ဘယ်လိုနည်းနှင့် ကုစားပေးရမှန်း ဦးမျိုး မသိနိုင်ဘဲ ဖြစ်နေရသည်။

မတတ်နိုင်။ ပျောက်သွားသည့် ပိုက်ဆံအိတ်ဟောင်းလေးကိုတော့ဖြင့် အဘယ်နည်းနှင့်မှ ယူပေးနိုင်တော့သည်မှ မဟုတ်ချေပဲလေ။

လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်လေးကို ဦးမျိုး ထုတ်သည်။

"သား ... ဖိုးတာ၊ ဒီမှာကြည့် ... သားအတွက် အဖေ ယူလာတဲ့ ပိုက်ဆံအိတ်၊ အထဲမှာ ပိုက်ဆံတွေ ရှိတယ်၊ အားလုံးက သားပျောက်သွားတဲ့ ပိုက်ဆံနဲ့ အတူတူပဲ၊ ဖွင့်ကြည့်"

ဟုပြောတော့ ဖိုးတာ လက်လှမ်းသည်။ ပိုက်ဆံအိတ် အသစ်လေးကို အတန်ကြာ ကြည့်သည်။





တကယ်လည်း ပိုက်ဆံတွေကို ထုတ်ကြည့် ရေတွက်ကြည့်သည်။ နောက်တော့ မျက်နှာလေး မဲ့၍ ...

"အဲဒါ သား ပိုက်ဆံမှ မဟုတ်တာ"

ဟု မျက်ရည်တွေကျရင်း ပြောတော့ ဦးမျိုး ဟင်းခနဲ စိတ်မောမောဖြင့် သက်ပြင်းချမိလိုက်ရပါပြီတည်း။

ပိုက်ဆံကို ယူဖို့ ဖိုးတာ စိတ်ပါဟန်မတူ။

နောက်ပြီး အရိုက်ခံလိုက်ရတာကိုလည်း မေ့နိုင်ပုံ မရ။

မျက်နှာလိုအားရလေးဖြင့် အဖေ့အတွက် ချိုးရေ ခပ်ပေးရ၊ ထမင်းဘူး ဆေးပေးရ၊ ရေလဲပုဆိုး လျှော်ပေးရ၊ အဖေ ပြန်ချိန် မျှော်ရ၊ ပြေးကြိုရနှင့် လုပ်ခဲ့သမျှတွေမှာ အဖေကို ချစ်တာကြောင့်။ ပြီးတော့ မျက်နှာ ရချင်တာကြောင့် ကလေးလေး ထိုပဲ ပျာယာခတ်နေတတ်သည် မဟုတ်ပါလား။

ခုလို ဇက်ပိုးကို အဖေလုပ်သူ၏ ရိုက်တာ ခံလိုက်ရတော့ ဝမ်းနည်းပန်းနည်း ဖြစ်သွားပုံရ၏။

အဖေက မချစ်တော့ဘူး ... ဟု ထင်သွားပုံလည်းရသည်။ ပိုက်ဆံကလည်း ပျောက်။ အဖေကလည်း ရိုက်ဆိုတော့ အားယူသည်အထိ ဖြစ်သွားသည့် အဖြစ်။

"သား ... ဘာမှမစားဘူးဆို၊ ဆန်ပြုတ်စားလေ၊ မစားဘဲ နေလို့ ဘယ်ဖြစ်မလဲ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက်မှာ ဖိုးတာ ခေါင်းယမ်းရင်းမှ ...

"သား ခေါင်းကိုက်တယ် အဖေ၊ အဲဒါ အဖေရိုက်လို့"

ဟု ပြောပြီး လက်ညှိုးကို ပါးစပ်ထဲထည့်၍ တရှုံ့ရှုံ့ ငိုရှာသည်။ ဦးမျိုးမှာ သားကိုကြည့်ရင်း မချိစွာ မျက်ရည်ဖြိုင်ခနဲ ကျရပါပြီတည်း။

"ဟင့်အင်း ... မစားချင်ဘူး၊ ခေါင်းကိုက်တယ်"

ဖိုးတာ မျက်နှာလေး ချောင်ကျလျက် ခေါင်းချည်း ခါနေသည်။ ခါတိုင်းလို မုန့်လည်း မမက်။ အကစားလည်း မမက်။

သည်လိုကျပြန်တော့လည်း ...

"အဖေ မုန့်ဟင်းခါး စားချင်တယ် ..."

"အဖေ မုန့်ဖိုး"

ဆိုသည့် ပူဆာခဲ့သည့် အသံလေးတွေကို ပြန်၍ တမ်းတမိရသည်က ဦးမျိုး။

ညကြီးသန်းခေါင် ပဲကြီးလှော် ထ,စားလိုက်။ ရေခပ်သောက်လိုက်နှင့် လုပ်ခဲ့ဖူးတာကိုလည်း သတိတရဖြစ်ကာ ထိုသို့ ပြန်၍ ကျန်းမာစေချင်သည်။

လမ်းထဲသွား၊ ခွေလှိမ့်လိုက်၊ ဂေါ်လီပစ်လိုက်နှင့် ရှိရာက အခန့်မသင့်လျှင် ကစားဖော် ကလေးတွေကို တီးခဲ့ အုပ်ခဲ့တတ်သည့် ဖိုးတာ။ ပြီးတော့ သူက အလျင်ဦးအောင် သွား





သွား တိုင်ခဲ့သည်ချည်း။ ယခုတော့ လမ်းထဲမှာ ဖိုးတာ၏ တိုင်တောသံ၊ ရန်ဖြစ်သံ၊ ကစားရင်း ပြောနေသံ အားလုံး တိတ်ချက်သား ကောင်းသွားခဲ့ပြီ။

"စားပါ သားရယ်၊ ဆန်ပြုတ်လေးတော့ စားပါကွာ၊ ဘဲသားဆန်ပြုတ်ဆိုတော့ ချိုတယ်ကွ၊ စားကြည့်"

ဖိုးတာ နှုတ်ခမ်းကြီးစူလျက် မှုန်မှောင်တောနှင့် ငြိမ်နေသည်။ ဆန်ပြုတ် ပန်းကန်ကို စောင်းငဲ့၍ မကြည့်။

"စားပါဆို ... မစားဘဲ နေရင် အားပြတ်မှာပေါ့ကွ"

ဦးမျိုးထပ်ပြောတော့ ဖိုးတာ မျက်ရည်တွေ ကျလာသည်။ ကလေးလိုပဲ လက်ဖမိုးနှင့် မျက်ရည်တွေ သုတ်နေရင်းမှ

"အီး ... ဟီး ... ဟီး ... ပိုက်ဆံတွေ မရှိတော့ဘူး၊ ပိုက်ဆံအိတ်လည်း ပျောက်ပြီ၊ ပိုက်ဆံလည်း ပျောက်ပြီ၊ သား ပိုက်ဆံတွေ မရှိတော့ဘူး"

ဟု အော်ငိုသည်။ ခက်သည်က ဦးမျိုး ပေးသည့် ပိုက်ဆံကို ကျတော့လည်း မယူ။ ပိုက်ဆံအိတ်ကိုလည်း သူ့ပိုက်ဆံအိတ် မဟုတ်ဟု ဆိုကာ မယူ။ ဘယ်လိုမှ ယူ၍မရနိုင်တော့သည့် ပိုက်ဆံအိတ်နှင့် ပိုက်ဆံကိုပဲ စွဲလမ်းလျက်ရှိကာ ဖျားယူသည်အထိ ဖြစ်နေသည်။

ပြီးတော့ ဦးမျိုး ရိုက်မိသည့် ဇက်ပိုးနေရာကိုလည်း တပြတည်း ပြလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ရိုက်လို့ မူးတာ၊ ခု သားဖျားပြီ"

ဟုချည်း ပြောပြောနေတော့ ဦးမျိုးရင်ထဲ ပို၍ ထိခိုက်ရသည်။

ဖိုးတာ အော်ငိုနေရင်းမှ အငိုတိတ်ကျသွားကာ အိမ်ရှေ့ ကပြင်နေရာလေးကို ကြည့်နေတာ မြင်သည်မို့ ဦးမျိုး လှည့်ကြည့်တော့ ချာတိတ်လေးတွေ။

နီးတိုး၊ နီတွတ်နှင့် ဖိုးတာ၏ ကစားဖော် ချာတိတ် အုပ်စု။ ဘောလုံးလေးကို ခပ်ငယ်ငယ် ကောင်လေးက ပိုက်ထား၏။ အားလုံးရပ်လျက် ဖိုးတာ ငေးကြည့်နေကြသည်။

ချာတိတ်လေးတွေ၏ မျက်ဝန်းလေးတွေမှာ စိတ်မကောင်းရိပ်သည် ထင်းနေအောင် ပြည့်သိပ်နေကြ၏။ အလွန်ခြေသံကြမ်းကြမ်းနှင့် ပြေးလွှားဆော့တတ်သော ကလေးတို့ သဘာဝနှင့် ဆန့်ကျင်စွာပင် ကလေးတစ်အုပ်သည် ခြေသံမကြားအောင် အိမ်ထဲဝင်လာကြ၏။ ဆူဆူညံညံလည်း မပြောကြ။ မျက်ဝန်းလေးများက ဖိုးတာ၏ ပိန်ချုံးကျသွားသော ကိုယ်ခန္ဓာနှင့် မျက်လုံးလေးကိုပဲ ကြည့်နေကြသည်။

ခါတိုင်း ရန်ဖြစ်ကြ။ သူဦးသူဆော်၊ ကိုယ်ဦးကိုယ်ဆော်နှင့် လက်သွက်ကြသည့် ဤကလေးအုပ်စုနှင့် ဖိုးတာ။ ယခုကျတော့ ဖိုးတာနှင့် ခွဲမနေတတ်စွာဖြင့် ဤကလေးအုပ်သည်





အိမ်ပေါ်သို့ ငြိမ်ငြိမ်သက်သက်လေး ဝင်လာကြ။ ဖိုးတာကို လူမမာ လာကြည့်ကြသည့် အဖြစ်။

ဖိုးတာ၏ အိပ်ရာလေး ဘေးမှာ ဝင်ထိုင်ကြပြီးမှ ကလေးတွေအားလုံး ယူလာသမျှ ပစ္စည်းလေးတွေကို ဖိုးတာ အိပ်နေသည့် ဖျာဘေးမှာ တစ်ယောက်ပြီး တစ်ယောက် ချပေးကြသည်။

သားရေကွင်းတွေ၊ ဂေါ်လီတွေ၊ ချိုချဉ် လေးငါးခြောက်လုံး၊ ထန်းလျက်ခဲထုပ်လေး၊ ပဲကြီးလှော်ထုပ်၊ မုန့်ကြွပ်ထုပ်၊ ကြံသကာထုပ်။ တတ်နိုင်သလောက် ဝယ်လာကြသည့် အထုပ်လေးတွေက ပလတ်စတစ်အိတ် အလတ်စားလေးတွေနှင့် အစုလိုက် အပုံလိုက်လေးတွေ ဖြစ်နေသည်။ ငါးမုန့်ခြောက်ကြော်လေးက အစ ပါလာ၏။ ငါးမုန့်ခြောက်ကြော်ကို ဖိုးတာ အလွန်ကြိုက်တတ်သည်လေ။

"ဖိုးတာ နေကောင်းအောင် စားနော်၊ နီတွတ်တို့အားလုံး ဖိုးတာကို မျှော်နေကြတာ၊ ဘောလုံး ကန်ကြရအောင်လေ"

နီတွတ်ပြောတော့ ဖိုးတာ ဘာမှမပြော။ ငြိမ်၍ အားလုံးကို ကြည့်၏။ နောက် မုန့်ပဲ သားရေစာတွေကို ကြည့်၏။ ကျစ်ဆံမြီးလို အရှည်ကြီး စုချည်ကျစ်ဆက်ထားသည့် သာရေကွင်းကြီးကိုလည်း ကြည့်၏။ နောက်တော့ မျက်ရည်တွေ ဝဲလာပြီးက်...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ပိုက်ဆံတွေ ပျောက်ကုန်ပြီကွ နီတွတ်ရ၊ ဒေါ်ကြီးခက် မုန့်ဟင်းခါးဆိုင်မှာ ငါ ပန်းကန်ဆေးပေးရင်း ရထားတာ၊ သမဝါယမဆိုင်မှာ လာဝယ်တဲ့ လူတွေကို ဆန်အိတ်တွေ ဘာတွေ လိုက်ယူပေး၊ ထမ်းပို့ပေးလို့ ရထားတာ အဲဒါတွေ ကျပျောက်သွားတယ်ကွ၊ အီဟီးဟီး၊ အမျှားကြီးကွ၊ ပိုက်ဆံ တွေ အထပ်လိုက်"

ပြောပြီး ဝမ်းနည်းနမြောစိတ်ဖြင့် ဖိုးတာ ကလေး လေးလို ငိုတော့ ချာတိတ်လေးတွေ လိုက်ငိုကြသည်။ ဖိုးတာ တကယ့်ကို ဖျားပြီး မထနိုင်တော့တာကို ကလေးတွေ မကြည့်ရက် နိုင်ကြ။ စိတ်ထဲလည်း မကောင်းနိုင်ကြရှာ။





"ဟင့်အင်း ... အဖေ ကုန်းပိုးပြီးပို့"

ဆေးခန်း သွားဖို့အရေး ကလေး ကုန်းပိုးသလို ထမ်းပိုးပို့ဖို့ ပူဆာနေတော့ ဦးမျိုး အခက်ကြုံရပြီ။ ဦးမျိုး၏ ကိုယ်က ပိန်ခွဲ့ခွဲ့။ ဖိုးတာကို ထမ်းပိုးဖို့ဆိုတာ မလွယ်သည့်ကိစ္စ။

ဆေးထိုးရမှာကြောက်၍ ဂျီကျနေတာလည်း ဖြစ်နိုင် သည်။

"အဖေမှ သားကို ကုန်းမပိုးနိုင်တာကွာ၊ ဆိုက်ကားနဲ့ ပို့ပေးမယ်နော်"

"ဆိုက်ကားနဲ့ ပို့မှာလား၊ အင်း ... အင်း ဆိုက်ကား စီးချင်တယ်၊ သားက လမ်းမလျှောက်နိုင်ဘူး အဖေရ၊ ဆိုက်ကားနဲ့ဆိုရင် သွားမယ်"

ဆိုက်ကားစီးရမှာ ပျော်သွားပုံရသည်။ စောင်ပါးလေး ကို လုပ်၍ ပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိထူး အဝတ်လဲမလို့ ယူပေး"

ထုံးစံအတိုင်း မိထူးကို ခပ်တင်းတင်းပြောတော့ မိထူးခမျာ အစ်ကိုအပေါ် စိတ်မကွက်ရှာ။ ကမန်းကတန်းလေး အဝတ်အစားကောင်းလေး ရွေးယူလာပေးသည်။ ဖိုးတာ ကြိုက်သော မြင်းစီးရုပ် စွပ်ကျယ်လေး။ ပြီးတော့ အလှူမှာ ဝတ်ခဲ့သည့် ပုဆိုးသစ်လေး။ အပေါ်မှာ ထပ်ဝတ်ဖို့ကျတော့ ဖလန်ထည် အကျႌထူ။

ဖိုးတာ အဝတ်အစားလဲ၏။ တကယ်လည်း ဖိုးတာ ခမျာ အားနည်းနေရှာတာ အမှန်။ ကိုယ်လက်တွေ သိပ်ပြီး သယ်နိုင်ဟန် မတူ။

ဦးမျိုးဆိုက်ကား သွားခေါ်ရသည်။ ဆိုက်ကားသမား အားကိုးနှင့်ပဲ ဖိုးတာကို ဆိုက်ကားဆရာ တစ်ဖက်၊ ဦးမျိုး တစ်ဖက်တွဲ၍ ဆိုက်ကားပေါ် အရောက်ပို့ရသည်။

ခြေထောက်တွေ ဆွဲလျက် တကယ့်ကိုပဲ ဖိုးတာ သိပ်လမ်းမလျှောက်နိုင်ရှာ။ ခြေထောက်လေးတွေလည်း နည်းနည်း အမ်းချင်သည်။

ဆေးခန်းသို့ ဆိုက်ကားလေးနှင့် ထွက်တော့ ဖိုးတာ ခမျာ လက်လေးတပြပြနှင့် လမ်းပေါ်မှ ချာတိတ်တစ်အုပ်ကို နှုတ်ဆက်သွားသေး၏။





ဆေးခန်းသို့လည်း ဆိုက်ကားဆရာနှင့် ဦးမျိုးပဲ တွဲ၍ ဆရာဝန်စားပွဲသို့အရောက် ဖိုးတာကို တွဲခေါ်လာခဲ့ရသည်။

ဆရာဝန်ကိုလည်း ဖိုးတာ ပြောပြတတ်သား။

"သား ခေါင်းကိုက်တယ်၊ ဒီနားမှာ အဖေ ရိုက်ထားတာ"

ဟု ဆရာဝန်ကို တိုင်လိုက်သေး၏။

အရွယ်ကြီး ထွားကျိုင်းလျက် အသက်ကြီးနေပေမယ့် သား ... သားနှင့် ပြောနေသမျှ ဆရာဝန်လေးကလည်း သဘော ပေါက် နားလည်စွာ ပြုံး၍ နားထောင်ရှာပါ၏။ ဖိုးတာကို စမ်းသပ်ကာ ဆေးထိုးသည်။ စားဆေးပေးသည်။ ဖိုးတာ ဖျားသည့် ကိစ္စကို ဆရာဝန်အား ဦးမျိုး ရှင်းပြရ၏။ ပိုက်ဆံနှင့် ပိုက်ဆံအိတ် ကိစ္စကိုလည်း ပြောပြသည်။

ပိုက်ဆံအကြောင်းပြောတာ ဖိုးတာ ကြားရပြန်တော့ မျက်လုံးဝိုင်းကြီးနှင့် နားထောင်နေရာမှ နှမြောစွာပဲ ကလေး တစ်ယောက်လို ဖိုးတာ တရှုံ့ရှုံ့ ငိုနေသည်။

ဆရာဝန် ကိုယ်တိုင်လည်း အဖြစ်စုံ သိရတော့ စိတ်ကောင်းဟန်မတူ။ ဖိုးတာ၏ မျက်နှာကို ခပ်ငေးငေး ကြည့်ရင်း သက်ပြင်းရှိုက်လိုက်တာကို ဦးမျိုး မြင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရင် ပိုက်ဆံအိတ် ဟောင်းလေးကလည်း ကျွန်မပဲ ဖိုးတာကို ပေးခဲ့တာ၊ နောက်ထပ် အိတ်တစ်လုံး ကျွန်မ ဝယ်ခဲ့တယ်၊ ပုံစံတူပါပဲ၊ အဲဒါ တလောက ရေကပြင်မှာ ကျသွားလို့ ရွံ့တွေထဲ နစ်ဝင်သွားခဲ့တယ် ဦးမျိုး၊ ကျွန်မ လည်း မသုံးချင်တော့တာနဲ့ ပိုက်ဆံတွေပဲ အိတ်ထဲက ထုတ်ယူထားလိုက်ပြီး ဒီအတိုင်း ပစ်ထားလိုက်တာ၊ အဲဒီ ပိုက်ဆံအိတ်ကတော့ မကောင်းတော့ဘူး၊ ဈေးကလည်း သိပ်မပေးရတော့ ကျွန်မလည်း အသစ်ပဲ ထပ်ဝယ်ခဲ့တယ်"

ဒေါ်နွဲ့ ခပ်တိုးတိုး ပြောပြနေသမျှ ဦးမျိုး ငြိမ်၍ နားထောင်နေ၏။ ဒေါ်နွဲ့ထံမှ ပိုက်ဆံအိတ် ရပြီးချိန်ကစ၍ ဖိုးတာ ပိုက်ဆံကို ထိုပိုက်ဆံအိတ်ထဲ စုခဲ့ခြင်းပါ။ အဖေ့လက်ထဲ အပ်မစုတော့ ...။

ဆေးခန်းသွား ဆေးထိုး၊ ဆေးတိုက်နှင့် ရှိပေမယ့် ဖိုးတာ၏ ပိုက်ဆံအိတ်နှင့် ပိုက်ဆံရောဂါက မသက်သာ။ ခွေခွေ ငြိမ်ငြိမ်နှင့် ရှိမြဲရှိ၏။ ထူထူထောင်ထောင် ပြန်မဖြစ်လာ။





"အဲဒါ ဖိုးတာ အဖြစ်ကို မြင်မြင်ပြီး ကျွန်မ စိတ်ထဲ မကောင်းဖြစ်လည်းဖြစ် ဘယ်လို လုပ်ရမှန်းလည်း မသိ ဖြစ်နေတုန်း မနေ့ညကမှ အဲဒီ ရွံ့တွေပေပြီး ခြံထဲမှာ ဒီအတိုင်း ပစ်ထားတဲ့ ပိုက်ဆံအိတ်လေး အမှတ်ရမိတာ၊ မိုးရေထဲဒီအတိုင်း ဆက်ပစ်ထားတာဆိုတော့ အတော်ကြီး ကို ပျက်နေပြီ၊ ဖိုးတာ ပျောက်သွားတဲ့ ပိုက်ဆံအိတ်နဲ့လည်း ပုံစံတူပဲ၊ သူ့ပိုက်ဆံအိတ်က ဒီလောက်ကြီးတောင် ပျက်စီး သေးတာ မဟုတ်ဘူး ဦးမျိုးရဲ့၊ ဒါပေမဲ့ သူ့ဥစ္စာကလည်း အိမ်သာထဲ ကျသွားတာ မဟုတ်လား၊ ပြန်ဆယ်ယူလို့ ရတာဆိုပြီး အဲဒီ ပိုက်ဆံအိတ်ပြရင် ဖိုးတာ ယုံမှာပါ၊ ကျင်းထဲ ကျနေလို့ ဒီလောက် ပျက်စီးသွားတာလို့ ပြော ရမှာပေါ့"

ဘာပဲပြောပြော ထိုသို့ အတွေးရလိုက်သည့် ဒေါ်နွဲ့ ကိုပဲ ဦးမျိုး ကျေးဇူးတင်မိရပါ၏။ တကယ်ကလည်း ဒေါ်နွဲ့ခမျာ ဖိုးတာ ခုလို စိတ်ဓာတ်ဖျားနေတာကို မြင်နေရင်း စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ရတာ ကြာလာခဲ့ပြီပဲ။ ဖိုးတာ ခမျာ ပိန်ချုံးပြီး ကျနေချေ သည့် အဖြစ်။ ချော့မော့ ကျွေးလွှန်းမှ အနည်းအကျဉ်းလောက်ပဲ စားသည့် ဖိုးတာ ကြာလျှင် လုံးပါး ပါးချေတော့မည်။

"အဲဒါ ပိုက်ဆံအိတ်လေးထဲ ရှင့်ပိုက်ဆံတွေ ထည့်ပြီး ဖိုးတာကို ပြန်ပေးလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အခေါက်ကြီး စုတ်နေသည့် ပိုက်ဆံအိတ်လေး ပေးရင်း ပြောတော့ ဦးမျိုး လှမ်းယူသည်။ ဦးမျိုး၏ လက်တွေ တုန်နေ၏။ တစ်ခါတစ်ခါတော့လည်း အသစ်ဆိုသော ပစ္စည်း တစ်ခုထက် အဟောင်းအစုတ်ဆိုသည့် ပစ္စည်းတစ်ခုသည် ပို၍ လူတွေအတွက် အရေးတကြီး လိုအပ်တန်ဖိုးရှိနေတတ်သည့် အဖြစ်ဟာတကား။

အိမ်သို့ ပြန်ရောက်တော့ ဖိုးတာ၏ ကစားဖော် ချာတိတ်လေးတွေ၏ မိဘတချို့ ဖိုးတာကို လူမမာ လာကြည့်နေကြတာ မြင်ရပါ၏။

"ဟော ... ဦးမျိုး ပြန်လာပြီလား၊ နီတွတ်ပြောမှ သိရတာ ဦးမျိုးရေ၊ လာကြည့်ချင်တာဖြင့် နှစ်ရက်လောက်တောင် ရှိပြီ၊ အလုပ်ကိစ္စတွေ ဝင်ဝင်လာနေတာနဲ့ ခုမှ ရောက်ရတော့တာ၊ ကလေးအတွက် ကိတ်မုန့်နဲ့ ဖျော်ရည်ပုလင်း ဝယ်လာတယ်၊ ဘာမှ မစားဘူးဆို ချော့မော့ကျွေးရမှာပေါ့ဗျာ"

ဟု နီတွတ်၏ အဖေက ခရီးဦးကြိုပြု နှုတ်ဆက်သလို ဆီးပြောတော့ ဦးမျိုး သက်ပြင်းရှိုက်၍ ဝင်ထိုင်သည်။ မျက်တွင်းများ ကျလျက် မျက်ကွင်းညိုကြီးနှင့် ဖြစ်နေသည့် သားကိုလည်း ဦးမျိုး ခပ်တွေတွေ ကြည့်သည်။





"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီကလေးခမျာ လူ့ဘဝ လာရတာ ဝဋ်ကြွေးဆပ်ဖို့ လာလိုက်သလိုကြီး ဝဋ်ကြီးရှာတယ်ဗျာ"

ဟု မျက်ရည်ဝဲရင်း ပြောတော့ ဦးတင်မှ စိတ်ကောင်းစွာပဲ ...

"ဒါပေမဲ့ ဖိုးတာကို ပတ်ဝန်းကျင်က မေတ္တာထားကြ၊ ချစ်ကြ၊ သံယောဇဉ်တော့ ကြီးကြပါတယ် ဦးမျိုး"

ဟု ပြောရှာသည်။ ဦးတင်နှင့်အတူ လမ်းထဲမှ ဦးဘစိ၊ ဦးကြိုင်တို့လည်း ပါလာကြသည်။

ဦးတင်လိုပဲ မုန့်ထုပ်လေးတွေ၊ ဖျော်ရည်ပုလင်းတွေ ပါလာကြသည်။

အဖျားအနာကင်းလျက် ကလေးအုပ်နှင့် ဆော့လိုက်၊ ရန်ဖြစ်လိုက်၊ မိဘတွေကို အိမ်တိုင်ရာရောက် သွားတိုင်လိုက်နှင့် အလွန် စကားများ အတိုင်အတောထူသည့် ဖိုးတာကို လူကြီးပိုင်းက အချစ်ပို၊ ကရုဏာ ပိုကြသည်ကိုက ဖိုးတာ၏ အကျိုးပေးကောင်းခြင်း တစ်မျိုးလည်း ဖြစ်ချေသည်ပါပဲ။

တကယ်ဆို ထိုလူမမာ လာမေးသည့် သူတို့၏ သားတွေကို စိတ်မထင်လျှင် ဖိုးတာ တီးခဲ့ အုပ်ခဲ့တတ်သည် မဟုတ်ပါလား။

ဒါပေမဲ့ မိဘတွေက၊ သူတို့ကလေးကို ရိုက်ခဲ့ရပါမို့လားဟု အပြစ်မမြင်။

www.burmeseclassic.com



"မင်းတို့က ဖိုးတာကို မခံချင်အောင် တစ်ခုခုလုပ်လို့ လက်ပါသွားရတာ"

ဟုပင် ကိုယ့်သားကိုယ် ပြန်ဆူပစ်ခဲ့သည်ချည်း။

ယခုလည်း ဖိုးတာကို လူမဲ့မာ လာမေးကြသည်လေ။ ဖိုးတာကို ချော့ချော့မော့မော့နှင့် စားဖို့သောက်ဖို့လည်း ပြောသွားကြ။ စိတ်ပျော်အောင်ဟုဆိုကာ ပိုက်ဆံပေးကြသည်။

ဒါပေမဲ့ ဖိုးတာ ထိုပိုက်ဆံတွေကို မယူ။ ခေါင်းချည်းပဲ ခါနေတာမို့ လက်လျှော့လိုက်ရသည့် အဖြစ်။ ဖိုးတာ ရင်ထဲမှာက ကျသွားသည့် ပိုက်ဆံတွေပဲ စွဲနေသည့် အဖြစ်။





ဆူဆူညံညံ အသံဗလံတွေကြောင့် အိပ်ရာထဲ ခွေနေရာမှ ဖိုးတာ ခေါင်းထောင် ထ,ကြည့်သည်။ အသံတွေက အိမ်သာဘက်ဆီမှ။

"တော်ပါသေးရဲ့ ပြန်တွေ့ပေလို့၊ ကဲ ... ကဲ ... မိထူး အဲဒီ ပိုက်ဆံအိတ်လေး ဆေးလိုက်စမ်း၊ အေး ... အထဲက ပိုက်ဆံတွေ မပျက်စီးလို့ တော်သေးတာပေါ့"

ဟု ဆိုသံကြားတော့ အဖေ့ အသံမှန်း ဖိုးတာ သိသည်။ အားတွေ ကုန်နေသည့်ကြားမှ ခြေထောက်ကို အားယူ၍ ဖြည်းဖြည်း အိပ်ရာထက်မှ ရွှေ့သည်။ လက်ထောက်၍ ကုန်းကုန်း ထ,သည်။ ရေစည်နားမှာ ရေကျသံ ပေါ်လာ၏။

အိပ်ရာမှ ဖိုးတာ ဖြည်းဖြည်း ထ,လာခိုက် ဦးမျိုးခိုင်ပေါ် တက်လာ၏။ လက်ထဲမှ ရေတွေ စိုနေသည့် ပိုက်ဆံအိတ်လေး တစ်အိတ်။ ရေနှင့် ဆေးလာသည့် ပိုက်ဆံအိတ်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



လေး။ ဖိုးတာ၏ ရင် ဒိတ်ခနဲ ခုန်၏။ အဖေ့ လက်ထဲမှ ပိုက်ဆံအိတ်လေးကို မျက်တောင်မခတ် ကြည့်နေသည်။

အနီးရောက်လာတော့ ဦးမျိုး ကမ်းပေးသည့် ပိုက်ဆံအိတ်လေးကို ကမန်းကတန်း လှမ်းယူကြည့်၏။ ဦးမျိုးကို မော့ကြည့်တော့ မျက်ရည်ဝဲနေသည့် မျက်ဝန်းများနှင့် ကြည့်နေသော ဦးမျိုး။ အဖေ့ နှုတ်ခမ်းတွေ ပြုံးနေပါလားဟု ဖိုးတာ တွေးသည်။

ဖိုးတာ၏ မျက်ဝန်းတွေက ပိုက်ဆံအိတ်လေးကို မမှိတ်မသုန် ကြည့်နေပြန်၏။ နောက် အဖေ့ လက်ထဲမှာ ရှိနေသည့် ပိုက်ဆံအိတ်လေးတွေကို ကြည့်လာသည်။

နောက်တော့ မျက်ရည်တွေ ဖြိုင်ခနဲ ကျလာရင်းမှ

"သား ပိုက်ဆံအိတ်နဲ့ ပိုက်ဆံတွေ ပြန်တွေ့ပြီ ... ပြန်တွေ့ပြီ ... အီးဟီးဟီး ... ပြန်တွေ့ပြီ"

ဟု ငိုလည်းငို။ အော်လည်းအော်။ နောက် မက်မောဝမ်းသာစွာ ပိုက်ဆံတွေကို ယူကြည့်။ ကြမ်းပြင်ပေါ် ဖြန့်ချ။ ပိုက်ဆံအိတ်လေးကိုလည်း ကြမ်းပေါ်မှာ ချ။ နောက် ပြန်ကောက်ကြည့်နှင့် အပျော်ကြီး ပျော်နေရှာ၏။ ဝမ်းသာဝမ်းနည်း ငိုလည်း ငိုရှာသည်။

"ပြန်တွေ့ပြီဟေ့ ... ပြန်တွေ့ပြီ၊ ပြန်တွေ့ပြီကွ ... ပြန်တွေ့ပြီ"

နှင့် ကလေးစိတ်နှင့် တောက်လျှောက်အော်၏။





ဖိုးတာ၏ မျက်နှာလေး လန်းကြည်တက်လာသည်။ မျက်ရည်တွေလည်း ကျနေဆဲ။

"မိထူး ... ငါ့ပိုက်ဆံ ပြန်ရပြီကွ၊ အဖေ ပြန်ရှာပေးတာ၊ ဒီမှာတွေ့လား ပြန်ရပြီ"

ဟု ညီမကို လှမ်းပြော၏။ နောက်တော့ စိတ်တွေထဲ ဖောကပ်အား ရှိလာရင်းမှ လူကလည်း အိမ်ရှေ့ ကပြင်အရောက် ဘယ်သူ့အကူအညီမှ မပါဘဲ ပိုက်ဆံအိတ်နှင့် ပိုက်ဆံတွေကို ဆုပ်ကိုင်လျက် ရောက်သွား၏။

"မိထူး ဖျာတစ်ချပ် ယူခဲ့"

အသံများ အောင်လိုက်ပါသည့်အမျိုး။ မိထူး ကမန်းကတန်းလေး ဖျာကို ယူသွားကာ ခင်းပေးရ၏။ ပြုံးပြုံး ပြုံးပြုံးနှင့် ဖိုးတာ ဖျာပေါ်မှာ ထိုင်သည်။ ပိုက်ဆံတွေကို နေလှမ်းသည်။ ပိုက်ဆံအိတ်လေးကိုလည်း လှမ်းသည်။

"အစ်ကို ဖိုးတာ ဆန်ပြုတ်စားမလား"

မိထူး မေးတော့ ပြုံးကျနေသည့် မျက်နှာနှင့် လှည့်ကြည့်ပြီး ...

"အင်း ... အင်း ... စားမယ်၊ အဖေ သားပိုက်ဆံတွေ လေတိုက်ရင် လွင့်သွားမှာ စိုးတယ်၊ သား စောင့်ကြည့်မှာ နော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ဦးမျိုးမှာ သားဘေးမှာ ဝင်ထိုင်ရင်း ကြည်နူးစွာ ...

"အေးပေါ့ကွ၊ စောင့်ရမှာပေါ့၊ ပိုက်ဆံနည်းနည်းလေးမှ မဟုတ်တာ၊ စောင့်ကြည့်ရမှာပေါ့"

ဟု ပြောရသည်။

ထိုနေ့က ဖိုးတာ ဆန်ပြုတ်စားသည်။ ဖျော်ရည်လည်း သောက်သည်။ နွားနို့ကိုလည်း ခုံခုံမင်မင် သောက်သည်။ ဘာဆို ဘာမျှ မငြင်း။ စားဆိုလျှင် စားလိုက်သည်ချည်း။

ညနေ ဆေးခန်းသွားတော့လည်း ကားတာ ဖိနပ်လေးကို စီး၍ ဆိုက်ကားအထိ ကိုယ်တိုင် လျှောက်သည်။

ဆိုက်ကားပေါ် တပြုံးပြုံးနှင့် လိုက်ပါလာရင်း ထုံးစံအတိုင်း ခပ်ကြွားကြွားဖြင့် လက်တပြပြနှင့် ချာတိတ်တွေ တွေ့သမျှကို သူ ဆိုက်ကားစီးရတာ သိအောင် နှုတ်ဆက်ရင်း

"ဟော့ ... ဟော့ ... ငါ့ပိုက်ဆံတွေ ပြန်တွေ့ပြီကွ သိလား ပြန်တွေ့ပြီ"

ဟု သတင်းကောင်း ပေးပေးသွားချေသတည်း။

ဦးမျိုးမှာ သား၏ မျက်နှာကို ခေါင်းလှည့်ငုံ့ကြည့် ရင်း ဝမ်းသာလွန်း၍ မျက်ရည်များ ကျလာရပါပြီ။ ရင်သွေးဟူ ကြီးငယ်မဟူ အသိဉာဏ် ပြည့်ချင်ပြည့်၊ မပြည့်သည့်ပဲ ရှိစေဦး မိဘအတွက်တော့ ရှေကြည်ချမ်းမြသာတကား။





သားကို ကျန်းမာလာအောင် စဉ်းစားကြံဆပေးရှာသည့် ဒေါ်နွဲ့ကိုလည်း ဦးမျိုး ကျေးဇူးအတင်ကြီး တင်ရပါ၏။

ဒါမှမဟုတ်လျှင် စိတ်ရောဂါဖြင့်ပင် သား ဖိုးတာ လုံးပါးပါးရချေတော့မည် မဟုတ်ပါလား။

စိတ်မမှန်ရှာသည့် သား ဖိုးတာကို ဦးမျိုး ဘယ်လိုမှ အဆုံးရှုံး မခံနိုင်စွာ ချစ်နေရပါ၏။ ဤသည်က မိဘမေတ္တာကြောင့် သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... ဟော့ကောင်တွေ၊ ငါ့ဦးထုပ်က
အသစ်ကွ၊ အဖေ ဝယ်ပေးထားတာ၊ မင်းတို့ လက်အပေ
ကြီးတွေနဲ့ ပွတ်ပွတ်ပြီး မကြည့်နဲ့လေ၊ ငါ ဖျားလို့ ပြ
နေကောင်းတော့ ငါ့ကို အဖေက ခေါင်းတုံး တုံးပေးထားတာ
အဲဒါကြောင့် ဦးထုပ်အသစ် ဝယ်ပေးထားတာကွ၊ ဟာ
နီတွတ် ဒီလိုပဲ ငါ့ခေါင်းပေါ်မှာပဲ ကြည့်လေ၊ ယူမကြည့်နဲ့
ပေကုန်မှာပေါ့ကွ"

ခေါင်းပေါ်က ဦးထုပ်ကို ချာတိတ်တွေ လက်နှင့်
မထိနိုင်အောင် ခေါင်းကို စောင်းလိုက်၊ ခြေဖျားထောက်၍
ကလေးတွေ လက်နှင့်မမီအောင် ကြိုးစားလိုက်နှင့် ဖိုးတာ ဦးထုပ်
ခေါက်ပ်၊ ဥစ္စာခြောက်နေသံကို လမ်းထဲမှ ကလေးတစ်အုပ်ကြားထဲ
ကြားကြားနေရသည်။

ကလေးတွေကလည်း ဖိုးတာကို တမင် စချင်သည်
စိတ်နှင့် ဝိုင်းဝိုင်း၍ ဦးထုပ်လေးကို ချွတ်ယူနိုင်ဖို့ ကြိုးစားကြ
ဦးထုပ်လေးကို လက်ဖြင့် လှမ်းပွတ်လိုက်ကြနှင့် ရှိနေသည်ပါပဲ





နောက်ဆုံးတော့ ဖိုးတာ၏ လက်က သူ့ ဦးထုပ်လေးကို ချွတ်လိုက်ကာ လက်ကို ဆန့်တန်း၍ အပေါ်သို့ မြှောက်ထားလိုက်ကာ ...

"တော်ပြီ ... တော်ပြီ ... အိမ်ပြန်တော့မယ်၊ ငါ့ဦးထုပ်ကို
နင်တို့ ဝိုင်းလုပ်လို့ ပေကုန်လိမ့်မယ်"

ဟု ပြောလည်းပြော၊ တာရာစီးဖိနပ်လေးနှင့် ခြေကုန်ပြေးလည်း ပြေးတာမို့ ကလေးတစ်အုပ်က နောက်မှ တဟေးဟေး အော်ရင်း လိုက်လာကြပါ၏။

"ဟော့ ... ငါ့နောက် မလိုက်ခဲ့နဲ့ကွ၊ မလိုက်ခဲ့ကြနဲ့၊ ငါ
ခဲနဲ့ လှမ်းပေါက်မှာနော် ... ဘာမှတ်လဲ"

နှင့် ဖိုးတာ၏ လှည့်လှည့်၍ ရန်ထောင်နေသံကိုလည်း လမ်းထဲမှာ ကြားနေရပြီ။

သြော် ... ဖိုးတာ၏ အသံတွေကဖြင့် လမ်းထဲမှာ ပြန်၍ ဝေစည်လာခဲ့ပြန်ချေပြီတကား။

အိမ်ကပြင်တွင် ရပ်၍ ဦးမိုး မြင်ကွင်းကို ကြည်နူးစွာ ငေးကြည့်နေမိပါ၏။

မနက်ကပဲ နီတွတ်၏ ဖခင် ဦးတင်မှ ...

"ဖိုးတာ နေပြန်ကောင်းပြီး အလျှင်တုန်းကလို လမ်းထဲမှာ
သူ့အသံ ... သူ့ပုံစံလေးကို ပြန်မြင်ရ ကြားရမှပဲ
ကျွန်တော်တို့ လမ်းလေးမှာ တစ်ခုခု ဟာနေခဲ့တာ ပြည့်ပြီး
ပြည့်စုံသွားသလိုပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခဲ့တာကို ဦးမျိုး ပြန်၍ အမှတ်ရမိပါ၏။

အိမ်အနီးရောက်လာတော့ ဖိုးတာ ထိုင်ချ၍ ခဲသေး သေးလေးတွေဖြင့် ချာတိတ်အုပ်ဘက်သို့ လှမ်း၍ပစ်ခိုက် ချာတိတ် လေးတွေမှ ရပ်လိုက်ကာ ...

"ဟော့ ... ဖိုးတာ ... ဖိုးတာ ... ဖိုးတာ ကတုံးပြောင် တောင်ပေါ်တက် ဖိုးတာ ကတုံးပြောင် တောင်ပေါ်တက် ဒီးကွက် ... ဒီးကွက်"

နှင့် ဝိုင်းစသွားကြခိုက် ...

"ဟော့ကောင်တွေ ... ဟော့ကောင်တွေ ငါ့ကို ဒီးကွက်လို့ မခေါ်နဲ့ကွ ... မခေါ်ကြနဲ့၊ ဒီမှာ အဖေ့ သားကို ဒီးကွက် တဲ့ ..."

ဟု လှမ်းတိုင်သံကို ကြားရ၏။

ဦးမျိုး ပြုံးနေမိပါ၏။

ရင်ထဲတွင် ကြည်နူးချမ်းမြေ့နေရဆဲ ...။ ငြိမ်းအေး နေရမြဲ။

လှမ်းကြည့်လိုက်တော့ ဦးမျိုး မြင်လိုက်ရသည်က အိမ်နီးချင်း ဒေါ်နွဲ့။

ဒေါ်နွဲ့သည်လည်း လမ်းမပေါ်မှာ ထောင်ထောင် ထောင်ထောင်နှင့် ထုံးစံအတိုင်း ဗွာကျယ်ကျယ် လုပ်နေသည့် ဖိုးတာကို ပြုံးပြုံးကြီး ကြည့်နေပါချေ၏။





တကယ်တော့ ဖိုးတာသည် ဤလမ်းလေးမှာ မရှိ မဖြစ် လိုအပ်နေသည့် ဆိုးနွဲ့တာတတ်ပါသည့် ဖိုးတာအဖြစ်။ ဤလမ်းထဲမှ လူအများ၏ ရင်ထဲမှာ စွဲထင်စွာ ရှိနေပါချေသည် တကား။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... အဖေ ပြန်လာပြီဟေ့ ... အဖေ ပြန်လာပြီ"

အိမ်ရှေ့ ကပြင်မှာ ခြေတွဲလောင်းချ၍ ဒူးလေးတနန့်နန့်နှင့် အဖေ မျှော်နေသည့် ဖိုးတာမှာ ဦးမျိုးကို လှမ်းမြင်ရတာနှင့် ကလေးလိုပဲ အော်၍ ဝမ်းသာအားရ ပြေးကြိုဖို့ ဟန်ပြင်သည်။ ခြေတနန့်နန့်နှင့် စောစောက ကပြင်မှာ ခြေတွဲလောင်းချ ပုံစံဖြင့် ရှိနေခဲ့တာမို့ ခြေထောက်မှ ကျွတ်ကျသွားခဲ့သည့် တာယာဖိနပ်ကို ကမန်းကတန်း မြေပြင်မှာ ခြေချ၍ ကောက်စွပ်သည်။

ဖိနပ်က အပြီးတိုင် မစီးဖြစ်သေး။ လူက အပြေးတစ်ဝက်ဖြင့် အဖေကို ကြိုနှင့်နေပြီ။ ဖိနပ်တစ်ဖက်က ခြေချောင်းကြားမှာ သဲကြိုးညှပ်ပါလျက် ပုံစံဖြင့် တရွတ်ဆွဲ၍ ပါလာသည်။ ဖိုးတာအတွက် အရေးကြီးသည်က အဖေ့ကို ခြံစည်းရိုး အဝင်တံခါး မတိုင်ခင်မှာ ပြေးကြိုနှင့်ပြီးတာဖြစ်ဖို့ မဟုတ်ပါလား။





အဖေ့ လွယ်အိတ်ကို ပြေးယူ၍ စလွယ်သိုင်းလွယ်သည်။ လက်သုတ်ပဝါနှင့် ပတ်ထားသည့် ထမင်းချိုင့်ပြားကိုလည်း လက်ကမချအောင် ကိုင်ထားပြီးပြီ။

ဤချိုင့်ကို ညီမ မိထူး ဆေးခွင့် မရှိ။ သူပဲ ဆေးမည်။ မျက်နှာလို အားရလေး ညနေတိုင်း ဖိုးတာ ဆေးနေကျ။

အဖေနှင့် ပတ်သက်သမျှတွေကို ဖိုးတာ လုပ်ပေးချင်သည်။ မိထူး လုပ်ပေးမှာကိုလည်း စိုးသည်။ မိထူး လုပ်ပေးလျှင် မိထူးကို အဖေလုပ်သူ ချစ်သွားမှာ အစိုးရိမ်ကြီးသည်။ သူ လုပ်ပေးလျှင် အဖေက သူ့ကိုပိုချစ်မည်ဟုလည်း ကလေးလိုပဲ တွေးသည်။ တကယ်က ဖိုးတာမျှာ လူသားကြီးလာလျက် စိတ်ကပုံမှန် ဆက်၍ မဖွံ့ဖြိုးလာနိုင်ရှာဘဲ ကလေးတစ်ယောက်နှယ်ပင် အသိက ကျန်ခဲ့ရရှာသည် မဟုတ်ပါလား။

အဖေ့ဘေးမှာ ခြေထောက်တစ်ဖက်ကို ခုန်ပေါက်ခုန်ပေါက် လုပ်လျက် မြောက်ကြွ မြောက်ကြွဖြင့် ဖိုးတာ ကပ်ပါလာသည်။

"အဖေ ..."

"ဟော ..."

လူက အိမ်ပေါ်မရောက်သေး။ ခြံထဲမှာပဲ သတင်းစုံတောင်ကြားရတော့မည်ဆိုတာ ဦးမျိုး နားလည်နေနှင့်ပြီ။ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တာ အိမ်မကပ်ဘဲ ဆော့လိုက်၊ ခွေလှိမ့်လိုက်နှင့် ကလေးတစ်အုပ်နှင့် ရှိခဲ့သမျှ ကြားခဲ့သမျှတွေကို ဖိုးတာ အစီရင်ခံတော့မည်လေ။

"သား သူငယ်ချင်း မိစုရဲ့ အဖေ သေပြီတဲ့ဗျ"

"ဟင် … ဆုံးပြီလား၊ တစ်နေ့ကတောင်မှ အကောင်းကြီးရှိနေတဲ့ ဥစ္စာ"

လွှတ်ခနဲ ဦးမျိုး စိတ်မကောင်းစွာ ပြောမိသည်။ ဖိုးတာကို လူကြီး လူရာ သွင်းသလိုမျိုးဖြင့်ပင် စိတ်မကောင်းစွာ ပြောမိတော့ ဖိုးတာ ဘာမျှမပြော။ ဘယ်ဆဲသဆိုင်က အလကား တုံးမေးလိုက်မှန်း မသိရသည့် ခေါင်းတုံးလေးကို လက်ဖြင့် ပွတ်နေသည်။

ကပြင်ပေါ် ခြေအတက်မှာ ဘေးမှာ ပါလာသည့် ဖိုးတာကို ဦးမျိုး တစ်ချက်ကြည့်သည်။ အသုဘအိမ်သို့ ဖိုးတာ ဘယ်နှကြိမ် ရောက်ပြီးပြီ မသိ။

မိစုဆိုတာက ဖိုးတာ၏ ကစားဖော် ဖြစ်ခဲ့ဖူးသည့် ကောင်မလေး။

ဒါပေမဲ့ ဖိုးတာထက်တော့ ငယ်သည်။ ဖိုးတာဆိုတာက အရွယ်သာကြီးကြီးလာ၊ ကစားတာက မပြောင်း။ ယခင်ကစားခဲ့သော ကလေးတွေသာ အရွယ်ပြောင်း၊ အသိပြောင်းကြ၊ အနေအထိုင် အပြောအဆိုလေးတွေ အသက်နှင့်အလိုက် ပြောင်းသွားကြပေမယ့် ဖိုးတာကတော့ ကလေးအသိနှင့် ကျန်ခဲ့၏။ နောက်ထပ် ကလေးတွေနှင့် ပြောင်း၍ ဆော့လိုက်၊ ရန်ဖြစ်လိုက်၊ ငြင်းလိုက်နှင့် အပြောင်းအလဲ ကင်းစင်စွာဖြင့် ရှိနေဆဲ။





ဒါပေမဲ့ သူ့ ကစားဖော်တွေကို ဘယ်တော့မှတော့ မေ့သွားတာမျိုး မရှိ။ ယခုလည်း ကြည့်။ ယခင်တုန်းက ကစားဖော် မိစု၏ အဖေ ဆုံးပါးတာကို ပြောပြနေပြီ။ ထုံးစံအတိုင်း လူတွေ အလုပ်ရှုပ်ကြ၊ အဝင်အထွက်များကြသည့် နေရာမျိုးဆိုလျှင် သာမှု၊ နာမှု ဘယ်နေရာမဆို ဖိုးတာ အကြိမ်များစွာ ရောက်ပြီးခဲ့လေပြီ။

"အဖေ …"

အဖေဆိုသည့် အခေါ်ထက် အဖေ့ဆိုသည့် ခေါ်သံမျိုးဆိုလျှင် တစ်ခုခု တောင်းတော့မည်ဆိုတာကို ဦးမျိုး စိတ်မောစွာ နားလည်ထားနှင့် ပြီးပါပြီ။ လွယ်အိတ်ကို တိုင်မှာ ရိုက်ထားသည့်, သံမှိုနေရာမှာ အသားကျသွားချိတ်ပြီး အဖေ့ဘေးမှာ လာကပ်ထိုင်ရင်းမှ ဖိုးတာ အဖေကို ကြည့်သည်။

အရွယ်က အသက်နှစ်ဆယ် ကျော်ပြီးခဲ့ပြီ။ ဒါပေမဲ့ ကလေးလိုနေသည့် ဖိုးတာ၏ မျက်ဝန်းလေးတွေက တကယ့်ကလေးတစ်ယောက်နှယ် ကြည်စင်လျက် အပြစ်ကင်းစင်နေတတ်သည်ပါပဲ။

"သားကို ပိုက်ဆံ ငါးကျပ်လောက် ပေးပါ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ငါးကျပ်ဆိုတာကို ဖိုးတာ ခုတလော ပြောပြောတတ်နေပြီ။ ယခင်တုန်းကလို နှစ်ကျပ် သုံးကျပ်လောက် မတောင်းတော့။

"ဘာလုပ်မလို့လဲကွ"

ဟု ပြောလိုက်ရပေမယ့် လက်ကတော့ ငါးကျပ် ထုတ်ပေးမိသည်။ ဤနေ့ စနေနေ့။ စာပေတိုက်မှာ တစ်ပတ်စာ လုပ်ခ ရှင်းပေးထားတာမို့ အိတ်ကပ်ထဲမှာ ငွေကြေး အထိုက်အလျောက် ရှိသည်လေ။ ပေးလိုက်သည့် ပိုက်ဆံ ငါးကျပ်ကို ယူ၍ အင်္ကျီအိတ်ထဲ ထည့်ကာ တပြုံးပြုံးနှင့် ဖိုးတာ ထမင်းဘူးကိုင်ကာ ရေစည်သို့ ဆင်းသည်။

ချိုင့်ကို စိတ်ပါလက်ပါ ဆေးသည်။ ဒူးဆစ်ပေါ်အောင် ပုဆိုးက တိုနေလျက် ဆောင့်ကြောင့်ထိုင်ကာ ချိုင့်ဆေးနေသည့် ဖိုးတာကို ဦးမျိုး ငေးကြည့်နေရင်းမှ ဤကလေး၏ ရှေ့ရေးကို နေ့စဉ်မပျက် တွေးမိမြဲအတိုင်း ရင်လေးစွာ တွေးမိရဆဲပါ။

"ဒီကလေး ငါမရှိတော့ရင် ..."

ဆိုသည့် အတွေးသည် ဘယ်သောအခါမှ မပြောင်းလဲနိုင်စွာ နေ့စဉ် ဦးမျိုး၏ ရင်ကို ကြေကွဲမွန်းကျပ်စွာ ရင်မှာ နေရာယူတတ်စမြဲ။

"အဖေ ထမင်းခူးပြီးပြီ၊ အစ်ကိုဖိုးတာ ထမင်းစားကြမယ်"





ဟု မိထူးလှမ်းပြောခိုက် ဦးမျိုး ထိုင်ရာမှ ထ,သည်။ ဖိုးတာကတော့ ဘာမှ ဂရုမစိုက်သလို အုန်းဆံဖတ်မှာ ဖွဲပြာတွေ နိုင်းချင်း ကျုံးကောက်လျက် တရုတ်ဆပ်ပြာမှုန့်ဖြင့် ရောကာ ချိုင့်ပြားကို အားစိုက်ခွန်စိုက် ပွတ်တိုက်ဆေးကြောနေဆဲ။

ရေတွေကိုပြည့် ဒန်ဖလားဖြင့် ရေစည်ထဲမှခပ်၍ တဖွမ်းဖွမ်း လောင်းနေသည်။ သေးငယ်သော ချိုင့်ပြားတစ်ခုကို ဆေးနေတာနှင့် မတူ၊ ရေစည်တစ်ခုကို တိုက်ချွတ်ဆေးကျောနေရသလို ရေတွေ ဖုံးပေါလအောင တဖွမ်းဖွမ်း လောင်းနေတာမို့ ...

"ရေစည်တော့ တစ်ဝက် ပြောင်တော့မှာပဲ"

ဟု မိထူး ပြောတော့ ဖိုးတာ ခေါင်းထောင်၍ မျက်နှာ ရှုပုပ်လျက် ကြည့်သည်။ စောစောက ထမင်းစား အော်ခေါ်တာကို ကျတော့ မကြားဟန်ဖြင့် ချိုင့်ပဲ ဆေးနေပေမဲ့ ယခု တိုးတိုးပြောတာကိုကျတော့ ကြားသည်။

"ရေကုန်တော့ သားပဲ ခပ်ရတာ အဖေ၊ မိထူးက ခပ်တာ မဟုတ်ဘူး၊ လာနမြောနေတယ်၊ ဒီရေတွေ သားခပ်ဟာ အဖေ၊ အဖေ ရေချိုးဖို့နဲ့ ချိုင့်ဆေးဖို့ သားခပ်တာ"

ချိုင့်ဆေးနေရင်းဖြင့် ရေစည်က လေးချိုးတစ်ချိုး ပြောင်နေပြီ။

ဦးမျိုးက မိထူးကို ဟန့်လိုက်သလို တစ်ချက် ကြည့်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သားရယ်၊ သားပဲ အဖေအတွက် လုပ်လုပ် ပေးနေတာ အဖေ သိပါတယ်၊ ကဲ ... ကဲ ... ချိုင့်ကဖြင့် မှန်ကြည့်ရင် ရတော့မယ်၊ ပြောင်လက်နေတာပဲ"

ဟု ဆင်းပြောတော့ တကယ်လည်း ဖိတ်လက်နေသည့် ဒန်ချိုင့်ကို ထောင်၍ ကြည့်ရင်း ဖိုးတာ ကျေနပ်နေ၏။ သူလုပ်တာကို ချီးကျူးလျှင် အလွန် သဘောကျသော ဖိုးတာမှာ ချိုင့် ပြောင်လက်နေပြီဆိုမှ နောက်ထပ် ဖွဲပြာတွေကို လက်ထဲမှ အန်းဆံဖတ်နှင့် ထပ်၍ ကျုံးယူပြီး ရှိသမျှ အားတွေစိုက်၍ ဖိတိုက်နေပြန်တာမို့ ...

"တော်ပြီ သားရဲ့ ... တော်ပြီ၊ အဖေလည်း ဆာလှပြီ ထမင်းစားကြစို့"

ဟု ပြောယူရသည်။ ရေချိုးစဉ် နင်းဖို့ခင်းထားသည့် သစ်သားအခင်းနေရာမှာ ချိုင့်ကို ချထားကာ နေ့စဉ် ဖိတိုက်လွန်းတာမို့ ချိုင့်လည်း ပါးလောက်ပြီ။

ရေဖလားနှင့် ဦးမျိုးပဲ ချိုင့်ကို ရေလောင်းပေးသည်၊ ချိုင့်ကို သိမ်းရသည်။ ဖိုးတာကတော့ အဖေ ဆာပြီဆိုတာနှင့် လက်ကိုပါ တစ်လက်စတည်း ဆေးကာ အဖေနှင့် ယှဉ်၍လိုက် လာသည်။

"အဖေ ... နေ့လယ်က မိထူး သားကို ငါးပိထောင်း မကျွေးဘူး အဖေ"





ဟု မိထူး အဆူခံရအောင် တိုင်တောခြင်း အလုပ်ကို တောင်၏။

"အစ်ကို ဖိုးတာအတွက် ထားပေးတဲ့ ပန်းကန်ကိုကျတော့ မှောက်ပစ်ပြီးတော့ မိထူး ဥစ္စာကို လာလုတယ် အဖေ၊ တစ်ဝက်ပေးတာ မရဘူးတဲ့၊ အကုန်လုံးယူမယ်တဲ့"

ငါးပိထောင်းကို အရမ်းကြိုက်သည့် ဖိုးတာ ရန်ကို ကြောက်၍ သူ့ဝေစု ကိုယ့်ဝေစု၊ သူ့ခွက် ကိုယ့်ခွက်နှင့် ခွဲခွဲ၍ မိထူး ထားရသည်။ ဤနေ့မှာ ဖိုးတာ သူ့ငါးပိထောင်း ခွက်မှောက် ပစ်ပြီး မိထူးပန်းကန်ကို စားမာန်ခုတ်ရန် ကြိုးစားခဲ့ဟန် တူသည်။

"ငါ အမြဲတမ်း တစ်ခွက် ရနေကျ၊ တစ်ခွက်ပဲ စားမှာ ပေါ့"

ဟု ဖိုးတာ အဖေ့အားကိုးနှင့် မိထူးကို လှမ်းစွာ သည်။ မျက်နှာကြီး မှုန်တေ၍ မျက်လုံးကို ပြူးကြည့်သည်။ အဖေ ရှိလျှင် ဖိုးတာ အချိုးက ထိုအချိုး။ အဖေ့ အားကိုးနှင့် ညီမ မိထူးကို အနိုင်ကျင့်ချင်သည်။

"ကဲ ... ကဲ ... ထမင်းစားကြရအောင်၊ အဖေ ခေါက်ဆွဲ ကြော် ဝယ်လာသေးတယ်၊ လွယ်အိတ်ထဲမှာ"

ဟု ပြောတာနှင့် ဟေးခနဲ အော်ကာ ဖိုးတာ တိုင်ရှိ ကို ပြေးသည်။ လွယ်အိတ်ထဲ လက်နှိုက်သည်။ သတင်းစာ ... အထပ်ထပ် ရစ်ပတ်လျက် အပေါ်မှ ပလတ်စတစ်ကြိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သေသပ်စွာ ထုပ်ပိုးထားသည့် ကြွပ်ကြွပ်အိတ်ထဲ ထည့်ထား
ခေါက်ဆွဲကြော်ကို ယူသည်။

"စောစောက ပြောတာမဟုတ်ဘူး၊ အမေက အဟာ
အဟင်း ... ဘာနဲ့ ကြော်တာလဲ အမေ၊ ကြက်သားနဲ့

ဟု ကလေးလို မျက်နှာလေး ချိုကျနေ
ခေါက်ဆွဲကြော်ထုပ်ကို စားပွဲဝိုင်းပေါ် တင်သည်။ မိထွေး
သုတ် ပန်းကန်ပြားကို ယူနေတာ၊ ဇွန်းကို ပန်းကန်ထဲ ထ
တ ..ဘဲ ပြုံး၍ မျက်ဝန်းတွေ လက်တောက်ကြည်နေလျက်
သည်။

ခေါက်ဆွဲကြော် စားရမှာမို့ စောစောက ငါးပိ
ကိစ္စ တိုင်တောထားတာကို ဖိုးတာ မေ့သွားပြီ။ ထ
ခေါက်ဆွဲကြော် စားရတော့မှာ ကြို၍ ပျော်နေပြီ။

"မိထွေး ... ငါ့ပန်းကန်ထဲ ထမင်း ထပ်ထည့်၊ ပို
ပ ..၊ ပိုစားမယ်ကွ၊ ဟေး ... ဟေး ... ခေါက်ဆွဲ
ထမင်းစားရတော့မယ်ဟေ့၊ စားရတော့မယ်ကွ"

အစားကောင်း ကြိုက်ရှာသည့် သားကို
ကြည့်ရင်း ရင်ထဲမှာ သနားလည်း သနား၊ ပျော်နေတာကို
ကြည့်၍ ကြည်နူးလည်း ကြည်နူး၊ စားချင်သလောက် ဝယ်
နိုင်သည့် နွမ်းပါးသော ဘဝအတွက် ရင်ထဲမှာ ကြေကွဲ
ကြေကွဲဖြင့် ဦးမျိုး မျက်ရည်ဝဲလာရပါပြီတည်း။





တစ်ခါတစ်ခါကျတော့ ငွေကြေးဆိုသည့် အရာသည်
အပါဆုံးအဖြစ် လူ၏ စိတ်သို့ ကြေကွဲနာကျင်စွာ တိုးဝင်
းလာသည့်နှယ်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးနောက် ဆေးပေါ့လိပ်တိုကို လက်ကြားညှပ်၍ အိမ်ရှေ့ ကပြင်မှ အဆင်းမှာ နောက်က ဖိုးတာက ဖြင့် ကပ်ပါလာနေပြီ။

ထုံးစံအတိုင်း ဟန့်သလို လှည့်ကြည့်ရင်းမှ ဦးမျိုး မျက်မှောင်တစ်ချက် တွန့်ပြရသည်။

"သားလည်း လိုက်မလို့"

ဟု ဖိုးတာ ခေါင်းတုံးလေးပွတ်၍ မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ရင်း ပြောတော့ ဦးမျိုး ခေါင်းရမ်းသည်။

"နေခဲ့ ... ဟိုမှာ လူကြီးဝိုင်းထဲ မင်း ဝင်ရှုပ်မှာ"

ဟု ပြောတော့ ဖိုးတာ ပေစောင်း ပေစောင်းနှင့် စလှုပ်လာပြီ။ ခြေထောက်ကို တည့်တည့်မလျှောက်ဘဲ ဘေးစောင်းကြီး လိမ်ဖယ်ဖယ် လျှောက်ရင်းမှ လက်ဖဝါးနှစ်ဖက်ကို ပွတ်ရင်း လက်မောင်းနှစ်ဖက်ကိုပါ ပွေး၍ ယှက်လိမ်ထားရင်းမှ ...





"သား လိုက်ချင်ပါတယ် ဆိုမှ ... ဟိုမှာ လက်ဖက်သုပ် ကျွေးတယ် အဖေရ" ဟု အစားမက်စွာ ပြောတော့ ဦးမျိုး စိတ်လည်းညစ်၊ ရင်လည်း မော်ရသည်ပါပဲ။

ညစာ ထမင်းစားပြီးလျှင် ဦးကြည်၏ အသုဘအိမ်သို့ သွားဖို့ ဦးမျိုး စဉ်းစားထားပြီးတာကို ဖိုးတာက ကြိုတင်သိထားပြီ။ လိုက်ဖို့ချောင်းနေသည့် ဖိုးတာမှာ အဖေ လက်ဆေးပြီး ထတာနှင့် သူလည်း လိုက်၍ လက်ဆေးသည်။ အလွန်မက်သည့် ခေါက်ဆွဲကြော် ပန်းကန်လက်ကျန်ကို ရက်ရောစွာပဲ မိထူးအတွက် သံယောဇဉ်ပြတ်စွာ ချန်ထားခဲ့သည်။

အဖေလုပ်သူ အိမ်ပေါ်က ဆင်းတော့လည်း နောက်က အသံမပေးဘဲ လိုက်လာသည်။ သားအရိပ်ကို ကြိုသိထားသည့် အဖေကလည်း မလိုက်ဖို့ ဟန့်သည်ပါပဲ။ ဒါပေမဲ့ ဘယ်လိုမှ တား၍ ရတော့မှာ မဟုတ်တာကိုတော့ ဦးမျိုး သိလိုက်ရပြီ။ ဘေးစောင်း ကန့်လန့်တိုက်ကြီး လိုက်ရင်းမှ ဇက်ကြီးစောင်း၊ လက်နှစ်ဖက်ကို လိမ်၍ လက်ဖဝါးချင်း ပွတ်ပြီး မျက်ရည်ဝဲတက်လာနေပြီ ဖြစ်သည့် ဖိုးတာကို ထားခဲ့၍တော့ အသံခြစ်၍ ခေါ်ငြီး ကျန်ခဲ့မှာ သေချာသည်။ အသုဘအိမ်ကလည်း ဂိုပ်ဝေးတာ မဟုတ်။ လူကြားမကောင်း။ အားနာစရာ ဖြစ်မည်။ ဒါကြောင့်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်ရင် ငြိမ်ငြိမ်နေ၊ လူကြီးစကားဝိုင်းထဲ ဝင်မပါနဲ့၊ လက်ဖက်သုပ်တွေရှည်းပဲ နင်းကန် မစားနဲ့ ကြားလား"

ဟု ကြိုတင် မှာနံထားရသည်။ လိုက်ရတော့မည်မို့ ဖိုးတာ မျက်နှာ ချက်ချင်း ပြုံးကျသွားကာ လိမ်ချိတ်ထားသော လက်ကို ဖြေ၍ အဖေ၏ လက်ချောင်းကို ချိတ်၍ ဘေးက ခြေထောက်တစ်ဖက် မြှောက်တောက် မြှောက်တောက် ပုံဖြင့် တလေးလို လိုက်လာသည်၊

"စိတ်ချပါ အဖေ၊ သားရှေ့မှာ ရှိတဲ့ လက်ဖက်သုပ်ပွဲကိုပဲ စားမှာပါ၊ ဒါနဲ့ ရေနွေးကြမ်းလည်း သောက်မယ်နော် အဖေ"

ဟု အစားအတွက်သာမက အသောက်အတွက်ပါ ကြိုတင် ခွင့်ပြုချက်ယူပြီး ပျော်ရွှင်စွာ လိုက်လာသည့် သားကို စိတ်လက်မော်စွာပဲ ဦးမျိုး ကြည့်သည်။ ဘယ်နှယ် အသုဘအိမ်သို့ မြှောက်တောက် မြှောက်တောက်နှင့် လိုက်လာရသည်လို့။

"ဟဲ့ ... ဖိုးတာ ငြိမ်ငြိမ်သက်သက် လိုက်လာစမ်း"

ဟု ပြောတော့ တစ်ချက်ငြိမ်၏။ အဖေ့လက်ကိုတော့ မလွှတ်။ ပွဲခင်းသွားဖို့ အဖေ့လက်ကို ချိတ်၍ လိုက်လာသလို မျက်နှာကတော့ ပြုံးကျနေသည်။ တကယ် ပေါက်ချင်သည့် နေရာကို လိုက်ခွင့်ရ၍ ပျော်နေခြင်းဆိုတာ ဦးမျိုး နားလည်ပါသည်။ ဒါပေမဲ့ အဖေက နားလည်ခွင့်လွှတ်ပေးနိုင်ပေမယ့် ပတ်ဝန်းကျင်





ကက ရှိသေးသည်။ နာရေးကိစ္စ သွားသည့် အချိန်မှာ ပျော် ...မျိုးကို ဘေးပတ်ဝန်းကျင်က နားလည်ပေးနိုင်ပါမည်တဲ့ ... စိတ်ပျက်စရာ၊ စိတ်ကွက်စရာ ဖြစ်မှာကို စိုးရိမ်ရသည် ... ဒါကြောင့် ပေါ်တော့တော့ သားကို မှာနံရပြန့်ရသည့် ...ပ်။

"ဟိုရောက်ရင် လူကြီးဝိုင်းထဲ ဝင်မပါရဘူးနော် သား၊ စကား ဝင်မများရဘူး၊ တိတ်တိတ်နေ"

"အင်းပါ အဖေရ၊ စိတ်ချပါ၊ ဒါဆိုရင် အဖေ မှာမှာနေတာ နှစ်ခါတောင် ရှိပြီ၊ သား မမေ့ပါဘူး အဖေရ၊ ဟိုရောက်ရင် လက်ဖက်သုပ်ပဲ စားမှာ၊ တစ်ပန်းကန်တော့ စားမယ် အဖေရာနော်၊ ပြီးတော့ ... ရေနွေးကြမ်းလည်း သောက်မယ်"

ဟု စားချင်တာကို ဆက်ပြောသည်။

"အင်း ... ဒီကလေး ဘယ်နှခေါက်များ အဲဒီကို ရောက်ပြီး နာရေးလာမေးတဲ့ လူတွေအတွက် ချချထားတဲ့ လက်ဖက်ပွဲတွေ ဘယ်လောက်များ ထိုင်စားခဲ့မယ် မသိ"

ဟု စိတ်ပျက်ဖောစွာ မျက်နှာပွ အားနာစွာပဲ တွေးရသည်။

အသုဘအိမ်သို့ ရောက်တော့ မိစုကို ဖခင်၏ ...င်းဘေးမှာ မျက်ရည်စက်လက်နှင့် တွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်၏ ဖနီး ဒေါ်နုနုကတော့ အခန်းထောင့်မှာ တွေတွေငြိမ်ငြိမ်ကြီး ထိုင်လျက် ဝင်ထွက်လာသမျှ လူတွေကို မျက်စိဝေဝေဖြင့် ကြည့်နေသည်။

ပရိဒေဝမီး လောင်မြိုက်နေရှာသည့် ဒေါ်နုနုအနီးမှာ အိမ်နီးချင်း ဒေါ်နွဲ့က ခပ်တိုးတိုး အားပေးစကား ပြောနေဟန် တူသည်။ ဖိုးတာကိုကြည့်တော့ တံခါးဝမှာ တွေတွေကြီးရပ်လျက် အငိုကြီး ငိုနေသည့် မိစုကို စိတ်မကောင်းသလို စိုက်ငေးကြည့်နေတာ မြင်ပြန်သည်။

ကစားဖော်ကစားဖက် ဖြစ်ခဲ့ဖူးပါသည့် မိစု ယခုလို အရမ်းကို ငိုယိုမျက်ရည် ကျနေတာမြင်တော့ ဖိုးတာ ရင်ထဲ ကောင်းဟန်မတူ။ စောစောက စိတ်ကူးလာသည့် လက်ဖက်ပွဲကို လည်း မေ့သွားပုံရသည်။

အဖေ့လက်ကို လွှတ်လိုက်ကာ မိစုထံသို့ ဖိုးတာ သွားသည်။

“မိစု ... နင် မငိုပါနဲ့ဟာ၊ နင် ငိုတော့ ငါ စိတ်မကောင်း ဘူး၊ မငိုနဲ့ ... တိတ်တော့ ... တိတ်တော့၊ ရော့ ... ပိုက်ဆံ ငါးကျပ် မုန့်ဝယ်စားနော်”

ဟု ပြောတော့ မိစုမှာ မျက်ရည်စက်လက်ကြားမှ ဖိုးတာကို မော့ကြည့်ရှာသည်။ အိမ်မှာ ဦးမျိုး မရှိခိုက် အလုပ်





သွားနေခိုက်မျိုးမှာ တစ်ခါတစ်ခါ ဖိုးတာနှင့် မိထူးတို့ မောင်နှမ အပေါက်အလမ်းမတည့်ကြဘဲ စကားများတတ်သည်။ မိထူးဆိုး တာ မဟုတ်။ ဖိုးတာ နိုင်စားတာ ခံရဖန် များလာတော့ မိထူး လည်း တစ်ခါတစ်ခါ ရန်တွေ့တတ်သည်။ ထိုအခါမျိုးကျလျှင် ဖိုးတာက “ အလျှင်ဦးအောင် ထိပ်ထု ခေါင်းထုလည်း လုပ်ခဲ့။ မိထူးက တစ်ချက်လောက် ဆွဲလိမ့်လိုက်လျှင် ...

“အီး ... ဟီး ... ဟီး ... အဖေရေ၊ ဒီမှာ မိထူး သားကို လုပ်ထည့်လိုက်ပြီ၊ နာတယ် ... အီး ... ဟီး ... ဟီး ... နာတယ်၊ အဖေ လာရင် တိုင်ပြောမယ်”

ဟု နီရဲနေသည့် လက်မောင်းမှ အဆိတ်ထားခံရ သော နေရာကို ကြည့်ကြည့်ပြီး လမ်းပေါ် ထွက်အော်ငိုတတ် သည်။ ငိုကြောရှည်ကြီးနှင့် တအီအီ ငိုလိုက်၊ အဖေကို တမ်းတ လိုက်၊ အဖေလာလျှင် တိုင်မယ်ဟု ကြိမ်းလိုက်နှင့် တစ်နာရီနှင့် လည်း အငိုမရပ်၊ နှစ်နာရီနှင့်လည်း အငိုမရပ်၊ ဖွဲနှင့် ငိုကြီးချက်မ လုပ်လျှင် နောက်ဆုံးတော့ ဒေါ်နွဲ့ခမျာ ထုံးစံအတိုင်း ဖိုးတာကို ချော့ချော့၊ ပိုက်ဆံပေး မုန့်ဝယ်စားခိုင်းတတ်သည်။

ထိုအခါမျိုးမှာ ငိုကြောရှည်ကြီး တိခနဲရပ်၊ မျက်ရည် ကို သုတ်၊ လမ်းထိပ်က အသုပ်ဆိုင်သို့ ရောက်ချင်ရောက်၊ အကြော် ဝယ်ချင်ဝယ်နှင့် ကိစ္စပြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မိစု ငိုနေတာကို အငိုတိတ်အောင် ဒေါ်နွဲ့နည်းဖြင့် ပိုက်ဆံငါးကျပ်ပေးပြီး မုန့်ဝယ်စားခိုင်း၊ အငိုတိတ်ခိုင်းနေတော့ ဦးမျိုးမှာ သားလုပ်သူကို ပြေးဆွဲရ။ အားနာစိတ်ဖြင့် မိစုနှင့် ဒေါ်နုနုတို့ကို တောင်းပန်ကြည့် ကြည့်ပြီးသကာလ အိမ်ပေါ်မှ ဆင်းခဲ့ရသည်။

"နောက်မှ လာခဲ့မယ် မနု"

ဟု ဦးမျိုး ပြောခဲ့တော့ ဖိုးတာအပေါ် နားလည်စွာဖြင့် ဒေါ်နု ခေါင်းညိတ်ပြရှာပါ၏။ ရင်တွင်း မီးမြိုက်နေသည့် ဒေါ်နုနှင့် မိစုတို့သားအမိကို ဦးမျိုး အားနာရသည်ပါပဲ။ ဒါပေမဲ့ ဖိုးတာကို သူဘယ့်နှယ်လုပ်၍ ဤသို့ အသိဉာဏ် မပြည့်ရှာသည့် ဘဝထဲမှ ဦးမျိုး ဖယ်ထုတ်နိုင်ပါမည်တဲ့လဲ။

ကျေအောင်ဆပ်၍ မကျေနိုင်လောက်သည့် အတိတ်ဘဝကံမှ ဝဋ်ကြွေးတစ်ရပ်ကို ဤသားသည် သက်ဆုံးတိုင် ခံစားသွားရရှာမည်ဆိုတာ သိနေရပါသည့် အဖေတစ်ယောက်၏ မျက်ရည်သည်လည်း ကြေကွဲနာကျင်စွာ ပေါက်ခနဲ ကျလာ၏။

ဤသို့သော မျက်ရည်ပေါက်များစွာ မျက်ရည်စက်များစွာသည် ဤသား လေးငါးနှစ်သား ဘဝမှသည် ယခုတိုင်ခဲ့ပြီ။





"ဒီမျက်ရည်တွေ ... ငါ့မျက်လုံးမှာ ... ငါ့ပါးပြင်မှာ ဘယ်တော့မှ မခြောက်သွေ့ မကုန်ခန်းနိုင်တော့ပါလား သားရယ်၊ အဖေ့သား ဘဝ အဖေ မကြည့်ရက်လိုက်တာ သားရယ်"

ဟု တွေးခိုက် နှလုံးအိမ်သည် စူးအောင့်နာကျင်၏။ ဤဝေဒနာသည်လည်း ကာလတာရှည်လွန်းခဲ့ပြီကော ...။



www.burmeseclassic.com

www.burmeseclassic.com



"အမေ … ဒီမှာ အစ်ကို ဖိုးတာကို ပြောပေးပါဦး၊ သမီးရဲ့ အင်္ကျီကို ယူဝတ်မလို့တဲ့"

အလုပ်ပိတ်ရက် နေ့လယ်နေ့ခင်း တရေးတအုပ်လေး ဖြင့် အေးအေးလူလူ နေဖို့ စိတ်ကူးသည် မကြာရှည်လိုက်ရ။ မိထူးထံမှ လှမ်းတိုင်သံက အတွင်းခန်းဆီမှ ထွက်လာပြီ။ ဤနေ့မှာ မိထူး စက်ချုပ်ဆိုင်သို့ မသွားဖြစ်။ စက်ဆိုင်လည်း ပိတ်သည်။

ခါတိုင်းနေ့လိုမျိုးဆိုလျှင် ဖိုးတာကို ဤအချိန်မျိုး အိမ်မှာ မတွေ့ရ။ ကလေးတစ်အုပ်နှင့် လမ်းထိပ်ရောက်နေလောက်ပြီ။ ခွေလိမ့်လိုက်၊ ဂေါ်လီပစ်လိုက်၊ သူက အလျင် ကလေးတွေကို တီးလိုက်နှင့် ကလေးတစ်အုပ်နှင့် တရုန်းရုန်း ရှိနေတတ်သည့် ဖိုးတာ။

နေ့လယ်စာ စားချိန်ကျမှ ဝမ်းခေါင်းထဲ ဆာလာလျှင် အိမ်ပြန်ရောက်တတ်သည်။ ဤနေ့ကျတော့ မနက်အစောကြီးကတည်းက အိမ်မြဲနေသည်။





အိမ်မြဲနေတော့လည်း မိထူးနှင့် ပြဿနာ တက်နေပြန်ပြီ။ ဘယ်ကစ၍ ဘာဖြစ်ကြသည်ကိုတော့ ဦးမျိုး မသိရသေး။

"တစ်နေ့ တလေလေး အလုပ်နားတုန်း တရေးတအုပ်နဲ့ နေရမယ် မရှိဘူး၊ ခု ဘာဖြစ်ကြပြန်ပြီလဲ ဒီမောင်နှမ"

ဟု ပြောလည်းပြော၊ အတွင်းခန်းထဲ ရောက်တော့ တွေ့ရပါပြီ။ ရယ်ဒီမိတ် ရှပ်အင်္ကျီ ပန်းပွင့်ကြီးတွေနှင့် ဆိုက်ကြီးကြီး ပွပွဖြင့် ရှိသည့် အင်္ကျီကို ဖြန့်လျက်သားကြီး ကိုယ်မှာ ကပ်ထားလျက် မျက်နှာက မှုန်တေတေစွာဖြင့် ရှိနေသည့် ဖိုးတာ။

မိထူး၏ အင်္ကျီပွပွ ဖားဖားကြီးကို ဘယ်အချိန်ကတည်းက ဖိုးတာ မျက်စိကျနေသည် မသိ။ ယခု မိထူးသေတ္တာကို ဝင်မွှေပြီး လက်ထဲ ယူထားလိုက်နိုင်ပြီ။

ကြည့်ရတာ ဤအင်္ကျီယူဖို့ အကြံနှင့် အိမ်မြဲနေတာဖြစ်မည်။ မိထူး အလစ်ကို ချောင်းနေသည့် ဖိုးတာ။ ယခုတော့ ဘယ်ပုံဘယ်နည်းဖြင့် အင်္ကျီသေတ္တာကို ဖွင့်ယူပြီးခဲ့ပြီ မသိ။ မိထူး သိအောင်တော့ သေတ္တာကို ဖွင့်နိုင်မှာ မဟုတ်။

"သမီး နေ့လယ်စာ ထမင်းပန်းကန်တွေ ဆေးနေတုန်း အစ်ကို ဖိုးတာ သမီး သေတ္တာထဲက ဒီအင်္ကျီကို ယူတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဖေကို အားကိုးလျက် ပိုက္က မျက်ရည်
လှမ်းတိုင်သည်။ စက်ချုပ်ခုံထဲမှ ခုဆောင်း၍ ဝယ်ထား
အင်္ကျီလေးဆိုတော့လည်း မိထူး နှမြောရှာမည့်ပေါ့။

ဖိုးတာဆိုတာက အဝတ်အစားကို ပေ့ပေ
ဝတ်ပစ်တတ်တာမျိုး။ စိတ်ထဲထင်သလို ဝတ်တတ်တာမျိုး။
နှင့် လူလိမ်ခံအောင်လည်း ဝယ်ချင်တတ်သည်။ ဖုတ်လှူ၊ သဲ
ပေချင်လည်း ပေနေအောင် ဆော့လိုက်၊ ခုန်လိုက်နှင့် အဝတ်
ပေချင်လည်း ပေကုန်တတ်သည်။

စိတ်က ပုံမှန် မဟုတ်တာမို့ ဘာကိုမျှ စိတ်ထဲ
မဟုတ်။ အဝတ်အစားလေးကလည်း ဒါကောင်းအား၊ နုံး
လေး ဆိုတော့ မိထူးခမျာ စိုးရိမ်ရှာမည်ပေါ့။ မဲကော်
သည့်ကပ်နှင့် တစ်ခုခုနှင့် ငြိလျှင် စုတ်ပြဲသွားတော့ ဘယ်
လုပ်ရပါ့။ မိထူးခမျာ အင်္ကျီကောက်လျက် ငိုမဲ့မဲ့ပင် ဖြစ်

ဦးမျိုး ဖိုးတာကိုကြည့်လိုက်တော့ အင်္ကျီကို
တမ်း ဆုပ်ကိုင်ထားလျက် ရန်လိုစွာ မှုန်ကုတ်နေသည့်
ထားဖြင့် မိထူးကို ကြည့်နေတာ မြင်ရ၏။

“ဟောကောင် ... ဖိုးတာ ပြန်ပေးလိုက်စမ်း၊ မိထူးအ
ဘာကိစ္စနဲ့ မင်းက ယူထားရတာလဲ၊ မင်းနော် ပစ္စည်း
မှန်း မသိ ဘာမှန်းမသိ အဲသလို ယူချင်တိုင်း
အဖေ မကြိုက်ဘူး ... ပြန်ပေးလိုက်”





ဦးမျိုး ပြောတော့ မိထူး မျက်နှာလေး နည်းနည်း
ပန်းလာသည်။ လက်ကို ကမ်းလျက်မှ ...

“ကဲ ... အစ်ကို ဖိုးတာ အဖေက ပြောတယ်၊ ပြန်ပေးလိုက်တဲ့
ကြားတယ် မဟုတ်လား၊ ပေး ... မိထူး အင်္ကျီ”

ဟု ပြောတော့ ဖိုးတာ ကျစ်နေအောင် အင်္ကျီကို
ဆုပ်ကိုင်ထားရင်းမှ ...

“နင့်ဉစ္စာ ခဏယူဝတ်မှာကို နှမြောနေတယ်၊ ငါ့မှာ
အင်္ကျီလှလှမှ မရှိတာ၊ မြင်းစီးအရုပ်ကလည်း ဟောင်းနေ
ပြီ”

ဟု မျက်နှာထားနှင့် ပြောသည်။ မြင်းစီးရုပ်ပါသည့်
ကျယ်အင်္ကျီလေးများလည်း ခဏခဏ ဖိုးတာ စိတ်ကူးပေါက်
ပြင်း ရေစည်မှာ ဆပ်ပြာမှုန့် နိုင်းချင်းနှင့် လျှော်ဖွပ်ဒဏ် ခံရဖန်
များလွန်းတော့ မွဲဖျော့နေတာ အမှန်။

ယခု အင်္ကျီမပေးဘဲ ဖိုးတာ မျက်နှာကြော တင်းနေ
တာလည်းက တော်ရုံဖြင့်တော့ ပြန်ပေးတော့မှာ မဟုတ်တာကို
မျိုး ရိပ်မိနေပြီ။

“နင်က ပိုက်ဆံရှိတော့ အဝတ်တွေ ဝယ်ဝတ်တယ်၊
အဖေက ငါ့ကို အဝတ်ဝယ်မပေးနိုင်သေးဘူး၊ ဒီအင်္ကျီ ငါ
ခဏယူဝတ်မှာပဲ၊ လှလည်း လှတယ် ... မပေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟု မိထွေးကို ပြောသည်။ ပြီးတော့ အဖေလုပ်သူ
မော့ကြည့်သည်။ မိထွေးကို မျက်နှာထားကြီးနှင့် ပြောပေမဲ့ အဖေ
ကျတော့ မျက်နှာငယ်လေးနှင့် မော့ကြည့်သည်။

"အဖေ ..."

ခေါ်သံကိုက အဖေဆိုသည့် ခေါ်သံ။ ချွဲတော့မည်
ပူဆာတော့မည်ဆိုတာ ဦးမျိုး သိထားနှင့်ပြီ။

"အဖေက သားကို ပိုက်ဆံ မရှိလို့ အဝတ် မဝယ်ပေးနိုင်
ဘူး ပြောထားတာ၊ သား မဝယ်ခိုင်းပါဘူး အဖေ၊ ဒီအင်္ကျီ
လေး ခဏ ယူဝတ်ချင်တယ် အဖေ၊ သိပ်လှတာ အဖေ
ဒီမှာကြည့် ပန်းပွင့်လေးတွေ၊ ပန်းပွင့်ကြီးတွေ၊ အနီရော
လည်း ပါတယ်၊ ခဏဝတ်မယ် အဖေရာ၊ ပြန်ပေးမှာ
အဖေရ၊ သား ပြန်လျှော်ပေးပါ့မယ်"

ဟု ပြောတော့ ဦးမျိုး ရင်ထဲ နင့်နေပြီ။ တကယ်
လည်း တစ်နေ့က အဝတ်သစ် ဝယ်ပေးဖို့ ပူဆာခဲ့တာလည်း
အမှန်။ ထိုနေ့က စိတ်ညစ်ညစ်နှင့် ဦးမျိုးမှ ပိုက်ဆံမှ မရှိတာ
ငေါက်ပစ်ခဲ့တာလည်း အမှန်။ ယခုလို ညီမအင်္ကျီကို လှည့်ပတ်
ချောင်းပြီး ဝတ်ဖို့ ကြံနေတာကို မြင်တော့လည်း လည်ချောင်း
ထဲမှာ ဆို့ကျပ်နေသည်။

"အဖေ ဆင်းရဲလွန်းသမျှ အဖေ့သားလေး အဝတ်အစား
ဆင်းရဲရှာတယ်ကွယ်၊ အဖေ ချမ်းသာချင်လိုက်တာ
သားရယ်"





ဟု မချိစွာ တွေးမိရင်းမှ မျက်ရည်သာ ဝဲတက်လာ
ရပါသည့် ဦးမျိုး။

"ပေးဝတ်လိုက် သမီး"

ဟု ပြောတော့ မိထွေး မျက်နှာလေး ညှိုးကျသွားတာ
သေကျိုးကျွဲ လုပ်နေရပေမယ့် ရင်ထဲ မကောင်းနိုင်ပြန်။

ဖိုးတာကတော့ အဖေလုပ်သူ၏ ခွင့်ပြုသံ ကြားလိုက်
တာနှင့် ...

"ဟေး ... ပေးဝတ်လိုက်တဲ့၊ ဝတ်ရတော့မယ်ကွ၊ ဝတ်ရ
တော့မယ်၊ အပေါ်ပေါ် ဒီအင်္ကျီလေး ဝတ်ချင်နေတာ
ကြာပြီကွ၊ ဝတ်မယ်၊ မနက်ဖြန်ကျရင် ဝတ်မယ်၊ မနက်ဖြန်
ကျရင် ဝတ်မယ်"

ဟုပြောပြီး အင်္ကျီကိုကိုင်၍ ခုန်ပေါက်ထွက်သွားသည်။

အိမ်နီးချင်း ဒေါ်နွဲ့ဆီသို့ ဖိုးတာ သွားလိုက်တုန်းက
တော့ ဦးမျိုးပင် သဘောမပေါက်။ ပြန်လာတော့ အင်္ကျီ
ပြန်ပါမလာ။

"ဟွန်း ... အင်္ကျီကို မိထွေး သိမ်းထားမှာ ကြောက်လို့
ဒေါ်နွဲ့ဆီမှာ သွားအပ်ထားတာ၊ ဒေါ်နွဲ့ကလည်း မိထွေး
တောင်းရင် ပေးမှာမဟုတ်ဘူး"

ဟု မိထွေး စိတ်ညစ်ညစ်နှင့် ညည်းနေခိုက်မှာ
ဖိုးတာကတော့ လိုချင်တာရပြီမို့ ခုန်ပေါက် ခုန်ပေါက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်ဘက် ထွက်သွားပြီ။ ကလေးတစ်အုပ်နှင့် သွားဆော့တော့မည်ပေါ့။

"အစ်ကို ဖိုးတာက အရှုံးပေမယ့် အရှုံးပါ၊ အကျီကိုကျတော့ မထားခဲ့ဘူး"

ဟု မိထွေး မျက်ရည်ဝဲလျက် ပြောတော့ ...

"ဟဲ့ မိထွေး ... ဒီလိုမပြောပါနဲ့ သမီးရယ်၊ သူ့ခများ ဝင့်ကြွေးမကုန်ရှာလို့ ဒီဘဝရောက်ရရှာတာ၊ အရှုံးလို့ မပြောပါနဲ့ကွယ်"

ဟု လှမ်းဟန့်ရပေမယ့် သမီး၏ အကျီကို မပေးချင်မှန်း သိပါလျက်နှင့် ဖိုးတာ လက်ထဲ အပ်လိုက်ရသည့်အတွက် ရင်ထဲမှာ မကောင်းနိုင်။ သမီးကိုလည်း သနားရသည်ပါပဲ။

"အဖေက ဆွင်းရဲတယ် သမီးရယ် ... ဖိုးတာ ဆေးဖိုး အိမ်သုံးစရိတ်နဲ့ အဖေ့ လုပ်ခလေးက မလောက်မငဆိုတာ သမီး သိပါတယ်ကွယ်၊ အဖေ့မှာ အဝတ်အစားကောင်းရယ်လို့ မရှိတာ သမီး သိပါတယ်၊ အဖေ့အကျီကောင်းရှိရင် အဖေ ဖိုးတာကို ပေးပါတယ် သမီးရယ်"

ဟု ပြောခိုက် အသံသည် တုန်ယင်၏။ သမီးလေး၏ မျက်နှာကို ကြည့်ရမှာ ရင်ထဲမချိ။ ရှက်လည်းရှက်သည်။ ဖခင်တစ်ယောက်၏ အရှက်တရား။ သမီးအတွက်လည်း အဝတ်အစား လှလှပပ ဝတ်ဆင်ပေးနိုင်စွမ်း မရှိခဲ့။ ဖိုးတာ၏ ဆေးဖိုးဝါးခပင်





တစ်လ တစ်လ နည်းတာမဟုတ်။ ကျန်းမာရေးပြီးလျှင် ဝမ်းစာရေးကို ဦးစားပေးရသည့် ဘဝ။

စက်ချုပ်ခ ရတာလေးထဲမှ ဝတ်ချင် စားချင်သည့် အပျိုရွယ်လေးပီပီ စုဆောင်းဝယ်ဝတ်ရှာသည့် အကျီလေးကို ဖိုးတာ မျက်စိကျတာကို သူ မဟန့်တားနိုင်စွာဘဲ ပေးဝတ်ဖို့ပင် ပြောခဲ့ရသည် မဟုတ်ပါလား။

"အဲဒီ အကျီကို ဖိုးတာကိုပဲ အပိုင်ပေးလိုက်ပါတော့မယ် အဖေ၊ သမီးမှာ အခြား အကျီလေးတွေ ရှိပါသေးတယ်၊ ဟုတ်ပါတယ်-အဖေရယ်၊ အစ်ကို ဖိုးတာမှာ အကျီကောင်းမှ မရှိတာ"

ဟု မိထွေး ပြောလာတော့ ဦးမျိုး သမီးကို ကြည့်သည်။

မိထွေးကလည်း အဖေကို ကြည့်သည်။ အရမ်းကို စိတ်ထိခိုက်သွားရှာပါသည့် အဖေ၏ ရင်ထဲမှ သောကနှင့်ခံစားမှုများစွာကို မိထွေး မြင်မိခဲ့သည်မို့ အဖေကို သနားစိတ်ဖြင့် အဖေ စိတ်ချမ်းသာမည့် စကားလေးတွေကို မိထွေး ရွေးပြောပေး ရှာခြင်းပါ။

ဒါကို ဦးမျိုး သိသည်။

ဘာကြောင့်ဆို ဖိုးတာရော မိထွေးသည်ရော သူ၏ ရင်မှဖြစ်သော ရင်သွေးများဖြစ်နေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းမှာ အိမ်သို့ မင်္ဂလာဆောင် ဖိတ်စာတစ်စောင် ရောက်လာမှ ဖိုးတာဘာကြောင့် အင်္ကျီဖောကပ်နေတာကို ဦးမျိုး သဘောပေါက်ရတော့သည်။ မင်္ဂလာဆောင်က တစ်လမ်းထဲ အိမ်မှ ဖြစ်နေသည်။

"တစ်လမ်းထဲ နေကြလို့ ဖိတ်စာပို့တာ ဒီမနက်မှပဲ ပို့ဖြစ်တော့တယ် ဦးမျိုးရေ၊ ဝေးတဲ့နေရာတွေ အရင်ပို့ဖို့ ဖောကပ်နေရတာနဲ့ အဟင်း ... ဟင်း"

"ဟုတ်ပါ့ ခင်ဗျာ ... ဟုတ်ပါ့ဗျာ"

ဟု ရယ်မောရ၍ တုံ့ပြန်ရယ်မောပြောခဲ့သေးသည်ပဲ။

နောက်တော့မှ သားတော်မောင် ပျောက်ချက်သားကောင်းနေတာကို ဦးမျိုး သတိထားလိုက်ရသည်။

မနက်အစောကြီးထ၍ ဖိုးတာ ရေတဗွမ်းဗွမ်းချိုးသည်။ မိထွေး၏ အင်္ကျီကို တကြွကြွ တကြွားကြွား ဝတ်၍





အိမ်ထဲမှာ လမ်းသလားသည်။ နောက်တော့ အိမ်ပေါ်မှ ပျောက်သွားသည်။ ဘယ်ရောက်နေသည် မသိ။

လမ်းထိပ်ရှိ ကလေးအုပ်မှာပဲ ရှိနေမည်ဟု စောစောပိုင်းက ထင်ထားမိခဲ့ပေမဲ့ ယခုကျတော့ ထိုသို့မထင်။

လူကြီးဖြစ်သည့် မိမိကသာ ဒေါ်ခက် တူမ၊ ဦးမြ-ဒေါ်သက်တို့၏ သမီးလေး မင်္ဂလာဆောင်မည့် ကိစ္စ ဖိတ်စာရသည့် ယခုမနက်မှ သိထားရပေမယ့် ကလေးတစ်အုပ်နှင့် မျောက်ရှုံးအောင် ဆော့သည့် သားတော်မောင်ကတော့ ကလေးပါးစပ်သတင်း၊ ပေါက်ပေါက်စစ အလျှဉ်ဦးအောင် သတင်းဦးတတ်သည့်သဘောအတိုင်း ဘယ်ကတည်းက ကြိုတင်၍ မင်္ဂလာဆောင်မည့်ကိစ္စ သိထားခဲ့ပြီ မသိ။

ဒါကြောင့်လည်း အင်္ကျီဖောကပ်လျက် မိထွေးအင်္ကျီကို မတ်ချောင်းနေတာ ဖြစ်မည်။

ရှီးမိုးနှင့် လမ်းသလားချင်တတ်သည့် ဖိုးတာအကြောင်း ဦးမျိုး အသိဆုံး။

ဘယ်မှာ အလှူရှိသလဲ။ ဖိုးတာ အလျှင်သိသည်။ နောက် အဝတ်ကောင်းကို အရေးတကြီး လိုချင်တတ်သည်။ အလှူမင်္ဂလာပွဲမှာ ဝတ်ဖို့ လိုသည်လေ။

ဘယ်သူ ဖိတ်ဖိတ် မဖိတ်ဖိတ် ဖိုးတာကတော့ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ဖိတ် မဖိတ်ဖိတ်ဆိုတာက ဦးမျိုးထံ ဖိတ်စ
ရောက်မရောက်ကို ဆိုခြင်းပါ။

ဖိုးတာကိုတော့ အဘယ်သူက လူသူအရာထား၍
ဖိတ်ပါ့မည်တဲ့လဲ။

အိမ်ကို ဖိတ်စာရောက်လျှင် ဖိုးတာ ဟန်ရေးပို
တတ်သည်။ ဖိတ်စာ မရောက်လျှင်လည်း ဖိုးတာကတော့ ရောက်
အောင် သွားတတ်သည်ပါပဲ။

ခေါ်ချင်မှန်း မသိ၊ မခေါ်ချင်မှန်း မသိ၊ ဇွတ်ဝင်
ခပ်တည်တည်နှင့် ဝင်စား၊ ဝင်က, ဝင်ပျော်နှင့် လုပ်တတ်တာ
ဦးမျိုးမှာ အားနာခဲ့ရပေါင်း များပြီ။

ယခုလည်း သားတော်မောင်ကိုပါရာ ဖိုးတာ မင်္ဂလာ
ဆောင် မဏ္ဍပ်ထဲ ရောက်နေပြီလား။

ဦးမျိုး သုတ်သုတ်သွားတော့ ထင်သည့်အတိုင်းပ
လမ်းဘေးအုတ်ခုံလေးထက်မှာ ခြေချိတ်ထိုင်လျက် တပြုံးပြုံးဖြ
သီချင်းနားထောင်နေသည့် ဖိုးတာ။

ဆောင်းဘောက်ကြီးနှင့် မင်္ဂလာမဏ္ဍပ်မှ သီချင်းသ
လွှင့်ပျံ့သံမျှကို ဒူးတနှန့်နှန့်နှင့် ခြေချိတ်ထိုင်လျက် နားထော
နေသည်။ လူကလည်း ရှိုးမိုးနှင့်။ မိထူး မီးပူတိုက်ထားသော
အဖေလုပ်သူ၏ ပုဆိုးကိုလည်း ယူဝတ်ထားသည်။ ကိုယ့်ပုခ
သားတော်မောင် ယူဝတ်ထားတာကို ဝတ်ထားတာမြင်မှပဲ ဦးမျိ
သိလိုက်ရသည့် အဖြစ်။





ခေါင်းတုံးပြောင်လေးနှင့် နှင်းဆီပွင့် ရှပ်အင်္ကျီပွပွ၊ မီးပူကျ ပုဆိုးနှင့်ဆိုတော့လည်း ဖိုးတာက လူချောလေး ဖြစ်နေသည်ပါပဲ။

ဒါပေမဲ့ ဖိုးတာကို ဘယ်သူမှ မင်္ဂလာမဏ္ဍပ်သို့ မခေါ်ကြ။

ဖိုးတာကတော့ မင်္ဂလာပွဲသို့ ဝင်သွားသည့် သူတွေကို ပြုံးပြရ၊ ပြန်လာကြသည့် သူတွေကို ပြုံးပြရနှင့် အလုပ်များနေသည်ပါပဲ။

ဝတ်ကောင်းစားလှနှင့် ဝင်ထွက်သွားလာနေသည့် လူတွေကိုလည်း ငေးကြည့်။

မိထူး အင်္ကျီ၊ အဖေ့ မီးပူကျပုဆိုးနှင့် စတိုင်ထွားနေသည့် ကိုယ့်ကိုယ်ကိုလည်း ပြန်ငုံ့ကြည့်နှင့် တစ်ယောက်တည်း ပီတိဖြစ်နေသည်။ အင်္ကျီနှင့် ပုဆိုးကို ပွတ်သပ်ကြည့်လိုက်၊ ပြုံးလိုက်နှင့် ဖြစ်နေရှာ၏။

အလှူတွေဘာတွေ လမ်းထဲမှာ ရှိသည့်အခါ မင်္ဂလာပွဲ လမ်းမှာ ရှိသည့်အခါတွေမှာ ဖိုးတာ အဝတ်အစားဖောကပ်တာကိုလည်း ဦးမျိုး အပြစ်မတင်ရက်။

ပေထိဆိုတာနှင့် ဖိုးတာက ရှေ့ဆုံးက ရောက်ချင်သည်။ မြောက်ကြွမြောက်ကြွနှင့် ပျော်ချင်သည်။ အဝတ်အစား နွမ်း ဖတ်ဖတ် ပေတေတေဆိုလျှင် လူတွေက နှာခေါင်းရှုံ့ကြမည်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ သန့်သန့်ရှင်းရှင်းဆိုတော့ ဘာပဲဖြစ်ဖြစ် ဖိုးတာအတွက် ကောင်းသည်လေ။

ဒါကို ဖိုးတာကလည်း သဘောပေါက်ထားပြီးပုံ ရသည်။

ဒါကြောင့် အဝတ်အစားကောင်းကို ဖောကပ်နေပြီ ဆိုလျှင် ဘာနင့်မှ တားဖြ်မရ။

ဖိတ်စာ တစ်ခုခုတွေ့လျှင် အိမ်ကလူတွေကို ဘယ် အိမ်ကလဲဟင်ဟု အဖြေမရမချင်း မေးသည်။

ယခုလည်း ဒေါ်ခက် မုန့်ဟင်းခါးဆိုင်မှာ ပန်းကန် ဆေးရင်း တောက်တိုမည်ရ လုပ်ပေးရင်းဖြင့် မုန့်ဟင်းခါး စားနေရ၊ မုန့်ဖိုးလေးလည်း ရရနေတတ်သည့် ဖိုးတာ။

ဒေါ်ခက် အားကိုးနှင့် မင်္ဂလာမဏ္ဍပ်ထဲ ကြော့ခုနဲ ရောက်သွားလျှင် အခက်။

ဒေါ်ခက်တို့က သတို့သမီးဘက်က ဆိုတော့ တစ်လမ်းတည်းသားချင်း နားလည်နိုင်ပေမယ့် သတို့သားဆိုတာက ဦးမျိုးနှင့်လည်း သိခဲ့ကြတာမဟုတ်။ ဖိုးတာကိုလည်း နားလည် ချင်မှ နားလည်နိုင်မည်လေ။

မင်္ဂလာပွဲမှာ ဖိုးတာကြောင့် တစ်ဖက်သား စိတ် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်စိတ်ဖြင့် ဦးမျိုး သုတ်သုတ်လှမ်း ပေမယ့် ...





"ကဲ ... ကဲ ... ဆွေမျိုးတွေစုပြီး ဓာတ်ပုံရိုက်ကြရအောင်၊ ဓာတ်ပုံဆရာရေ ... တစ်ချက် ရိုက်ကြရအောင်"

သတို့သားဘက်မှ ဖြစ်ဟန်တူသော လူကြီးတစ်ဦး၏ အသံကျယ်ကျယ် ထွက်လာတာမှ ကြောလိုက် သုတ်ခနဲထ, ဓာတ်ပုံရိုက်ဖို့ တန်းစီနေရာယူနေကြဆဲ လူတစ်စုရှေ့မှာ ကားနေ အောင် ရပ်၍ လက်ကြီးပိုက်၊ စတိုင်ကြီးထွားရင်း ပြုံးနေပါသည့် သားတော်မောင်ကို စိတ်မောစွာပဲ ဦးမျိုး တွေ့လိုက်ရပါပြီတည်း။ သားကို ခေါ်ဖို့ လှမ်းခဲ့သမျှ နောက်ကျသွားရချေသည့် အဖြစ်။

"ရိုက်ပေးလိုက်ပါ ... ရိုက်ပေးလိုက်ပါ ... ဒီကလေးက ကျွန်မ မုန့်ဟင်းခါးဆိုင်မှာ လာလာ လုပ်ပေးနေတဲ့ ကလေးပါ၊ စိတ်ရင်းကောင်းလေးပါ"

ဒေါ်ခက် ပြောနေခိုက်မှာ ဦးမျိုးမှာ အားနာတကြီး ဖြစ်နေရပါပြီ။

ဖိုးတာကတော့ နှင်းဆီပွင့်ကြီးတွေ တကားကားနှင့် ရှိနေသော ရှပ်အင်္ကျီနီပွပွ၊ အဖေ့ပုဆိုး မီးပူကျနှင့် ခေါင်းတုံးပြောင် လေးဖြင့် လက်ကြီးပိုက်ကာ အားပါးတရကြီး ပြုံးလျက် အိုက်တင် အပြည့်နှင့် မင်္ဂလာမောင်မယ်၏ ဆွေမျိုးစာရင်းကို ထိပ်တန်းက နေရာယူထားလျက် ခပ်ထွားထွား ဓာတ်ပုံအရိုက်ခံလိုက်ချေ သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုက နှစ်စဉ် သင်္ကြန်ရက်တိုင်း မှာ ဒုလ္လဘ ရဟန်းခံမြဲ။

ကိုညိုကို အားကျသည့် ဦးမျိုးမှာ ...

"ငါ သင်္ကန်းဝတ်ချင်တယ် သမီးရယ်၊ ကိုညိုဆိုတာ အားကျဖို့ ကောင်းလိုက်တာ၊ အဖေ့မှာတော့ ဒီသား ဖိုးတာ တစ်ယောက်ကို နောက်ဆံငင်နေရတာနဲ့ ဒုလ္လဘရဟန်းခံချင်ပါရက်နဲ့ မဝတ်ရတော့တာ"

ဟု ညည်းခိုက်မှာပဲ ဖိုးတာကတော့ စီးကရက်ဘူးခွံ တစ်ထပ်ကြီးနှင့် ချွေးတွေ သံတွေဖြင့် အိမ်ထဲဝင်လာသည်။

ယခုလို သင်္ကြန်ရက်၊ ယခင်ကာလတစ်ခုတုန်းက ရေကစားရင်း မျှားခဲ့ရသည့် ဖိုးတာလေး၏ အသွင်ကို ဦးမျိုး ပြန်၍ မြင်ယောင်မိသည်။ အပြင်းဖျားပြီး တက်လည်း တက်၊ အဖျားလည်း ကြီးခဲ့ရသည့် ဖိုးတာလေး၏ အသက်ကို သေမင်းထံမှ လုယူနိုင်ခဲ့သော်လည်း ဆင်ခြင်တုံတရားနှင့် အသိဉာဏ် ဖွံ့ဖြိုးမှု





ဆိုသည့် အရာကိုတော့ ဖိုးတာအတွက် အဆုံးရှုံးခံလိုက်ရသည့် ကာလ။ သားဖြစ်သူကို ကြည့်ရင်း ရင်ထဲမချိဖြစ်ရပါသည့် ဦးမျိုးကို ဖိုးတာ ယခု မသိတတ်နိုင်ရှာ။

ကလေးလိုပဲ ပျော်ပိုက်စွာဖြင့် လက်ထဲက စီးကရက်ဘူးခွံတွေကို မြောက်ကြွမြောက်ကြွနှင့် မိထူးကို ခပ်ကြွားကြွား ပြသည်။

"ဒီကောင် ဒီဆေးလိပ်ဘူးခွံတွေ ဘာလုပ်တာလဲ"

"မသိဘူး အဖေ၊ ဒီတစ်ပိုက်က လက်ဖက်ရည်ဆိုင်တွေ ကွမ်းယာဆိုင်တွေမှာ အစ်ကို ဖိုးတာ သွားယူလာတာ ဘူးခွံတို့ ပလတ်စတစ်တို့ ဝယ်တဲ့လူတွေကို အစ်ကိုဖိုးတာ ပြန်ရောင်းတယ်၊ တစ်နေ့ကလည်း ပိုက်ဆံသုံးကျပ် လာပြတယ်၊ အဲဒါတွေ ရောင်းတာတဲ့"

ဟု ပြောခိုက်မှာ ဖိုးတာကတော့ စီးကရက်ဘူးခွံတွေနှင့် တစ်ယောက်တည်း အိမ်ရှေ့ ကပြင်မှာ အလုပ်များနေသည်။

"သား ... ဖိုးတာ သားရဲ့ ဘကြီးဦးညို သင်္ကန်းဝတ်တာ သိတယ်နော်"

ဟု ဦးမျိုးက မေးတော့ ဖိုးတာ ခေါင်းညိတ်သည်။

"အဖေလည်း သင်္ကန်းဝတ်ချင်တယ် သားရယ်"

ဟု ပြောတော့ စီးကရက်ဘူးခွံထဲ ခေါက်ပနစ်နေသည့် ဖိုးတာ၏ ခေါင်းလေး မတ်ခနဲ ထောင်သွားလျက် မျက်စိမျက်နှာ ပျက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... ဒါဆို သားက ဘယ်သူနဲ့ နေရမှာလဲ၊ ဟင့်အင်း မဝတ်နဲ့ အဖေ၊ သားက ဘယ်သူနဲ့ ထမင်းအတူ စားရမှာလဲ၊ သားကို မနက် လက်ဖက်ရည် ဝယ်တိုက်ကြမှာ မဟုတ်ဘူး အဖေရဲ၊ မိထွေးက အဖေ့ကွယ်ရာဆို သားကို သိပ်နှိပ်စက်တာ ... ဆွဲလိမ်တယ်”

“မဟုတ်ဘူး သားရဲ့၊ သားရဲ့ ဘကြီးညို အရင်နှစ်က သင်္ကန်းဝတ်တယ်၊ ပြီးတော့ လူပြန်ထွက်တယ်၊ အဲသလိုပဲ သိပ်မကြာဘူး၊ အဖေလည်း လူထွက်မှာပါ၊ ခဏပါ သားရယ်၊ သား ဘကြီးညိုနဲ့ တူတူ အဖေ ပြန်လာမှာ၊ သား ခဏ ဒီမှာ မိထွေးနဲ့ အိမ်မှာနေခဲ့ ဟုတ်လား”

ဟု ချော့မော့ပြောတော့ ဖိုးတာ တစ်ချက် ငြိမ်တွေ၏။ ဦးညို သင်္ကန်းဝတ်တာ တစ်ပတ်ပဲ ကြာခဲ့တာကိုလည်း ဖိုးတာ အသိ။ ဘယ်နှရက် ဆိုတာကိုတော့ ဖိုးတာ မတွက်တတ်။ ဒါပေမဲ့ အကြာကြီး မဟုတ်တာကိုတော့ ဖိုးတာ နားလည်သည်။

“အဖေက နေ့တိုင်း အလုပ်တွေ သွားပြန်လာ စိတ်မော စိတ်ပင်ပန်းနဲ့ ခဏလောက်ပဲ တရားအားထုတ်ရင်း တရား အလုပ် လုပ်ပါရစေ သားရယ် ... မကြာပါဘူး”

ဟု နားလည်သည် မလည်သည် အပထား၊ လေသံကို ချော့မော့သံဖြစ်အောင် တိုးပျော့ပျော့ ထားလျက် ဖိုးတာကို ပြောရသည်။

“အဖေ သင်္ကန်းဝတ်ချင်လို့ပါ သားရယ်”





ဖိုးတာမျာ အဖေ မျက်ရည်ဝဲနေတာမြင်တော့ ခပ်ငေးငေး မော့ကြည့်ငြိမ်နေသည်။

“အဖေ ငိုချင်နေတာလား ... ဘာလို့လဲဟင်”

ဟု မေးတော့ ဦးမျိုး ထိန်းမရစွာ မျက်ရည်ကျလာသည်။ ဤသားအတွက် သေမဖြောင့် ဖြစ်ရမည့် အဖြစ်ဆိုတာကို သိနေရသည်ပဲ။ ယခုလည်း တစ်ပတ်မျှ သင်္ကန်းဝတ်ချင်လိုက်သည့် ဓောက ရင်မှာပြည့်ကျပ်နေပြီ။ ကလေးလေးလို မော့ငေးငေးသည့် သားကို ကြည့်လျက် ...

“သားရယ် ... အဖေ့သား၊ ဘာမှ နားမလည်ရှာတဲ့ သား၊ အဖေ မရှိရင်ဖြင့် ဘယ်နှယ် ကျန်ခဲ့ပါ့မယ်”

ဟု မရှိုစွာ တွေးလည်းတွေး၊ မျက်ရည်လည်း ကျရသည်ပါပဲ။

“အဖေ မငိုပါနဲ့၊ အဖေ ဝတ်ချင်ဝတ်ပါ၊ မဝတ်ရလို့ အဖေ ငိုတာလားဟင် ... ဘကြီးညို ပြန်လာရင် အဖေ တကယ် ပြန်လာနော်၊ အဖေ မရှိရင် သား မနေတတ်ဘူးဗျ”

မျက်ရည်များ ဝိုင်းလျက်ရှိနေသည့် မျက်ဝန်းများဖြင့် မမိတ်မသုန် သားကိုကြည့်ရင်းမှ သား၏ ခေါင်းလေးကို တုန်ယင်နေသော လက်ချောင်းတွေဖြင့် ဦးမျိုး သပ်ပေးလေသည်။

“အဖေ တစ်ပတ်ပဲ နေမှာပါ သားရယ်၊ စိတ်ချ အဖေ သင်္ကန်းဝတ်တဲ့အခါ သားက အိမ်မှာ ကောင်းကောင်းနေ၊ အဖေ့ကိုလည်း လိုက်လိုက်ရှာမနေနဲ့ ကြားလား”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ မျက်နှာငယ်လေးနှင့် ခေါင်းညိတ်သည်။ သွားပင် မသွားရသေး။

ဖိုးတာက မျက်နှာ ငိုမဲ့မဲ့ ဖြစ်ချင်နေပြီ။

ကောင်းကောင်းနေခဲ့ဟု မမှာ၍လည်း မရ။ အလုပ်သွားလျှင်တောင်မှ ဖိုးတာ သိမှဖြစ်သည်။ မသိဘဲ ဘယ်ကိုမှ သွား၍မရ။ အဖေ ပျောက်လျှင် ဖိုးတာ လိုက်လိုက်ရှာတတ်သည်လေ။ ဒါကြောင့် ဘယ်ကိုသွားသွား အဖေ အပြင်သွားမယ်၊ ပြန်လာခဲ့မယ်၊ အိမ်မှာ ကောင်းကောင်းနေဟု မှာကိုမှာခဲ့ရသည်။ မမှာမိဘဲ သွားလိုက်မိ၍ကတော့ ဖိုးတာတစ်ယောက် အဖေပျောက်ကို ခေါင်းတောက်အောင် ရှာတော့သည့် အဖြစ်။ ယခုလည်း သင်္ကန်းဝတ်သွားစဉ်မှာ အိမ်မှာ ကောင်းကောင်းနေဖို့ ကြိုတင်၍ ဦးမျိုး မှာရပါ၏။

"ဘကြီးညိုနဲ့တူတူ ပြန်လာမှာနော် အဖေ"

ဆိုတာကိုတော့ စိတ်ချရအောင် ဖိုးတာ ထပ်မေးနေတော့ ဦးမျိုး ခေါင်းညိတ် ပြလိုက်မိသည်ပါပဲ။





တကယ်တမ်းက စော၍ သင်္ကန်းဝတ်ဖြစ်သော ဦးညိုက တစ်ပတ်ပြည့်တော့ လူထွက်၍ အိမ်ပြန်၏။ ဤတွင် ဖိုးတာ ပြဿနာ တက်တော့သည်။

တရားရိပ်မှာနေ ထရားအားထုတ်နှင့် ရှိနေပါသည့် ငြိမ်းအေးချမ်းမြေ့သော သင်္ကန်းဝတ်ဖြင့် တစ်ပတ်နှင့် အားမရ၊ ဆယ်ရက်မျှထိ နေလိုစိတ် ပြင်းပြနေပါသည့် ဦးမျိုး (ဦးဝိဇယ) ထံသို့ မျက်ရည်ကြီးပေါက်ကြီးငယ်နှင့် ဖိုးတာ ရောက်ချလာသည်။

ဘုန်းတော်ကြီး ကျောင်းသို့ လိုက်လာကာ ဘာမှ နားမလည်နိုင်သလို အဖေလုပ်သူ၏ လက်ကိုဆွဲ၍ ...

"လာ ... အဖေ ပြန်မယ်၊ အခု ဘကြီးညိုလည်း အိမ်ပြန်ရောက်နေပြီ၊ အဖေလည်း ပြန်လိုက်ခဲ့တော့၊ အဖေမရှိရင် သား မနေတတ်ဘူး"

ဟု ငိုယိုခေါ်နေတာမို့ ဦးမျိုး(ဦးဝိဇယ) မှာ အခက်ကြုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျောင်းတိုင်ကို မှီ၍ တအီအီ ငိုနေ
သည့် ဖိုးတာကို ငေးကြည့်ရင်း ဦးမျိုး ရင်ထဲမှာ မကောင်းနိုင်

"အဖေ ပြန်လာပါမယ် သား၊ အိမ်ပြန်တော့ ... မိထွေး
ကလည်း ဘာလို့ ခေါ်လာရတာတုန်း"

ဟု ခပ်တိုးတိုး ပြောမိတော့ မိထွေး မျက်ရည်ဝဲနေ
ကြည့်ရတာ ဦးညို အိမ်ပြန်ရောက်တာနှင့် ဖိုးတာ 'ဂျီကျ'နေ
ဖြစ်မည်။ မတတ်သာသည့်အဆုံး ဘုန်းတော်ကြီးကျောင်း
မိထွေး ခေါ်ခဲ့ရတာ ဖြစ်သည်။

ဒကာလေးဟု ပြော၍လည်း နားလည်မှာ မဟုတ်
တာမို့ သားဟုပဲ ခေါ်ရသည့် အဖြစ် ...။

"အဖေ ပြန်လာမယ်၊ သား ခဏပြန်လိုက်သွား
သုံးရက်နေရင် အဖေ ပြန်လာခဲ့မယ်၊ စိတ်ချ"

ဟု ပြောလည်း မရ။ ငိုနေသည်ပါပဲ။

"သား ဆွဲကြိုး ကျပျောက်လို့ မိထွေးကို သား ငိုပြီးပြော
တော့ သားကို ဆူတယ် အဖေ၊ အဖေ မသိဘူးနော်၊ မိထွေး
က သားကို သိပ်အနိုင်ကျင့်တာ"

ဟု ငိုယိုတိုင်တောနေသေးသည်။ နောက်ဆုံး
ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှာ ခရေပင်ကြီးအောက်
ချော့မော့ခေါ်သွားကာ သားကို ဖျောင်းဖျပြောယူရသည်။

"အဖေ ပြန်လာပါမယ် သားရယ် ... စိတ်ချ"





ဟု ပြောတာမို့ ဖိုးတာ မယုံမရဲနှင့် မိထွေးနှင့်
ပြန်ပါသွား၏။

နောက်နေ့ မနက်ကျတော့ ဖိုးတာ မနက်အစောကြီး
ဘုန်းတော်ကြီးကျောင်း လှေကားထစ်မှာ ငုပ်တုတ်ထိုင်စောင့်နေ
တာနှင့် ကြုံရပြန်သည်။ အဖေကို မြင်တာနှင့် ...

"သားနဲ့ လိုက်ခဲ့တော့ ... အိမ်မှာ မိထွေးနဲ့ သားပဲ ကျန်ခဲ့
တာ၊ အဖေနဲ့သား အတူတူ နေချင်ပြီ၊ အီးဟီးဟီး"

နှင့် အော်ငိုနေတာမို့ ဦးမျိုးမှာ ရင်ထဲမကောင်းနိုင်။

ဆယ်ရက် မဆိုနှင့် ... ခုနစ်ရက်ပြည့်အောင်
မနည်းကြီး ဖိုးတာကို ဖျောင်းဖျပြောယူနေရသည့်အဖြစ်။ တရား
ရိပ်မှာ ငြိမ်းအေးစွာ နေရသည့် ဘဝတွင်ပင် ဖြောင့်ဖြောင့်
မနေရ။ ဤသံယောဇဉ် တစ်မျှင်စသည် လာ၍ တုပ်နှောင်ဆွဲနေ
သည့် အဖြစ်။

မိထွေးကိုလည်း မျက်နှာငယ်လေးနှင့် ခပ်လှမ်းလှမ်း
ရှိ ခရေရိပ်မှာ တွေ့ရသည်။ အိမ်မှာ ဖိုးတာ အဘယ်မျှအထိ
သောင်းကျန်း၍ ဘုန်းတော်ကြီးကျောင်းသို့ မိထွေးကို လိုက်အပို့
ခိုင်းသည် မသိ။ သူ့ဘာသာလည်း မလာတတ်ရှာသည့် ကလေး။

"အဖေ ပြန်လာမယ် သား ... မနက်ဖြန် ပြန်လာပါမယ်"

ဟု ပြောတော့ မျက်နှာလေး ဝင်းပသွားလျက် ...

"တကယ်လား အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။ မျက်ရည်ကို လက်ဖမိုးဖြင့် ပွတ်
တိုက်ပစ်ရင်းမှ မျက်နှာလေး လန်းလာလျက် အဖေကို မော့ကြည့်၏

"ကဲ ... ကဲ ... ပြန်လိုက်ဦး၊ အဖေ မနက်ဖြန် ပြန်လာ
ခဲ့မယ်"

ဟု ပြောတော့ ဖိုးတာက ...

"အဖေ ... တကယ်"

ဟု ထပ်မေးသည်။ ခေါင်းညိတ်ပြတာကို မြင်တော့
ဝမ်းသာအားရ ခုန်ပေါက်၍ လှေကားအတိုင်း ဆင်းသည်။

"ဟေး ... မနက်ဖြန် အဖေ ပြန်လာမှာတဲ့ကွ မိထူး
အဖေ ပြန်လာတော့မှာ"

ဟု ဝမ်းသာအားရ အော်ပြောပြီး ပြေးရာမှ ခြေ
ထောက်က လှေကားထစ်မှာ ချော်၍ကျ၏။ ခေါက်ခနဲ ပြုတ်ကျပြီ
မြေကြီးနှင့် ခေါင်းဆောင့်သည်။

သွေးတွေ ဖြာခနဲ ကျလာတာ မြင်ရတာမို့ ဦးမျိုး
(ဦးဝိဇယ) မျက်စိတွေ ပြာခနဲဖြစ်ကာ လှေကားအတိုင်း အဆင်း
မှာ ဖိုးတာခမျာ ကိုယ်ကိုကြုံ၍ ထ,သည်။ မော့ကြည့်၍ ဖြ
ကာ ...

"မနက်ဖြန် တကယ်ပြန်လာနော် အဖေ"

ဟု ပြောတော့ ဦးမျိုး မျက်ရည်တန့်ဆည်မရနိုင်ဘ
ဘဲ ဖြိုင်ဖြိုင်မိုးမိုး ကျလာရပါပြီ။





မိမိဘာသာပင် မျက်ရည်တွေ ဖြိုင်ကျနေမှန်း မသိ
သိက်နိုင်မိမှာပင် မျက်ရည်တွေက ပြိုကျနေရသည့် အဖြစ်။

တစ်ဆို့နေသော ရင်ဖြင့် ခေါင်းကို ညိတ်ပြလိုက်
ရစဉ် ...

"ဟေး ... တကယ် ပြန်လာမှာတဲ့ မိထူးရ၊ တကယ်
ပြန်လာမှာတဲ့"

ဟူသော ကလေးတစ်ယောက်နှယ် အော်ပြောသံ
သည် နှလုံးအိမ်ကို နာကျင်ဆို့နစ်စွာ တနင့်နင့် တိုးဝင်ချေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ..."

မုန့်ဝယ်စားလျှင် မုန့်ထဲမှ ပါလာသည့် ကပ်ခွာရုပ်လေးတွေကို လက်မောင်းမှာ ကပ်လိုက်ပြီး ခွာလိုက်တော့အရုပ်ထင်ကျန်နေသည့် ရောင်စုံကာတွန်းရုပ်လေးကို အနီးကပ်ကြည့်လိုက် ... ခွာ၍ ခေါင်းကို နောက်လှန် ဇက်လှန်ကြည့်လိုက်နှင့်ရှိနေပြီးမှ အဖေ လုပ်သူကို ဖိုးတာ ခေါ်သည်။

စားသောက်ပြီးပြီမို့ အိမ်ရှေ့ ကပြင်လေးမှာ ဆေးပေါ့လိပ်တစ်တိုနှင့် နားနားနေနေ ရှိနေပါသည့် ဦးမျိုး သားတော်မောင်ကို ကြည့်သည်။

မနေ့က မြောင်းထဲ ပြုတ်ကျ၍ နဖူးပေါက်ထားသည်နေရာမှာ ဟင်းနီးပလပ်စ် ပလပ်စတာလေး ကပ်လျက်ဖြင့် ရှိနေပါသည့် ဖိုးတာ ...။





ဒဏ်ရာက နာမှန်းလည်း မသိ ... သက်သာနေမှန်းလည်း မသိရ ... ဘာမျှလည်း မပြော ခပ်အေးအေး ရှိနေသည့်သား ...။ တစ်ခါတစ်ခါကျတော့လည်း ဦးမျိုးမှာ စိတ်လည်းမောရ၊ အားလည်း ကျချင်လာရပြန်သည့် အဖြစ်။ ခုတလောဦးမျိုးမှာ ဖိုးတာကို ကြည့်၍ သူ့မှာ အကြောင်ကြကင်းလိုက်တာဟု တွေးတွေးနေမိတတ်သည့် အကျင့်တစ်ခု တိုးလာသည်။ အရင်တုန်းကတော့ သားအတွက် စိတ်ပူနေရတာ၊ နောက်ဆံတင်းနေရတာတွေဖြင့် ရင်သည် ပန်းဟိုက်နေတတ်ပါ၏။

ခုကျတော့ ထိုပန်းဟိုက်နေသည့် ခံစားမှုများအပြင်ခပ်တိုးလာသည်က ...

"ခြော် ... ငါ့မှာသာ နောက်ဆံတင်းနေရ ... ဘာရ ... သူ့မှာဖြင့် ကလေးလိုပဲ အကြောင်ကြကင်းလို့ ကစားလိုက်၊ ရန်ဖြစ်လိုက်၊ သူများသားသမီး လက်ဦးလက်ပေါက်ကောက်ကောက်တီးခဲ့။ သူက အရင် လက်ဦးအောင် သွားတိုင်တောရနဲ့ သူ့ဘဝကို သူ ဖြတ်သန်းနေ၀ိုက်တာ နေသားတကျကို ဖြစ်လို့ပါလား ..."

ဆိုသည့် အတွေးနှင့် ခံစားမှုပါ။

ခုလည်း ရသည့် ပိုက်ဆံ။ မုန့်မက်တာထက် ကပ်ခွာ မက်တာကြောင့် ဝယ်ဝယ်လာလျက် လက်မောင်းတွေမှာ ကပ်ခွာကို ကပ်ချင်ကပ်၊ ပါးပေါ် ကပ်ချင်ကပ်နှင့် ရှိရှိနေတတ်တာ တစ်ပတ်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အသစ်ဆောက်တဲ့ တိုက်လေ … ဟိုးနားကလေ … အဲဒီကို လူတွေ ပြောင်းလာကြပြီ အဖေ၊ ပစ္စည်းတွေမှ အများကြီး၊ တီဗွီလည်းပါတယ်၊ ကားလှလှလေးလည်း ပါတယ်၊ ဗီရိုတွေရော … အို … အများကြီး"

ထုံးစံအတိုင်း လမ်းသတင်းထောက် ဖိုးတာ ပြောလာတော့ ဦးမျိုး ခပ်တည်တည် ကြည့်ရသည်။ မိထူးက ပြောသည်လေ …။ သူ့အစ်ကို ဖိုးတာသည် လမ်းသတင်းကောက်တဲ့ …။ သတင်းတွေ သူချည်းပဲ အရင်လက်ဦးအောင် သိသိလာပြီး ပြောပြောပြတတ်လွန်းသည်မို့ သတင်းတွေ သွားကောက်လာပြီဟု မိထူးကတော့ အစ်ကို ဖိုးတာကို ချစ်စနိုး ပြောတတ်သည်ပါပဲ။

"ဖိုးတာနော် … သူများ အိမ်ပြောင်းလာတဲ့ကိစ္စ ဘာသွားမော့နေရတာလဲ … သူများ ပစ္စည်း အဖိုးတန်တွေ ဘာတွေ ကျကျန်ပြုတ်ကျန်ခဲ့တာမျိုးဖြစ်ရင် မရှိဆင်းရဲသားငါတို့ပဲ ကောက်သွားတယ်အထင်ခံရမှာ၊ တီဗွီပါလာတဲ့ကိစ္စ မင်းက ဘာကြောင့် စောင့်ကြည့်နေရတာလဲ …"

ဟုတ်သည်လေ … အိမ်ပြောင်းလာသည်ဆိုတာမျိုးက ပစ္စည်းပစ္စယတွေ ဟိုဟာသည်ဟာတွေ သယ်ရင်း ပြုရင်း ကျကျန်တာတို့ … ပြုတ်ကျသွားတာတို့၊ လမ်းပေါ်ရှိသွားလျှင် ရှိနေသည့် ကလေးတွေကပဲ ကောက်သွားသလို အထင်ခံရနိုင်သည် မဟုတ်ပါလား။ ကိုယ်က ဆင်းရဲသား။ ပစ္စည်းကောက်ယူပြီး လစ်လာသည်ဟု အထင်မခံနိုင်။





"ဟာ … အဖေကလဲ … တစ်လမ်းလုံး ကလေးတွေ ဝိုင်းကြည့်နေကြတဲ့ ဥစ္စာ၊ နီတိုးလည်း ကြည့်တာပဲ၊ နီတွတ်လည်း ကြည့်တာပဲ၊ အံမယ် အဲဒီက မျက်နှာချင်းဆိုင်က ဘဘမောင်ဆို ထွက်ရပ်တောင်ကြည့်တာ၊ သားက ဂေါ်လီရိုက်နေတုန်း သူတို့ကားကြီးတွေ ရောက်ရောက်လာပြီး ပစ္စည်းတွေ ချချနေတာ ကြည့်တာပေါ့၊ လှလိုက်တာ အဖေရာ ထိုင်ခုံကြီးတွေ ဟိုဒင်း … ဗီဒီယိုကားထဲက မင်းသား၊ မင်းသမီး အိမ်က ထိုင်ခုံကြီးတွေကျရော … တီဗွီတင်မကဘူးအဖေ၊ အောက်က စက်တွေလည်း ပါတယ်၊ ဗီဒီယိုကားထဲမှာ သားမြင်တဲ့ ဥစ္စာမျိုးတွေ … ပြီးတော့ ကာရာအိုကေလည်း ပါမှာ၊ စက်တွေကတော့ စက်တွေပဲ၊ ဘာစက်တွေလည်း မသိဘူး အဖေရ၊ အံမယ် … ဒိန်းဒိန်းနဲ့ အသံမြည်တဲ့ ဆောင်းဘောက်ကြီးလည်း ပါတယ်သိလား၊ အဲဒါ သား မနက်ဖြန် သွားချောင်းမလို့ …"

အဖေလုပ်သူက တားနေသည့် ကိစ္စ … ဖိုးတာက သွားချောင်းဖို့ အသိပေးနေပြီ။ ကြည့်ရတာ ချာတိတ်တစ်အုပ်ကြီးထဲမှာ အရပ်ကြီး ရှည်လျားလျားကြီးနှင့် ခေါင်းဆောင်လုပ်၍ သူများအိမ်အလှတွေ သွားချောင်းဖို့ တိုင်ပင်ထားပြီးကြတာ ဖြစ်နိုင်သည်။ ဖိုးတာ၏ ဘက်က နီဘိုး။ အတော်ကို အတိုင်အဖောက်ညီသည့် နှစ်ကောင်။ တည့်ကြပြီဆိုလျှင် လမ်းပေါ် ကတ္တရာငမ်း



www.burmeseclassic.com

www.burmeseclassic.com



များ နိမ့်ချက်မည်ဆိုလျှင် ချက်နိုင်မည်။ ဆော့လိုက်ကြပါသည့် အုပ် ...။ ဂေါ်လီပစ်ရင်း ရန်ဖြစ်လျှင် သူဦးသူဆော်၊ ကိုယ်ဦးကိုယ်ဆော်နှင့် ဖြစ်ကြပြီဆိုလျှင်လည်း ဘယ်သူတွေလည်း မမေးနှင့် ဖိုးတာနှင့် နီတိုး နှစ်ကောင်ပဲ ဖြစ်ပါ၏။

"နေစမ်းပါဦး ... ငါက မင်းကို မသွားဖို့ ပြောနေတယ်။ ဘာကို မနက်ဖြန် သွားချောင်းမှာလဲကွ ဟေ ..."

"ဟာ ... အဖေကလဲ ... အိမ်ပြောင်းတာဖြင့် ပြီးနေပြီပဲ ဥစ္စာ၊ ပစ္စည်းတွေတင်တဲ့ ကားကြီးတွေတောင် ပြန်ကုန်ကြတာ ဘယ်ရောက်နေကြပြီလည်းတောင် မသိဘူး။ ခုလောက်ဆို ကားမောင်းတဲ့ ဦးဦးတွေတောင် သူတို့ လမ်းထိပ်က ဗီဒီယိုရုံထဲတောင် ရောက်ချင် ရောက်နေမှာ ..."

လွန်ခဲ့သည့် နှစ်လလောက်ကတည်းက ဖိုးတာ ဗီဒီယိုမင်းသားတွေ ကိစ္စ ...၊ မင်းသမီးတွေ ကိစ္စ ပါးစပ်ထဲ တော်တော် ရောက်နေတာ အမှန် ...။ ကိစ္စဆိုတာက တခြားမဟုတ်။ မင်းသားတွေ ဝတ်သည့် အဝတ် ဘယ်လောက်လှကြောင်း၊ မင်းသမီးဝတ်သည့် အင်္ကျီက ဘယ်လောက်လှကြောင်း။ မင်းသားဝတ်တာမျိုးကို သူက ဝတ်ချင်ကြောင်း၊ မင်းသမီး ဝတ်တာကိုကျတော့ သူ့ညီမ မိထူးကို ဝတ်စေချင်ကြောင်းတွေ ပြောပြောနေတတ်သည်မှာ အာလုတ်သံကြီးဖြင့်ပေါ့ ...။





မိထူးကတော့ တကယ်မဝတ်ရတာပဲထား ... အစ်ကိုလုပ်သူက စေတနာသုံးတန်ဖြင့် မင်းသမီး အဝတ်မျိုးတွေ ဝတ်ပေးနေသည့် စိတ်ကူး စေတနာဖြင့်ပင် ရင်ထဲကျေနပ်နေရသည်ပါပဲ။

ဤသည်ကလည်း ဖိုးတာတို့ လမ်းမှာ ဗီဒီယိုရုံလေး တစ်ရုံ ပေါ်လာပြီးသည့်နောက်မှာ ညဘက်ဆို သူငယ်ချင်းတစ်အုပ်နှင့် ကလေးဗိုလ်လုပ်ပြီး ဖိုးတာတစ်ယောက် ဗီဒီယိုရုံထဲ ရောက်ရောက်နေတတ်ပြီးသည့် နောက်မှာပါ။

ဗီဒီယိုရုံပိုင်ရှင် ဦးသိန်းထံမှလည်း မျက်နှာချိုသွေးတောင်းလာ ပါလာသည့် ပိုစတာ တချို့သည်လည်း အိမ်၏ ည့်ခန်းထရံမှာရော ဖိုးတာ၏ ခေါင်းရင်းနေရာ ထရံမှာရော ကပ်ထားတာတွေ ရှိနေပြီ။

ခုလည်း သူများ အိမ်ပြောင်းလာသည့် ကိစ္စ ... ဖိုးတာက ထိုအိမ်ရှင်တွေကို ဗီဒီယိုထဲက သူဌေးတွေနှယ် မြင်လည်းမြင် နမူနာတွေလည်း ပေးနှင့် ရှိနေသည့် အဖြစ် ...။

"သားဖြင့် အဲဒီအိမ်က ဥစ္စာတွေကို လမ်းပေါ်ကကိုချောင်းကြည့်ခဲ့တာ မြင်နေရတာမှ တန်းလို့ ... တီဗီကြီးကလည်း အကြီးကြီး၊ ညဘက်ဆို လမ်းပေါ်က လှမ်းကြည့်တောင် မြင်နေနိုင်တယ်၊ ဟန်ကိုကျနေတာ အဖေရ ... ပြီးတော့ အဲဒီမှာ အရုပ်လေးကျနေတာပဲ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လည်း ရှိတယ် အမေရ၊ ချစ်စရာလေး … မိထူးနဲ့တော့ တခြားစီပဲ၊ ကောင်မလေးက သိပ်ချောတာ၊ ဂျွတ်တူးနဲ့ တူတူပဲ … ဝဝကစ်ကစ်လေး …"

ဂျွတ်တူးဆိုတာက ဖိုးတာနှင့် တူတူဆော့နေသည့် ချာတိတ်အုပ်ထဲမှာ အငယ်ဆုံး။ ခုမှ နှစ်တန်းပဲ ရှိသေးသည်။ ဖိုးတာက ဂျွတ်တူးကိုတော့ ချစ်၏။ ညဘက် တိတ်တိတ်စား တတ်သည့် ပဲကြီးလှော် အခွံချွတ်ကိုပင် ဂျွတ်တူးအတွက်ကိုတော့ ချန်ထား ကျွေးတတ်သည်အထိပါ။

ကြည့်ရတာ ခု ပြောင်းလာသည့် အိမ်မှာက ဂျွတ်တူး အရွယ် ကောင်မလေး တစ်ယောက်လည်း ပါချေပုံရပါ၏။

"ဆံပင်က အလိပ်လေးတွေ အမေရ … အသားဖြူလိုက် တာမှ မိထူး ရှုံးတယ်၊ ဗီဒီယိုထဲက မင်းသမီးရဲ့ သမီး လုပ်တဲ့သူတောင် ရှုံးတယ်"

ဟု ပြောနေတော့ မိထူး တစ်ချက် မျက်စောင်းခဲ၏။ ဖိုးတာဆိုတာက နိုင်းချင်ပြီဆိုလျှင် မိထူးနှင့်ချည်းနိုင်းလျက် မိထူး အရှုံးချည်း ပြောနေတာမျိုးက ခုတလော ကြိမ်ဖန်တော်တော်များ နေပြီ …။

"ဟုတ်ပါတယ် … ဟုတ်ပါတယ် … အစ်ကိုဖိုးတာပဲ ချောပါတယ်၊ ရန်အောင်နဲ့ တူပါတယ်"





ရန်အောင်ကားဆို ထိပ်ဆုံးတန်းမှာ ဒူးတနှံ့နှံ့နှင့် ထိုင်တတ်ပါသော ဖိုးတာကတော့ ရွဲ့၍ပြောမှန်း မသိ ဘာမသိနှင့် သွားလေးဖြဲ၍ ပျော်ပင်ပျော်နေသေးသည့် အဖြစ်။ ခုတလော ဖိုးတာ မှန်ရှေ့မှာ ခဏခဏ ရပ်နေတာလည်း အမှန်။ မျက်နှာ မှာလည်း မိထူး၏ မိုးပွင့်တွေ ခိုးခိုးလူးလွန်း၍ မိထူးမှာ မိုးပွင့် ဘူးလေးကို ဖွက်ထားရသည်အထိပေါ့။

"အမေ မိထူးက သူ့ မိုးပွင့်ဘူးကို ဖွက်ထားတယ် အမေ၊ သိပ်ကပ်စေးနဲတာပဲ၊ သူ့သေတ္တာလည်း သော့ခတ်ထား တယ်၊ သားကိုဆို စေတနာ မရှိဘူး အမေ …"

ဟု အမေလုပ်သူကို သတိတရဖြင့် အတိုင်အတော လုပ်၏။ ပြီးတော့ မှန်ရှေ့မှာ ခဏရပ်သည်။ ပြဒါးတွေ လွင့်ပြယ်စ ပြုနေသည့် သစ်သားပေါင်ကြမ်းခတ် မှန်ချပ်က သံချောင်း တစ်ချောင်း အောက်ခံ၊ သံချောင်းတစ်ချောင်း သံကြိုးချိတ်ပုံဖြင့် အိမ်တိုင်မှာ ရှိနေသည်က နှစ်သက်ကြာနေပြီ။

ဖိုးတာ ဆံပင်ကို ဆီလူးသည်။ ခေါင်းဘီးနှင့် ဆံပင်တိုစိစိတွေကို အထပ်ထပ်ဖြီး၏။ ပြီးတော့ ကပြင်အောက်ကို ဆင်းကာ အုတ်နီခဲ နှစ်လုံးကို ကပြင်အောက်မှာ လေးဘက်ထောက် ဝင်ယူသည်။

နောက်တော့ အုတ်နီခဲကို လက်တစ်ဖက်စီဖြင့် အလေးမနေသလို မြှောက်လိုက် ချလိုက်နှင့် လုပ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သမဝါယမမှ ကိုကျော်လတ် မြောက်ပေးလိုက်ကတည်းက ဖိုးတာ အုတ်နီခဲမ,၍ နေ့တိုင်း မနက်နှင့် ညဘက်ဆို အလေးမကာ အရှုးထနေတာ တစ်လရှိပြီ။

ကိုကျော်လတ်ကတော့ ထုံးစံအတိုင်း နောက်လွှတ်လိုက်ခြင်း။ ဖိုးတာ အလေးမလျှင် ဗလထွက်မည်။ မင်းသားဖြစ်မည်တဲ့ ...။ ထိုကတည်းက ဖိုးတာ သွားဖြဲလေးနှင့် အုတ်နီခဲကို မနက်ညတိုင်း လက်မြှောက် လက်ချနှင့် အလေးမနေသည်မှာ ထမင်းစားပြီးချိန်တိုင်း ဖြစ်နေတာမို့ တား၍လည်း မရ။ လုပ်ချင်ရာ စိတ်ထဲတွေ့ရာ လုပ်တတ်သည့် အကျင့်အတိုင်း မပျက်ကွက်ကြီးကို လုပ်နေတော့သည်ပါပဲ။

"ဟဲ့ ... ဖိုးတာ တော်တော့ ... အစာအိမ် အောင့်လိမ့်မယ်"

ဟု မနေသာသည့်အဆုံး ဦးမျိုး ဟန့်ယူရပါ၏။ ခါးတောင်းကျိုက်လေး ဖြည့်၍ ဖိုးတာ ခဏလာထိုင်သည်။ ဖိုးတာ၏ အသုံးစားရိတ်ထဲမှာ ဗီဒီယိုရုံခကလည်း တစ်ခါတစ်ခါ တိုးလာပြီ။ ဦးသိန်းကတော့ ဖိုးတာကို ချစ်၍ အမြဲတမ်းတော့ ရုံခမယူပါ။ တစ်ခါတစ်ခါလောက်ပဲ ယူတတ်ပါ၏။

ဖိုးတာ ဤညမှာတော့ ပိုက်ဆံမတောင်း။ ခုနပေါက် ခုနပေါက်နှင့် လမ်းထိပ်ဘက်ကို တာယာဖိနပ်စီးထားလျက်ဖြင့် ထွက်သွားသည်ပါပဲ။ လမ်းမှာ မကြာသေးမီကမှ ကန်ထရိုက်တိုက်သစ် တစ်လုံး ပြီးခဲ့သည်။ ခြောက်ထပ်အဆောက်အအုံ။ လှလည်း လှသည်။ မျက်နှာစာဆိုတာကတော့ ထုံးစံအတိုင်း လမ်းနှင့်ပလက်ဖောင်း ကြားခြားထားထားပြီးတာနှင့် ရေစီးမြောင်းငယ်လေး တစ်ခုပြီးတာနှင့် အိမ်၏မျက်နှာစာ သံဘာဂျာတံခါးဆိုတာက ရှိနေသည်။ မျက်နှာစာအကျယ်ကို ပေနှစ်ဆယ်ဆိုတော့ စလွန်းကား တစ်စီးလည်း ညဘက်ဆို အိမ်ထဲ သွင်းထားနိုင်သည်။ ဧည့်ခန်းလေးအတွက်ကလည်း ဆယ်ပေလောက်က နေရာရှိနေသေးသည်။ ပိုင်ရှင်ကတော့ တစ်ယောက်တည်း ဖြစ်ပုံရပါ၏။ ဦးမျိုး အလုပ်က ပြန်လာကတည်းက ထိုအိမ်မှာ လူတွေ ရောက်နေတာကိုလည်း မြင်ခဲ့ရပြီးပြီ။ ဖိုးတာ ပြောသလိုပါပဲလေ။ အိမ်တွင်းမှာလည်း အဖိုးတန်ပစ္စည်းတွေ အတော်များသည်။ ဖိုးတာအပြောအတိုင်းဆိုလျှင် ဗီဒီယိုထဲက လူချမ်းသာတွေ၏ အိမ်မှာရှိသည့် ဆိုဖာတွေဘာတွေလည်း ရှိသည်။ ဗီရိုတွေလည်း ရှိသည်။ တီဗွီတွေလည်း ရှိသည်။ အောက်မှာထားသော စက်အထပ်ထပ်တွေလည်း ရှိသည်။ ဤသည်က သံဘာဂျာတံခါး ကြားခြားထားတာပဲ ရှိနေတာမို့ လှမ်းမြင်နေရလေသမျှ ဦးမျိုးလည်း သတိထားမြင်မိလာရသည်ပါပဲ။

"ခက်တယ် ... ဖိုးတာတော့ အဲဒီအိမ်က တီဗီကို သွားမောနေမှာ စိုးရတယ်၊ ဟိုက လူသစ်တွေ ကြိုက်ချင်မှကြိုက်မှာ ... အခန်းကလည်း လမ်းဘေးကပ်နေတာပဲဆိုတော့ လမ်းပေါ်က အုပ်ဖွဲ့ကြည့်နေရင် ရတာယ်လေ ... ခွေတွေ







www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ထိုးကြည့်နေရင် ဓာတ်ကားကြိုက် ဖိုးတာနဲ့တော့ ငါရင်လေးတယ် မိထူး"

ဟု စိတ်လေးလေးဖြင့် ဦးမျိုး ပြောကာ ဆေးပေါ့လိပ်ကို ဖွာသည်။ နောက်တော့လည်း စိတ်မဖြောင့်နိုင်သည်မို့ လမ်းဘက်ထွက်ခဲ့ရသည်ပါပဲ။

"အဖေ အပ်ချည်တစ်လုံးလောက် ဝယ်လာပေးဦးနော်"

ဟု မိထူး မှာတာကိုတော့ ခေါင်းပဲ ညိတ်ပြခဲ့ရပါ၏။

ထင်သည့်အတိုင်းပါပဲ။ ဦးမျိုး ရင်ထဲ မောသွားရပါပြီ။

ဖိုးတာသည် ထုံးစံအတိုင်း ကလေးဗိုလ်လုပ်၍ ဦးဆောင်ကာ အုပ်စုစုလေးဖြင့် လမ်းပေါ်မှာ အုပ်ကောင်းနေလျက် အားလုံး အိမ်သစ်ပြောင်းလာသူတို့ ဖွင့်ထားပါသည့် ခွေထိုးရုပ်ရှင်ကားကို စိတ်ဝင်တစားကြည့်နေကြသည်။ တယ်လီဗေးရှင်း ဖန်သားပြင်ထက်မှာ အရုပ်တွေကလည်း ကြီးသည်။ နှစ်ဆယ့်ကိုးလက်မလောက် ရှိမည်ကိုး။ တီဗီကြီးက ကြီးသည်။ ကလေးတွေကတော့ သဘောကျနေကြသည်ပါပဲ။ တချို့ဆို ရေမြောင်းကို ကျော်ကာ သံဘာဂျာသံပန်းကို လက်ဖြင့် ဆုပ်ကိုင်ငေးကြည့်သူတွေ ဘာတွေပင် ဖြစ်ကုန်ကြပြီ။ လမ်းထဲမှာက တီဗီရှိသည့် အိမ်က ခပ်ရှားရှား ...။ လက်လုပ်လက်စား ခပ်များများ ...။ မုန့်ဟင်းခါးသည် ဒေါ်ခက်နှင့် ကျော်လတ်တို့ အိမ်လောက်ပဲ တီဗီဆိုတာကြီးက





ရှိသည်ကိုးလေ။ အိမ်ရှင်တွေအတွက် စိတ်အနှောင့်အယှက်တော့ ဖြစ်နေကြပုံ ရပါ၏။

ရောက်ခါစ အရပ်ထဲက လူတွေနှင့် မသင့်မတင့်ဖြစ်တာမျိုးကို မဖြစ်ချင်ကြ၍ပဲ ဖြစ်မည်။ ကလေးတွေကိုတော့ မငေါက်ထုတ်။ ဒါပေမဲ့ မျက်နှာမကောင်းဘဲ စိတ်ရှုပ်ပုံကြီးတွေဖြင့်တော့ ကြည့်ကြည့်လာနေကြပြီ။

ဖိုးတာကို ဦးမျိုး ကြည့်တော့ ဖိုးတာ မျက်ဝန်းတွေက ဆိုဖာနီနီကြီးပေါ်မှာ ထိုင်ရင်း ဗွီဒီယိုဓာတ်ကားကို ကြည့်နေသည့် ချာတိတ်မလေးထံမှာ ငေးစိုက်ကြည့်နေတာကို မြင်ရပါ၏။

ဖိုးတာ၏ မျက်နှာက ပြုံးကျနေသည်။ ကလေးမလေးကို အတော်လေး ချစ်ပုံရနေပါသည့် အဖြစ်။

တကယ်လည်း ကလေးမလေးက ဆံပင်နက်နက်ခွေခွေလေးနှင့် မျက်ခုံးလေး ခုံးနေကာ ဖြူဥဥလေးနှင့် မျက်လုံးဝိုင်းလေးဖြင့် အရုပ်လေးနှင့် တူနေတာလည်း အမှန်ပါ။ အနီရောင်ဂါဝန်လေးကို ဝတ်ထားလျက် ဝကစ်ကစ်လေးဖြင့် ချစ်စရာလေး ဖြစ်နေသည်။

ဖိုးတာ၏ဘေးမှာ ဦးမျိုး ရောက်သွားရကာ လက်ကို ဆွဲ၍ ...

"ဖိုးတာ ပြန်ခဲ့ ... သူများအိမ်ကို အဲသလောက်ကြီး ဝိုင်းကြည့်နေတာ မကောင်းဘူး ... လာခဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောစဉ်ခိုက် ...

"ဟိုမှာ အရုပ်လေး အဖေရ ... အရုပ်လေး"

ဟု ကောင်မလေးကို လက်ညှိုးထိုးပြသည်မှ ချစ်စိတ်ဖြင့်ပါ ဖိုးတာ၏ မျက်ဝန်းတွေထဲမှာ ကလေးမလေးကို ချစ်နေတာ အရမ်းကို သိသာစွာ ပေါ်ထင်နေကြသည်ပါပဲ။

"ထိုင်တဲ့ ခုံကြီးတွေက လှလိုက်တာ အဖေ၊ စားပွဲတွေကလည်း လှလိုက်တာ၊ ပန်းအိုးလေးကလည်း လှတယ်နော် အဖေ၊ မနက်ဖြန် သား ဖန်ခွက်ထဲမှာ ပန်းအိုးထိုးမယ် သိလား"

ဟု သူ့များအိမ်က ဖန်ပန်းအိုးထဲမှ နှင်းဆီပွင့်လေးတွေ လှနေတာကိုလည်း အားကျလျက် ဖိုးတာပြောတော့ ဦးမျိုးခေါင်းပဲ ညိတ်ပြသည်။ အိမ်မှာက တုတ္တုတန်တန် စားပွဲတစ်လုံးတောင်မှ ရှိတာမဟုတ်။ မိထွေး အဝတ်တင်ညှပ်သည့် စားပွဲအိုချေးလက်လေးသစ် တစ်လုံးပဲ ရှိသည်။ ထိုစားပွဲပေါ် ဖိုးတာက ဖန်ခွက်ပန်းအိုး တင်ဦးမည်တဲ့။ တင်ချင်လည်းတင်။ သူကြိုက်တာလုပ်ပြီး နားအေးလျှင် ကိစ္စပြီးသည်လေ။

"ကဲ ... ပြန်မယ် ဖိုးတာ၊ ပြန်မယ်"

ဟု ပြောစဉ်ခိုက် နှုတ်ခမ်းစူလာသည့် ဖိုးတာ ...။





"ဟာ ... အဖေကလဲ ဟိုမှာ မြင်းစီးပြီး သေနတ်ပစ်တဲ့ မင်းသားကို ကြည့်ဦးမယ် အဖေရာ၊ လှလိုက်တာ အဖေ၊ မြင်းကြီးက မနက်ဖြန် လမ်းမှာ အငှားစီးအတွက် ခေါ်လာတဲ့ မြင်းကို သားစီးမယ် အဖေ ..."

ဟု အာလုတ်သံကြီးဖြင့် ပြောပြန်၏။

လမ်းထဲမှာတော့ ကလေးတွေ မြင်းအပျော်စီးနိုင် မြင်းသမားတစ်ယောက် အမြဲတမ်း အညိုရောင် မြင်းလိမ္မာကောင်ကို မနက်ပိုင်းဆို ဆွဲ၍ ရောက်ရောက်လာတတ်သည်။ ကုန်းနှီးတွေ ဘာတွေလည်း ပါသည်။ ကလေးတွေကတော့ ခါစီး တစ်ဆယ်နှင့် လမ်းထိပ် ဟိုဘက်သည်ဘက် လေးငါးက်လောက်တော့ စီးဖြစ်ကြပါ၏။ မြင်းစီးသည် ဆိုပေမဲ့ ပိုင်ရှင် ကိုတုတ်က ဘေးက လိုက်ထိန်း၍ မြင်းလမ်းလျှောက်ကို စီးသည့် သဘောပါပဲ။

ခု ... ဖိုးတာက ဖန်သားပြင်ပေါ်မှ မင်းသားကို ည့်၍ မနက်ဖြန် မြင်းစီးဖို့ စိတ်ကူးထားနှင့်နေပြီ။

အရုပ်ထဲမှာ အရုပ်ကြီး ကလန်ကလားဖြင့် ကလေး ၍ ဖိုးတာ မြင်းစီးတာလည်းအခါခါ။ ပေးတော့လည်း ကလေး ပေးသလို တစ်ဆယ်ပေးသည်။ စီးတော့လည်း လမ်းထိပ် က်သည်ဘက် လေးငါးခေါက်နှင့် မနားချင်။ ခြောက်ခေါက် ခေါက်လောက်လည်း အဆစ်စီးချင်သေးသည့် ဖိုးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်မျိုး ခက်လာသည်က ဖိုးတာ မင်းသား စတိုင်ထုတ် ဂိုက်ထုတ်တတ်နေခြင်းပါ။ ဒါပေမဲ့ ဆော့တာကလည်း မရပ်။ ဂေါ်လီလိုမ့်လည်း မရပ်။ ခွေလှိမ့်လည်း မရပ်။ သားရေ ကွင်းလည်း ပစ်မြဲ။ ညဘက် လမ်းထဲ ရှင်းစပြုပြီဆိုလျှင် ဘောလုံး လေမပြည့်တပြည့် အစုတ်ကြီးနှင့် ကလေးတစ်အုပ်နှင့် လည်း ဘောလုံး ကန်နေဆဲ ...။

"ဖိုးတာ လာခဲ့ဆို ... ဟဲ့ ကလေးတွေ ပြန်ကြ ... ပြန်ကြ ဒါမှမဟုတ် တခြားသွားကစားကြ"

ဟု ဦးမျိုး အတင်းကြီး ကလေးတွေကိုလည်း ပြန် ခိုင်းရ။ ဖိုးတာကိုလည်း ခေါ်ပြန်ရနှင့် လုပ်နေရပါပြီ။

ဖိုးတာ မျက်နှာ စူအောက်အောက်ဖြင့် ဘေးမှ ပြန် ပါလာရသည်။

နောက်ဘက်ကို တစ်ချက် လှည့်ကြည့်သေးလျှင် စိတ်လက်မကုန်နိုင်သေးဘဲ သံယောဇဉ်က မြင်းစီးမင်းသားအပေါ် မှာ ကျန်နေသေးသည့် အဖြစ်။

"အဖေကလဲ ... ဟိုမှာ ဘယ်လောက်ကြည့်ကောင်းနေလဲ ကလေးမလေးကလည်း အရုပ်လေး ကျတောပဲ၊ တီဗီက လည်း မြင်းစီးနေတယ် ... နှစ်ခုလုံး ဒီလောက်ကြည့်ကောင်း နေတဲ့ ဥစ္စာ ... ခေါ်ပြန်လာတယ်၊ အလကားနေရင်း





အဖေက လိုက်လိုက်ခေါ်နေတာပဲ၊ အိမ်မှာ ဆေးလိပ်သောက် နေရင် ပြီးရော ..."

ဟုပင် ဖိုးတာက အပြစ်တွေ တင်နေပြန်သေးသည့် အဖြစ်။

ဦးမျိုး သက်ပြင်းသာ အနိုင်နိုင် ရှိုက်ချလိုက်ရပါ ချေသည်တကား ...။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာ ခေါင်းတုံးမတုံးဘဲ ရှိုးများနေတတ်တာ
မင်းသားစိတ် ဝင်နေကတည်းက …။ ကိုကျော်လတ်ကလည်
တစ်နေ့တစ်နေ့ မင်းသားတွေ တစ်ယောက်ပြီးတစ်ယောက် ပြော
ပြောင်း 'တူပေးနေလိုက်၊ ဖိုးတာကလည်း တစ်နေ့ တစ်
ရန်အောင် ဖြစ်လိုက်၊ ဒွေးဖြစ်လိုက်၊ ဝေဠုကျော်ဖြစ်လိုက်
စိတ်ကူးလ်က်ရ ပျော်နေသည်ပါပဲ။

ဒါပေမဲ့ ခက်သည်က ဤလုမ်းထဲမှာ ဖိုး
မဆော့ဘဲလည်း နေတာမဟုတ်။ လမ်းဘေးဆိုင်က ရောင်းသ
ကော်မျက်မှန်ကြီးကို တပ်၍ တပ်၍ ဂွေလိုမ့်နေတတ်သည်ပါ
ဂလေးတပ်သည့် မျက်မှန်မျိုးကို မင်းသား ရှိုးဖြင့် တပ်ထားရ
ဖိုးတာ အိမ်က မထွက်မီ မှန်ရှေ့မှာ ရှေ့ပြန်နောက်ပြန် ကြည့်ပြီ
ကစားဖို့ ထွက်ချင်ထွက်၊ သမဝါယမဆိုင်ဘက် ရောက်ချင်ရော
မုန့်ဟင်းခါးရောင်းသည့် ဒေါ်ခက်ဆိုင်ကိုပဲ ဖြစ်ဖြစ် ရောက်
ရောက်။ ခေါင်းမှာလည်း ဆီအရွှဲသား လိမ်းထားလျက် မျက်မှန်





နှင့် နေပူကြီးထဲမှာ လမ်းသလားနေရင်း ရှိုးပြနေတတ်သည်က
လည်း ဖိုးတာပါ …။ လမ်းထဲက လူတွေအားလုံးကတော့ ဖိုးတာ
ကို ချစ်ကြတာမို့ ပြုံးစိစိနှင့် ကြည့်တတ်ကြလျက် …။

ဦးလှိုင်မှ …

"ဟ … ငါ့ဖိုးတာက ဒီနေ့တော့ ဒွေးပဲဟေ့ …"

ဟု ဆိုလျှင် မျက်မှန်လေး လက်ဖြင့် မသိမသာ
ပင့်၍ ကိုယ်ကိုတွန့်လိုက်ကာ …

"ဟာ … ဦးလေးကလဲ ဒီနေ့ သားကို ဦးကျော်လတ်က
ကျော်ဟိန်းတဲ့ဗျ …"

ဟု ပြန်ပြင်ပေးတတ်သေးသည့် အဖြစ်မျိုး …။

မနက်ဘက် အုတ်ခဲတုံး နှစ်တုံးနှင့် အလေးတွေ
ဘာတွေ မ, …။

ရေတဗွမ်းဗွမ်း ခလောင်းချိုး။ ပိုက်ဆံစု၍ ဝယ်ထား
သည့် ရိုစ်ဆပ်ပြာခဲကို အုန်းဆံဖတ်နှင့် ပွတ်တိုက်ပြီး အုန်းဆံဖတ်
တွေဖြင့် ချေးတွေ နင်းကန်တွန်း …။ မိထူး၏ အလှဆီ
ပုလင်းကို ခိုးယူပြီး လက်တွေ ခြေထောက်တွေမှာ လူး …။ မိထူး
၏ မိုးပွင့်တွေ လက်တစ်ကော်ယူ၍ မျက်နှာမှာ လူး …။ အဖေ့
လက်ကျ စပို့ရှပ်အဟောင်းလေးကို ရှိုးထုတ်၍ ဝတ်။ ထုံးစံအတိုင်း
ကော်မျက်မှန် မီးခိုးရောင်ကို တပ်၊ ခေါင်းဆီအရွှဲသားနှင့် နှုတ်မှာ
လည်း ဖိုးတာ အိမ်မှထွက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့မို့ ဦးမျိုး ဤနေ့မှာ အလုပ်မသွား။ ဖိုးတာကတော့ ရှိစ်ဆယ်ပြားနဲ့ တသင်းသင်းနှင့် လမ်းပြင်ရောက်ပြီ။ ဤနေ့မနက်မှာက ထမင်းကြော်ကို သားအဖတစ်တွေ စားဖြစ်ခဲ့ကြတာမို့ ဖိုးတာ တော်တော်နှင့် နေ့လယ်ဘက် ထမင်းပြန်လာစားဦးမှာ မဟုတ်။

ဒေါ်ခက်ကမှာ၊ မုန့်ဟင်းခါးကျွေးလိုက်တာမျိုး ရှိလျှင် ပိုဆိုသည်။ နေ့လယ်စာ လာစားဖြစ်တော့မှာ မဟုတ်။ သမဝါယမ ဆိုင်ဘက်ကို ရောက်လျှင်တော့ ကိုကျော်လတ် တိုက်သည့် လက်ဖက်ရည် တစ်ခွက်ကို သောက်။ ခိုင်းတာလေးတွေ လုပ်။ ဆိုင်ရှေ့မှာ ရှိုးပြ လမ်းသလားချင်လည်း လမ်းသလားနေချင်ဦးတော့မည်။

"ဖိုးတာ ... နေ့လယ် ထမင်း ပြန်စားလှည့် ... ခေါက်ဆွဲကြော်နဲ့ ထမင်းစားကြမယ် ... ကြားရဲ့လား"

"ခေါက်ဆွဲကြော်က ကြက်သားနဲ့ ကြော်မှာလား အဖေရ၊ ကြက်သားနဲ့ ကြော်နော် ... စိတ်ချ ... သား လာစားမယ် မကြော်ဘဲလည်း မနေနဲ့ဦး အဖေရ၊ မေ့လည်း မေ့မသွားနဲ့ဦး ... ခေါက်ဆွဲကြော်မယ် ဆိုထားပြီးတော့မှ ငါးပိရည်ဖျော်ကြီးနဲ့ တို့နေဦးမှာ အဖေ့၊ သေချာကြော်နော် မိထူး ကြားတယ်မဟုတ်လား၊ အဖေက ခေါက်ဆွဲကြော်မှာတဲ့ ... အဲဒါ အပျင်းထူပြီး မကြော်ဘဲ မနေနဲ့ ... ကြားရဲ့လား ... ပျင်းကြောဆွဲမနေနဲ့ဦး ..."





ခေါက်ဆွဲကြော်ဆိုတာနှင့် မျက်နှာချိုးလေး ချိုးကျသွားလျက် လမ်းထဲမှ အိမ်ရှေ့ ပြန်ရောက်။ အဖေကို သေချာ မျက်နှာချိုလေးဖြင့် မှာ။ ညီမ မိထူးကိုကျတော့ မျက်နှာချိုလျက် မှာပြီးမှ ဖိုးတာ မြောက်တောက်မြောက်တောက်နှင့် လမ်းပြင် ပြန်ရောက်သွားပါ၏။

လေလေးချွန်၍ ဖိုးတာ ထွက်သွားတော့မှ မိထူး မျက်နှာလေး မကောင်းချင်ဘဲ အဖေလုပ်သူကိုကြည့်ကာ ...

"အစ်ကို ဖိုးတာက မိထူးဆို သိပ်နိုင်တာပဲ အဖေ"

ဟု ပြောကျန်ခဲ့ပါ၏။

ဖိုးတာကတော့ ခြေထောက်တွေ ချေးတွန်းပြောင်နေလျက် အလှဆီဖြင့် စိုဝင်းနေတာကို သဘောတကျကျဖြင့် ငုံ့ကြည့်ပြီးမှ လမ်းအတိုင်း ဆက်လျှောက်လာသည်။ တစ်ချက် ခပ်တွေတွေ စဉ်းစားမိသည်က သမဝါယမဆိုင်ဘက်ကိုပဲ အရင်သွားရမလား။ ဒေါ်ခက် မုန့်ဟင်းခါးဆိုင်ကိုပဲ သွားလျှင် ကောင်းမည်လား ...။ ဒေါ်ညို့ မုန့်ဟင်းခါးဆိုင်ကိုပဲ သွားလျှင် ကောင်းမည်လား ဆိုသည့်အတွေးဖြင့်ပါ။

နောက်တော့ ဒေါ်ခက် ဆိုင်ဘက်ကို ထွက်ခဲ့သည်။

လျှောက်လာရင်းမှလည်း တိုက်သစ်ဘက်ကို ပြောင်းလာသည့် အိမ်ရှေ့ကိုလည်း တကြည့်ကြည့် လုပ်လာသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဤမနက်မှာတော့ သံဘာဂျာတံခါး၏ အတွင်းဘက်မှ သစ်သား တစ်ခါးရွက်တွေ ဖွင့်မထားသေး။ ဖိုးတာ တစ်ချက် ခေါင်းတငဲ့ငဲ့ ဖြင့် ကြည့်နေမိသေးသည်။ တံခါးရွက် ပွင့်သွားကာ ကောင်မလေး များ ပြုံး၍ ရပ်ကြည့်လာချေမည်လားဆိုသည့် မျှော်လင့်ချက်က လည်း ပါလိုက်သေးသည်။ အရုပ်လေးနှင့် တူသည်မို့ ဖိုးတာစိတ်ထဲ မှာ ထိုကလေးမလေးကိုတော့ အတော်ကြီး ချစ်နေမိသည်၊ လမ်းထဲက ချာတိတ်မလေးတွေနှင့် မတူ ...။ ဤကောင်မလေး က ပို၍ အရုပ်လေးနှင့် တူနေသေးသည့် အဖြစ်။

ဒေါ်ခက် မုန့်ဟင်းခါးဆိုင်ရောက်တော့ ဒေါ်ခက်မှ ပြုံး၍ ...

"အတော်ပဲ ... အတော်ပဲ ... ဒေါ်ကြီးကို ဈေးပြေးပြီး ဘူးသီးလေး ဝယ်ခဲ့စမ်းပါ ဖိုးတာ၊ ဒီမှာ မုန့်ပွဲအတွက် ဘူးသီးကြော် ကုန်နေပြီ ..."

ဟု ပြောတော့ ဖိုးတာမှ လက်ဝါးဖြန့်၍ ...

"ဟိုဆိုင်က မဟုတ်လား ... အသုတ်ရှောင်းတဲ့ ဒေါ်ကြီး သက်ရဲ့ ဆေးက ဟင်းရွက်ဆိုင်က မဟုတ်လား၊ ဒေါ်မြင့်မြင့် ဆွေ ဆိုင်ကလေ ... စိတ်ချ ဘူးသီးနုနု ဝယ်လာခဲ့မယ်၊ ဒေါ်ကြီးဆွေက ဘူးသီးနုံ့ သားလာဝယ်ရင် အကောင်းကို ရွေးပေးတာ၊ ဒေါ်သက် အသုတ်ကလည်း စားကောင်းတယ် ဒေါ်ကြီးရ ..."





ဟု ပြောနေတော့ ဒေါ်ခက် ရယ်သည်။ ဖိုးတာ ဒေါ်သက် အသုတ် အုပ်ချင်နေတာသိသည်မို့ ...

"ရော့ပါတော် ...ရော့ပါ၊ ဒါက ဘူးသီးဖိုး ... ဒါက ကျုပ်ရဲ့ ဖိုးတာလေးအတွက် အသုတ်ဖိုး ... အသုတ်ပါ ဝယ်စားခဲ့ ..."

ဟု ပြောတာနှင့် ဖိုးတာ မျက်နှာပြုံးကျချေသတည်း။

ခေါင်းမှာ ဆီအရွဲသားရှိနေလျက် ဆံပင်တွေ ဘီးနှင့် ဖြီးထားတာ ခေါင်းမှာ ကပ်နေကြပါသည့် အဖြစ် ...။ နေပူထဲ ထွက်လာတာမို့ အုန်းဆီတွေ ပို၍ ရွဲကျလာကာ မျက်နှာထက်မှာ ဆီကြောင်းလေးတွေ စီးကျလာကြသည်မို့ ...

"လာစမ်းပါဦး မင်းသားလေးရယ် ... ဒေါ်ကြီး သုတ်ပေး ပါ့မယ် ..."

ဟု ပြောလည်းပြော ပခုံးပေါ် တင်ထားသော တဘက်နှင့် ဒေါ်ခက်မှာ ဖိုးတာ့ မျက်နှာထက်မှ အုန်းဆီတွေကို သုတ်ပေးနေရပြန်ပါ၏။

ဖိုးတာကတော့ ခေါင်းလေး တယိမ်းယိမ်းဖြင့် ...

"ဟာ ... မီထူး မိုးပွင့်တွေ ယူလူးလာတာ ကုန်တော့မှာပဲ၊ အကုန်လုံး မသုတ်ပစ်ပါနဲ့ ဒေါ်ကြီးရ ... ဟာ ... ကုန်ပါပြီ"

နှင့် စိတ်ညစ်နေသံကြီးနှင့် ပြောနေသည်။ ဒေါ်ခက်မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ ဖိုးတာလေးကို ဈေးပြန်လာတော့မှ မိုးမွှင့်ရော ပေါင်ဒါရော ထပ်ရိုက်ပေးပါ့မယ်တော် ..."

ဟု ပြောနေမှ စိတ်လက်ကြည်လင်သွားပုံဖြင့် ဖိုးတာ သွားဖြဲလေး ပြန်ဖြစ်သွားပါ၏။ ပလတ်စတစ် ဈေးခြင်းကြီးဆွဲ၍ တစ်လမ်းကျော်မှ ဈေးကို ဖိုးတာ သုတ်သုတ်ပြေးသည်။ ဘူးသီး နှစ်လုံး ဝယ်သည်။ ပါလာသည့် ပိုက်ဆံ ထုတ်ပေးသည်။ ပိုတာ လိုတာကတော့ ဒေါ်ခက် ဈေးရောက်မှ ဈေးသည် ဒေါ်ဆွေနှင့် ရှင်းကြ။ ပေးလိုက်သည့် ပိုက်ဆံက ပိုနေလျှင် ဒေါ်ဆွေက ဒေါ်ခက်ကို ပိုငွေပြန်အမ်းသည်။ ပေးလိုက်သည့် ပိုက်ဆံက မလောက်လျှင် ဒေါ်ခက်က ဒေါ်ဆွေကို လိုငွေ ထပ်ပေးသည်။ ဤသည်က အဝယ်တော် ဖိုးတာနှင့် ပတ်သက်၍ ဒေါ်ခက်နှင့် ဒေါ်ဆွေတို့ကြားမှာ ရှိနေသည့် နားလည်ထားမှုပါ။

ဖိုးတာကတော့ ဘူးသီးနှစ်လုံး ထည့်ထားသည့် ခြင်းတောင်းကို ဘေးချ၍ အသုပ်ကို ငရုတ်သီးစပ်စပ်နှင့် အုပ် နေပြီ။ ကြာဆန်သုတ် ငရုတ်သီးစပ်စပ်၊ ငံပြာရည်များများနှင့် သံပုရာသီး များများညှစ်ထည့်၍ အာလူးပြုတ်နိုင်နိုင်ဖြင့် ဖိုးတာ ခံတွင်းတွေ့နေကျ ...၊ စားနေကျ ...။ ဟင်းရည်ပူပူကိုလည်း မှုတ်မှုတ်သောက်ပါ၏။ ဘူးသီးဟင်းခါးရည်ကိုလည်း နှစ်ပန်းကန် လောက်တော့ ဖိုးတာ သောက်နေကျ။ ဒေါ်သက်ကလည်း ဖိုးတာ ကိုဆို ချစ်သည်မို့ ဘယ်တော့မဆို အသုတ်လည်း ပိုပိုသာသာ





ထည့်ပေးသည်။ ဟင်းရည့်ဆိုလျှင်လည်း ဖိုးတာ သောက်နေသည့် ပန်းကန်လုံးထဲမှာ ဟင်းရည်ကုန့်တော့မည်ဆိုတာနှင့် ယောက်ချို ဇွန်းကြီးဖြင့် ခပ်ခပ်ဖြည့်ပေးသည်ချည်းပါ။

ရှုံးရှဲနှင့် ဖိုးတာကတော့ အသုပ်စပ်စပ် ချဉ်ချဉ်ငံငံ ကို အရသာ တတွေ့တွေ့ဖြင့် စားနေသည်ပါပဲ ...။

"ဒေါ်ကြီး ... သားတို့ လမ်းမှာလေ အိမ်သစ်ကြီးမှာလေ လူတွေ ပြောင်းလာပြီဗျ ... ပစ္စည်းတွေမှ အများကြီး၊ ကားကြီးတွေနဲ့ သယ်လာတာဗျ၊ လူတွေကလည်း ရှိုးတွေ ကောင်းတယ်ဗျ၊ အဝတ်တွေမှ လှလိုက်တာ ... အသစ်တွေ ကို အိမ်ထဲမှာတောင် ချဝတ်ကြတယ် သိလား ... ကောင် မလေး တစ်ယောက်လည်းပါတယ်၊ အရုပ်လေး ကျနေတာပဲ၊ ချစ်စရာကောင်းတယ် သိရဲ့လား ... အဲဒါ သားနဲ့လမ်းထဲမှာ တူတူကစားဖို့ သူ့အဖေအမေတွေက အိမ်ပေါ်က ပေးဆင်း ပါ့မလားမသိဘူး သိရဲ့လား၊ သား သူနဲ့ကစားချင်တယ်"

ဟု ဟင်းရည်တွေ တရှူးရှူး မှုတ်မှုတ်သောက်နေရင်း ပြောတော့ ဒေါ်သက်ရယ်နေသည်။ ဖိုးတာ ကလေးတွေ ချစ်တာ၊ ကလေးတွေနှင့် ကစားတာ တစ်လမ်းလုံး အသိ။ တစ်ဈေးလုံး အသိ။ လူကြီးကိုယ်နှင့် ကလေးစိတ် ဖြစ်နေသည့် ဖိုးတာကို လူတွေကတော့ ကလေးဟုပဲ သတ်မှတ်ရင်း ချစ်ကြ မေတ္တာပိုကြ သည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း အသစ်ပြောင်းလာသည့် လူချမ်းသာတွေ ဝတ်ကောင်းစားလှ ရှိကြတာကိုလည်း သဘောတကျကျဖြင့် အားကျသံကြီးနှင့် ပြောနေသည့် ဖိုးတာ အလုကြိုက်ကို ဒေါ်သက်မှ ...

"အံမယ်လေး ... ဒေါ်ကြီးတို့ ဖိုးတာက ဒီလောက် အဝတ်နဲ့ကို မင်းသားနဲ့ကို တူနေတာ ..."

ဟု ပြောတော့ အမြှောက်ကြိုက် ဖိုးတာ တဟဲဟဲနှင့် သဘောကျနေသည်။ ပြီးတော့မှ ...

"ဟာ ... ခုမှ သတိရတယ် ..."

ဟု ပြောပြီး စပို့ရှပ် အင်္ကျီအိတ်ထဲမှ မီးပူကျ ခေါက်ထားသည့် လက်ကိုင်ပဝါ လှလှလေးကို ထုတ်၍ စတိုင်လေးဖြင့် မျက်နှာမှ ချွေးတွေကို သုတ်နေပြန်၏။ ကြည့်ရတာ မိထူး လက်ကိုင်ပဝါလေးကို ဖိုးတာ အလစ်အုပ် ယူလာတာ ဖြစ်မည်ဟု ဒေါ်သက် ပြုး၍ ကြည့်နေမိရသည်ပါပဲ။

"ဖိုးတာ ... မိထူးဟာ ယူလာပြန်ပြီပေါ့လေ ..."

"ဟာ ... မိထူးမှာ အများကြီးပဲ ဥစ္စာ၊ သား တောင်းတော့ တွန့်တိုနေတယ် ဒေါ်ကြီးရ၊ သူ့ဥစ္စာဆို သိပ်နမျောပဟာ ကပ်စေးကုတ်နေတာ၊ သား စုထားတဲ့ ပိုက်ဆံကိုကျတော့ တောင်းကြည့်နေချင်သေးတယ်၊ သူ ရေပေးမယ်တဲ့၊ မရေနဲ့ အဖေ့ကိုပဲ ရေခိုင်းမယ်လို့ သားက ပြန်ပြောထည့်လိုက်





တာပေါ့၊ လက်ကိုင်ပဝါ တစ်ထည် ဝယ်ပေးပါဆိုတော့ တောင်းတဲ့ ပိုက်ဆံကိုကြည့် ... ကိုးဆယ်ပေးတဲ့၊ သားက ဘယ်ပေးတော့မလဲ ... ဒီလောက်များတဲ့ ပိုက်ဆံ ... သူ မသိအောင် သားက သူ့လက်ကိုင်ပဝါ ခဏယူသုံးလိုက်တာပေါ့၊ သူ့မှာ လက်ကိုင်ပဝါတွေ အများကြီး ရှိတာပဲ ဥစ္စာ"

ဟု ပြောနေတော့ ဒေါ်သက် ပြုး၍သာ ကြည့်နေလိုက်ရသည်ပါပဲ။

လက်ကိုင်ပဝါလေးကို ပြန်ခေါက် အိတ်ကပ်ထဲ ထည့်မလိုလုပ်ပြီးမှ ဖိုးကြွား ဖိုးတာ ပြန်၍ လက်ကိုင်ပဝါလေးကို ဖြန့်ပြပြန်သည်။

"တွေ့လား ... နှင်းဆီပွင့် အနီရောင်တွေနဲ့ သိပ်လှတာနော် ... သိပ်လှတာနော်"

ဟု ပြောနေပြန်သေးသည့် အဖြစ်။

"ဖုတ်ပါ ... လှလိုက်ချက် ... ပြန်သိမ်းထားလိုက်၊ ပျောက်လည်း မပျောက်စေနဲ့ဦး မင်းသားရဲ့ ... လက်ကိုင်ပဝါက အသစ်လေးရယ် ... ပျောက်သွားရင် မိထူး နမျောနေ့ပါ့မယ်"

"အို ... ဘယ်သူက ပြန်ပေးမှာမို့လို့လဲ ... သား အပိုင် ယူလိုက်တော့မယ် ... ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်ကိုင်ပဝါလေးကို ကြည့်ရင်း ကြည့်ရင်း အပိုင်စီးချင်စိတ်ဖြင့် ဖိုးတာ ပြောတော့ ဒေါ်သက် ရယ်ပဲရယ်နေလိုက်သည်ပါပဲ။

ဖိုးတာကတော့ လက်ထဲ ဆုပ်ထားခဲ့သည့် ပိုက်ဆံ ဒေါ်သက်လက်ထဲအသုတ်ဖိုး ရှင်းလိုက်ပြီးတော့မှ ဈေးခြင်းဆွဲ၍ ဆိုင်မှထွက်ပါ၏။ ပြီးတော့မှ လျှောက်လက်စ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားကာ နောက်ဘက်ကို ပြန်လှည့်၍ ...

"ဟာ ... ဒုက္ခပဲ"

ဟု အလန့်တကြားရေလး ဆီရွှဲနေသည့် ခေါင်းကို ပွတ်၍ ပြောတော့ ဒေါ်သက်မှ ...

"ဟဲ့ ... ဘာဖြစ်ရပြန်တာလဲ ဖိုးတာ"

"အဖေက ပြောထားတယ်၊ ခေါက်ဆွဲကြော်ထားမယ်တဲ့၊ ထမင်း ပြန်လာစားတဲ့၊ ခု အသုပ်တွေ နင်းကန်စားထားတာ ဗိုက်အင့်နေပြီ၊ ဒုက္ခပဲ ... မေ့သွားတယ်"

နှင့် စားတုန်းက ဟင်းရည် နှစ်ပန်းကန်လောက်လည်း သောက်၊ မုန့်ပွဲလည်း အုပ်နှင့် ရှိခဲ့သမျှ အသုပ်တွေ စေတနာသုံးတန်ဖြင့် ပိုပိုမိုမိုကြီး ထည့်ပေးမိသည့် ဒေါ်သက်ပင် မှားနေသလိုကြီး ဖြစ်နေတော့ ဒေါ်သက် ရယ်ရင်းမှ ...

"နေ့လယ်မှ စားမှာပဲ ဖိုးတာရယ် ... ကိစ္စမရှိပါဘူး၊ လမ်းထဲ ဆော့လိုက်တာနဲ့ ဗိုက်ချောင်မှာ ..."





ဟု ပြောမှ ရယ်လိုက် ပြုံးလိုက် ပြန်ဖြစ်သွားသည့် ဖိုးတာပါ။ ဈေးခြင်းဖြင့် ဖိုးတာ လျှောက်တော့ ဒေါ်သက် ...

"ဖိုးတာ ဘူးသီးဖိုး ပိုက်ဆံကို ဒေါ်ကြီး ပြန်အမ်းရဦးမှာလို့ ဒေါ်ခက်ကို ပြောလိုက်ဦး ... ကြားရဲ့လား၊ မှတ်ကော မှတ်မိနေရဲ့လား ..."

"ဟာ ... မှတ်မိပါတယ် ဒေါ်ကြီးကလဲ ... သားက မမေ့တတ်ပါဘူး၊ ဒါလေးများ အပျော့ရယ် ... ဒီမှာကြည့် သားပြောပြမယ် ... ပိုက်ဆံ ပြန်အမ်းမယ်၊ ဟုတ်တယ် မဟုတ်လား ..."

ဟု ပြောပြီးမှ တပ်ထားသော မျက်မှန်ကို ဆီရွှဲ ...ပင်ပေါ် စတိုင်ဖြင့် အပေါ်တင်၍ ချိတ်ပြန်၏။ ပြကွဒိန်ထဲမှာ ...က်မှန်လှလှကြီးကို ခေါင်းပေါ် အလှချိတ်၍ ရိုက်ထားတာကို ...က်အတူခိုးမှန်း မင်းသားရှူး ဖိုးတာကို အကြောင်းသိလျက်ဖြင့် ...ါသက်ကတော့ ပြုံးစိစိ ဖြစ်ရသည်ပါပဲ။

ဖိုးတာကတော့ ဘူးသီးခြင်းကို လက်မှဆွဲ လေလေး ...ချွန်ချွန်။ ကော်မျက်မှန်ကြီး ခေါင်းပေါ်ချိတ်၍ ဈေးထဲမှ ...က်ခဲ့ချေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ခြင်းတောင်းကို မီးဖိုခန်းထဲ ဝင်ထား ပြီး ဖိုးတာ ဖင်ထိုင်ခုံလေးမှာ ထိုင်လိုက်ပြီးသည့်နောက် ဆိုင်ရှေ့ ဘက်ကို တစ်ချက် လှမ်းမျှော်သည်။

ဒေါ်ကြီးခက် ပေးထားသော ကတိရှိသည်လေ ဖိုးတာကို မိုးပွင့် လှူးပေးမည်ဟု ...။ ဖိုးတာ ရေစည်သို့ သွားက ရေတစ်ဖလား ခပ်သည်။ မျက်နှာသစ်သည်။ သဘောက မိုး လှူးဖို့အတွက် မျက်နှာထက်မှ ချွေးတွေကို သန့်စင်ဖယ်ရှားခြင်း

ဒေါ်ခက်ကတော့ ဆိုင်ထဲမှ ရောက်မလာသေး။

ဒေါ်ခက်မှ ဆိုင်ကို ဤနှစ်ထဲမှာ အဖီအသစ်လေး ထုတ်၊ အိမ်ကိုလည်း အုတ်လေး ဘာလေး တက်ထားလိုက်သည် နှစ်ထပ်အုတ်ကာ အိမ်လေးတစ်လုံးတော့ ဖြစ်သွားပြီ။

ဖိုးတာကတော့ ဒေါ်ခက်ကို တမျှော်တည်း မျှော်ေ ဆဲ ...။





ဒေါ်ခက်ဆိုတာက မုန့်ဟင်းခါးအတွက် အကြော်ကို အပြင်မှ မမှာ။ မီးဖိုထဲမှာပဲ ဘူးသီးကြော်နှင့် ပဲကပ်ကြော်၊ ကြက်သွန်ကြော်တို့ကို ကြော်သည်။ ငါးဖယ်ဆုပ်ကြော်သည်။ ထိုသို့ စေ့စပ်သော ဒေါ်ခက် ဤနှစ်မှာ မူလ နှစ်ထပ် ပျဉ်ထောင်အိမ်လေးကို အုတ်ကာဖြစ်သွားအောင် ပြင်ဆောက်လိုက်နိုင်တာ မဆန်း။

"ဖိုးတာ မောနေလား ... မုန့်ဟင်းခါး စားလိုက်မလား"

ဒေါ်ခက်၏ သမီး မိထွန်း မေးတော့ ဖိုးတာ ခေါင်းခါသည်။

"ဒေါ်ကြီးခက်က သားကို မိုးပွင့် လှူးပေးမယ်လို့ ပြောထားတာ၊ သား ခဏနေရင် အဖေ့ဆီ ပြန်ရမှာ ... အဖေက ခေါက်ဆွဲကြော်နဲ့ ထမင်း ပြန်လာစားတဲ့ မှာထားတယ်ဗျ"

"ဒါဆိုလည်း အပြန်ကျရင် ဦးလေးအတွက်ရော မိထူးအတွက်ရော မုန့်ဟင်းခါး ယူသွားဦး ... ချိုင့်နဲ့ပဲ ထည့်ပေးလိုက်မယ်၊ ကောင်းကောင်းလည်း ချိုင့်ကို ကိုင်သွားဦး"

မိထွန်း ပြောတော့ ဖိုးတာ ပျော်သွားသည်။ အဖေ့ကို မုန့်ဟင်းခါးနှင့် မျက်နှာလုပ်ရတော့မှာမို့ မျက်နှာက ပြုံးကျသွားသည်ပါပဲ။ စောစောက မိုးပွင့်ဆောကပ်နေတာပင် လတ်တလောမှာ မေ့မေ့လျော့လျော့ ဖြစ်သွားသည်။ မိထွန်း ဘူးသံးစိပ်လေးတွေ လှီးနေတာကို ဘေးမှာ ထိုင်ကြည့်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... စိတ်ချပါ မမထွန်းရ၊ သေချာကို ကိုင်သွားပါ့မယ် မမထွန်း ရ၊ ဟို ... အဖေက မုန့်ဟင်းခါးဆိုသိပ်ကြိုက်တာ၊ ငါးဖယ်ဆုပ်ကြော်လည်း ကြိုက်တယ်၊ ပဲကပ်ကြော်လည်း ကြိုက်တယ်၊ ဘူးသီးကြော်လည်း ကြိုက်တယ်၊ နံနံပင်လည်း ကြိုက်တယ်၊ အဲဒါတွေလည်း ထည့်ပေးလိုက်နော်၊ အိမ်မှာရှိတဲ့ ငံပြာရည်ကလည်း မကောင်းဘူး မမထွန်းရ၊ ငံပြာရည်လည်း ဟင်းရည်ထဲ တစ်ခါတည်းဆမ်းပေးလိုက်နော်၊ ရေတတ်သီးလှော်မှုန့်လည်း မမေ့နဲ့ ... သိလား"

ဟု အဖေကို မျက်နှာလုပ်ချင်နေသမျှ ဆိုင်မှာရှိနေသည့် အကြော်လည်း စုံ ငံပြာရည်ပါ မကျန်အောင် ထည့်ပေးဖို့မှာနေတော့ မိထွန်းရယ်သည်။ ဖိုးတာထက် မိထွန်းက တစ်နှစ်ကြီးသည်။ ကစားဖက် ...။ မိထွန်း ... မိထွန်းနှင့် ဖိုးတာ ဗိုလ်လုပ်ခဲ့တာကို မိထွန်း ငယ်ငယ်တုန်းက ခံခဲ့ရဖူးသည်။ ယခု မိထွန်းပင် ကလေးတစ်ယောက်အမေ ဖြစ်နေပြီ။ ဒေါ်ခက်က ဖိုးတာကို မှာထားရသည်။ မမထွန်းဟု ခေါ်ဟူ၍ပါ။ လူတွေကြား ထဲမှာ ငယ်ကျင့် မပျောက်ဘဲ မိထွန်း ... မိထွန်းနှင့် ခေါ်ကာ တစ်ခါတစ်ခါ ဖိုးတာက မိထွန်းကို ငယ်နိုင်လုပ်ချင်သည်လေ။ မုန့်စားသူတွေရှေ့မှာဆိုတော့ မမထွန်းဟု ပြင်ပြင်ခေါ်ခိုင်းရင်းမှ ခုကျတော့လည်း ဖိုးတာက မိထွန်းကို မမထွန်းဟု အသားတကျ





ခေါ်တတ်သွားခဲ့ပြီ။ မမထွန်းဟု ပြင်ခေါ်ခဲ့၍လား မသိ။ မိထွန်းကိုလည်း အရင်တုန်းကလို ဗိုလ်မလုပ်တော့ဘဲ မမ တစ်ယောက်ပမာ နည်းနည်းတော့ အနေအထိုင် ပြောင်းခဲ့သည်ပါပဲ။

ဒေါ်ခက်ဆိုတာက ဖိုးတာကို ချစ်သည်မို့ မိထွန်းကို ဖိုးတာ ဗိုလ်လုပ်ခဲ့ပေမဲ့လည်း နားလည်စိတ်ဖြင့် တဖြည်းဖြည်း ပြုပြင်ပေးခဲ့ခြင်းပါ။

ခုလည်း အဖေလုပ်သူ မုန့်ဟင်းခါး စားရတော့မည် ဆိုတော့ ချိုင့်သယ်ဖို့ တပြင်ပြင်နှင့် ရှိနေပြီ။ ထိုင်နေရင်းလည်း ခြေဖဝါးနှစ်ဖက်ကို တစ်ဖက်ပေါ် တစ်ဖက်တင်၍ ပွတ်လိုက် ခြေသည်းကြားထဲက ချေးညှော်တွေကို ကလော်လိုက်နှင့် အလုပ်ရှုပ်နေပြန်သည်။

"ဖိုးတာ ... သိပ်ညစ်ပတ်တာပဲ ... လက်သွားဆေး"

ဟု ပြောတော့ ခုထိ မုန့်ဟင်းခါးပွဲ ပြင်မပေးသေးဘဲ အကြော်တွေ ကြော်နေဆဲ မိထွန်းကို ဖိုးတာ နည်းနည်း မှုန်တေတေ လုပ်ချင်လာပြီ။

"ခြေထောက်တွေကို အုန်းဆံပတ်နဲ့ ဆေးတယ်လည်း ပြောသေးတယ်၊ ခြေသည်းတွေက ရှည်နေတော့ မြေကြီးတွေ ဖုန်တွေ ဝင်ဝင်နေပြီး ညစ်ပတ်လာပြီ၊ မင်းသားကလည်း ဖြစ်ချင်သေးတယ်၊ ညစ်ကလည်း ပတ်သေးတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အကြော်ကြော်ရင်း စိတ်ထဲ ပျင်းလာတာမို့ ဖိုးတာကို အပြောင်အနောက် ပြောနေသည်က မိထွန်းပါ။ တကယ်ပဲ ဖိုးတာ ပေစောင်းပေစောင်းနှင့် လုပ်လာပြီ။ နောက်ဖေးဘက်ကို ဆောင့်အောင့်၍ ထွက်သွားသည်။ မကြာလိုက် ရေလောင်းသံ ကြားရ၏။ ကြည့်ရတာ ခြေထောက်တွေ ထပ်ဆေးနေပုံရသည်။ တအောင့်လောက်ကြာတော့ ဖိုးတာ ပြန်ရောက်လာ၏။ ခြေထောက်တွေ ရေစိုနေသည်မို့ မိထွန်း ပြုံးစိစိဖြစ်နေရပါပြီ။ လက်ကိုလည်း ဖြန့်ပြသည်။ လက်ချောင်းတွေကိုလည်း ကားပြလိုက်သေးသည်။

"ဒီမှာတွေ့လား ... လက်သေချာဆေးလာတယ်"

"အဲဒီလိုမှပေါ့ ... အကြော် စားမလား"

"ဟာ ... မစားချင်ပါဘူးဆို ... ဈေးထဲမှာ အသုပ်စားလာတယ်၊ လုပ်တော့လေ ... မုန့်ဟင်းခါး ထည့်ပေးမယ်ဆို၊ အဖေ ဗိုက်ဆာနေတော့မယ် မမထွန်းရ၊ သိပ်ကြာတာပဲ၊ မပေးဘဲ အလကား ထိုင်နှမျောနေတယ်"

အံမယ် ... သူများမုန့်လည်း သယ်ဦးမည်။ ရန်လည်း လုပ်နေသေးသည့် ဖိုးတာ ...။ မိထွန်းကတော့ ရယ်၍ ကြောင်အိမ်ပေါ်မှ သုံးဆင့်ချိုင့်ကို သွားယူသည်။ မုန့်ဖတ်ကို နှစ်ချိုင့် ဖိသိပ်ထည့်ပေးလိုက်သည်။ တစ်ချိုင့်ကတော့ ဟင်းရည်။ ဖိုးတာပြော





သည့် နံနံပင်တို့ သံပုရာသီးစိတ်တို့ဆိုတာကတော့ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ပေးလိုက်၍ ရလေသည်။ အကြော်လည်း ကြွပ်ကြွပ်အိတ်နှင့် ထည့်ပေးလိုက်၍ ဖြစ်သည်လေ ...။

မိထွန်း ဆိုင်ဘက်ရောက်သွားခိုက် ဖိုးတာက အကြော်ဇာတ်ဖြင့် နီရောင်သမ်းနေသည့် အကြော်တွေကို ဟိုဘက်သည်ဘက်လှန်ပေးပြီး စောင့်နေသည်။ အဖွားကောင်း ဖိုးတာကတော့ အကြော်တွေ ဘာတွေလည်း အရင်တုန်းက လုပ်ပေး၊ ကိုင်ပေး၊ ကူပေးတတ်၊ ကြော်ပေးတတ်သည်လေ။ ခုလို အကြော်ကို ဟိုဘက် သည်ဘက် လှန်တာမျိုးလောက်ပါ။ ခဏတဖြုတ်ထွက်သွားခိုက်မှာ ဖိုးတာ ဒါလေးကြည့်ထား ဆို၍ကတော့ ရသည်။ အကြော်ကို အစအဆုံး ကြော်တာမျိုးတော့ မရပေမဲ့ အကြော်ဆီလာ၍ ဆယ်လိုက်တာတို့၊ အကြော် လှန်ပေးတာတို့လောက်ကတော့ ဖိုးတာကို အားကိုး၍ ရသည်လေ။ မိထွန်းနှင့် ဖိုးတာကြောင့်လည်း ပို၍ လေပေးလေယူ ဖြောင့်ရခြင်းပါ။ မိထွန်းကလည်း ဖိုးတာကိုဆို စေတနာထားပါသည်။

ချိုင့်နှင့်ရော ... ကြွပ်ကြွပ်အိတ်နှင့်ရော မိထွန်း အကြော်ဒယ်အိုးနား ပြန်ရောက်လာသည်။ ဖိုးတာ ဆယ်ထားနှင့်သော အကြော်တွေကို တစ်ချက်ကြည့်သည်။ အနေတော်မှာ ဆယ်ထားသည့် အကြော်တွေပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အကြော် ပူပူကို ကြွပ်ကြွပ်အိတ် နှစ်ထပ်ဖြင့် မိထွန်း ထည့်ပေးနေတော့လည်း ငြိမ်မနေ ... ဘူးသီးကြော်ကိုပါ ထည့်ပါနှင့် လုပ်နေပြန်သေးသည့် အဖြစ်။

"သေချာလည်း ယူသွားဦး ... ကြွပ်ကြွပ်အိတ်တွေနဲ့ ဆိုတော့ တကယ်ရော လက်နိုင်ရဲ့လား ... ချိုင့်တစ်ဖက် ကြွပ်ကြွပ်အိတ် နှစ်လုံးက တစ်ဖက် ယူသွားရမှာနော် လမ်းလျှောက်ရင်းနဲ့လည်း လက်ကို ယောင်ပြီး လွှဲလွှဲ မသွားနဲ့ဦး ... ဟင်းရည်တွေ ဖိတ်ကုန်ဦးမယ်၊ ငါးဖယ်ဆုပ် ကြော်ကို ကပ်ကြေးနဲ့ ကိုက်ပြီး မုန့်ဖတ်ချိုင့်ထဲမှာ ထည့် ထားသေးတယ်၊ အားလုံးပါတယ် ... ဖိုးတာ ပြောတဲ့ဥစ္စာ တွေ ဘာမှမကျန်ဘူး ... ဖိုးတာ သေချာ ကိုင်သွားဖို့ပဲ ကျန်တော့တယ်"

ဟု မိထွန်း မှာနေတော့ ဖိုးတာ တက်တက်ကြွကြွ လေး ချိုင့်တစ်ဖက် ကြွပ်ကြွပ်အိတ်လေး နှစ်လုံး တစ်ဖက်နှင့် ထရပ်၏။ မျက်နှာကတော့ ဝင်းနေသည်ပါပဲ။ သွားဖြဲလေးနှင့် ချိုင့်ကို ကြည့်လိုက် ... မိထွန်းကို ကြည့်လိုက်နှင့် ပျော်နေသည့် အဖြစ်။

"စိတ်ချပါ မမထွန်းရ ... ဒီလောက်များတော့ သားက အပျော့ ... သားတို့က မျက်စိများတောင် မှိတ်လျှောက်နိုင် သေးတယ်"





ဒါက အပျော့ ... မျက်စိမှိတ်လုပ်နိုင်တယ် ဆိုတာ မျိုးကို ဘယ်ဗီဒီယိုကားထဲကများ ဖိုးတာ ကြားခဲ့သည်တော့ မသိ။ မှတ်ထားလိုက်သည်မှ ခုထိ ... ဘာကိုဖွဖြစ်ဖြစ် သူ လုပ် နိုင်တာဆိုလျှင် ထိုစကားမျိုးကို ထည့်ထည့်ပြောတတ်စမြဲ ...။ မိထွန်းကတော့ ရယ်၍ပဲ နေလိုက်သည့်ပါပဲ။

ဖိုးတာ ထွက်သွားမည် လုပ်ပြီးမှ သတိရသလိုဖြင့် ကမန်းကတန်း မိထွန်းကို ကြည့်သည်။

"ဟာ ... ဟိုဟာ ကျန်သေးတယ်လေ၊ မီးပွင့် လူးပေးရမှာ လေ ..."

ဟု ပြောနေတော့ ...

"အမေမှ မအားသေးတာ ... ညနေမှပဲ လူးတော့နော်၊ ရေချိုးလာခဲ့ ..."

ဟု ပြောတော့ ...

"ရှိုးပဲ့ပြီ ..."

ဟု တစ်ချက်ညည်းပြီးမှ ချိုင့်ကိုကြည့်ကာ မျက်နှာ လေး ပြန်ပြုံးလာသည်။ လမ်းထဲ မီးပွင့်အဖွေးသားဖြင့် ချိုင့်နှင့် လျှောက်သွားဖို့ တာစူထားသမျှ ခုတော့ မျက်နှာပြောင်လေးဖြင့် ဖိုးတာ ပြန်ရပေတော့မည်။

ဖိုးတာ ဆိုင်ခန်းဘက်ကို ထွက်ခဲ့သည်။ ဆိုင်မှာကဲ စားသူတွေ အတော်ဂေါက်နေပြီ။ တနင်္ဂနွေနေ့ဆိုတော့ လူပိုများနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချိုင့်နှင့် ခပ်မြူးမြူး ထွက်လာသည့် ဖိုးတာကို ဒေါ်ခက်မှ ပြုံး၍ကြည့်ကာ မုန့်ပွဲပြင်နေရင်းဖြင့် ...

"သချာလည်း သွားဦး ... ခလုတ်တွေဘာတွေ မတိုက်စေနဲ့ ..."

ဟု မှာနေရသေးသည်။

"စိတ်ချ ... ချိုင့်လည်း သေချာဆေးလာပေးမှာ"

ဟု မျက်နှာလေးလုပ်၍ပင် ဖိုးတာ ဖြေလိုက်သေးသည်။ ဒါကြောင့်လည်း ဖိုးတာကို ဒေါ်ခက် သံယောဇဉ်လည်း ရှိရ ... ချစ်ရခြင်းပါ။ ကလေးလိုပဲ ဖားလည်းဖားတတ်၊ မျက်နှာလေးလည်း လုပ်တတ်။ သူများ ကိုယ့်ကို ကျွေးချင် မွေးချင်အောင်လည်း ပြောတတ်သည့် ဖိုးတာပါ။ ခုလည်းကြည့် ... ချိုင့်ကို ပြန်ဆေးလာမည်ဆိုတာက အစ ပြောသည့် ကလေး ...။ ဒေါ်ခက်အတွက်ကတော့ ဖိုးတာဆိုတာ ဘယ်အရွယ်ပဲရှိရှိ လူကောင်ကြီး ဘယ်လောက်ထွားထွား ကလေးလိုပါပဲ ... ထိုသို့ ခံစားရပါ၏။ ဘာလေးပဲ ခိုင်းလိုက် ခိုင်းလိုက် ဖင်ပေါ့ပေါ့ဖြင့် အားလုံးခိုင်းသမျှ လုပ်ပေးတတ်ရှာတာမို့လည်း ဒေါ်ခက် ပို၍ သံယောဇဉ် ကြီးရ အသနားပိုရခြင်းပေါ့။

ထိုအခိုက် ဆိုင်ထဲသို့ မိန်းကလေးတစ်ယောက် ချိုင့်နှင့် ဝင်လာပါ၏။ ဖိုးတာ သိသည်။ မြင်ရုံနှင့် ကောင်းကောင်း မှတ်မိသည်။ ဟိုအိမ်သစ်မှာ ရောက်လာကြသည့် သူတွေထဲမှာ





ဆိုမိန်းကလေးလည်း ပါသည်လေ ...။ မုန့်ဟင်းခါး လာဝယ်ကာ ချိုင့်နှင့် ပြန်ထွက်လာသည့် ထိုမိန်းကလေးကို ဖိုးတာမှ ဆိုင်ရှေ့ ခုတ်ခုံလေးဘေးမှာ ရပ်ရင်း ပေစောင်း ပေစောင်းနှင့် ကြည့်နေသည်။ အိမ်ကို မပြန်သေးဘဲ ဖိုးတာ ပေစောင်း ပေစောင်း သိမ်ဖယ်ဖယ်နှင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေကတည်းက ဒေါ်ခက်မှ လှမ်းတကြည့်ကြည့်ဖြင့် အကဲခတ်နေရပြီ။ အဝယ်လာသည့် ကောင်မလေး ပြန်ထွက်တော့မှ ဖိုးတာ လမ်းပေါ်ရောက်သည်။ တူတူသွားချေသည်မို့ ဒေါ်ခက် သက်ပြင်းရှိုက် ခေါင်းခါရင်း ...

"ဖိုးတာ အိမ်ကို တန်းပြန် ..."

ဟု လှမ်းမှာရပါ၏။ စောစောက မုန့်လာဝယ်သည့် ကောင်မလေးနှင့် ဒေါ်ခက် မုန့်ပွဲပြင်ထည့်ပေးနေရင်းမှ စကားပြောဖြစ်ကြသည်မို့ လမ်းထဲ ပြောင်းလာသည့် အိမ်သစ်ကလူတွေ လူသစ်တွေဆိုတာလောက်ကိုတော့ ဒေါ်ခက် သိထားရသည်လေ။

"အင်းပါ ဒေါ်ကြီးရ ... သား အိမ်ကိုပဲ တန်းပြန်မှာပါ၊ စိတ်ချ ..."

ဟု ဖိုးတာ ပြန်လှည့်ဖြေတော့ ...

"အေး ... အဲဒီ စိတ်ချ ဆိုတာကြီးကိုပဲ ကျုပ်က စိတ်မချတာ ဖိုးတာရဲ့ ..."

ဟု ဒေါ်ခက် လှမ်းပြောလိုက်ရချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာကတော့ ကြွပ်ကြွပ်အိတ် တစ်ဖက်၊ ချိုင့် တစ်ဖက်နှင့် ကောင်မလေးကို တကွက်ကြည့်ကြည့်ဖြင့် ဘေးမှ ယှဉ်လိုက်လျှောက်လာရင်းမှ ...

"သားက ဖိုးတာလေ ..."

ဟု မိတ်တွေဘာတွေ ဖွဲ့၏။ ဖိုးတာ ချစ်သော ချာတိတ်မလေးရှိသည့် အိမ်ကပေမို့ တပြုံးပြုံးနှင့် မိတ်ဖွဲ့နေခြင်းပါ။

ဒါပေမဲ့ ကောင်မလေးကတော့ ဖိုးတာဆိုတာ သဘောကောင်းလေးဆိုတာတွေ ဘာတွေ သိထားသည်မှ မဟုတ် ချေပဲလေ ...။ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်တော့ ဖိုးတာက လည်း လိုက်လျှောက်သည်။

"သားတို့အိမ်က တိုဘက်မှာ ..."

ဟု ပြောနေတော့ ကောင်မလေး အံ့သြနေတာ တစ်ခုကတော့ ရှိလာပါ၏။ ပြောသည့် စကားမှာက သားက ... သားက ... နှင့် ပါနေသည်ကိုးလေ ...။ ထိုအခါကျမှ သတိထား မိလာရသည်။ ဖိုးတာဆိုတာ မျက်လုံးလေးတွေ အကြည့် ဖြူစင် လျက် ရှိနေခြင်းပါလားဟုပါ ...။

"အိမ်က သိပ်လှတာပဲနော် ..."

ဟု ကောင်မလေးကို ဖား၍ ဖိုးတာ ပြော၏။ ကိုယ်နေသည့် အိမ်ကို ပြောနေခြင်းဆိုတာ ကောင်မလေး သိလာ သည်။





"သားတို့နဲ့ လာကစားပါလား ... ဟိုအရုပ်လေးနဲ့တူတဲ့ ကောင်မလေးကိုလည်း ခေါ်လာလေ ... သားတို့နဲ့ တူတူ ကစားပေါ့၊ မကစားဘဲ အိမ်ထဲမှာ နေနေရင် ပျင်းစရာကြီး"

ကိုယ်နှင့် လာကစားဖို့လည်း စကားကမ်းသည်။ မလာဘဲနေလျှင် ပျင်းစရာကောင်းမည်ဟုလည်း ပြောလိုက်သေး သည်။

"ကစားလို့ ဘယ်ဖြစ်မလဲ ... အန်တီလေး မကြိုက်ဘူး"

ဟု ကောင်မလေး လွှတ်ခနဲ ပြောလာတော့ ဖိုးတာ တစ်ချက်ငြိမ်သွားသည်။ လျှောက်လာနေသည်ကလည်း အိမ်နှင့် နီးလာပြီ။ ကောင်မလေး တစ်ချက် ဖိုးတာကို ကြည့်ဟာ ...

"ဘေးက လိုက်မလာနဲ့ ... အန်တီလေးက တခြားလူတွေနဲ့ စကားပြောရင် မကြိုက်ဘူး ... နေခဲ့ ..."

ဟု ပြောလာတော့ ဖိုးတာ မျက်နှာလေး ငယ်သွား သည်။ ကောင်မလေးက ခပ်သုတ်သုတ် လျှောက်တော့ ဖိုးတာ ရပ်ကြည့်ကျန်ခဲ့ပါ၏။

ဖိုးတာ ခေါင်းခါသည်။ ဒါကတော့ နီတိုး အိုက်တင်။ ပြီးတော့ ဖိုးတာ ကြည့်သည့် ဗီဒီယိုကားထဲက မင်းသားအိုက်တင်။ စိတ်ညစ်လျှင် ထိုသို့ ခေါင်းခါတတ်တာတွေကို ဖိုးတာ ကြည့်ခဲ့ ရဖူးသည်လေ။

"ကျွတ် ... မောတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အံမယ် ... ဗီယိုထဲက မင်းသား စကားလုံးတွေ ဖိုးတာ ပါးစပ်ထဲ ရောက်နေပြီ။ ခေါင်းလေး တခါခါဖြင့် ဖိုးတာ လျှောက်လာသည်က တစ်လျှောက်လုံး ခေါင်းခါမရပ်ဘဲ လျှောက်လာခြင်းပါ။ တကယ်လည်း ဖိုးတာ စိတ်ထဲမောနေသည်လေ။ ကိုယ်က အရုပ်မလေးနှင့် စကားပြောရ ဆော့ရဖို့ မိတ်ဖွဲ့သည့်ဥစ္စာ ကောင်မလေးက အန်တီလေး မကြိုက်ဘူးဆိုတာကိုပဲ ပြောသွား ချေသည်ကိုး။

ကစားတာကိုများ မကြိုက်စရာ ဘာရှိသလဲတဲ့လေ။ ကစားတိုင်း ပျော်လိုက်ရသည်မှ ...။ ဒါကို ကောင်မလေး၏ အန်တီလေးဆိုတာက သိပုံမရ။ သိလျှင် ထိုအန်တီလေးဆိုတာပင် ဖိုးတာတို့နှင့် တူတူလာဆော့လာနိုင်သည်။ ဖိုးတာကတော့ ထိုသို့ တွေးမိရပါ၏။

အိမ်ရှေ့ရောက်တော့ ဖိုးတာ ချက်ချင်း အဖေ့ကို ပြန်ဖားဖို့ ကိစ္စ သတိထဲဝင်လာကာ ...

"အဖေ ... ဒီမှာကြည့်၊ ချိုင့်ကြီးနဲ့အပြည့် မုန့်ဟင်းခါးတွေ ပါလာတယ်၊ အကြော်လည်း ပါလာတယ်၊ နံနံပင်လည်း ပါတယ်၊ ငါးဖယ်ဆုပ်လည်း ပါတယ်၊ ငံပြာရည်လည်း ဟင်းရည်ထဲ ဆမ်းထားတယ်၊ ဟင်းရည်ကမှ တစ်ချိုင့်ကြီး အပြည့်၊ သား မဖိတ်အောင် ယူလာတာ သိလား၊ မိထူး အတွက်လည်း ပါတယ် ..."





ဟု ညီမကိုပါမကျန် လှမ်း၍ မျက်နှာလိုအားရကြီး ဖြင့် ပြောကာ မြောက်တောက်မြောက်တောက်ဖြင့် အိမ်ပေါ် တက်လာသည်။

"သား ... ဘာလို့များ သူများဆီက တောင်းလာရတာလဲ၊ အားနာစရာ ... နောက်ကို ဒီလိုမလုပ်နဲ့ ..."

ဒေါ်ခက် ဆိုင်ကလား ... ဒေါ်ညိုဆိုင်ကလား မသိ။ မုန့်ဟင်းခါးကတော့ ပါလာပြီ။ ဦးမျိုး ပြောတော့ ဖိုးတာမှ မိထူးကို လှမ်းကြည့်သည်။ မျက်နှာကတော့ မုန့်သယ်လာရသည့် အတွက် မျက်နှာလိုအားရအသွင်လေးဖြင့်ပေါ့ ...။ ချွေးတွေနှင့်။ ပြီးတော့ အုန်းဆီစွန်းနေသည့် ဆံပင်နှင့် ဖိုးတာသည် မျက်နှာပြောင် လေးနှင့် ဖြစ်နေသည်။

"ဒေါ်ကြီးခက် ထည့်ပေးလိုက်တာပါ အဖေရ ... မမထွန်းက သားကိုတောင် မေးနေသေးတယ် ... မုန့်ဟင်းခါး စားမလား တဲ့၊ သားက ဗိုက်ပြည့်နေတယ်၊ ပြီးတော့ အဖေက ခေါက်ဆွဲကြော်နဲ့ ထမင်းလာစားရမယ်လို့ မှာထားတယ်လို့ ပြောတော့ ချိုင့်နဲ့ထည့်ပေးတာ ... အဖေ့အတွက်တဲ့ ... မိထူးလည်း စား ... ငါက စားပြီးပြီ အသုပ် ..."

ဟု ဈေးမှာ စားလာရသည့် အသုပ်ကို ထည့်ကြွား ပြီး ဖိုးတာ ပြောသည်။ မိထူး လာယူတော့လည်း မုန့်ဟင်းခါး ချိုင့် သယ်လာပေးရတာကြောင့်ရော အဖေနှင့် မိထူး စားရတော့



www.burmeseclassic.com

www.burmeseclassic.com



မှာကြောင့်ရော မျက်နှာလေး တပြုံးပြုံးဖြင့် မျက်နှာလုပ်၍ ပေးလိုက်သည်ပါပဲ။

"အစ်ကို ဖိုးတာက သိပ်တော်တာပဲ ... မိထူးဖြင့် မုန့်ဟင်းခါး စားချင်နေတာနဲ့ အတော်ပဲ ..."

ဟု ပြောတော့ ...

"အင်း ... စား ... စား၊ အဖေနဲ့ တစ်ဝက်စီ စား ... အကုန်လုံးတော့ မစားပစ်နဲ့ ... အဖေ့ကိုလည်း တစ်ဝက်ပေးနော်၊ ငါကတော့ 'မစားတော့ဘူး ... ဗိုက်ပြည့်နေပြီ၊ ဈေးမှာ အသုပ်စားခဲ့တယ်၊ စား ... စား ... အဖေ့ကို လုပ်ပေးလိုက် မြန်မြန် လုပ်ပေးလိုက်"

ဟု ပြောကာ အဖေ့ ဘေးမှာ သွားထိုင်သည်။ အဖေ့ကို ခြေထောက်တွေ နှိပ်ပေးနေသည်။

"မိထူး ... ကလေးကို မြှောက်ပေးမနေနဲ့၊ တော်ကြာ မုန့်ဟင်းခါး ထည့်ပေးလိုက် ... ထည့်ပေးလိုက်နဲ့ မယ်ခက်နဲ့ မယ်ညို့ဆိုင်မှာ သွားသွားလုပ်နေလို့ ဟုတ်မေ့ ဖြစ်နေမယ်"

ဟု လှမ်း၍ ဆူစဉ်ခိုက် ...

"တကယ် ပေးလိုက်တာပါဆိုမှ အဖေရာ ... မယုံရင် လိုက်မေးကြည့်၊ သားက မတောင်းပါဘူးဆိုမှ ... အဖေ့ကို စားစေချင်လို့ ထည့်ပေးလိုက်တာပါဆိုမှ ..."





နှင့် ပြောနေသည်ပါပဲ။ မျက်နှာမှ ချွေးကို ပုဆိုးခါးပုံစဖြင့် သုတ်သည်။ လူကတော့ အပါး။ အင်္ကျီအိတ်ကပ်ထဲက လက်ကိုင်ပဝါလေးကိုကျတော့ ထုတ်မသုံး။ မိထူးကို အမြင်မခံ။ အဖေလုပ်သူကသာ ပက်လက်ကုလားထိုင်မှ နေ၍ အပေါ်ဆီး ကြည့်လိုက်တော့ မိထူး လက်ကိုင်ပဝါ ခေါက်လေးကို အိတ်ကပ်ထဲမှာ တွေ့နေရပါသည့် အဖြစ် ...။ မိထူး သိ၍ကတော့ ပြန်လုနေမှာမို့ ဦးမျိုးမှာ နှုတ်ဆိတ်ပိတ်ကျနေလိုက်ရပါ၏။

တကယ်ပဲ မုန့်ဟင်းခါးကို ဖိုးတာ မစား။ အိမ်ရှေ့ကပြင်မှာ ထွက်ထိုင်နေသည်။ ခေါကျွေးလည်း မစား။ မိထူး ချိုင့်လှယ်၍ မုန့်ပွဲပြင်ကာ အဖေနှင့်အတူ စားသောက်နေခိုက်မှာလည်း ချိုင့်ကို ဖိုတာ ယူသည်။ ရေစည်မှာ သွား၍ ဆပ်ပြာမှုန့်ထုပ် ဖောက်၍ ပလတ်စတာစ်ခွက်လေးထဲ လောင်းထည့်ပြီးတော့ သေချာကို ချိုင့်ဆေးနေပါ၏။ မိထူး လှမ်းတားလည်း မရ။ ချိုင့်ကို ပွဲပြာတွေ ဘာတွေနှင့် အုန်းဆံဖတ်ဖြင့် တိုက်လိုက်၊ ရေတွေလောင်းချဆေးလိုက်နှင့် ရှိနေပါ၏။

ချိုင့်ကို ပြောင်စင်နေအောင် ဆေးကျောပြီး ဖိုးတာ ခြေထောက်တွေ ရေလောင်းဆေးပြန်၏။ နောက်တော့ စိတ်ကူးထဲ ပေါက်လာပုံဖြင့် နေပူကြီးထဲ ရေတွေ တဗွမ်းဗွမ်း လောင်းချိုးသည် ... ဦးမျိုးမှာ မုန့်ဟင်းခါးကို ဖြောင့်အောင် မစားနိုင် ...။ မိထူး တား၍လည်း ဖိုးတာ နားထောင်မှာ မဟုတ်တာကို သိသည်မို့ အိမ်ရှေ့ထွက်ကာ ...

www.burmeseclassic.com



"ဖိုးတာ … တော်တော့ … လာခဲ့ … အပူရှပ်လိမ့်မယ်"

ဟု အော်သည်။ ဖိုးတာက ဆပ်ပြာခဲဘူးကို အ[…] တွေ ဘာတွေ သေချာပိတ်ပြီး မျက်နှာကြီး ရှုထော်၍ …

"သား ဆပ်ပြာ မိထူး ယူတိုက်တယ် အမေ … ဆပ်ပြာ[…] သေးသွားပြီ၊ သား ပိုက်ဆံစုဝယ်ထားတဲ့ ဥစ္စာ၊ သူ[…] ဝင်ဝင်ပြီး ချေးတွန်းနေတယ် အမေ …"

ဟု စတင်၍ အတိုင်အတော လုပ်လာပြီ။ တကယ်[…] လည်း ဖိုးတာ မရှိခိုက် မိထူး ရေချိုးတော့ ရေချိုးဆပ်ပြာခဲ ကု[…] နေတာနှင့် ဖိုးတာဥစ္စာ ယူတိုက်မိတာ အမှန်။ ဖိုးတာ မသိလော[…] ဘူးဟု ထင်မိခဲ့ပေမယ့် တကယ်တမ်းကျတော့ ဖိုးတာက သိ[…] သည်။ ဥစ္စာခြောက်သမား ဖိုးတာကို မိထူး စိတ်မောမော[…] ကြည့်မိရပါ၏။ ဦးမျိုးကတော့ သက်ပြင်းရှိုက်၍ …

"သူ့ဥစ္စာ ယူမတိုက်နဲ့လို့ အမေ တားသားပဲ မိထူး"

ဟု ခပ်တိုးတိုးပြောစဉ်နိုက် ရေလဲပုဆိုးဟောင်းလေ[…] ဖြင့် ဖိုးတာ ရှုအောင့်အောင့်ကြီး အိမ်ပေါ်တက်လာသည်။ မိထူး[…] မျက်စိကြီး စွေ၍ ပေစောင်းပေစောင်းဖြင့် ကြည့်နေပြီ။ ဆံပင်[…] အနှံ့အခဲခဲ့ရှိသွားမှုနေရင့်ဖြစ်သည့်မိထူးကို ကြည့်လိုက်ကြည့်လိုက် နှင့် လုပ်နေ၏။ ပါးစပ်ကလည်း ပွစိပွစိ …။

"သူ့ မိုးပွင့်လေး ယူလူးချင်တဲ့ ဥစ္စာကျရင်တော[…] တွန့်တိုနေတာပဲ … လက်လေးနဲ့ တစ်ကော်လေး ကော[…]





လိုက်တဲ့ ဥစ္စာ ကုန်ပါပြီ … ကုန်ပါပြီနဲ့ အော်နေတာပဲ၊ သူများ ဝယ်ထားတဲ့ ဆပ်ပြာကျတော့ ယူယူတိုက်တယ်၊ သူ့ မိုးပွင့်ကို ယူလူးတော့ ပိုက်ဆံနဲ့ ဝယ်ထားရတာလေး ဘာလေးနဲ့ သားကို ဆူတယ်၊ သားဥစ္စာကျတော့ ပိုက်ဆံစု ဝယ်ထားရတာပဲ ဥစ္စာ၊ မိထူးကို ဆပ်ပြာခဲအသစ် တစ်တုံး ဝယ်ပေးနိုင်း အမေ … သား အသစ်ပဲ လိုချင်တယ်"

ဟု တစ်ယောက်တည်း ရွတ်နေရာမှ အဖေလုပ်သူကို လှမ်း၍ ဖြစ်ချင်တာတွေကို ပြောပြောလာနေပြီ။

"တစ်ခါလေး ခဏယူတိုက်မိတာပါ အစ်ကို ဖိုးတာရဲ့၊ ဘယ်လောက်မှလည်း ဆပ်ပြာခဲ မကုန်သွားပါဘူး"

မိထူး မနေသာ … ဝန်ခံသံလေးနှင့်အတူ ချော့မော့ သံလေးဖြင့် ပြောတော့ ဖိုးတာမျက်နှာ ပို၍ ပုပ်သိုးသိုးဖြစ်လာသည်။ သိမ်းထားသော ဆပ်ပြာခဲကို နောက်ဖေးဘက် ကြွက်လျှောက်တန်း ပေါ် တင်ထားသည့် ဥစ္စာကို ပြန်ယူလာသည်။ မိထူးဘေးမှာ ဆောင့်အောင့်၍ ထိုင်သည်။

"ဒီမှာ ဒီလောက်သေးသေးလေးပဲ ကျန်တော့တာ၊ ဒါ … မကုန်ဘူးလား၊ မရဘူး … ဝယ်ပေး … အသစ်ဝယ်ပေး၊ ဒီလိုပဲ အဝါရောင်ကို ဝယ်ပေး … ဒါပဲ … မဝယ်ပေးရင် ငါ နင့်အဝတ်သေတ္တာဖွင့်ပြီး အဝတ်တွေပေါ် ရေလောင်း ထည့်ပစ်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဖိုးတာ"

တကယ် လုပ်မည့် ဖိုးတာပေမို့ ဦးမျိုး မနေသာ မုန့်ဟင်းခါးလည်း စားရသောက်ရတာ ဖြောင့်ဖြောင့်မရှိတော့ အရသာလည်း ပါးစပ်ထဲ ပျောက်နေပြီ။ စိတ်မောမော ဖိုးတာကို ကြည့်ကာ ...

"မုန့်ဟင်းခါး စားစားဆိုပြီး ယူလာတယ်၊ ခု မင်း ဥစ္စာခြောက်နေတယ် ... ငါ ဘယ်လိုလုပ် စားသောက် အရသာတွေ့တော့မှာလဲ ... မိထူး သူ့ဆပ်ပြာ အသစ်တ ဝယ်ပေးလိုက် ... နောက်ကို သူ့ဥစ္စာ လက်ဖျာ မထိနဲ့"

ဟု ဖိုးတာကိုလည်း ငေါက်၊ မိထူးကိုလည် ပြောလိုက်ရပါ၏။

ဖိုးတာ ထိုအခါကျတော့မှ အဖေလုပ်သူကို မျက် ငယ်လေးဖြင့် ကြည့်ကာ ...

"စားပါ အဖေရ ... ကုန်အောင် စားပါ အဖေရ ..."

နှင့် မုန့်ဟင်းခါး ပန်းကန်ကို ကြည့်ကြည့် ပြောနေပြန်ပါ၏။ မိထူးကိုလည်း မျက်မှောင်ကုတ်၍ ကြည့်သည် အဖေကိုကျတော့ ပြုံး၍ကြည့်။ ညီမကိုကျတော့ မျက်နှာထားနှ ကြည့်သည်မို့ ...

"မျက်နှာကိုက စပရိန်မျက်နှာ ..."





မိထူး မျက်စောင်းခဲ၍ ပြောတော့ ဖိုးတာ အဖေ လုပ်သူကို ကြည့်သည်။

"အဖေ ... သားကို ပြောနေတယ် အဖေ၊ စိန်ပရိန် မျက်နှာတဲ့ ..."

ဟု တိုင်ပြန်၏။ ဦးမျိုး စိတ်ပျက်လက်ပျက်ကြီး ပန်းကန်ကို စားပွဲငယ်လေး၏ အလယ်ဘက်ကို တွန်းရွှေ့ပစ် က်မိကာ ...

"မစားတော့ဘူးဟာ ... ကဲ ..."

ဟု ပြောတော့မှ ဖိုးတာ မျက်နှာငယ်လေးဖြင့် ရှေ့ ကပြင်မှာ သွားငြိမ်ထိုင်နေသည်။ ခိုး၍ ခိုး၍လည်း လုပ်သူကို ကြည့်ပါ၏။ တကယ် မစားဘဲ ရေသောက်နေတာ မြင်တော့ မျက်နှာငယ်လေးဖြင့် ...

"စားပါ အဖေရ ... သား ဟင်းရည်တောင် မဖိတ်အောင် သယ်လာတဲ့ ဥစ္စာ"

ဟု စားစေချင်ဇောဖြင့် မရဲတရဲ ပြောလာတော့လည်း စိတ်မကောင်းနိုင်။ ပန်းကန်ကိုယူ၍ ပြန်စားရပါ၏။

"မိထူး ..."

ခေါ်သည်ကိုက အသံက မာချင်ချင် ...

"ငါ့အတွက် ခေါက်ဆွဲကြော် ယူလာပေး ... အ ဖနဲ့အတူ စားမယ်၊ ငါ ဆာလာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ခုမှ ခေါက်ဆွဲကြော် သတိရလျက် ပြောတော့ မိထူး မြန်မြန်ထရသည်။ မုန့်ဟင်းခါး ကုန်အောင်ပင် မစားနိုင်။ ခေါက်ဆွဲကြော်ထားတာကို ထမင်းပန်းကန်ထဲ ထမင်းတစ်ဝက် ခေါက်ဆွဲကြော် တစ်ဝက်ထည့်၍ မိထူး ဖိုးတာလက်ထဲ လာထည့်ရသည်။ ဖိုးတာ ခပ်ပြုံးပြုံးဖြင့် အနံ့ကို ပန်းကန်ကြီး ကပ်၍ ရှူ သေးသည်။

"စောစောက မဆာဘူး အဖေ … ခု ဆာလာတယ် အဖေရ"

အဲဒီ … အဖေရနှင့် ဖိုးတာကတော့ ရင်ထဲ ချ သမျှ ခပ်ရွှဲရွှဲ ခေါ်နေကျ … ရွဲတာနေကျပါ။

ခုလည်း တကယ်ပဲ ခေါက်ဆွဲကြော်နှင့် ထမင်းကို နယ်ဖတ်၍ မြိန်မြိန်ယှက်ယှက်ကြီး စားနေချေသတည်း။





"ဖိုးတာ … သူများ အိမ်သစ်ကိုသွားပြီး ပေစောင်းပေစောင်းနဲ့ ကြည့်ကြည့်မနေနဲ့ ကြားရဲ့လား … သောက်ကိုလည်း ကျ မပျောက်စေနဲ့ … နေ့လယ်ကို အိမ်ပြန် … ကြားရဲ့လား"

"ကြားပါတယ် အဖေရ … သား အလွတ်တောင် ရနေပြီ"

ထုံးစံအတိုင်း ဦးမျိုး အလုပ်ဆင်းရမည်မို့ သားတော် အောင်ကို မှာနေရလေသမျှ ဖိုးတာကတော့ သူ့လောက်စာလုံးတွေ ထည့်ထားသည့် လေးထောင့်သံဘူးကို စင်ပေါ်မှ ချနေရင်း ပြန် ဖြေသည်ကတော့ အကြော့သားပါ။

"အေး … အဲဒီ ကြားပါတယ် အဖေရဲ့တို့ အလွတ်ရနေ ပါပြီ အဖေရတို့ကိုပဲ … ငါမှာ လန့်နေရတာ … သူများ ပိုက်ဆံချမ်းသာလို့ ရှိနေတဲ့ ဥစ္စာတွေကိုလည်း အလုမက် အကောင်းမက်ပြီး သွားသွားမော့မနေနဲ့ … သူများ တံခါး ဖွင့်ထားလည်း သွားချောင်းမနေနဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... အဖေရ၊ စိတ်ချ ... သားက တိဗီသွားကြည့်မယ့် ဥစ္စာ... အဖေကပဲ ပိုက်ဆံပေးထားပြီးတော့ စိတ်ချ... သား ဟိုဘက်က မိစံနဲ့ ဖိုးပေါက်တို့ကို ခေါ်ပြီးသွားကြည့်မှာ ... ဒီနေ့ ကားကောင်းတယ် အဖေရ... ကျော်ဟိန်းကား ..."

ဟု ပြောနေတော့ ဦးမျိုး တစ်ချက်တော့ စိတ်အေးသွားရသည်။ ဖိုးတာအတွက် ဗီဒီယို ဝင်ကြည့်ဖို့ ပိုက်ဆံ ဆယ့်ငါးကျပ်တော့ ပေးထားပြီးပြီ။ မိထွေးကလည်း စက်ဆိုင်ကို သွားရမည်။ အိမ်မှာက တစ်နေ့တာ၏ အချိန်တော်တော်များများကို ဖိုးတာက ပိုင်စိုးနေမည့် အဖြစ်။ အရင်တုန်းကတော့ ယားတော့။ လမ်းထဲမှာ ဆော့ကစားနေခဲ့သည့် တိုက်ဆီက အုတ်ခဲ ပြုတ်ကျတာကို့ကို လမ်းပေါ် ဆော့နေသည့် ကိုရွှေဖိုးတာ ထိမှာလောက်ပဲ ပူရသည်။ ခုဥစ္စာက သူများအိမ်ကို အလှကြိုက် အကောင်းကြိုက် ဖိုးတာ သွားမော့နေမှာကို စိုးရိမ်နေပါသည့်အဖြစ်။ သူများအတွက် အနှောင့်အယှက် ဖြစ်မယ်လေ ...။

ခုလည်းကြည့် ... မနက် အစောကြီး အုတ်နီခဲအလေးမ၊ ရေချိုးမိုးချိုးပြီးနေသည့် ဖိုးတာ အုန်းဆီအရွဲသားနှင့် ရှိုးများနေပြီ။ တစ်လောက မိထွေး ဝယ်ပေးပါသည့် စပို့ရှပ်အနီလေးနှင့် အဖေ့ပုဆိုးဟောင်း မီးပူကျဖြင့် ရှိနေပါ၏။ စပို့ရှပ်အင်္ကျီ၏ အိတ်ကပ်ထဲမှာကတော့ တသသ ပွတ်သပ်လိုက် တပ်ထားလိုက်





နှင့် ဂိုက်ထုတ်ဆိုက်များရပါသည့် ဖိုးတာ၏ ကလေးတပ် ကော်မျက်မှန်ကြီး ရှိနေသည်။

"ဖိုးတာ ... မိထွေး ဝယ်ပေးတဲ့ အင်္ကျီကိုကျတော့ တပြုံးပြုံးနဲ့ အကျအန ဝတ်တယ် ... မိထွေးကိုကျတော့ မလိုရင် မလိုသလို ရန်လုပ်တယ်နော်၊ နောက်ကို အဲသလို မလုပ်နဲ့ ကြားရဲ့လား"

ဟု ဦးမျိုး ပြောတော့ အလုပ်သွားဖို့ ပုလတ်စတစ်ခြင်းပန်းရောင်လေးဖြင့် ရှိနေပါသည့် မိထွေး ပြုံး၍ ဖိုးတာကို ကြည့်သည်။ ဖိုးတာ ပြန်မဖြေ။ အင်းပါ အဖေရဟု ဒီတစ်ခါကျတော့ နှုတ်သွက်သွက် ထွက်ကျမလာ။ သူ့ ရှိုစ်ဆပ်ပြာခဲကို ရေချိုးတုန်း ယူသုံးလိုက်တာကို ဖိုးတာ မိထွေးအပေါ် စိတ်ထဲကြည်ပုံမရသေး။ မနေ့ကတကယ့်ကိုပဲ မိထွေး နားညည်းသက်သာအောင် ရှိုစ်ဆပ်ပြာခဲတစ်ခဲ အဝါရောင်လေးကို ဝယ်ပေးခဲ့ရသည်။

ထိုသို့ ဝယ်ပေးလိုက်တော့လည်း ဆပ်ပြာခဲအဟောင်းကိုပါ အပိုင်စီး၍ မပေးတော့ဘဲ နေလိုက်ပါသည့် ဖိုးတာ လူလည်ကြီးပါ။

"အဲဒါ အစကတည်းက သားဥစ္စာပဲ"

ဟု ခပ်တည်တည် ပြောကာ ဆပ်ပြာခဲသစ် တစ်ခဲကို သူ့ထင်းရှူးသေတ္တာထဲ သွားထည့်ထားသည့်အထိ မိထွေးကိုဆိုဒ်လ်လုပ်သည့် ဖိုးတာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း မိထူး ဝယ်ပေးသည့် အင်္ကျီကို ဝတ်ကာ ရှိုးပြည့်နေသည့် ဖိုးတာ ...။ မိထူးကို ခပ်တည်တည်ပဲ လုပ်နေသေးသည့် အဖြစ်။

"မိထူး ... ငါ့အတွက် ပုဇွန်သေးသေးလေးတွေနဲ့ ကြော်ထားတဲ့ ဥစ္စာ ဝယ်လာခဲ့ ... ရော့ ..."

ဟု ပိုက်ဆံတစ်ဆယ်ပေးပြီး ဖိုးတာ မိထူးကို မှာသည်။ တစ်ချပ်ကို တစ်ဆယ်ဆိုတာ ဖိုးတာ သိသည်။ ရထားသည့် ပိုက်ဆံကို ပေးပြီး တစ်ချပ်ပဲ ဝယ်လာခိုင်းသည့် ဖိုးတာပါ။ စိတ်လိုလက်ရဆိုလျှင်တော့ မိထူးအတွက်ပါ တစ်ဆယ် ပိုပေးတတ်သည်။ ညီမကို ကျွေးသည့်သဘော ...။ သူ့အတွက် မိထူး ဝယ်လာပေးသည့် ပုဇွန်ကြော်ကိုကျတော့ အဖေနှင့် တစ်ဝက်စီ ခွဲစားတတ်လျက် ...

"မိထူးက အဖေ့အတွက် ချန်မထားဘူး အဖေ ... သားက အတူတူစားတာ ..."

နှင့် အဖေ့ထံမှ အချစ်ကို ပိုရချင်ဇောဖြင့် ကလေးကြွားလည်းကြွား ... ကလေးလိုပဲ မိထူးနှင့် အဖေ့ကိုလည်း ရန်တိုက်ပေးတတ်သည့် ဖိုးတာပါ ...။ မိထူးကတော့ ဟိုစဉ်တုန်းကလည်း ရယ်၍သာ နေခဲ့သည်ပါပဲ။

ဖိုးတာ ဖြုတ်ဆို အိမ်ထဲဝင်သွားသည်။ တာအောင့်လောက်ပဲ ကြာသည်။





"အဖေ့ ..."

အခုထဲဆီမှ ဆောင့်အင့်အင့်သံ ထွက်လာတာကို ဦးမျိုး သိပြီ။ ဖိုးတာ တစ်ခုခုတိုင်တော့မည်ဟု ...။ အလုပ်ကို မသွားရသေး အိမ်မှာက အတိုင်အတောကိစ္စက ရှိလာနေပြီပဲဟု ရင်ထဲ မောသွားရပြန်သည်။

"မိုးပွင့်ဘူးကို မိထူး ဖွက်ထားတယ် အဖေ ... သား လိမ်းမှာ ကြောက်လို့သိလား အဖေ ... သိပ်နမြောတာပဲ ... သူ့ဥစ္စာဆို သိပ်သိတတ်တာပဲ ... သားကိုဆို စေတနာမရှိဘူး အဖေ ... မိုးပွင့်လေး လူးတဲ့ဥစ္စာ ... နမြောနေတယ် အဖေ"

ဟု ပြောနေတော့ ဦးမျိုး မိထူးကို ကြည့်ကာ ...

"ညည်းအစ်ကိုအကြောင်း သိရက်နဲ့ မိထူးရယ် ... သွားပေးလိုက် ... သွားပေးလိုက် ... တော်နေကြာ တအီအီနဲ့ ငိုပြနေဦးမယ် ... ဂျိကျသံ အဖေ မကြားချင်ဘူး မိထူး"

ဟု ပြောကာ အလုပ်ကို မသွားနိုင်သေးဘဲ ထိုင်ခုံပေါ်ကို ထိုင်ချလိုက်ရသည်က ဦးမျိုးပါ။ စိတ်ထဲ မောနေရပြန်ပါပြီ။

မိထူး မျက်နှာလေး ပျက်ကာ ...

"အစ်ကို ဖိုးတာက တစ်ကော်ကြီး ကော်လူးတာ အဖေ၊ လက်တွေလည်း စိတ်ကူးပေါက်ရင် လူးသွားသေးတာ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘူးကို လေးရာ ပေးရတာ အဖေ ... ခဏပဲခံတယ် ကုန်နေရာ ... မိထူး ဝယ်လာလိုက် သူက အခန့်သားကြီး ယူယူလူးလိုက်နဲ့ ...”

ဟု တိုင်တော့ ဦးမျိုး ဖိုးတာကိုလည်း စိတ်တိုချင်သည်။ ဟုတ်လည်းဟုတ်သည်။ မျက်နှာကို ဖွေးနေအောင် လူးနေသည်က ဖိုးတာ ...။ ချွေးတွေကလည်း သန်၊ မိုးပွင့်ကလည်း လူး ... အုန်းဆီကလည်း ခေါင်းကို ရွှဲအောင် လူး။ မျက်နှာမှာ မိုးပွင့်စီးကြောင်း ဖြူဖြူတွေဖြင့် ချွေးတွေက စီး ...။ အုန်းဆီစီးကြောင်းတွေနှင့် ရောနေလျက် နေပူထဲကများ ဖိုးတာ ပြန်လာလျှင် ကြောင်ချေးရုပ် ပေါက်နေလျက် ရေချိုးပါဟဲ့ ... ရေချိုးပါဟဲ့နှင့် ချွေးတိတ်အောင် စောင့်ပြီး ရေချိုးခိုင်းနေရသည်က အလုပ်ပိတ်ရက်များမှာပါ။ ဖိုးတာ မျက်နှာကိုလည်း ထိုအလုပ်ပိတ်ရက်ကျမှပဲ နေ့လယ်ဘက် မြင်ရသည်ကိုး။

အရေးထဲ ဒေါ်နွဲ့ကလည်း မန္တလေးသို့ ဘုရားဖူးထွက်နေတာမို့ ဖိုးတာ နေ့လယ်ဘက် ဘာလုပ်လုပ် ထိန်းပေးမည့် လူကလည်း မရှိ။ ခု ... ရေချိုးပါဟဲ့ လုပ်ထားမိတာမို့ နေ့လယ်တိုင်းကို ရွှေဖိုးတာ နေ့လယ်ကြီး နေပူထဲကပြန် ရေကောက်ချိုးနေတာက ရှိနေပြီ။ အပူရုပ်ဖျားလျှင် စိတ်လည်းပူရမည်။ ဆေးဖိုးဝါးခကလည်း ကုန်ဦးမည်။ နေမကောင်းလျှင် အလွန်ဂျီကျသော ဖိုးတာ၏ ဒဏ်ကလည်း သေးသည်မဟုတ်။





ခုလည်း မိုးပွင့် မလူးရ၍ ဖိုးတာ အခန်းထဲမှ စိတ်ကောက်နေပြီ။

“အဖေ ဝယ်ပေးပါမယ် သမီးရယ် ... ပေးလိုက် ... ပေးလိုက်၊ ဒီနေ့ အဖေ ပိုက်ဆံတောင်းထုတ်လို့ရမှာပဲ”

ဟု ပြောတော့ မိထူး မျက်နှာလေး ပျက်ပျက်ဖြင့် အခန်းထဲ ဝင်သွားသည်။

“မိထူးပဲ လူးပေးမယ် အစ်ကို ဖိုးတာ”

“ဟာ ... ငါ့ဘာသာ ယူလူးတော့ ဘာဖြစ်လဲ ... အဖေ နည်းနည်းလေးပဲ လက်လေးနဲ့ တို့တို့ပြီး လူးပေးနေတယ် အဖေ၊ ဟာ ... မျက်နှာမှာ မိုးပွင့်တောင် မရှိဘူး၊ လက်ချည်း လိုက်ပွတ်ပေးနေတာ ငါမသိဘူး မှတ်နေလား၊ ငါ့ပုလင်းကို လမ်းပေါ် လုပြီး လွှင့်ပစ်လိုက်မှာနော် ...”

နှင့် ရန်လုပ်နေသံ ပေါ်လာ၏။ ဦးမျိုး ဘာမှကို ဝင်မပြောချင်တော့။ ငုတ်တုတ်ထိုင်နေပစ်လိုက်သည်။ ကြွက်စိ ကြွက်စိနှင့် မောင်နှမနှစ်ယောက် ရှိပြီး မကြာလိုက် ဖိုးတာ အပြင်ထွက်လာသည်။ မျက်နှာမှာ မိုးပွင့်တွေ ဖွေးထနေ၏။ မျက်နှာက ခုမှ ကြည်ကြည်သာသာ ဖြစ်နေ၏။ မိထူး မိုးပွင့်တော့ ကုန်လောက်ပြီထင့်။ ညီမငယ်ကို လုယက်ပြီး လူးလာတာ သိနေရသည်မို့ ဦးမျိုး စိတ်ထဲမကောင်း။ မိထူးကို သနားမိရသည်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာကိုလည်း ဆူလိုက်လျှင် ထုံးစံအတိုင်း လက်သို့းကြီး ပါးစပ်ထဲ ထည့်၍ ပေစောင်းပေစောင်း လုပ်ကြည့်နေဦးမည်။ ဘာမှတော့ ထူးလာမှာမဟုတ်။ လွယ်အိတ် ကောက်လွယ်၍ ဦးမျိုး အိမ်ပေါ်မှ ဆင်းတော့ ဖိုးတာ ဘေးမှ ကပ်လိုက်လာသည်။

"သား ... လောက်စာလုံး ရှောင်းထားတာ ရှိတယ် အဖေ အဲဒါ မီထူးက မျက်စိစူးနေတာ ..."

နှင့် အတိုင်အတောကို ဘေးမှာ မြောက်တောက် မြောက်တောက်နှင့် လိုက်လာရင်း လုပ်နေပြန်သေးသည်။

ထုံးစံအတိုင်း ဖိုးတာကို လက်ဖက်ရည်ဆိုင်မှ အီကြာ ကွေး နှစ်ချောင်း ဝယ်ကျွေး။ ဦးမျိုးက အလုပ်သို့သွား။ ဖိုးတာ လက်လေး တပြပြဖြင့် လမ်းထိပ်မှာ ရပ်ကျန်ခဲ့လျက် နောက်ကြောင်း ပြန်လျှောက်လာပါ၏။

အဖေ ပြောထားသည့် တိုက်သစ်ရှေ့ရောက်တော့ ရပ်မော့၍ တိုက်ကြီးကို ငေးငေး ကြည့်လိုက်မိရပြန်ပါ၏။

အိမ်အောက်ထပ်မှာ ထိုးထားသည့် ကားကိုထုတ်ကာ လမ်းဘေးရပ်တော့လည်း ဖိုးတာ ငေးနေဆဲ ...။ လက်ထဲက အီကြာကွေးကို မစားဖြစ်သေး။

ကားလေးက အနီရောင်လေး ... ဖိုးတာကဖြင့် ငေးလို့ကို မဝ။ လှလိုက်ပါသည့် ကားလေး။ မောင်း၍များရလျှင် ဖိုးတာ မောင်းကြည့်ချင်လိုက်ပါသေးသည့် အဖြစ်။ ကားပေါ်သို့ လူချောချောကြီးနှင့် အဒေါ်ချောချောတစ်ယောက် တူတူတက်။ ကားကို လူကြီးက မောင်းထွက်သွားတာကိုလည်း ဖိုးတာ ငေးကြည့် နေမိရဆဲ။ နောက်တော့ သံဘာဂျာတံခါးမှာ ရပ်နေသည့် ကောင် မလေးကို ဖိုးတာ ကြည့်သည်။ မနေ့က မုန့်ဟင်းခါး လာဝယ်သည့် ကောင်မလေး။

ကောင်မလေးက အရုပ်မလှလှလေးနှယ် ရှိသည့် ချာတိတ်မလေးကို လက်တွဲထားသည်။ ဒီနေ့မှာတော့ ချာတိတ်မ လေးက အဝါရောင် ဂါဝန်လေးနှင့် ဖြစ်နေသည်။ ဖိနပ်လေးက အနီလေး။ ထွက်သွားသော ကားလေးကို တာ့တာ လုပ်ပြကျန်ခဲ့ ပါသည့် သူတို့နှစ်ယောက်ကို ဖိုးတာက တပြုံးပြုံးနှင့်ကြည့်ကာ ရှေ့တိုးလာလိုက်ရင်းမှ ...

"ဒီနေ့ မုန့်ဟင်းခါး မဝယ်ဘူးလားဟင် ... ဝယ်ချင်ရင် ပြောလေ ... ဖိုးတာ ယူပေးမယ်"

ဟု ပြောတော့ ကြည်ကြည် တစ်ချက် လှမ်းကြည့် သည်။ လက်တွဲထားသော ပိုးပိုးကိုလည်း ဖိုးတာ လှမ်းကြည့်နေ တာကို မြင်ရပါ၏။

အီကြာကွေးကို မျက်နှာလုပ်လျက် ပေးလာရင်းမှ

"စားမလားဟင် ..."







www.burmeseclassic.com

www.burmeseclassic.com



ဟုပင် ပေးလိုက်သေးသည့် အဖြစ်။

ကြည်ကြည် ခေါင်းခါသည်။ ပိုးပိုးကို လက်လေးတွဲ၍ အိမ်ထဲဝင်၏။ ပိုးပိုး ကျောင်းသွားဖို့က ရှိသေးသည်လေ။ တစ်လမ်းကျော်မှာက ကျောင်းရှိသည်။ ပိုးပိုးက သူငယ်တန်း။

ဖိုးတာကို ကြည်ကြည် တစ်ချက်ပဲ လှမ်းကြည့်ကာ အိမ်ထဲပြန်ဝင်၍ သံဘာကျာတံခါးကို ပိတ်၊ သော့ခတ်၊ ပိုးပိုးကို ရေချိုးပေး၊ အဝတ်အစား လဲပေးကာ ကျောင်းပို့တော့ ဖိုးတာ နောက်က ကပ်လိုက်လာ၏။

တကယ်ကတော့ ကလေးကို ဖိုးတာချစ်၍ လိုက်လိုက်ကြည့်မိခြင်းပါ။

ဒါပေမဲ့ ကြည်ကြည်ကတော့ လန့်သည်ပေါ့။ တကောက်ကောက် လိုက်ကြည့်နေတာမို့ ကြိုက်လည်း မကြိုက်ချင်။

ခပ်တည်တည်လေး ရပ်၍ ရန်ထောင်မည်ဟု လုပ်နိုက် ...

"အစ်ကို ဖိုးတာ ဘာလုပ်နေတာလဲ ... သူများနောက် တကောက်ကောက် မလိုက်နဲ့လေ ..."

ဟု ပြောလာပါသည့် အသားဖြူဖြူနှင့် မိန်းကလေး တစ်ယောက်ကို ဖိုးတာ ကြည့်ကာ ...





"ဟိုမှာလေ ... အရုပ်လေး ကျနေတာပဲ၊ ငါပြောတဲ့ အိမ်က အရုပ်လေးလေ ..."

ဟု ဖိုးတာ ပြောနေတာကိုလည်း ကြားရပါသည့် ကြည်ကြည်။ အကဲခတ်သလိုပဲ ကြည့်နေလိုက်ရပါ၏။

"အစ်ကိုဖိုးတာ အိမ်ပြန်တော့၊ အဖေက မှာထားတာ မမေ့နဲ့ ... အိမ်မှာပဲနေ"

ဟု ထပ်မှာနေပါသည့် မိန်းကလေး။ ဖိုးတာမှ မျက်မှောင်လေးကုတ်၍ ပေကပ်ကပ် တစ်ချက်ရပ်နေသေးသည်။ နောက်တော့မှ မျက်နှာမကောင်းဘဲ နောက်ကြောင်းပြန်လှည့် သွားရှာပါ၏။ တလှည့်ကြည့်ကြည့် လုပ်နေသေးသည့် အဖြစ်။

မိထူးမှာ ကြည်ကြည့်ကို တောင်းပန်သလို ပြုံးပြကာ ဖိုးတာကို ခွင့်လွှတ်ပေးဖို့ ... ဖိုးတာ ကလေးတွေကို ချစ်တာတွေကို နားလည်ပေးဖို့ ပြောပြရှင်းပြရန် ရှေ့သို့ သွက်သွက်လေး လျှောက် သွားလိုက်မိရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဖတညင် တောကိုဝင် ... မောင်ရင်လာ လေးနဲ့ပ
မပစ်ပါနဲ့ မောင်ရင်ရယ် ... ကြက်တက်စူးလို့ သေပါ့မယ်
ဘယ်ဘက်က စူးစူး ... ညာဘက်ကစူးစူး ... ခွပ်လိုက်ကြ
သူငယ်ချင်း ... အောက်အီးအီးအွတ် ... ကြက်သွန်
ခုနစ်တက် နင်နဲ့ငါနဲ့ ခွပ်ကလှည့် ..."

ခြင်းကြား၊တောင်းကြီးတွေ အုပ်၍ ကြက်ဖနှစ်ကော
လုပ်နေကြပါသော ဖိုးတာနှင့် နီတိုး။ ကလေးတစ်အုပ်က ဝိုင်
အော်ကြ။ ပြီးတော့ တောင်းကို ဆွဲဖယ်ကြနှင့် ရှိပြီးသည့်နော
လမ်းရပေါ်မှာ ဖိုးတာနှင့် နီတိုး ကြက်ခွပ်ကြသည်။ ဆောင့်ကြော
လေးတွေ ထိုင်၊ လက်နှစ်ဖက်ကို ဘယ်ညာအားယူ၍လွှဲ၊ ခြေထော
ကိုလည်း ဘယ်ညာထိုင်လျက်ဖြင့် ရှေ့တိုးနောက်ဆုတ် လုပ်နေ
ကာ ကြက်ဖခွပ် ပြိုင်နေကြသည်။





ဖိုးတာ၏ မျက်နှာမှာ ချွေးတွေနစ်နေသည်။ နီတိုး
လည်း တူတူ ...။ ဘေးက ကလေးအုပ်ကလည်း ဖိုးတာကို အား
ပေးသူက ပေး၊ နီတိုးကို အားပေးသူက ပေးနှင့် ဆူနေသည်။
ညကလည်း လသာသည်။ လမ်းပေါ်မှာ ကလေးတစ်အုပ် ဆူနေ
တာတွေက လူတွေအတွက် မဆန်း။ ဒါက လူဟောင်းတွေအတွက်။
ဆန်းနေသည်က လူသစ်ပြောင်းလာသည့် ဦးဇော်လွင်နှင့် ဒေါ်သဇင်
မျိုးတို့ အိမ်။ ဆူညံနေသည်မှ ရွာလေးတစ်ရွာ၏ လသာညတစ်ညကို
ဤလမ်းလေးမှာ ဖန်ဆင်းပေးထားသည့်နှယ် ဖြစ်နေသည်။
ဦးဇော်လွင် တပြုံးပြုံးဖြင့် ထွက်ကြည့်မိရပါ၏။

အသက်ကြီးနေပေမယ့် ကလေးလိုပဲ ဆော့နေသည့်
ဖိုးတာကိုလည်း သတိထားမိသည်။ ကလေးဗိုလ် ဖိုးတာပဲနိုင်သည်
၊ ဖိုးတာဘက်က ကလေးတွေက လက်ခြောက်၍ ခုန်ပေါက်အော်
နေကြချိန်မှာ နီတိုးဘက်က ချာတိတ်အုတ်စုကတော့ ငြိမ်နေကြ
သည်။

ဦးဇော်လွင် အပြင်ထွက်လာကာ ပြုံး၍ ကလေးတွေ
ကြည့်မိရပါ၏။

"ကြည်ကြည်ရေ ... ချိုချဉ်ပုလင်း ယူခဲ့ပါဟေ့ ..."

ဟု ပြောတော့ ကြည်ကြည် ခပ်သွက်သွက်
ချိုချဉ်ပုလင်းကို ပြေးယူလာပေးပါ၏။ ဖိုးတာနှင့် ပတ်သက်၍
ထူး ပြောပြသည်မို့ အားလုံး သိထားပါသော ကြည်ကြည်သည်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာကို သနားလည်း သနား၊ ခင်လည်း ခင်နေမိရသည်ကတော့ စိတ်ထဲမှပါ။ ကလေးတွေကို ချစ်တတ်သော ဖိုးတာ၏ အကျင့်ကို လည်း သိခဲ့ရ။ ကလေးတွေနှင့် ဆော့သော ဖိုးတာအကြောင်းတွေ လည်း မိထူးထံမှ သိခဲ့ရ။ ဖိုးတာဆိုတာ ကလေးစိတ်ဖြင့် ရှိနေ တာကိုလည်း သိခဲ့ရ။ ခုလည်း ဖိုးတာ ဆော့ဆော့နေတာတွေကို လည်း မြင်နေရသည်ချည်းပေမို့ ဖိုးတာကို မကြောက်တော့ သနားတာပဲ ရှိနေသည်။

ချိုချဉ်ပုလင်းကို အဖုံးဖွင့်ပြီး ဦးဇော်လွင် လမ်းပေါ် သွားရပါသည်။ ကလေးတစ်အုပ်ကို ချိုချဉ်ဝေတော့ ဖိုးတာက လက်တံရှည်ကြီးဖြင့် ...

"သားကိုလည်း ပေး ... သားကိုလည်း ပေး"

နှင့် တောင်းနေတာမို့ ဖိုးတာကိုလည်း ပေးရပါ၏။ ဖိုးတာဆိုတာ ကလေးစိတ်ဖြင့် လူကောင်ကြီးနေသည့် အဖြစ်ကို လည်း ဦးဇော်လွင် သိနားလည်လိုက်မိ ရပါ၏။

"ကြည်ကြည် ... ပိုးပိုးကို ခေါ်ခဲ့ ..."

ပြတင်းပေါက်လေးမှာ ရပ်၍ ကြည့်နေပါသည့် သမီးလေး ပိုးပိုးကို ကြည့်ကာ ဦးဇော်လွင် လှမ်းပြောလာတော့ ကြည်ကြည် ခပ်သွက်သွက်ပဲ ပိုးပိုးကို ခေါ်လာသည်။ တကယ်က ပိုးပိုးကိုချစ်သော ဖိုးတာနှင့် ပိုးပိုးကို ဆုံစေချင်နေသည်က ကြည်ကြည်ပါ။





ဒါပေမဲ့ ကိုယ်က အစေအပါးပေမို့ ကလေးကို ဖိုးတာနှင့် ကိုယ်က သွား၍မဆုံပေးရဲ။ အန်ကယ်လေးနှင့် အန်တီ လေးတို့ မကြိုက်လျှင် ကြည်ကြည် အပြစ်ဖြစ်ရမည်လေ။ ပိုးပိုး ကို အဖေလုပ်သူမှ ကြည်ကြည့်လက်ထဲမှ လက်ဆွဲခေါ်လိုက် တာ ...

"ဒါ ... ဦးဦးရဲ့ သမီးလေး ပိုးပိုး၊ သူနဲ့လည်း ကစားကြ နော် ... သမီး ပိုး ဒီက ကိုကို မမတွေနဲ့ ကစား ... ဟုတ်ပလား"

ဟု ပြောတော့ ပိုးပိုး ဝမ်းသာအားရလေး ခေါင်း ညိတ်သည်။ တစ်ယောက်တည်း အိမ်ထဲမှာ နေနေရကာ လမ်း ပေါ်မှ ကစားနေသူတွေကို အားကျစိတ်ဖြင့် ပိုးပိုး ငေးကြည့်နေ ရသည် မဟုတ်ပါလား။ ခုလို အဖေလုပ်သူက ခွင့်ပြုလာတော့ ပိုးပိုးရင်ထဲ ဝမ်းသာသွားရသည်။ အိမ်မှာက ညီအစ်ကို မောင်နမ ကယ်လို့ မရှိ။ တစ်ယောက်တည်း ရှိနေရပါသည့် သမီးလေး ပိုး။ တစ်ဦးတည်းသော သမီးလေးအဖြစ် ချစ်လိုက်ရတာကလည်း ရာထားစရာ မရှိလောက်အောင်ကို ဦးဇော်လွင် ချစ်သည်ပါပဲ။ သို့ပေမယ့် ကလေးမှာက အဖော်မရှိဘဲ အရမ်းကို ခြောက်သွေ့စွာ နေရတာကို ဦးဇော်လွင် နားလည်သည်။ ဘယ်လောက်ပဲ ဝမ်းသာ ချမ်းသာ ကလေးမှာက အရေးတကြီး လိုအပ်သည်က ကစ်ဆံဆိုတာထက် ကစားဖော် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ကြည် ... ပိုးကို စောင့်ကြည့် ... အဖော်လု
ပေးလိုက်"

ဟု ပြောတော့ ကြည်ကြည် ခေါင်းညိတ်သည်။

ကလေးတွေကို မိတ်ဆက်နာမည်ပြောခိုင်းတော
နီတိုးတို့ ... နီတွတ်တို့ ... ပေါက်စီတို့ ... မိကျော့တို့ –
တစ်ယောက်ပြီးတစ်ယောက် ပြောကြသည်မှ ချိုချဉ်ငုံသံလေးတွေ
ဖြင့်ပါ။ ဝါးစောင်မှာ ချိုချဉ်ငုံထားကြသည်ကိုးလေ။ ကလေး
တစ်အုပ်လုံးဆို အယောက်နှစ်ဆယ်နီးပါး ရှိနေသည်။ ဖိုးတာ
အလှည့်ရောက်တော့ ဖိုးတာမှ လက်လေးမိုက်၍ ...

"သားက ဖိုးတာ ... ဟိုနားမှာ နေပါတယ်"

ဟု ဝမ်းမြောက်အားရ ပြောသည်။ ချိုချဉ်လည်း
စားရသည်။ ပိုးပိုးနှင့်လည်း အဖော်လုပ်ရ ဆော့ရတော့မည်
တော့ ဖိုးတာ ပျော်နေသည်။ ဖိုးတာ ရင်ထဲမှာ ဘယ်လိုမှန်း
မသိ။ ပိုးပိုးကို တခြားကလေးတွေထက် ပိုချစ်နေမိရသည်
ဆံပင်ခွေခွေနက်နက်လေးတွေဖြင့် တကယ့်ကို ဖြူကစ်ကစ်
ပိုးပိုးကို ဖိုးတာ မြင်မြင်ချင်း ချစ်နေမိသည်မှ အရုပ်လေးတစ်
လိုပါ။ မျက်လုံးမည်းနက်နက်လေးတွေကလည်း မျက်တော
ကော့လေးတွေဖြင့် ချစ်စရာလေး ဖြစ်နေသည်။

ဦးဖော်လွှင်ကတော့ အရွယ်ကြီး ကြီးနေလ
ကလေးလိုပဲ လက်ကြီးပိုက်၍ သားက ... သားက ... နှင့် ဖြ





စင်စင်လေး ကလေးစိတ်ဖြင့် ဝင်ဝင်ရှုပြပေးနေပါသည့် ဖိုးတာကို
ပြုံး၍သာ ကြည့်လိုက်ရပါ၏။

"အင်း ... ဟုတ်ပြီ ဖိုးတာ၊ ဖိုးတာက ဒီထဲမှာ အကြီးဆုံး
ဆိုတော့ ပိုးပိုးကို ဂရုစိုက်နော်"

"စိတ်ချပါ ဦးဦးရ ... သားက ပိုးပိုးကို သိပ်ချစ်တာ၊
ကစားရင် ချော်မလဲအောင် သားက ကြည့်ပေးမှာ ...
သူများတွေ ဗိုလ်မလုပ်ရအောင်လည်း သားက ကြည့်ပေး
မှာ ... စိတ်ချ"

ပိုးပိုးကို စောင့်ရှောက်ခွင့် လက်မှတ်ရသည့်နှယ်
ဝမ်းသာအားရကြီး ပြောနေတော့ ဦးဖော်လွှင် ရယ်နေမိသည်။
နောက်ထပ် ချိုချဉ်နှစ်လုံးစီ ထပ်ဝေပြီး ဦးဖော်လွှင် အိမ်ထဲပြန်
ဝင်၏။ စက်မှုဇုံမှာပလတ်စတစ် လူသုံးပစ္စည်းမျိုးစုံကို ထုတ်လုပ်
သည့် စက်ရုံတစ်ခုကို ဦးဖော်လွှင် ပိုင်သည်။ ဖနီးမောင်နှံနှစ်ယောက်
စက်ရုံမှာ တူတူ နေ့ဆိုင်း အလုပ်ကြီးကြပ်ရ၊ လိုအပ်သည့် ကိစ္စ
တွေအတွက် အားလုံး မနားမနေ လုပ်ကိုင်ရနှင့် ရှိနေကြရသည်
ပါပဲ။ ဝယ်နေကျ ဖောက်သည်တွေ မရှောင်ဖို့။ ပစ္စည်းတွေ အမှာ
ပိုရဖို့အတွက် ပစ္စည်းအရည်အသွေး ပိုကောင်းလာနေစေဖို့။ အလုပ်
သမားတွေအတွက် ဆုကြေးငွေကအစ အားလုံး ထောင့်စေ့အောင်
လိုက်လိုက်ကြီးကြပ်ရသည်။ စက်အရည်အသွေး ကောင်းနေအောင်
လည်း ကြီးကြပ်ရသည်။ စက်ရုံ ရုံးခန်းမှာ အများအားဖြင့် ဖနီး



www.burmeseclassic.com

www.burmeseclassic.com



သည့် သခင်မျိုးပဲ အထိုင်များကာ ဦးဖော်လွှင်ကတော့ စက်ရုံထဲမှာ အမြဲမပြတ် သွားလာကြီးကြပ်နေရသည်ပါပဲ။ သမီးလေး ပိုးပိုးကို ခုလို အဖော်လေးတွေနှင့် တရင်းတနှီး ရှိသွားအောင် စီစဉ်ပေးရသည့်မို့ ဦးဖော်လွှင်ကတော့ ရင်ထဲမှာ ကျေနပ်နေမိရပေမယ့် ဇနီးသည် ဒေါ်သခင်မျိုးကဖြင့် ဧည့်ခန်းမှာ မျက်နှာပျက်ပျက်ဖြင့် ရှိနေရှာရင်းမှ ...

"မောင် ... ဘာလို့ အဲဒီ ခပ်စုတ်ချာချာ ကလေးတွေနဲ့ သမီးလေးကို တူတူဆော့ခိုင်းနေရတာလဲ ... ဒုက္ခပါပဲ၊ မတော် ပိုးပိုးရဲ့ ဆွဲကြိုးလေးကိုဖြစ်ဖြစ် ဖြုတ်သွားရင် မခက်ဘူးလား ... ပိုးကို ရိုက်လိုက်ရင် မခက်ဘူးလား၊ မောင်ဟာလေ လူတွေကို အဆင့်အတန်းရယ်လို့ မခွဲဘဲ ထားနေတာကိုက မဟုတ်တာ၊ ကြည့်ပါဦး ... တချို့ဆို အဝတ်ဟောင်း ဖတ်ဖတ်တွေနဲ့ ... ဟိုကောင်လေးကလည်း ကျပ်မပြည့် ဘာမပြည့်နဲ့ မျောက်ရှုံးအောင် ဆော့နေတာများ တာတူးလန်ရော ..."

ဟု ဖိုးတာကိုကအစ ကြည့်မရနိုင်သလို ပြောတော့ ဦးဖော်လွှင် ရယ်၍ ...

"မောင်တို့ ဒီကို ရောက်လာပြီ ... ဒီလမ်းကလူတွေဟာ မောင်တို့ရဲ့ ဆွေမျိုးသားချင်းများလိုပဲ သဘောထားရမှာ ဇင်ဇင်ရဲ့ ... မောင်တို့ စက်ရုံမှာ လုပ်နေကြတဲ့ အလုပ်





သမားတွေကိုပဲ ကြည့် ... သူတို့ သစ္စာရှိလို့ ... ကြိုးစားလို့ မောင်တို့လုပ်ငန်း အောင်မြင်တာပေါ့ "

"အို ... သူတို့ကို လခလည်း ကောင်းကောင်း ပေးထားတာပဲ၊ ဘောက်ဆူးလည်း လတိုင်းပေးနေတာပဲ၊ လခပေးလို့ သူတို့ ကြိုးစားကြတာ ... ဇင်တို့ကို စေတနာ တမင်ထားနေတယ်လို့များ မှတ်နေလား ..."

"အဲဒီလို မပြောနဲ့ ဇင်ဇင် ... နေရာတိုင်းမှာ လူတွေ လုပ်ကိုင်နေကြတာဟာ ပိုက်ဆံတစ်ခုတည်းကြောင့် မဟုတ်ဘူး၊ အလုပ်သမားတွေဟာ မောင်တို့ဆီက လခရလို့ လုပ်ကြတာမှန်တယ်၊ ဒါပေမဲ့ ပစ္စည်းအရည်အသွေးကောင်းအောင် ဂရုတစိုက် စေတနာနဲ့ လုပ်ပေးကြတယ်၊ အရည်အတွက် ကောင်းအောင်လည်း လုပ်ပေးကြတယ်၊ အဲဒီ စေတနာကို မောင်တို့ဘက်က နားလည်ရလိမ့်မယ် ဇင် ..."

ဟု ပြောပြီး ပြတင်းအနီးမှာ ဦးဖော်လွှင် သွားရပ်သည်။

ကလေးဗိုလ် ဖိုးတာမှ မြေဖြူဖြင့် ကတ္တရာလမ်းပေါ်မှာ စည်းဝိုင်းသည်။

မကြာလိုက် ... ဖိုးတာမှ ပိုးပိုး လက်ကလေးဆွဲ၍ စည်းဝိုင်းထဲဝင်သည်။

"ညောင်ပင်တစ္ဆေ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးအုပ်က အော်တော့ ဖိုးတာမှ ပိုးပိုးလက်ကို ဆွဲလျက်ဖြင့် ခပ်ပျော်ပျော် ထူးသည်။

"ဝေလေလေ ..."

"နင် ဘယ်ကိုင်းမှာနေ ..."

"ညောင်ကိုင်းမှာနေ ..."

"နင် ဘာသီးစား ..."

"ညောင်သီးစား ..."

"နင်ဘယ်သူ့ကို ခြောက်ဖို့လာ ..."

"နင်တို့ကို ခြောက်ဖို့လာ ..."

"အစဲလား ... အပြင်လား ..."

"အပြင် ..."

လူလည်ဖိုးတာက ကလေးတစ်အုပ်ကို စည်းဝိုင်း ဝင်စေ၍ သူက အပြင်ထွက်ကာ ပိုးပိုးကို လက်လေးဆွဲ ကလေးအုပ်ထဲက တစ်ယောက်ယောက်၏ ကျောကို ပုတ်မိအောင် ကြိုးစားသည်။ ပိုးပိုးကိုလည်း လိုက်၍ ပုတ်ခိုင်းသည်။ ပိုးပိုးကတော့ ရယ်နေ၏။ ကြည်ကြည်လည်း ပျော်နေသည်။

ကလေးအုပ်ကလည်း ဖိုးတာ ဒီဘက်လှည့် စည်းဝိုင်းကြီး၏ ဟိုဘက်ကို အသံတွေ စူးနေအောင်အော် ကပ်လိုက် ...။ ဟိုဘက်ရောက်လျှင် ဒီဘက်ကပ်လိုက်နှင့် ရှိ ရာမှ ...





"တေး ... မိပြီကွ ... မိပြီကွ ... ပိုးပိုးက နီတွတ်ကို မိပြီ"

ဟု အော်နေတော့ ကလေးတွေမှ ဟေးခနဲ အော်ကြသည်။

ပိုးပိုးကတော့ ရယ်နေပြီ။ ကလေးအုပ်ကတော့ တစ်သားတည်း ဖြစ်နေပြီ။ အဘယ်မျှထိ ဖြူစင်ကြပါသည့် ကလေးတွေပါလဲ ...။

ညောင်ပင်တစ္ဆေ ကစားနည်းကို ကလေးဖိုလ် ဖိုးတာ ကပဲသင်ပေးတာ ဖြစ်နိုင်သည်။ ထိုသို့ပဲ ဦးဖော်လွင် တွေးမိရပါ၏။ ဖိုးတာ၏ မျက်နှာက ဖြူစင်သော အပြုံးဖြင့် လန်းနေပါ၏။ သမီးလေး ပိုးအတွက်ကတော့ ဉာဏ်မျှများပြားသော ကလေးတွေနှင့် ညောင်ပင်တစ္ဆေတမ်း ဆော့ရခြင်းသည် ပထမဆုံးသော စိတ်လှုပ်ရှား ပျော်မြူးဖွယ် အဖြစ်တစ်ခု ဖြစ်နေချေမည်သာ ...။

နယ်မှ တက္ကသိုလ် လာတက်ကာ စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ကိုရ။

ဘာသာရပ်တူ သဇင်နှင့် ချစ်သူဘဝမှ အိမ်ထောင်သည် ဘဝ ရောက်ခဲ့ရပါသည့် ဦးဖော်လွင်မှာက အညာစရိုက် နယ်စရိုက်တွေ ရှိနေသည်။

ရန်ကုန်မှာပဲ မွေး ... ရန်ကုန်မှာပဲ မွေးကတည်းက ကြီးလာပါသည့် သဇင်ကျတော့ ဒါတွေ ကို သိပ်နားလည်ပုံမရ။

ဦးဖော်လွင်မှ တပြုံးပြုံးဖြင့် ရှိစဉ်ခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ကြည် ... ပြန်လာတော့"

ဟု ဒေါ်သင်္ဇင်မျိုးမှ ထွက်အော်သည်။ မိဘက ချမ်းသာလျက် ပလတ်စတစ် လူသုံးပစ္စည်းမျိုးစုံအတွက် တည်ထားပါသည့် စက်ရုံဆိုတာကလည်း သင်္ဇင်မျိုး မိဘများဘက်မှ ထူထောင်ပေးတာမို့ ချမ်းသာသော ဒေါ်သင်္ဇင်မျိုးသည် နည်းနည်းလေးတော့ ခင်ပွန်းသည် အပေါ်မှာပင် ချမ်းသာဂုဏ်ရှိန်ဖြင့် အနိုင်ယူချင်သည့် စရိုက်က ရှိနေပြီးသားပါ။

ကြည်ကြည်မှ ပိုးပိုးကို ခေါ်စဉ် ပိုးပိုး ခေါင်းခါသည်။

"ပိုး ကစားဦးမယ်၊ အစ်ကိုဖိုးတာနဲ့ တူတူ ကစားဦးမယ်"

နှင့် ကလေးကတော့ ဖိုးတာကို ခင်သွားပါချေပြီတည်း။

ဖိုးတာကလည်း ပိုးပိုးကို ကျောပိုး၍ ကစားနေဆဲ။

ခေါ်မရတော့ ဒေါ်သင်္ဇင်မျိုးမှ ခင်ပွန်းသည်ကို မျက်စောင်းခဲ၍ အပေါ်ထပ်သို့ တက်သွားပါချေသတည်း။

ကလေးတွေကတော့ ဆော့နေကြဆဲ ... ဆူနေကြဆဲ။





"အဲဒါ ဘာလဲဟင် ..."

"ချောကလက် ... ဖေဖေ ဝယ်ထားပေးထားတာ ... အများကြီးပဲ၊ ဒါက ရက်(စ်)ချောကလက်ကွတ်ကီးမုန့် ... အစ်ကို ဖိုးတာ စားနော်"

အကောင်းကြိုက် ဖိုးတာကတော့ တစ်ချက်မငြင်း။

"အင်း ... စားမယ် ... ခုစားမယ်လေ၊ ဒီချောကလက်ကို အရင်စားမယ်နော်၊ ဒီလို အထုပ်ပတ်ထားတာ လှလှလေးနဲ့ ဥစ္စာဆို မစားဖူးဘူး သိလား၊ နေဦး ... ပိုးပိုးက မုန့်ဆီကြော် စားဖူးလား"

ပိုးပိုး ခေါင်းညိတ်သည်။ မျက်နှာလေး ရှုံ့မဲ့၍ ...

"မေမေက မစားရဘူးတဲ့ ... ဆီတွေများတယ်တဲ့ ..."

ဟု ပြော၏။ နီတိုး လျှောက်လာနေတာကို မြင်ဘ်နှင့် ဖိုးတာ ကမန်းကတမ်း ချောကလက်ကို ပါးစပ်ထဲထည့်၍ ါးစားပစ်လိုက်ပါ၏။ စောစောက အရသာခံ၍ တမြုံ့မြုံ့ ...ပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ခုကျတော့ သူ့ဥစ္စာ သူများကျွေးရမှာ တွန့်တိုနေလျက် ချက်ချင်းကြီး အားလုံး ပါးစပ်ထဲ ထည့်ပစ်လိုက်ခြင်းပါ။ ပိုးပိုး ပေးသည့် ရက်စ်ချောကလက်ကွတ်ကီးကိုတော့ အင်္ကျီကြားထဲ ထိုးထည့်လိုက်သည်။

ဘောထုပ်ထည် ဂျင်းဘောင်းဘီပြာနှင့် ဤနေ့မှာလည်း ဖိုးတာ ရှိုးကောင်းနေသည်။ ဒေါ်နွဲ့ ဘုရားဖူး ပြန်လာတော့ ဖိုးတာကို အလှူကြိုက်လေး စိတ်ပျော်အောင်ဆိုကာ ဘောထုပ်ပုံထဲက သုံးရာ့ငါးဆယ်နှင့် ဂျင်းဘောင်းဘီဟောင်း တစ်ထည်ကို ဝယ်ပေးခဲ့ခြင်းပါ။

မနေ့ကလည်း ဘောင်းဘီကို ဆပ်ပြာရည်ဇလုံကြီးထဲ ထည့်နှစ်၍ ဖွတ်လျှော်ကာ ရေတွေ သောသောပါအောင် လော့င်းချ ဆပ်ပြာရေကျင်း လှမ်း ... မီးပူတိုက်ပေးဖို့ မိထူးကို ကျိကျနေပြီးသည့် နောက်မှာတော့ ...။ ဤနေ့မှာ ဖိုးတာ ဂျင်းဘောင်းဘီနှင့် မြောက်ကြွားကြွား လမ်းပေါ် ရောက်လာနိုင်ခဲ့ပါ၏။

"မာလကာသီးတို့ ဘာတို့ စားမလားဟင် ... ဟို ... မန်ကျည်းသီးစိမ်းကို ငရုတ်သီးစပ်စပ်နဲ့ ထောင်းထားတာမျိုး စားမလား၊ အစ်ကိုဖိုးတာ လုပ်ပေးတတ်တယ် ... သိလား၊ ငရုတ်ဆုံထဲ ဆားရယ် ထန်းလျက်ရယ် ငရုတ်သီး အစပ်မှုန့်ရယ် ရောပြီး မန်းကျည်းသီးနဲ့ ထောင်းလုံးလိုက်ရင် ဆီးတော်ဖိဖြစ်ရော ... ချိုချဉ်စပ်ငံလေ"





ဟု ပြောနေခိုက် ကြည်ကြည် ဘေးမှာ လာထိုင်သည်။ ပိုးပိုးအတွက် ဖျော်ရည်ဘူးလေး ယူလာကာ တစ်ဘူးကို ပိုးပိုးကို ပေး၊ တစ်ဘူးကို ဖိုးတာကို ပေးပါ၏။

"ပိုးပိုး ... သိပ်မကြာနဲ့နော်၊ ဒီနေ့ ပိုးလေးရဲ့ မေမေ အိမ်မှာ ရှိနေတာ၊ ခေါင်းကိုက်လို့ အိပ်နေတာနော်၊ ပိုးလေး အပြင်မှာ သိပ်ကြာနေတာကို သိသွားရင် အန်တီလေး မကြည်ကို ဆူမှာ"

ဟု ပြောခိုက် ပိုးပိုး ခေါင်းလေးပဲ ညိတ်ပြသည်။ မေမေ နေမကောင်းဟုဆိုကာ ဤနေ့ အလုပ်မသွားတာကိုလည်း ပိုးပိုး သိနေရသည်လေ။ ဖိုးတာကတော့ ဖျော်ရည်ဘူးကို ကြည်ကြည့်လက်ထဲ ပြန်ထည့်ပေးသည်။

"သား ပြန်တဲ့အခါကျမှ ယူမှာနော် ... သိမ်းထားပေး ... ဟိုမှာ နီတိုး လာနေပြီ၊ သူမြင်ရင် တောင်းသောက်ဦးမှာ၊ ဒီဥစ္စာ အဖေ့ကို တိုက်မှာဗျ"

ဖိုးတာ အဖေ့အတွက် ဖျော်ရည်ဘူးကို ယူသွားဖို့ ပြင်နေခြင်းပါ။ ကြည်ကြည်ကတော့ ရယ်၍ ဘူးလေးကို ပြန်သိမ်းထားလိုက်သည်ပါပဲ။

"အပိုင်လည်း ပြန်မသိမ်းလိုက်နဲ့ဦးနော်၊ သားပြန်ရင် ယူသွားမှာ သိရဲ့လား၊ အဖေက အဲဒီလို အရည်ဘူးဆို သိပ်ကြိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ချလက်ချ ရှိနေရအောင်လည်း အပ်သည့် ဖျော်ရည်ဘူးနှင့် ပတ်သက်၍ သေချာမှာနေသည်က ဖိုးတာပါ။

ထိုအခိုက် လမ်းထဲ မြင်းညိုကြီးနှင့် ကိုတုတ် ရောက်လာနေပြီ။

ဖိုးတာ ပြေး၍ အရင်ဦးအောင် ပြောရသည်က ...

"သား အရင်စီးမယ် ဦးဦးတုတ် ... သားစီးမှာ၊ ဒီမှာနော် တစ်ဆယ် ..."

ဟု ပြောကာ ပိုက်ဆံပေးသည်။ ဆယ်တန်ကို သေချာအောင် ဖိုးတာ မှတ်သားထားတတ်လာပြီ။ မြင်းစီးခပေးဖို့ အတွက် သေချာကို တစ်ဆယ်ကို မှတ်သားတတ်လာရကာ အိတ်ထဲက ပိုက်ဆံ တစ်ဆယ်ကိုလည်း သေချာထည့်ထားတတ် သည်က ဖိုးတာပါ။ ပိုက်ဆံပေးပြီးတော့လည်း အိမ်ကို သုတ်သုတ် ပြန်ပြေးသည်။ စားပွဲဟောင်းလေးပေါ် တင်ထားသည့် မြက်ခမောက် ဟောင်းလေးကို အမြန်ယူသည်။ အကျႌကြားထဲ ထည့်ထားသည့် မုန့်ထုတ်လေးကို လောက်စာလုံး ထည့်သည့် ဘူးထဲ သွားထည့် ဖွက်သည်။ နောက်တော့ အိမ်ပေါ်မှ အမြန်ပြန်ပြေးဆင်းသည်မို့ လောကောသောကော လိုက်နေသည့် ဖိုးတာကို ဒေါ်နွဲ့မှ ...

"ဟဲ့ ... ဖိုးတာ ဘယ့်နှယ် ခြေလိမ်လောက်အောင် အလောတကော ဖြစ်နေရတာလဲ၊ တော်နေ နင့်ခြေထောက် နင် ပြန်နင်းနေလို့ လိမ့်ကျနေဦးမှာ ..."





ဟု တစ်ဖက်ခန်းမှ မေးတော့ ဖိုးတာ မြက်ခမောက် ကို ကောင်းဘွိုင်မင်းသားတွေလို ဆောင်း၍ ...

"မြင်းစီးမှာ ဒေါ်လေးရ ... မြင်း ..."

ဟု ဖြေသည်။ မြင်းစီးဖို့ဆိုတာက ကျောင်းပိတ်ရက် နေ့နေ့လည်းဖြစ် ကလေးပေါသော လမ်းပေမို့ တိုကင်တောင် ယူရမလို ရှိနေတာကို ဒေါ်နွဲ့ပင် အသိ။ ရယ်၍ ခေါင်းခါကျန်ခဲ့ သည်က ဒေါ်နွဲ့ပါ။ ဖိုးတာ အရင်ဆုံး စီးချင်၍ လော်နေတာ ကိုလည်း သိလိုက်ရသည်လေ။

ဖိုးတာ ကိုတုတ်နားရောက်တော့ မျက်နှာမှ ချွေးတွေ ကို လက်ကိုင်ပဝါဖြင့် ဟန်လေးထုတ်၍ သုတ်သည်။ ပြီးတော့ မြင်းပေါ်တက်ပါ၏။ လမ်းပေါ်မှာ မြင်းစီးချင်သည့် ကလေးတွေ ကတော့ကိုတုတ်နားမှာ ဘယ်သူအရင် စီးရမည်ဆိုတာကို ပါးစပ် တိုကင် ဆွဲထားနှင့်နေကြပြီ။ ထုံးစံအတိုင်း ဖိုးတာကတော့ ထိပ်ဆုံးလူအဖြစ် မြင်းပေါ်ရောက်နေပြီ။

"အစ်ကိုဖိုးတာ ပြီးရင် အတွက် စီးမှာနော် ..."

ညိုပုပုလေးနှင့် နီတွတ်ပြောတော့ ဖိုးတာ မျက်နှာ ထည်ဖြင့် ကြည့်ကာ ...

"ငါက ဟိုဘက်ဒီဘက်ကို ဆယ်ခေါက်စီးမှာ ... လာ မလောနဲ့၊ ဒါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူများ ခြောက်ခေါက် တစ်ဆယ်
သူက ဆယ်ခေါက်လုပ်သည့် ဖိုးတာပါ။

မြင်းကို ကိုတုတ် လိုက်စောင့်ကြည့်ပေးဖို့
ဖိုးတာနှင့် မြင်းကြီး ညိုရောင်တို့က အသားတကျ မိတ်
ကြပြီ။ စီးသည့် သက်တမ်းကလည်း နည်းသည်မှ မဟုတ်
ဖိုးတာ ဆယ်နှစ်သားလောက်ကတည်းက စီးလာလိုက်သ
အခု နှစ်ဆယ်ကျော် အသက်ပင် ရောက်နေပြီ။ ကလေးစ
လူကြီးကိုယ် ဖိုးတာကို မြင်းကြီး ညိုရောင်ကလည်း ချ
ဟန်လေးတပြပြဖြင့် ဖိုးတာကို အစီးခံ၍ လမ်းပေါ်မှာ တော
ခြောက်ထိပ်ကို မနှေးမမြန်လေး ပြေးချင်ပြေးပြတတ်သေ
အဖြစ်။ ဖိုးတာတို့ လမ်းက လမ်းမကြီး မဟုတ်တာမို့လည်
အပျော်စီး ချိုတိတ်အုပ်တွေအတွက်ကလည်း ဟန်က
ကိုတုတ်အတွက်ကလည်း အလုပ်ဖြစ်သည်။

ဖိုးတာမှ ဦးထုပ်ကို ကျောဘက်ရောက်အောင်
ကြိုးကို လျှော့ချလိုက်တော့ မေးအောက်မှာ ကြိုးက ရောက်နေ
မှ လျှော၍ လည်မြင်းဘက်မှာ ကြိုးကသိုင်းချည်ထားလျက်
ရှိနေ၏။

ဂျင်းဘောင်းဘီနှင့် မိုးပွင့်လူး မျက်နှာနှင့် ဖို
ကတော့ မြင်းစစီးပြီ။ တစ်ခေါက် ... နှစ်ခေါက် ... သုံးခေ





မျက်နှာမှာက ကော်မျက်မှန်ကြီးနှင့် ဖိုးတာ ဟန်ကောင်းနေသမျှ
ပိုးပိုးမှ အိမ်ရှေ့မှာရပ်ရင်း တကောက်ကောက် လိုက်ကြည့်နေရာမှ

"အစ်ကိုဖိုးတာ ... ပိုး စီးမယ် ... ပိုး စီးမယ်"

နှင့် ပူဆာလာသည်။ အရေးထဲ ကြည်ကြည်ကလည်း
တစ်ချက် မီးဖိုထဲ ဝင်၍ ဟင်းရည်အိုးကို အချ။ ဖိုးတာ သဘော
ကောင်း အလိုလိုက်ကြီးကလည်း မစဉ်းမစားဖြင့် ပိုးပိုးကို မြင်းပေါ်
ခေါ်တင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မြင်းပေါ်မှအရင်ဆင်း။ ကလေးကို
မြင်းပေါ်ပြန်တင် ပြီးတော့ သူပြန်တက်။ မြင်းဆက်စီးနေသည်
မှ ဘာကိစ္စမှ ပြဿနာမရှိ။

နောက်ထပ် နှစ်ခေါက် စီးဖြစ်ပြီ။ ထိုအခိုက် ပိုးပိုး
ကတော့ ရယ်၍ လက်ခုပ်တွေပင် တီးနေသေးသည့် အဖြစ်။
ကိုတုတ်မှ ...

"ဟဲ့ ... ဖိုးတာ ကလေးကို ခေါ်မစီးနဲ့ ..."

ဟု ပြောလည်းပြော တားလည်းတားပေမဲ့ မရ။
ဖိုးတာမှ ပိုးပိုးကို ခေါ်တင်၍ မြင်းစီးရတာမို့ ပို၍ပျော်နေသည့်
အဖြစ်။ တားသည့်သူကို မျက်စောင်းဖြင့်ကြည့်ကာ ဖိုးတုတ်မှ
လာ၍ မြင်းဇက်ကို မကိုင်နိုင်အောင် မြင်းကို ခြေဖနောင့်ဖြင့်
တို့မောင်းလိုက်သည်ပါပဲ။ ကလေးတွေကလည်း လက်ခုပ်တွေ
ဘာတွေ တီးနေကြသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာတို့ လမ်းမှာက မနက်ခင်းဆို ဤသို့ပဲ မြင်းကြီးနှင့် ကိုဖိုးတုတ် ရောက်လာတတ်သည်ချည်း။ နှစ်ပင်မနည်းတော့။ ပြဿနာမရှိ။

ဒါပေမဲ့ ဒေါ်သဇင်မျိုး လှဲနေရာမှ ထ, အောက်ထပ်ဆင်း၍ ဧည့်ခန်းမှာ ဘလက်ကော်ဖီတစ်ခွက်နှင့် လာထိုင်တော့ မြင်းစီးနေသည့် သမီးကို မြင်ရချေသည်မို့ မျက်စိတွေ ပြာကုန်က အပြင်သို့ ကသောကမျောကြီး ထွက်လာ၍ ရပ်ကြည့်နေသည့် ကြည်ကြည့်ကိုလည်း ခေါင်းခေါက်ထည့် ...။

"သွား ... မြင်းကို ရပ်ခိုင်းစမ်း၊ မြင်းပိုင်ရှင် ဘယ်သူလဲ ဟင် ... နင်ကလည်း ဒီအရူးနဲ့ ငါ့သမီးကို ထည့်ရသလား"

ဟု ငေါက်နေတော့ ကြည်ကြည်မှ ...

"ကြည်ကြည် ဟင်းရည်အိုး သွားချတုန်း ဖိုးတာ ခေါ်တာ စီးနေတော့ ပိုးလေးပျော်နေလို့ ကြည်ကြည် ပြန်ရောက်လာတော့လည်း မတားမိတာပါ ..."

ဟု ပြောပေမယ့် မရ။ ဒေါ်သဇင်မျိုး ဒေါ်သတကြီးဖြင့် ...

"ဘယ်မလဲ မြင်းပိုင်ရှင် ..."

ဟု မေးနေတာမို့ ကြည်ကြည် ကိုဖိုးတုတ်ဆီ ခေါ်သွားရပါပြီ။ ဒေါ်သဇင်မျိုးမှ ဒေါ်သတကြီးဖြင့် ကိုဖိုးတုတ်ထံ ရောက်သွားရကာ ...





"မြင်းကို ရပ်ခိုင်းစမ်းပါ ... ကျွန်မ သမီးလေး မြင်းပေါ်က ကျလို့ တစ်ခုခုဖြစ်ရင် ရှင် မလွယ်ဘူးမှတ်ပါ၊ ရှင့်မြင်းပေါ် သူများ စီးတာ ကျွန်မနဲ့ မဆိုင်ပေမဲ့ ကျွန်မ သမီးကို အရူးလက်ထဲ ထည့်ပေးတာတော့ ကျွန်မ ရှင့်ကို အရေးယူနိုင်တယ် သိရဲ့လား"

ဟု ပြောနေတော့ ကိုဖိုးတုတ်မှ မျက်နှာကြီး ပျက်သွားရကာ ကမန်းကတန်း ဖိုးတာ ပြန်လာနေသည့်ဘက်ကို ပြေး၍ ...

"ဖိုးတာ ... ရပ်လိုက်ပါဦးကွာ၊ ဟိုမှာ ကလေးအမေ ဒေါသထွက်နေတယ်၊ သူ့သမီးကို တင်ခေါ်စီးလို့တဲ့၊ ရပ်ကွာ ... ရပ်ကွာ"

ဟု လန့်လန့်ဖြင့် ပြောတော့ ဖိုးတာ မြင်းကို ျက်နှာငယ်လေးဖြင့် ရပ်သည်။ ဒေါ်သဇင်မျိုးကိုလည်း မျက်နှာလေး ဆီးရှက်လောက်ဖြင့် လှမ်းကြည့်သည်၊ ဘာပဲဖြစ်ဖြစ် းတာခမျာ ဒေါ်သဇင်မျိုးကိုတော့ လန့်၏။ မျက်နှာတည်သော ါ်သဇင်မျိုးကို ရှိန်သည်လေ။ ခုလည်း ဒေါ်သဇင်မျိုး ခပ်ပြေး ပြေးလေး ရောက်လာကာ ငိုနေသည့် ပိုးပိုးကို ဆောင့်အောင့်၍ င်းပေါ်မှ ဆွဲဆွေ့ယူသည်။ ပိုးပိုးကတော့ မြင်းစီးမယ် ... မြင်း ီးမယ်နှင့် ငိုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ဇမ်း ... ဒီအရွှံနဲ့ ပေါင်းနေ ပြောနေတာကို မေမေ မကြိုက်ဘူးဆိုတာ မသိဘူးလား၊ မေမေက မျက်နှာသာ ပေးတိုင်း သူ့ကိုပဲ အဖော်လုပ်ချင်နေတယ်၊ မဖြစ်ဘူး ... မဖြစ်ဘူး ... ညည်းလေးကို ဘွားဘွားဆီပဲ ပို့ထားမှ ဖြစ်တော့မယ်"

ဟု ဝေါက်လည်းဝေါက်။နောယိ မြင်းပေါ်မှာ ငိုင်ငိုင်ကြီး ထိုင်နေဆဲ ငြိမ်နေဆဲ ဖိုးတာကိုလည်း ရှုးတောက်နေသော မျက်ဝန်းများဖြင့် မာထန်စွာပဲ ဒေါ်သဖင်မျိုး ကြည့်သည်။ ဖိုးတာကတော့ မြင်းစီးချင်လွန်း၍ ကိုယ်လေး ကွန့်ငိုနေသည့် မိုးငိုးကိုပဲ မျက်ရည်ဝဲလျက် ကြည့်နေဆဲ ...။

"နောက်ကို ငါ့သမီးကို လာမတွေ့နဲ့ ... အိမ်ကိုလည်း မလာနဲ့ ... ကြားရဲ့လား၊ အရွှ ... အရွှးလိုနေတာ မဟုတ်ဘူး၊ ကြည်ကြည် ... ညည်းလည်း နောက် ဒီကောင့်လက်ထဲ ငါ့သမီးကို ထည့်ကြည့် အလုပ်အပြုတ်ပဲ ကြားရဲ့လား၊ တော်ပါသေးရဲ့ ... ဒီနေ့ အလုပ်မသွားမိလို့၊ ဒါကြောင့်မို့ ခုလို မြင်းစီးတာကို ငါ မြင်ရတာ၊ ငါ့သမီး မွေးထားတာ အကောင်း ချောချောနုနုလေး ... မြင်းပေါ်က ပြုတ်ပြုတ်ကျရင် ကျိုးပဲ့ ကန်းသွားရင် မခက်လား ... ငါပဲ ရင်ကျိုးရမှာ"





ဟု ပြောလည်းပြော ဖိုးတာကို ခပ်တင်းတင်း ချက်ကြည့်ပြီး ကလေးကိုဆွဲပွေ့၍ အိမ်ထဲ တောက်လျှောက် သွားတော့ ဖိုးတာ လိုက်ကြည့်နေဆဲ။ မြင်းပေါ်မှ မဆင်းသေး။ ဝန်းများက ရီဝေညှိုးဖျော့နေသည်။ စောစောက ပျော်နေသည့် ပျော်တွေ လုံးဝခြောက်ခန်းပျောက်ဆုံးသွားချေသည့် အဖြစ်။

ငိုယိုပါသွားသည့် ပိုးပိုးကိုပဲ မျက်ဝန်းများက တောက် ှာက် လိုက်လိုက်ကြည့်နေသည်ပါပဲ။ နောက်တော့မှ မြင်းပေါ် ဖိုးတာ ဆင်းသည်။

"မင်းကွာ ... သူများ သမီးကို ခေါ်တင်စီးရတယ်လို့ကွာ၊ ခု အပြောခံရပြီ"

အရွှးဟု ရက်ရက်စက်စက်ကြီး ပြောချသွားတာကို နှင့်မဆုံ ကြားရသည်မို့ ကိုဖိုးတုတ် ခပ်ညည်းညည်း စိတ် ကောင်းနိုင်ဘဲ ပြောတော့လည်း ဖိုးတာ ဘာမျှ ပြန်မပြော။ ခေါင်းကြီးငုံ့ချ၍ ငြိမ်နေသည်။ ခေါင်းမော့မလာ။ နောက်တော့မှ က်နှာက ခပ်ဖြည်းဖြည်း မော့လာပါ၏။ မျက်ဝန်းတွေမှာ က်ရည်တွေ ပြည့်နေသည်။ ပါးပေါ်မှာလည်း မျက်ရည်တွေ ကျနေသည်။

ကလေးတွေအားလုံး ငြိမ်ကျနေသည်ပါပဲ။ ဖိုးတာ ျအထိ ထိထိခိုက်ခိုက်ကြီး ငိုနေတာမျိုးကို ဘယ်သူမှ ဘယ် န်းကမှ မမြင်ဘူး။ ဖိုးတာဆိုတာ စိတ်ထဲမဲတွေ့လျှင် ကလေးလို



www.burmeseclassic.com

www.burmeseclassic.com



တအိအိအော်ငိုနေတတ်တာမျိုး။ ခုဥစ္စာက လုံးဝ အသံမထွက်၊ မျက်ရည်သာ ကျနေခြင်း။ ဖိုးတာ ပိုက်ဆံအိတ် ကျပျောက်တုန်းကထက်ပင် ပိုဆိုးနေသည်။ ကိုဖိုးတုတ်ကိုလည်း ဖိုးတာ ဘာမျှပြန်မပြော။

"သားက ပျော်လို့ စီးတာပဲ ဥစ္စာ ... ပိုးပိုးကလည်း ပျော်နေတာပဲ ဥစ္စာ၊ သားက ပိုးပိုးကို ပြုတ်မကျအောင် ထိန်းထားမှာပေါ့ ဦးဦးတုတ်ရ"

ဆိုတာလေးလောက်ပင် ပြောမလာ။ ဖိုးတာ အာသွက်လျှာသွက် ရှိတတ်သလောက် ခုတစ်ခေါက်မှာတော့ ပိုးပိုး ငိုနေတာကိုပဲ မျက်ရည်ဝေနေသော မျက်ဝန်းများဖြင့် လိုက်လိုက်ကြည့်နေပြီးသည့်နောက်မှာ တိတ်ဆိတ်လွန်းစွာပဲ ခေါင်းကြီး ငိုက်စိုက်နှင့် အိမ်ပြန်သွားချေတော့ အားလုံး ဘယ်သူမှ စိတ်မကောင်းနိုင်။

နီကိုးမှ လက်သီးဆုပ်၍ ...

"အစ်ကို ဖိုးတာကိုများ အရှုံးတဲ့ ... အဲဒီ အန်တီက ခေါ်သွားတာ ... သိပ်ဆိုးတာပဲ ..."

ဟု ခံပြင်းစိတ်ဖြင့် ပြောချသည် အထိ ဖြစ်ရပါ၏။

ကြည်ကြည်ကတော့ စိတ်မကောင်း။ ဒေါ်သဇင်မျိုးတို့ မရှိချိန်ဆို ဖိုးတာ ရောက်လာတတ်သည်ကမှ အိမ်ထဲထိ ပိုးပိုး ခေါ်ခေါ်ဝင်၍ပါ။





စနေနေ့ဆို ကျောင်းပိတ်ပေမယ့် ဒေါ်သဇင်မျိုးနှင့် ဦးဇော်လွင်တို့ကတော့ စက်ရုံသို့ သွားကြရမြဲပေမို့ အိမ်မှာက ဖိုးတာသည် ပိုးပိုးနှင့်အတူ ရှိတတ်လျက် ...။ ထိုသို့ ရှိရသည်ကလည်း ပိုးပိုး ခေါ်၍ဖြစ်ရကာ ...။

အိမ်မှာ ဖိုးတာသည် ပိုးပိုး ကျွေးသော ချောကလက်တွေစား။ မုန့်တွေစား။ ပိုးပိုး ဆင်စီးချင်သည်ဆိုလျှင် ဆင်အလုပ်ခံ၍ မမောမပန်း ကျောပေါ်တင်ကာ ညှော်ခန်းထဲ ကွေ့ပတ်၍ လေးဘက်ထောက်ကြီး လျှောက်လျှောက်သွားတတ်သူပါ။ ကြာတော့ ကြည်ကြည်ပင် ပိုးပိုးကို တော်တော့ဟု တားယူရသည်အထိပါ။

တိုတောင်းသော ကာလတစ်ခုအဖြစ် တစ်လတာနည်းပါးမျှ ပိုးပိုးနှင့် ဖိုးတာတို့၏ ဆက်ဆံရေးက ရှိခဲ့ရပေမယ့် ပိုးပိုးနှင့် ဖိုးတာတို့ကြားမှာ သံယောဇဉ်နှင့် ချစ်ခင်မှုဆိုတာက နက်ရှိုင်းစွာ ရှိနေတာကို ကြည်ကြည်သိသည်။ နားလည်သည်။ ပိုးပိုးအတွက် အကြော်လေး၊ အိကြာကွေးလေး၊ အုန်းသီးဖြူကောက်ညှင်းပေါင်းလေး ဝယ်ဝယ်လာတတ်သည့် ဖိုးတာ ...။ ရသည့် မုန့်ဖိုး ပဲဖိုးထဲက ဝယ်လာတတ်သည့် ဖိုးတာ ...။

ခု ... မျက်ရည်တဝဲဝဲဖြင့် ခေါင်းကြီးငိုက်ချ၍ ပြန်သွားချေသမျှ ကြည်ကြည် ရင်ထဲဆို့နေရင်း ငေးကြည့်ကျန်ခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နီတိုးကတော့ ဖိုးတာနောက်ကို ပြေးလိုက်သွားသည်။ တာယာဖိနပ်ကြီး စီးလျက် ဂျင်းဘောင်းဘီ မီးပွကျဖြင့် ရှိုးတများ များနှင့် ပျော်နေသည့် ဖိုးတာဆိုတာ လုံးဝမဟုတ်တော့သလိုကြီး ခေါင်းငိုက်စိုက်နှင့် သွားနေသမျှ ဘေးကလိုက်ကပ်လျှောက်ရင်း ကြည့်တော့ ဖိုးတာ တောက်လျှောက် ငိုနေမှန်း သိလိုက်ရသည်။

ဝမ်းပန်းတနည်း ငိုင်နေသည့် ဖိုးတာ ...။ နီတိုးကို လည်း မကြည့်။ တစ်ချက်တစ်ချက် ကလေးလိုပဲ ရှိုက်သံထွက် လာတတ်သည်။

"သူ့သမီးများ ရွှေနဲ့ထုထားတာကျလို့ မခေါ်စေချင်နေပေါ့၊ ကရုစိုက်စရာမှတ်လို့ ... အစ်ကိုဖိုးတာ ဘာမှငိုမနေနဲ့ ... နီတိုးတို့ ရှိနေတာပဲ၊ နီတိုးတို့ တူတူကစားကြမှာပေါ့၊ အရေးစိုက်လို့"

ဟု နီတိုး ဈာနေတော့လည်း ဖိုးတာ ဘာမျှပြန် မပြော။ ငိုပဲငိုနေသည်။ အိမ်ရှေ့ ကပြင်မှာ ငြိမ်ငြိမ်ကြီး သွားထိုင် ရင်းလည်း ငိုင်နေသည်။

"သူတို့ မရှိခင်တုန်းကလည်း နီတိုးတို့ပဲ ကစားနေကျပဲ ဥစ္စာ၊ သူနဲ့ မကစားရလည်း ဘာဖြစ်လဲ ... သူ့ကို အဖော် လုပ်နေရလို့တောင်မှ အစ်ကိုဖိုးတာ နီတိုးတို့နဲ့ ဘောလုံး တောင် တစ်ခါတစ်ခါ မကန်လိုက်ရဘူး"





ဟု နီတိုး ဆက်ပြောခိုက် ဖိုးတာ နီတိုးကို ကြည့် သည်။

မျက်ဝန်းများထဲမှာ ဆို့နင့်ကြကွဲနေသည့် ခံစားမှုတွေ က ပြည့်သိပ်နေ၏။ ကလေးတစ်ယောက် အဆုံးရှုံးကြီး ဆုံးရှုံး နေရသည့် ငိုကြွေးနေမှုမျိုးလည်း ဖြစ်နေသည်။

"သူတို့ ... သူတို့ ... ငါနဲ့ ... ပိုးပိုးကို ... ပေး ... မတွေ့ တော့ ... ဘူး ... ငါ့အရုပ်လေးနဲ့ ... ငါ ... မ ... တွေ့ ရတော့ ... ဘူး ..."

ဟု အသံတွေ အက်ကျနေရင်း လည်ချောင်းထဲ တစ်ဆို့ကျပ်ခဲနေသလိုကြီးဖြင့် တံတွေး တနင်နင်နှင့် ပြောနေရာ မှ ဖိုးတာ တစ်ချက် အသံထွက်၍ ငိုချလိုက်သည်။

နီတိုး ပခုံးပေါ် ခေါင်းကိုတင်၍ ထိုအခါမှာ ဖိုးတာ ရှိုက်ကြီးတငင် ငိုချလိုက်ချေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ... ကျွန်မ သမီးနဲ့ ပတ်သက်လို့ လာပြောရဖို့ တာဝန် ရှိနေလို့သာ ... လာကိုပြောမှလည်း ဖြစ်မှာမို့လို့သာ ခုလို ဦးလေးရဲ့ အိမ်ထိ ရောက်လာရတာပါ ... ကျွန်မတို့ရဲ့ အခြေအနေမျိုးနဲ့ကတော့ ဒီလိုအိမ်ကို ရောက်လာစရာ အကြောင်းကို မရှိတာပါ၊ ခုလည်း ဦးလေးရဲ့ သားကို ဦးလေး တာဝန်ယူပေးဖို့ပါပဲ၊ ကျွန်မ သမီးကို လာမတွေ့ဖို့ရယ် ... ခေါ်ပြုပြီး တူတူမဆော့ဖို့ရယ် ကျွန်မ လာပြောတာပါ၊ မပြောလို့လည်း မဖြစ်တော့ဘူးလေ ... ဦးလေးရဲ့ သားအကြောင်းလည်း ဦးလေး သိနေတာပဲ၊ သူက ပုံမှန်စိတ်ရှိနေတဲ့လူမှ မဟုတ်တာ"

ဦးမျိုး ခေါင်းမဖော့ ... ရင်ထဲမှာ ဆို့နေသည်။ အလုပ်မှ ပြန်လာတော့ မနက်ဘက်က အဖြစ်ကို ဦးမျိုး မသိခဲ့။ ဒါပေမယ့် ဖိုးတာ ထမင်းမစားဘဲ ငြိမ်နေတာကိုတော့ မသိ၍





မရ။ သိနေရကတည်းက တစ်ခုခုတော့ ဖြစ်နေပြီဆိုတာလောက်ကိုတော့ ကြိုသိနေသည်။ ဒါပေမဲ့ ခုလောက်ကြီးထိ ပြဿနာကြီး ဖြစ်ထားမှန်း မသိထားရ။ မိထွေးလည်း သိပုံမရ။ ဒေါ်နွဲ့လည်း သိပုံမပေါ်။ ခုမှ အိမ်တိုင်ရာရောက် ကြည်ကြည်ဆိုသည့် ကောင်မလေးနှင့် ဒေါ်သဇင်မျိုး ရောက်လာတော့မှ သိရခြင်းပါ။

"ကျွန်မရဲ့ ခင်ပွန်းသည်လည်း အိမ်ပြန်မရောက်သေးပါဘူး၊ သူ စိတ်ထားကောင်းလွန်းလို့ ခုလိုဖြစ်ရတာပါ၊ ကျွန်မ အစကတည်းက သူ့ကို သတိပေးပါတယ်၊ မောင်က ဒီလို ပြဿနာမျိုး အန္တရာယ်မျိုး ဖြစ်လာနိုင်မယ့်လို့ တွေးထားမိပုံ မရဘူးလေ ... သူ့သဘောကောင်းနေပုံကြီးကြောင့်လည်း ခုထိ ရှင့်သားက ကျွန်မ သမီးကို မြင်းပေါ်တွေ ဘာတွေ တင်ခေါ်စီးရဲတဲ့အထိ အတင့်ရဲလာနိုင်တာပေါ့၊ လုပ်ရဲလာနိုင်တာပေါ့၊ အစကတည်းက ကျွန်မတို့ဘက် အနေတည်ခဲ့ရင် ကလေးအပေါ်မှာ သူ့ ဒီလောက် ရဲရဲတင်းတင်း မချိုရဲ မခေါ်ရဲနိုင်ပါဘူး၊ ဒီကိစ္စဖြစ်ရတာ ကျွန်မတို့ဘက်က သဘောကောင်းလွန်းနေခဲ့တဲ့ အပြစ်တစ်ခုလည်း ရှိပါတယ် ..."

ဟု ပြောနေတော့လည်း ဦးမျိုး ပြန်မပြော။ အခန်းထောင့်မှာ ငြိမ်ကုတ်ထိုင်နေရင်း လက်ကြီးပိုက်၍ မျက်မှောင်ယယ် လေးဖြင့် ဒေါ်သဇင်မျိုးကိုပဲ တကြည့်ကြည့် လုပ်နေသည့် သားကို



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာဒေါသဖြင့် တစ်ချက်တော့ ကြည့်မိသည်။ အစကတည်းက သတိပေးထားသည်။ တားထားသည့် ကိစ္စ။ ခု ပြဿနာတက်ပြီ။ သားကို စိတ်ထားမမှန်ဟုဆိုတာကိုက အရူးဟု ပြောခြင်း။ ကလေးစိတ်နှင့် လူကြီးကိုယ် ဖြစ်နေသည့် သားပေမယ့် ခုလို အရူး အပြောခံရတော့လည်း ရင်ထဲမရှိ။ ချမ်းသာဂုဏ်နှင့် မာနဖြင့် လာပြောနေတာကိုလည်း ခေါင်းငုံ့ခံပေးနေရသည့် ဘဝကိုလည်း ကြေကွဲချင်သည်။

ဒါပေမဲ့ အဖေလုပ်သူက တားထားသည့် ကိစ္စ ဖိုးတာ လုပ်နေတာကိုလည်း အပြစ်ပြောရအောင်ကလည်း ဖိုးတာ သဘောကောင်းကြီးအကြောင်းကို ~~အရူးဖြစ်သူကမှ~~ မသိပေးလျှင် ဘယ်နယ်ဖြစ်မည်တဲ့လည်း/လေ။ ကလေးတွေကို ချစ်တတ်တာကို ဦးမျိုး သိနေရသည်ပဲ။ ဒါပေမဲ့ ဒါတွေကို ရှင်းပြနေ၍လည်း ဘာမျှထူးလာချေမည်မှ မဟုတ်တာ။

"ကျွန်မ သမီးကို ကျွန်မ အကျိုးအပဲ့လည်း မခံနိုင်ပါဘူး မတော်တဆ ဒဏ်ရာရပြီး ရုပ်အဆင်းပျက်သွားတာမျိုးလည်း အဖြစ်မခံနိုင်ပါဘူး၊ မြင်းပေါ်က ပြုတ်ကျတယ်တာက ဘာမဆိုဖြစ်နိုင်တယ်လေ ... အဆိုးဆုံး သေတောင် သေသွားနိုင်တာမျိုး၊ ဖက်ကျိုး ဘာကျိုး ဖြစ်သွားရင် ဆေးနဲ့ဆက်ပြီး ကုတောင် အသက်ပြန်ရနိုင်မှာမှ မဟုတ်တာ"





ဟု ဆက်ပြောနေရာမှ ဦးမျိုးကို ဒေါ်သဇင်မျိုး ကြည့်သည်။

အခန်းထောင့်မှာ ထိုင်နေသည့် ဒေါ်နွဲ့လည်း မျက်နှာမကောင်း။ ဖိုးတာ မြင်းစီးမည်ဟု ပြောပြီး ထွက်သွားကော ဒေါ်နွဲ့ နောက်ဖေးဘက်သွားကာ အဝတ်တွေ လျှော်နေ၏။ ရေချိုး ခေါင်းလျှော်လုပ်နေမိချိန်မှာ လမ်းပေါ်မှာ ဖြစ်ကုန်သည် ကိစ္စ ...။

နေ့လယ်ဘက်ကလည်း ဖိုးတာ ထမင်းလည်း မစား။ ငိုင်ကျနေတာကိုတော့ သတိထားမိသည်။ ချော့မော့ကျွေးလည်း မစား။ အခန်းထဲမှာ ခွေနေတာပဲ ရှိနေခဲ့သည့် အဖြစ်။ ခု ညနေဘက်ကျမှ ဦးမျိုး ပြန်ရောက်လာမှ အဖြစ်စုံ သိရခြင်းပါ။ နိတိုးနှင့်လည်း ဒေါ်နွဲ့ မဆုံဖြစ်လိုက်ရ ...

"အဲဒါ ... ဦးလေး တင်ပြစတော့ ကျွန်မ ရှေ့မှာပဲ ဦးလေးရဲ့ သားကို မှတ်မိနေလောက်အောင် ဆုံးမပေးဖို့ရယ် ... နောင်ကို ပိုးပိုးကို မဆက်ဆံဖို့ရယ်ကို ပြောဖြစ်လုပ်ပြမှ ဖြစ်မယ်၊ သူက စိတ်မှန်တာ မဟုတ်ဘူး... သူ့ကို သေချာ ပြောတယ် ဆိုတာကိုအစ ကျွန်မစောင့်ကြည့်သွားချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ ဦးမျိုး ထောင်းခနဲ ဖြစ်သည်။ ဘာမျှကို မပြောတော့။ ပိုက်ဆံ ချမ်းသာ မာန၊ ပညာတတ် မာနတွေဖြင့် တလှလှလွင့်ရင်း ပြောလာသည့် ဒေါ်သဇင်မျိုးကို တစ်ချက် ကြည့်ပြီးသည့် နောက်မှာ ဦးမျိုး အိမ်ထဲဝင်သွားသည်။ ကြိမ်လုံးဆွဲ ထွက်လာပြီးသည့်နောက်မှာ မပြောမဆိုကြီး ဖိုးတာကို လွှဲလွှဲရိုက်ချလိုက်သည်မှ ဆက်တိုက်ကြီးပါ။ တုတ် တစ်ချက်ကျ ပြီး ပြန်အကြွမှာ နောက်တစ်ချက်အတွက်က ဖြန်ကျလာသည်။ ဖိုးတာ ပထမတော့ လန့်သွားလျက် ကယောင်ကတမ်းလေးဖြင့် ကလေးလိုပဲ မော့ကြည့် လက်ကာနှင့် လုပ်ရှာပါ၏။

ဒါပေမဲ့ အဖေလုပ်သူ၏ နှုတ်မှ ...

"ဟင် ... နောက် ... နောက်ကို အဲဒီ သူဌေးသမီးလေး ဖိုးဖိုးကို သွားပြီး ရပ်တောင်ကြည့်ရဲ ကြည့်ကြည့် ... မင်းကို ဒီထက် ငါရိုက်မယ် ... သတ်ပစ်မယ် သိရဲ့လား၊ မင်း အရိုက်ခံရင်း သေသွားလည်း နားအေးတယ် အရှုးရဲ့၊ ဟို ... အရှုးရဲ့ ... အရှုးအဖေမို့ အရှုးကို ရိုက်ရတဲ့အလုပ် ငါလုပ်နေရတာ ... မင်း ... မွေးမလာရင် ကောင်းသား ..."

ဟု ပြောလည်းပြော ဆက်တိုက်ကြီး ရိုက်ချနေတော့ ဖိုးဖိုးကြောင့် ရိုက်ခြင်းဆိုတာ သိသွားသည့် နောက်မှာ ဖိုးတာ ငိုလာသည်။ လက်နှင့်လည်း ရိုက်ချက်ကို မကာ။ ငြိမ်ခံသည်။





ဖိုးတာ လက်မောင်းတွေမှာ အရှိုးရာတွေ ထင်နေတာကို ကြည်ကြည် မြင်မြင်နေရပြီ။ ကြည်ကြည်ပင် မကြည့်ရက်။ မျက်ရည်တွေ ကျလာကာ ဖိုးတာကို မျက်ရည်တွေကြားမှ ကြည့်မိတော့လည်း ဖိုးတာသည် ဒေါ်သဇင်မျိုးနှင့် ကြည်ကြည့်ကိုပဲ လှမ်းကြည့်ရင်း ငိုရင်းဖြင့် အရိုက်ခံနေရှာပါ၏။

ဖိုးတာ၏ မျက်ဝန်းတွေထဲမှာ တောင်းပန်တိုးလျှိုး ရိပ်တွေ ပြည့်နေသည်ဟု ကြည်ကြည် ထင်သည်။ ဖိုးဖိုးကို ပေး မတွေ့ဘဲ မနေပါနဲ့ဟု တောင်းပန်နေသည်ဟု ကြည်ကြည်ထင် သည်။ ရင်ထဲ လှိုက်တက်လာရ ... ဆို့တက်လာရကာ ကြည်ကြည် မျက်ရည်တွေ ကျလာရပါပြီ။

"တော်ပါပြီ ... ဒီလောက်ကြီးလည်း မရိုက်ပါနဲ့"

ဟု ဒေါ်သဇင်မျိုး တားတော့လည်း မရတော့။ ဦးမျိုးမှာ ကရုဏာဒေါသောဖြင့် လက်က ဆက်တိုက်ကြီး မြောက် တက်သွားလိုက် ပြန်ကျလာလိုက်နှင့် ရှိနေပါ၏။

"အရှုးရဲ့ ... ဟဲ့ အရှုးရဲ့ ... ငါပဲ ခေါ်လိုက်ချင်တယ် အရှုးကြီး ဖိုးတာရဲ့ ... သူများ ခေါ်သံ ကြားရတာ ရင်ထဲ ထိလွန်းလို့ပါ အရှုးရဲ့ ..."

ဟု ရင်ကွဲသံကြီးဖြင့် ဦးမျိုး ပြောလည်းပြော ရိုက် လည်းရိုက် မျက်ရည်လည်း ကျနှင့်ရှိနေကာ ပိန်သော ဦးမျိုး၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပါးပါးလျားလျားလေးသည်ပင် ခါနေသည်။ မိထူးမှာ ကြ
တော့ မနေသာ။ အတင်း အဖေကိုလိုက်ဆွဲရသည်။ ဒေါ်သဖင်မျိုး
လည်း ကြည့်သည်။ တစ်ခုခုပြောတော့မည့်နှယ် ရှိခိုက် ...

"မပြောနဲ့ မိထူး ... ငါတို့က ဆင်းရဲသား ... အရှုံးရဲ့အဆေ
အရှုံးရဲ့ ညီမ ... ကိုယ့်ဘဝကိုပဲ ကိုယ်ပြန်ကျိန်ဆဲ၊ ကိုယ်
ဘဝပေးကိုပဲ ကိုယ်ပြန်ပြီး ကျိန်ဆဲ ... ကံကောင်းချမ်းသာ
ကံကောင်းကျန်းမာတဲ့ သူတွေကို ဘာမှ မပြောမိစေနဲ့ ...
ငါက သူများတွေလို ကျပ်ပြည့်တင်းပြည့်တဲ့ သားမျိုး
မပိုင်ဆိုင်ရတဲ့ အဖေဖြစ်နေရတဲ့ ဘဝကို ရထားတဲ့ လူကြီး
မင်း ... မင်း ... သေရင်ကောင်းမယ် ဖိုးတာ ..."

ဟု အသံအက်ကြီးနှင့် ဦးမျိုး ပြောကာ ထပ်ရိုက်
တော့ မိထူး အတင်းကြီးကိုပဲ ဖိုးတာကို ဝင်ပွေ့၊ အတင်းကြ
ကြိမ်ချက်ကို ကာယူရသည်။ ကြည့်ကြည့်ပင် မနေသာ၊ ဝင်ဆွဲ
သည်။ ဒေါ်နွဲ့ကတော့ ဤတစ်ကြိမ်မှာ လုံးဝမဆွဲဘဲ မျက်ရည်တွေ
သော မျက်ဝန်းများဖြင့် ဒေါ်သဖင်မျိုးကိုသာ မျက်တောင်မခပ်ကြ
စိုက်ကြည့်နေရာမှ ...

"ရှင် ကျေနပ်လောက်ရောပေါ့ ..."

ဟု ပြတ်ပြတ်ကြီး ပြောစဉ်ခိုက် ဒေါ်သဖင်
အိမ်ပေါ်မှ ဆင်းသွားချေ၏။ ဖိုးတာကို ဦးမျိုး စိုက်ကြည့်သည်





အရိုက်လည်းရှိ ရပ်ပြီ။ ဦးမျိုး၏ မျက်နှာထက်မှာ ချွေးတွေ နစ်နေသည်။ မျက်ရည်တွေ လူးနေသည်။ လက်ထဲမှ ကြိမ်လုံးသည် ကြမ်းပေါ်သို့ အသံမြည်၍ကျ၏။ လက်မောင်းတွေ တွဲလွဲကြီး ဖြစ်နေလျက် ဦးမျိုး ငိုင်နေသည်။ နောက်တော့ ဖိုးတာကို စိုက်ကြည့်နေရာမှ ဘာမျှမပြောတော့ဘဲ အိမ်တွင်းခန်းထဲ ဝင်သွားပါ၏။ ဒေါ်နွဲ့ လိုက်ကြည့်တော့ အခန်းထောင့်မှာ ဦးမျိုး ထိုင်နေကာ ကလေးလိုပဲ ရှိုက်ကြီးငင်ငင် ငိုနေရှာတာကိုပဲ မြင်ရချေသည် တကား။

ဧည့်ခန်းမှာ ဖိုးတာသည် အသံမထွက်ဘဲ မျက်ရည်ကြီးများ ကျနေလျက်ဖြင့် ရှိနေပါချေ၏။ ဘယ်သူမှ မနေနိုင် မျက်ရည်ပြိုကျရချေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးတော့ စားလိုက်ပါ သားရယ် ... ပြောင်းဖူးကွေကာ လေးက ချိုကချိုနဲ့ ... သား ကြိုက်တယ်ဆို ..."

ဦးမျိုး ပြောတော့လည်း ဖိုးတာ ဘာမျှပြန်မဖြေ။ ပိန်ကျချောင်ကျနေသော ဖိုးတာ၏ မျက်ဝန်းလေးတွေကလည်း မှိန်ဖျော့နေပြီ။ တစ်ပတ်အတွင်း ဖိုးတာသည် မယုံကြည်နိုင်လောက် အောင်ပဲ ပိန်ကျသွားသည်။

မနက်တိုင်း ရှိုးတပြပြနှင့်ရှိတတ်ကာ တစ်နေ့ တစ်နေ့ မင်းသား တစ်ယောက်ပြီး တစ်ယောက် ပြောင်းတုနေရင်း ဘဝ ကို ပျော်နေသည့် ဖိုးတာ ...။ အုန်းဆီ အရွဲသားနှင့် မို့ပွင့်အဖွေး သားဖြင့် လမ်းသလားနေတတ်သော ဖိုးတာ ...။

လမ်းပေါ်မှာ ကောင်းဘွိုင်မင်းသားလို မြင်းစီး ဟန်ရေးပြတတ်သော ဖိုးတာ။ မုန့်ဟင်းခါးဆိုင်မှာ လက်တို လက်တောင်း ခိုင်းသမျှ လုပ်ပေးတတ်ပြီး ကျွေးတာလည်း စား





ပေးသည့် ပိုက်ဆံလေးကိုလည်း စု။ အဖေနှင့် ညီမအတွက် ထည့်ပေးလိုက်လျှင်လည်း မုန့်ဟင်းခါးချိုင့်ကို မြောက်တောက် မြောက်တောက်နှင့် ဝမ်းမြောက်အားရလည်း ယူလာ။ အဖေနှင့် ညီမကို မျက်နှာလိုအားရ ကျွေးတတ်ပါသော ဖိုးတာ ...။ ခု လုံးဝ ငြိမ်သက်နေလျက် ကြေကွဲလောင်မြိုက်နေသည့် မျက်နှာ လေးဖြင့် ရှိနေသည့် ဖိုးတာ အဖြစ်သို့ ပြောင်းလဲသွားချေပြီ တကား။

မနက်ဘက် ရေတွေ တဗွမ်းဗွမ်း ချိုး၊ ချေးတွေ တွန်းလွန်း၍ အအေးမိမှာကိုပင် လန့်ခဲ့ရ ... သားကို ဟန့်တား ခေါက်ယူရပါသည့် ဦးမျိုး။ ဖိုးတာ ထိုစဉ်က မဖျားဘဲ ခုမှ ဖျားနေရပါသည့် အဖြစ်ကို တွေးမိတိုင်း ရင်ထဲမချို။ ရိုက်မိသည့် ကြိမ်လုံးလည်း မမြင်ချင်တော့၍ ဦးမျိုး မီးရှို့ပစ်လိုက်ပြီ။ ရိုက်မိ လေခြင်းဟု ကြေကွဲမိရလေတိုင်း ကံအကျိုးပေးနည်းသည့် ဘဝကိုပဲ တွေးမိရင်းဖြင့် အတွေးကို အဆုံးသပ်လိုက်ရသည်ချည်း။

ဖိုးတာ ဖျားနေတော့ ဦးမျိုး အလုပ်ဆင်းမဖြောင့်။ မိထူးလည်း စက်ဆိုင်မထွက်ဖြစ်။ ဖိုးတာကို ကြည့်ရသည်။ ဦးမျိုးကတော့ ဖိုးတာအတွက် ဆေးဖိုးဝါးခလည်း လိုသည်မို့ အလုပ်ဆင်းမဖျက်ရဲ။ လိုသည့် ဆေးဖိုးဝါးခကိုလည်း အလုပ်ရှင် သဘောကောင်း သူဌေးထံမှာ လက်ဝါးဖြန့် တောင်းလိုက်နိုင်သည် သာ။ အကျိုးအကြောင်းသာ ပြောပြ။ အလုပ်ရှင် သူဌေးလေးက



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးလိုက်သည်ချည်း။ ခု ပိုက်ဆံကို ချေးလိုက်တာပင် မဟုတ်။ ပေးလိုက်ခြင်း။ ထိုငွေဖြင့် ဖိုးတာကို ပြောင်းဖူးကွဲကာ အုပ်ထုပ်တို့ ဘာတို့ ဝယ်ပေးနိုင်သည်။ ကျွေးနိုင်သည်။ ဆေးခန်းပို့နိုင်သည်။ ဒါပေမဲ့ ဖိုးတာသည် ဘာဆိုဘာမျှ ဟက်ဟက်ပက်ပက် မစား။ ဆေးထိုး ဆေးစား၍လည်း ထူးမလာ။ တဖြည်းဖြည်း ပိန်ပိန်ကျလာရင်း အဖျားကလည်း မကျချင်။ ညဘက်လည်း မအိပ်။ ငုတ်တုတ်ကြီး ထထိုင်ချင် ထိုင်နေတတ်သည်။ အဲဖေ ... အဖေနှင့် ကလေးလို ခေါင်းတည်၍ ပြောတာ ချွဲတာမျိုးလည်း မလုပ်တော့ ...။

"ငါ ... ငါ ... ရိုက်မိလို့ ဖြစ်ရတာ ... ဖြစ်ရတာ"

ဟု တွေးမိတိုင်း ယူကြုံးမရကြီးဖြစ်၍ ဦးမျိုး မျက်ရည်မဆည်နိုင်။ ဒါပေမဲ့ ဖိုးတာသည် အရင်တုန်းက ဖျားစဉ်တုန်းကလို အဖေ ဒီနားရိုက်လို့ ဖြစ်ရတာ ဟု ဇက်ပိုးပြ၍ ပြောခဲ့ဖူးတာမျိုးလည်း ဤတစ်ကြိမ်မှာ မလုပ်။ သား ခေါင်းကိုက်တယ် ဟုလည်း ပြောတာမျိုး မရှိတော့။ ငြိမ်နေသည်။ အိမ်သာကျင်းထဲ ပိုက်ဆံအိတ် ကျပျောက်တုန်းက စိတ်ပေါက်ပေါက်နှင့် ဖိုးတာကို ဇက်ပိုးအုပ်မိခဲ့ဖူးသော ဦးမျိုး။ ထိုစဉ်တုန်းက ဖိုးတာသည် သူ့ကို ရိုက်ခဲ့သည့်နေရာကို မမေ့ ...။ ပြတတ်သည်။ ဒါကြောင့် ဖျားသည်ဟုလည်း ပြောတတ်သည်။ ခုကျတော့ အရှိုးရာတွေ ထင်နေသည့် ဒဏ်ရာကို သူ့ဘာသာ သူပဲ မျက်ရည်တွေနှင့်





ငြိမ်ကြည့်နေတတ်သည်။ ဘာကိုမျှ မပြော။ ဖျားနေ၍ ဆေးခန်းပို့လည်း မငြင်း။ လမ်းလျှောက်နိုင်တုန်းက လမ်းလျှောက်၍ လိုက်လာသည်။ ခု ခြေထောက်တွေ ယိုင်ချင်လာတော့ ဆိုက်ကားနှင့် ခေါ်သွားတော့လည်း ထိုင်လိုက်လာသည်။ ဆေးထိုးလည်း ခံသည်။ ဆေးတိုက်လည်း သောက်သည်။ ဒါပေမဲ့ အစားမဝင်။ အိပ်။ အဖျားက ကျတစ်ချက် မကျတစ်ချက်။ အဖျားမငြိမ်။ နောက်တော့ အဖျားက ရှည်လာသည်။ အဖျားမကျတာက များလာသည်။ အာဟာရပြတ်သလိုလည်း ဖြစ်လာသည်။

"အဖေ ..."

မိထူးခေါ်၍ အိမ်ရှေ့ဘက် ထွက်တော့ ဦးမျိုး လိုက်လာရပါ၏။

"နီးတိုး ပြောတယ် အဖေ ... မနေ့က အစ်ကိုဖိုးတာ ပြောတယ်တဲ့ ... သူ ကျောင်းကို သွားချင်တယ်တဲ့ ... ဒါပဲ ပြောတယ် အဖေ"

ဟု ပြောလာတော့ ဦးမျိုး နားမလည်နိုင်ဘဲ သမီးကို ကြည့်သည်။

"ကျောင်း ... ဟုတ်လား၊ ဘာသွားလုပ်မလို့လဲ ... ဖျားနေတဲ့ အထဲ ..."

ဟု ပြောတော့ ...

"အဲဒီကျောင်းမှာ ပိုးပိုး နေတယ် အဖေ ... သူ ကြည့်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်နဲ့ တူပါရဲ့ အဖေရယ် ... သူ့အမေ ဘာပြောပြော အစ်ကိုဖိုးတာကို သနားပါ အဖေ ... သူ ကြည့်ချင်တာလေး ကြည့်ခွင့်ရအောင် လုပ်ပေးလိုက်ပါ အဖေရယ် ... သူ စိတ်ချမ်းသာသွားရင် ပြန်နေကောင်းလာမှာ ... ဒါမှ မဟုတ်ရင် အစ်ကိုဖိုးတာ သေ ... လိမ့် ... မယ် ... အဖေ၊ ဘာမှ ... စား ... တော့ ... တာ ... မဟုတ်ဘူး ..."

ဟု မိထူး ပြောငိုနေတော့ ဦးမျိုး အတန်ငိုင်နေသည်။ သူများသမီး သွားချောင်းကြည့်မည့်ကိစ္စ ...။ ဟိုရောက်မှ ဖိုးတာ အော်ခေါ်နေလျှင် ဒုက္ခ ...။ ခက်သည်က သားကလည်း ကလေးကို အတော်ကြီး ချစ်နေသည်။

မိထူး ပြောသလို ဖိုးတာ ကတိမ်းကပါး ဖြစ်သွားလျှင် တစ်သက်လုံး ဖြေနိုင်တော့မှာ မဟုတ်။ သက်ပြင်းရှိုက်၍ ဦးမျိုး တစ်ချက် ခပ်ထွေထွေကြီး ဖြစ်သွားရာမှ ...

"ဟိုရောက်တော့ အော်ခေါ်နေမှကွယ် ..."

ဟု စိတ်လေးသလို ပြောတော့ မိထူးမှ ...

"နီတိုးကို ဖိုးတာ ငိုပြောတာတဲ့၊ သူ မခေါ်ပါဘူးတဲ့ ... နီးတိုးက အစ်ကိုဖိုးတာ ဟိုရောက်ရင် အော်ခေါ်နေရင်ကော ဆိုတော့ သူ မခေါ်ပါဘူးတဲ့၊ သူခေါ်လို့ ပိုးပိုး လာတွေ့ရင် အဖေက သူ့ကိုရိုက်မှာတဲ့ ... အန်တီက လာတိုင်မှာတဲ့၊ ပြောတယ်တဲ့ အဲသလို ..."





ဟု ပြောငိုနေသည့် မိထူးကိုကြည့်ကာ ဦးမျိုး ငိုင်နေသည်။ မိထူးကတော့ သူ့အစ်ကို ရူးတူးပေါတာပဲ ဖြစ်ဖြစ် ချစ်သည်မို့ ကတိမ်းကပါးဖြစ်မှာကို စိုးရိမ်ထိတ်လန့်နေသည်။ အစ်ဖြစ်သူအတွက် စိတ်ထိခိုက်နေသည်။ သနားနေသည်။

"ငါမရှိမှ ပို့ကြည့်ပါကွယ် ... ဆိုက်ကားနဲ့ လိုက်ပို့ ... ဘယ်ကိုကြည့်မှာတဲ့တုန်း သူက ..."

"ကျောင်း မနက် ဆယ်မိနစ် ခဏဆင်းချိန်မှာ ချောင်းကြည့်မှာတဲ့ ... နီတိုးက အဲဒါကိုတော့ သူပဲ စဉ်းစားပြီး ပြောတာပါ"

ဦးမျိုး ခေါင်းပဲညိတ်ကာ အိမ်ထဲဝင်သည်။ လွယ်အိတ်လွယ်ကာ အိမ်ပေါ်မှ ဆင်းပါ၏။ ခါတိုင်းလို ဘေးကလိုက်လာလျက် အီကြာကွေး စောင့်ယူသည့် ဖိုးတာ၏ ခြေလှမ်းများကို ဘေးမှာ ပြန်၍ဖြစ်လာစေချင်သည်။ ခါတိုင်းလို အိမ်အပြန် စောင့်၍ မိထူးနှင့်အပြိုင် လုံကာ ချိုင့်ကိုယူယူဆွဲသည့် ကာလကို တမ်းတသည်။ ရင်ထဲမှာ ပန်းဟိုက်ကြေကွဲနေပါ၏။ ပိုးပိုးကို ဘွားအေအိမ်မှာ ပြောင်းပို့ထားသည် ဆိုတာကိုရော ...။ ကျောင်းကိုတော့ မပြောင်းတော့ဘဲ ဘွားအေအိမ်မှ ကားဖြင့် လာလာပို့ပေးနေသည် ဆိုတာကိုရော ကြည်ကြည်က မိထူးကို ဈေးမှာ ပြောပြသည်တဲ့။ ကြည်ကြည့်ကိုလည်း ဒေါ်သဇင်မျိုးက ပိုးပိုးနှင့် အတူမထည့်လိုက်။ အိမ်မှာပဲ ဆက်၍နေစေသည်။ ကလေးနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



တုတ္တုမထား။ ဖိုးတာနှင့် ဆုံအောင် မလုပ်ပေးဖို့လည်း သတိပေးထားသည်တဲ့။

ဖိုးတာ ဖျားနေသည်ဆိုကတည်းက ကြည်ကြည့်မျက်နှာ မလန်း။ မိထွေးနှင့် ဈေးမှာ တွေ့ဆုံစဉ်ခိုက်မှာ ကြည်ကြည်မျက်ရည်တလည်လည်ဖြင့် ရှိနေခဲ့သည်တဲ့။ မိထွေးကတော့ အဖေလုပ်သူကို ပြန်ပြောခဲ့သည်ပါပဲ။

ဦးမျိုး ထွက်သွားပြီးသည့်နောက်မှာတော့ မိထွေးမှ နီးတိုးကိုခေါ်၍ ဆိုက်ကားဖြင့် ကျောင်းဘက်ကို ထည့်ပေးလိုက်သည်။ မိထွေးက နောက်မှ ဆိုက်ကားတစ်စီးဖြင့်လိုက်ပါလာ၏။

ကျောင်းကတော့ မနက်ဘက် တက်ပြီးနေပြီ။ ဆယ်မိနစ် ကျောင်းမုန့်စားဆင်းချိန်နှင့်လည်း နီးလာပြီ။ ဖိုးတာသံဝင်းတံခါးကြီးဘေးမှာ ရပ်နေလျက်ဖြင့် ကျောင်းဘက်ကိုပဲငေးနေ၏။ ပိုးပိုး၏ အခန်းက ဘယ်မှာဆိုတာလည်း ဖိုးတာမသိ။ နီတိုးလည်း မသိ။ မိထွေးလည်း မသိ။ ကျောင်းဝင်းတံခါးကြီးဘေးမှာ ရပ်၍စောင့်နေစဉ်ခိုက် ဖိုးတာကို မိထွေးမှ ဘေးကထိန်းထားသည်။ ထိုင်ဖို့ပြောလည်း လက်မခံ။ ရပ်ပဲရပ်နေသည်။ ကြည့်ရတာ ပိုးပိုး ကျောင်း မုန့်စားဆင်းလျှင် သူ့ကို မတွေ့ဘဲဖြစ်သွားမှာကို စိုးရိမ်ပုံရပါ၏။ အရပ်ရှည်ကြီးနှင့် ပိန်ချုံးကျနေသည့် ဖိုးတာသည် ဝင်းတံခါး သံပန်းကို လက်ဖြင့် ကိုင်လျက်ကျောင်းဘက်ကိုပဲ ငေးနေသည်။





မကြာလိုက် ... ကျောင်းမုန့်စားခေါင်းလောင်းထိုး၏။ နီတိုးက ခြောက်တန်းနှင့် ကျောင်းထွက်ခဲ့တာမို့ ကျောင်းထဲမှာ ဘယ်အတန်းက ဘယ်မှာရှိသည်ဆိုတာလောက်ကိုတော့ သိနေသည်။ ခု ဖိုးတာကို ပိုးပိုးနေသည့် သူငယ်တန်း ဆောင်ရှိရာဘက်ကိုတော့ လက်ညှိုးထိုးပြလိုက်မိရသည်ပါပဲ။ ဖိုးတာ တောက်လျှောက်ကြည့်နေသည်။ ကျောင်းမုန့်ဆိုင်ကလည်း ခြံဝင်းတံခါးကြီးနှင့် မဝေးလှသော ကုက္ကိုပင်ကြီး၏ အရိပ်အောက်မှာ သွပ်မိုးတန်းလေးအဖြစ် ရှိနေပါ၏။

"ဟိုမှာ ... ပိုးပိုး ..."

ကျောင်းဝတ်စုံ ဖြူစိမ်းလေးနှင့် ပိုးပိုးကို အဖော်ကောင်မလေး တစ်ယောက်နှင့်အတူ မုန့်ဆိုင်ဘက် လာနေတာကို အခြားသော ကျောင်းသူကျောင်းသားများ ကြားထဲမှ နီတိုး တွေ့တော့ လက်ညှိုးထိုးပြသည်။

ဖိုးတာ မျက်တောင်မခတ် ကြည့်နေပါ၏။ မျက်ရည်လည်း ဝဲနေသည်။ လက်ချောင်းတွေ တုန်ခါချင်နေ၏။ နှုတ်ခမ်းက ပြုံးလာသည်။ ဒါပေမဲ့ လှမ်းမခေါ် ...။ မျက်တောင်မခတ်ဘဲကြည့်နေဆဲ ...။ ရင်သည် ဖုတ်လိုက် ဖုတ်လိုက်နှင့် ဖြစ်နေရှာပါ၏။

"ပိုးပိုး ..."

နီတိုး မကြည့်ရက်နိုင်သည်မို့ ပိုးပိုးကို ခြံပေါက်ဝမှာလှမ်းအော်တော့ ပိုးပိုး ခေါင်းသံကြား၍ထင့် လှမ်းကြည့်လာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာကို မမျှော်လင့်ဘဲ မြင်ရ၍လား မသိ။ တစ်ချက် ခပ်တွေတွေကြီး ကြည့်နေသည်။ နောက်တော့ ပြေးလာရှာပါသတည်း ...။ နှုတ်မှလည်း ...

"အစ်ကိုဖိုးတာ ... အစ်ကိုဖိုးတာ"

ဟု ခေါ်လာနေသည်။ ဖိုးတာ ပြုံး၍ကြည့်နေသည်။ ခြံဝင်းတံခါးနားရောက်တော့ ပိုးပိုး ရပ်သွားကာ မော့ကြည့်ရင်းမှ ...

"ပိုးကို ... ဘွားဘွားအိမ် ပို့ထားတယ်၊ အစ်ကိုဖိုးတာကို ပိုးပိုး သိမ်လွမ်းတာပဲ၊ ဘွားဘွားအိမ်ကို အစ်ကိုဖိုးတာ လာလည်နော် ... လာနော်၊ ပိုးပိုး မြင်းလုပ်စီးမှာ ... အစ်ကိုဖိုးတာကိုလည်း ချောကလက်တွေ ကျွေးမယ် သိလား"

နှင့် ပြောနေတော့လည်း ဖိုးတာ ပြုံး၍ မျက်တောင်မခပ် ကြည့်နေသည်။ ပိုးပိုး လက်လေး ရှေ့ထုတ်လာတော့ ဖိုးတာ ခပ်ဖွဖွကိုင်သည်။ မျက်ရည်တွေ လည်နေရင်းမှ ...

"ရော့ ..."

ဟု ဆိုကာ အင်္ကျီအိတ်တွင်းမှ ပြောင်းဖူးကွေကာ အုပ်ထုပ်လေးကို ထုတ်ပေးသည်။ ရှိတာကို ယူထည့်လာရှာပါသည့် ဖိုးတာ ...။ ပိုးပိုးကို ကျွေးချင်စောဖြင့် ရှိနေလေသမျှ မိထူး မျက်ရည်မဆည်နိုင်။





"စားနော် ... စား ..."

ဟု ခပ်တိုးတိုး ပြောသည်။ ခေါင်းလေးကို ထိသည်။ မျက်နှာလေးကို ထိသည်။ တကယ့်ကို အရုပ်လေး တစ်ရုပ်ကို ဖွဖွထိနေသည့်နှယ်ပါ။ ပိုးပိုးမှ ပြောင်းဖူးကွေကာအုပ်ထုပ် ရယ်ဒီမိတ်ကို ကိုင်၍ မော့ကြည့်နေရာမှ ဖိုးတာ၏ မျက်ရည်တွေကို မြင်တော့ လိုက်၍ မဲ့လာသည်။ နောက်တော့ ပိုးပိုး တရှုံ့ရှုံ့ ငိုချေ၏။ ဖိုးတာ မတား။ သူလည်း ငိုနေသည်။ နောက်ထပ်လည်း ဘာမျှမပြော။ ဘွားအေအိမ်ကို လိုက်လာဖို့မှာတာကိုလည်း လာခဲ့မည်ဟု မဖြေ။ အရိုက်ခံရမှာကို သိနေသည့်နှယ် ငြိမ်နေရှာသည်ပါပဲ။ ပိုးပိုးကို လွမ်းလွန်း၍ တွေ့ချင်လွန်း၍ နီတိုးကို ပူဆာခဲ့ခြင်း ဆိုတာကိုလည်း မိထူး သိနေသည်။ ဖိုးတာ၏ မျက်နှာဖြူဆုတ်ဆုတ် ဖြစ်နေသည်မို့ မိထူးမှ မနေသာတော့ဘဲ ဘေးမှနေ၍ ...

"သမီး ပိုးရဲ့ အစ်ကို ဖိုးတာ နေမကောင်းဘူး ... ပိုးပိုးကို တွေ့ချင်လို့ လာတာ ... ခု ပြန်ခေါ်သွားတော့မယ်နော်"

ဟု ပြောတော့ ပိုးပိုး မျက်နှာငယ်လေးဖြင့် မော့ကြည့်ပါ၏။

"အစ်ကို ဖိုးတာ ဆေးသောက်နော် ..."

ဟု လူကြီးလေးကိုပင် မှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးပိုး ... အစ် ကိုဖိုးတာကို သိပ်လွမ်းတာပဲ ... ညညး
အစ်ကိုဖိုးတာနဲ့ ဆော့မယ်လို့ ပြောတာမရဘူး ... ဘွားဘွား
က မပို့ပေးဘူး"

နှင့် ဖိုးတာကို တိုင်နေသည်။ ဖိုးတာ ဘာမှပြန်
မပြော။ ငြိမ်ကြည့်နေ၏။ မျက်တောင်ကို မခတ်။ ကြည့်မဝသလို
ကြီးကို ကြည့်နေရှာသည်။

မိထူးခေါ်တော့လည်း မရ။ မိထူးကို မကြည့်
နီတိုးကိုလည်း မကြည့်။ ပိုးပိုးကိုပဲ ကြည့်နေသည်မှ တောက်
လျှောက်ပါ။

ကျောင်းမုန့်စားဆင်းခေါင်းလောင်း ထိုးပြီးချိန် စတွေ့
ရသည်မှ နေ၍ ကျောင်းတက်ခေါင်းလောင်းထိုးချိန်အထိ သည်တိုင်
ကြီးပဲ ပိုးပိုးကို ကြည့်နေသည်။ ကျောင်းတက်ခေါင်းလောင်း
ထိုးမှ ပိုးပိုး ဖိုးတာ၏ လက်ကို ကိုင်၍ ...

"ဘွားဘွားအိမ်ကို လာလည်မှာလား အစ်ကိုဖိုးတာ"

ဟု မေးနေသေးသည်။ ဖိုးတာ ပြန်မဖြေ။ အဝေး
ပါသည့် ကောင်မလေးက လာနေသည်မို့ ပိုးပိုး အတန်းပြ
တက်ဖို့ နောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ပြန်သွားတော့လည်း
ဖိုးတာ ရပ်ငေးကျန်နေဆဲ။ နောက်ဆုံး ပိုးပိုး အတန်းတွေရှိ
ဘက်ကို ထောင့်ကွေ့အတိုင်း ဝင်သွားတော့မှ မမြင်ရတော့





ဖိုးတာ ကိုယ့်ကို အနိုင်နိုင် ပြန်မတ်ယူသည်။ သွေးတွေ ဖြူဆုတ်
နေတာကို ခုလို အပြင်ဘက်မှာရှိနေမှ ပို၍သိသာသည်မို့ မိထူး
စိတ်ထဲပူလာရသည်ပါပဲ။

"ပြန်မယ် ..."

ဟု ဖိုးတာ ထိုအခါမှ ပြောသည်။ ရပ်စောင့်ခိုင်း
ထားပါသည့် ဆိုက်ကားဖြင့်ပဲ ဖိုးတာကို ခေါ်ပြန်လာခဲ့ရပါ၏။

ဖိုးတာ အပြန်မှာလည်း စကားတစ်လုံးမျှ မပြော
ခေါင်းက ငိုက်စိုက်ကျနေသည်။ အားကုန်လာသည့်နယ်ကြီး
ဖြစ်နေတာမို့ မိထူး စိတ်ထဲပို၍ လေးလာနေရပါ၏။ မိထူး
ထင်သည်က ဖိုးတာသည် ပိုးပိုးကို မြင်လျှင် ပျော်သွားလိမ့်မည်။
အစားတွေကိုလည်း အိမ်ရောက်လျှင် ပြန်စားသောက်လိမ့်မည်ဟု
ထင်နေမိ ... မျှော်လင့်နေမိရခြင်း။ ဒါပေမဲ့ ခုကျတော့ ဖိုးတာ
သည် စိတ်ကို လျှော့ချလိုက်သည့်နယ် ဖြစ်နေသည်။ ကိုယ်က
ခပ်ညွတ်ညွတ်ဖြင့် ထူမတ်မရနိုင်သလိုကြီး ပျော့ဖတ်ဖတ် ထိုင်လျက်
ကြီး ရှိနေပါ၏။

အိမ်ပြန်ရောက်တော့ မိထူး တစ်ဖက် နီတိုးတစ်ဖက်
တွဲ၍ တက်ရသည်။ ဒေါ်နွဲ့မှ ကြက်သားဆန်ပြုတ် လာတိုက်တော့
နည်းနည်းသောက်သည်။

နောက်တော့ အိပ်ရာထက်မှာ ခွေချလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက် ... ဖိုးတာ မျက်တောင်တွေ မှေးကျလာသည်။ အသက်ရှူသံ မမှန်ချင့်ပဲ ဖြစ်လာသည်။ မိထူး အထိတ်တလန့်ကြီး ဖိုးတာကို ကြည့်ကာ စိုးရိမ်လွန်း၍ ငယ်သံပါအောင် အော်လိုက်မိကာ ဖိုးတာ၏ ကိုယ်ကို သိမ်းပွေ့လိုက်မိရပါပြီ။

"အစ်ကိုဖိုးတာ ... အစ်ကိုဖိုးတာ ... အံမယ်လေး ... ဒုက္ခများပါပေါ့လား အစ်ကိုဖိုးတာရဲ့ ... ကြည့်ချင်တဲ့ ပိုးကို ကြည့်ရပြီဆိုပြီး စိတ်ကို ဖြေလိုက် ကျေနပ်သွားလိုက်တာလား အစ်ကိုဖိုးတာရဲ့ ..."

ဟု ကြုံးအော်ငိုချလိုက်ပါပြီတည်း။

ညီမဆိုပေမဲ့ အစ်ကိုလုပ်သူက ကလေးလုပ်၍ မိထူးကို ဖိုလ်လုပ်နေခဲ့လေသမျှ။ ရင်ထဲမှာ အစ်ကိုဖိုးတာကို မောင်ငယ် တစ်ယောက်လိုရော-အစ်ကိုတစ်ယောက်လိုရော မိထူး ချစ်ရပါသည်။ တစ်ခါတစ်ခါ ဖိုးတာ ဖိုလ်ကျလျှင် မောင်နှမတ သဘာဝ ရန်ဖြစ်ကြသည်က သပ်သပ်။ ခုလို သတိလက်လွတ်ကြ အစ်ကိုဖြစ်သူ ဖျော့ဖတ်ကျနေတာ မြင်တော့ ရင်ကွဲအောင် ခံစ ရ ... ငိုရနှင့် ဖြစ်ရပါပြီ။ ဖိုးတာ၏ မျက်နှာထက်မှာ အပြုံးယဲ့ယဲ့လေ တစ်ခု သဲ့သဲ့ထင်နေတာကိုပဲ ငိုနေရင်းဖြင့် မိထူး ကြေကြေကွဲကွဲ မြင်နေရပါသတည်း။

"သား ... ဖိုးတာ ... အံမယ်လေး လူလေးရဲ့၊ ကိုယ်ကျ နည်းပါပေါ့လား၊ သူ့အဖေဆီ အလုပ်တိုက်ဆီကို ဖုန်းဆ ပါဟဲ့ ..."





နှင့် ဒေါ်နွဲ့သည်လည်း ဖိုးတာကို လက်စမ်းသွေးစမ်းနှင့် အော်ငိုနေပြီ။ မကြာလိုက် ...။ ဖိုးတာ၏ ဘေးမှာ ကလေးတွေ စုစု ... စုစုနှင့် ဖြစ်လာကြသည်။ လူတွေ စုစု ... စုစုနှင့် ဖြစ်လာကြသည်။ ဖိုးတာ မျှော်နေလို့တဲ့ ဆိုသည့် သတင်းကလည်း လမ်းထဲမှာ ကြေကြေကွဲကွဲကြီး ပြန့်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အရာရာကို နောက်မှပဲ ရင်ဆိုင်ယှဉ်လိုက်တော့မည်ဟု ကြည်ကြည် ဆုံးဖြတ်ကာ ကျောင်းသို့ ပြေးသည်။

ကျောင်းက ထမင်းစား ကျောင်းလွှတ်ချိန် နီးနေပြီ။

အရပ်ထဲမှာလည်း ဖိုးတာသတင်းက ပြန့်နေ၏။ ဖိုးတာ သေရတော့မည်ဟု ကြည်ကြည် သိလာရသည်က နီတိုး ပြေး၍ လာပြော၍ပါ။ ဖိုးတာကို လမ်းထဲက သူနာပြုဆရာမ မမြမြခိုင်နှင့် ဆေးထိုးခိုင်းထားသည်တဲ့ ...။

ထိုမျှအထိ ဖိုးတာ ခံစားနေရချိန်မှာ ကြည်ကြည်က ဘာကြောင့် တာဝန်မရှိသူ တစ်ယောက်လို အိမ်ထဲမှာ ခပ်အေးအေး နေနေရမည်တဲ့လဲ။ အလုပ်ပြုတ်ချင် ပြုတ်၊ ကြည်ကြည် ကျောင်းကို ပြေးရပြီ။

ကျောင်းဝင်းရှေ့အရောက် ထမင်းစားကျောင်းဆင်းခေါင်းလောင်း ထိုးချိန် ဖြစ်နေတာမို့ ခြံဝင်းတံခါးဖွင့်တာနှင့်





ဘွားဘွား၏ အိမ်မှ မသင်းသင်းထက်အရင် ဦးအောင် ပိုးပိုး၏ အခန်းသို့ ပြေးရသည်။ သင်းသင်းက ကလေးအတွက် ထမင်းချိုင့်၊ ကော်ဖီဓာတ်ဘူးတွေနှင့် ခပ်လှမ်းလှမ်း ကုက္ကိုရိပ်မှာ ရှိနေပါ၏။

အတန်းထဲဝင်။ ပိုးပိုးကို လက်ဆွဲကာ ခြံထောင့်ဘက် ဆီမှ ကွေ့ပတ်၍ ဝင်းတံခါးရှိရာဘက်ကို ထွက်ခဲ့သည်။

ကျောင်းပြင်ရောက်တာနှင့် ပိုးပိုးနှင့်အတူ ဆိုက်ကား တစ်စီး တား၍စီးကာ ကြည်ကြည် ဖိုးတာ၏ အိမ်သို့ ထွက်ခဲ့ရပါပြီ။

အိမ်ငယ်လေးမှာ လူတွေပြည့်နေသည်။

ပိုးပိုးကို ပွေ့၍ ကြည်ကြည် အိမ်ထဲလူတွေကို တွန်းထိုး၍ ဝင်လာပါ၏။ ဖိုးတာကတော့ အိပ်ရာဟောင်းလေး ထပ်မှာ ပက်လက်လေး ဖြစ်နေ၏။ မျက်တောင်တွေ မှေးပိတ်ချထားရင်းမှ အသက်ကို မနည်းအားစိုက် ရှူနေရတာကို မြင်နေရသည်။

ဖိုးတာဘေးမှာ ဦးမျိုး ရောက်နေပြီ။ မိထွေး ထိုင်နေသည်။ ဒေါ်နွဲ့ကတော့ ဘုရားစာတွေ ရွတ်နေ၏။ မိထူးကတော့ တငိုတည်းငိုနေပြီ။

ကြည်ကြည့်နားထဲမှာ ကြားနေရသည်က ကလေ့ကို ကျောင်းမှာ သွားကြည့်ခဲ့သေးတာတဲ့ ... ဆိုသည့် စကားသံများ။

ဟိုမှာ အဲဒီကလေးပေါ့ ... ဆိုသည့် စကားများ။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည် ဖိုးတာဘေးမှာ ထိုင်လိုက်သည်။ ဖိုးတာ၏ လက်ကို ကိုင်သည်။ ပိုးပိုးကိုလည်း ကြည့်မိရပါ၏။ ဖိုးတာ၏ လက်တွေ အေးစက်လာနေသည်။ ဖိုးတာ၏ မျက်နှာထက်မှာ သွေးဆုတ်နေသည်။

ပိုးပိုး၏ လက်လေးကို ဖိုးတာ၏ လက်ပေါ်ဖေးတင်ပေးလိုက်သည်က ကြည်ကြည် ...။

"ခေါ်လိုက် ပိုးပိုး ... အစ်ကိုဖိုးတာလို့ ခေါ်လိုက် ... အကျယ်ကြီး ခေါ်လိုက် ... အစ်ကိုဖိုးတာကို အကျယ်ကြီး ခေါ်မှ သူ ကြားမှာ ... အကျယ်ကြီးခေါ် ..."

နှင့် အသံတွေတုန်အက်နေရင်း ငိုကြွေးနေရင်းဖြင့် ကြည်ကြည် ပြောတော့ ပိုးပိုး အားလုံးကို လိုက်ကြည့်သည်။ ငိုနေသည့် မိထူး။ ဘုရားစာ ရွတ်နေသည့် ဒေါ်နွဲ့။ မျက်ရည်တကျကျတည်းကျနေသည့် ဦးမျိုး။ အိမ်လေးထဲမှာ ရပ်တချို့ ထိုင်တချို့ဖြင့် ခပ်ငေးငေး ဘိတ်ဆိတ်စွာ ကြည့်နေကြသည့်လူများ။ ကောင်လေးများ၊ အားလုံးကို လိုက်ကြည့်သည်။ နောက်တော့ ဖိုးတာကို ပြန်ကြည့်ပါ၏။

"ဘာဖြစ်လို့ ငိုနေကြတာလဲဟင် ..."

ဟုလည်း ကြည်ကြည့်ကို မေးသည်။ ကြည်ကြည်မှ ပိုးပိုးကို ဆံစလေးသပ်၍ ...





"အစ်ကို ဖိုးတာလို့ အော်ခေါ်လိုက်လေ ... မြန်မြန်ခေါ်ပါ ပိုးပိုးရဲ့ ... ပိုးပိုး ခေါ်မှ အစ်ကိုဖိုးတာက နိုးမှာ ... ထမင်းလည်း စားမှာ ..."

ဟု ပြောတော့ ပိုးပိုး ဖိုးတာကိုကြည့်ကာ ...

"အစ်ကိုဖိုးတာ ... အစ်ကိုဖိုးတာ ... ထ ... ထ ..."

နှင့် တကယ့်ကိုပဲ အသံလေးကျယ်ကျယ်ဖြင့် အော်ခေါ်နေပေမယ့် ဖိုးတာ မလှုပ်တော့။ ကြည်ကြည် စိုးရိမ်တကြီးပဲ ရင်အုံလေးကို ကြည့်နေမိသည်။ လတ်တလောအတွင်းမှာ အတော်ကြီးကို ချုံးပိန်ကျသွားပါသည့် ရင်အုံ ...။ အသက်ကို မှုင်းရှူနေသည့် ရင်အုံ၏ အနိမ့်အမြင့်ကို ချောက်ချားစွာ ကြည်ကြည် ကြည့်နေမိသည်။

မိထူးကတော့ ဖိုးတာ လက်ကိုကိုင်၍ ...

"မိထူးတို့ကို မချန်ထားခဲ့ပါနဲ့ အစ်ကိုဖိုးတာရဲ့၊ မိထူး အစ်ကိုဖိုးတာကို မခွဲနိုင်ဘူး အစ်ကိုဖိုးတာရဲ့ ..."

နှင့် အော်ငိုချပစ်လိုက်ပါပြီ။ ဦး မျိုးကတော့ သားဘေးမှာ ထိုင်၍ သား၏ဆံစတွေကို သပ်ပေးနေရင်းမှ သားကို ကြိမ်လုံးနှင့် အချက်များစွာ ရိုက်မိခဲ့တာတွေကို မချိနိုင်။ ဖြေမဆည်နိုင်။ တစ်ချက် မကာတော့ဘဲ အရိုက်ကို ငုံ့ခံသွားသည့် သား။ အဖေ ဖြေယူလို့မရအောင် အဲဒီအဖြစ်ကို ခံစားနေရအောင် ချန်ထားခဲ့တော့မှာလား ... ဆိုသည့် စကားတွေကို နှုတ်မှ ဖွင့်မဆို။ ရင်ထဲမှသာ ပြောနေမိရပါသည့် အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဖိုးတာ ... ထခလေ ... ထ ... ပိုးပိုးနဲ့တူတူ ဆော့မယ်လေ ... မြင်းစီးမယ်လေ ... ထပါ ... ထပါ ..."

နှင့် ပိုးပိုး အတင်းလှုပ်နှိုးနေတော့ ဘယ်သူမှ မနေနိုင်။ အားလုံး မျက်ရည်ကျကြရသည်။ အိမ်နီးနားချင်းတွေလည်း မျက်ရည်ကျ ... သမဝါယမဆိုင်မှ သဟင်းကြားနှင့် ပြေးလာသည့် ကျော်လတ်မှလည်း ဖိုးတာကိုကြည့်ရင်း ...

"ဒီလောက် ပျော်တဲ့ ဖိုးတာ ... ဘယ့်နှယ် ဒီလိုဖြစ်သွားရတာလဲ ... တစ်ပတ်ကျော်လောက် ဖေါ်မလာပေမယ့် ဒေါ်ညိုနဲ့ ဒေါ်ခက်ဆိုင်ဘက် စက်ကျနေတယ် ထင်နေမိတာ ..."

ဟု မျက်ရည်ကျရင်း ပြောကာ မကြည့်ရက်သလို အိမ်ပြင်ဘက်သွား၍ ကပြင်မှာ ထိုင်ငိုင်နေသည်။ ရွှေလက်စွပ်နှင့် ဆွဲကြိုးလိုချင်သမျှ ဦးမျိုးကို သားပူဆာတော့ ဦးမျိုး အကူအညီတောင်းသလို ရွှေရည်စိမ်ဆွဲကြိုးနှင့် လက်စွပ်ကို အစစ်လုပ်၍ ဖိုးတာကို ဝယ်ပေးခဲ့ပါသော ဦးလှိုင်လည်း ခြံဝမှာ ငုရုကြီး သွားထိုင်နေသည်။

ရွှေဆိုကာကို မဝတ်ဖူးလောက်အောင် ဆင်းရဲရှာပါသည့် ဖိုးတာ ... ကလေးတွေနှင့် ပျော်တတ် ဆော့တတ်ပါသော ဖိုးတာ ...။





ခု ကလေးတစ်ယောက်ကို ချစ်လွန်း၍ ကလေးနှင့် ခွဲနေရတာကို စိတ်ထိခိုက်လွန်း၍ အရိုက်ခံရလေသမျှကိုလည်း ကြေကွဲလွန်း၍ ခံစားရလေသမျှတို့သည် ဤဖိုးတာလေးကို တမလွန်ဆီသို့ ခေါ်ဆောင်သွားချေတော့မည်တဲ့လား၊ဟု ဦးလှိုင် မျက်ရည်ကျရင်း တွေးနေသည်။ ဒေါ်ခက်နှင့် ဒေါ်ညိုတို့လည်း မျက်ရည်သုတ်နေကြပါ၏။ ပိုးပိုးကတော့ ဖိုးတာကို လက်လေးတဆွဲဆွဲဖြင့် အော်ခေါ်နေဆဲ ...။

"မရနိုင်တော့ပါဘူးကွာ ... ဒီကလေးကို ငါတို့ ဆုံးရှုံးလိုက်ရပါပြီ ... ဒီလမ်းမှာ သူ့ကို ငါတို့ မမြင်ကြရတော့ပါဘူး၊ ငါတို့လမ်းလေးမှာ အမြဲဝေစည်နေအောင် လုပ်ပေးနေတတ်တဲ့ ဖိုးတာကို ငါတို့ အဆုံးရှုံး ခံလိုက်ရပါပြီကွာ"

ဟု ကျော်လတ်ကို လှမ်း၍ ဦးလှိုင် ငိုသံပါကြီးဖြင့် ပြောလိုက်မိရပါ၏။ ပိုးပိုး၏ အော်သံလေးကတော့ အဆက်မပြတ်။

"ထပါဆို ... ထပါဆို ... အစ်ကိုဖိုးတာ ဘာလို့ မထတာလဲ ... ဘာလို့ မထတော့တာလဲ မမကြည် ... မမကြည်"

နှင့် အော်မေးရင်း ပိုးပိုး လိုက်၍ ငိုချလာသည်။ လူတွေ ငိုနေကြတာကို ကြည့်၍ ပိုးပိုးလည်း လိုက်ငိုလာနေပြီ။ ဖိုးတာ တစ်ခုခု ဖြစ်နေပြီဆိုတာလောက်ကိုတော့ ပိုးပိုး နားလည်လာနေသည်ပဲလေ။

"အစ်ကိုဖိုးတာ ... ထ ... ထ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်ဘတ်ကြီးကို ထု၍ ပိုးပိုး အော်ငိုနေရင်း ခေါ်စဉ်ခိုက် ဖိုးတာ၏ နှုတ်ဖျားဆီမှ ...

"ဟင် ... ဟင် ... ဘာလဲ ... မြင်း ... မြင်းစီးမလား"

ဆိုသည့် အသံ ထွက်ကျလာတော့ အားလုံး ဝမ်းသာအားရကြီး ကြည့်မိကြ ...။ မျက်ဝန်းတွေ အားယူဖွင့်လိုက်တာကိုလည်း မြင်ရ။ ပိုးပိုးကိုမြင်တော့ မျက်ဝန်းလေးတွေ လက်တောက်လာကာ ဝမ်းသာအားရ ကြည့်လာတာကိုလည်း မြင်ရနှင့် ဦးမျိုးနှင့် မိထွေးမှာ ထိုအခါကျတော့လည်း ဝမ်းသာလွန်း၍ မျက်ရည်တွေ ထပ်ကျလာရပါပြီ။ ဒေါ်နွဲ့မှာ ဖိုးတာ၏ ခေါင်းလေးကို သပ်ပေးနေစဉ်ခိုက် ဦးမျိုးမှ သား၏ ကိုယ်လေးကို ရင်ခွင်ထဲ ပိုက်လိုက်ကာ ...

"နောက်ကို မင်း သေရင် အေးမယ် ... လို့ ... အဖေ ... အဖေ ... ဘယ်တော့မှ မပြောတော့ပါဘူး သားရယ် ... မင်းမရှိရင် အဖေ ရူးမှာပါ ..."

ဟု ရင်ကွဲသံကြီးဖြင့် ပြောမိရပါ၏။ သားကို ဖြိုး၍ ကြည့်။ ပါးကိုနမ်းပြီးမှ ပိုးပိုးကို သား ရှေ့မှာ ထိုင်ခုံစေသည်။

"ပိုးပိုး လာပြီ သား ... နောက်ကို ပိုးပိုးနဲ့တူတူ ကစားလို့ရအောင် အဖေလေ ... ပိုးပိုးရဲ့ မေမေ့ဆီမှာ ခြေထောက်ဖက်ပြီး တောင်းပန်ရ တောင်းပန်ရ တောင်းပန်ပါ့မယ်ကွယ်"

ဟု ငို၍ ပြောစဉ်ခိုက် ...





"ဟာ ... ကျွန်တော်တို့ အားလုံး ဝိုင်းပြောပေးပါ့မယ် ... ဖိုးတာအကြောင်းလည်း နားလည်အောင် ... ဖိုးတာ စိတ်လည်း နားလည်အောင် ပြောပေးရမှာပေါ့ ... ဘယ့်နှယ်ဗျာ ဒီလောက်ကြီးထိ ဖိုးတာလေး ခံစားရတာ ... မကြည့်ရက်ပါဘူး ... ဖိုးတာ ဒီလောက် ဖျားနေတာကို ဦးမျိုး ပြောပြတာလည်း မဟုတ်ဘူးဗျာ ... ကလေးအခြေအနေ ဒီလောက်ထိ ဖြစ်နေတာကို ..."

ဟု ဦးလှိုင်တို့ အုပ်စုနှင့် ကိုကျော်လတ်တို့လူစုတစ်သိုက် ပြောကြပါချေ၏။

ဖိုးတာကတော့ ပိုးပိုး၏ လက်လေးကို ထွေးကိုင်ထားရင်းမှ ပြုံးနေချေ၏။

မိထွေးတိုက်သည့် ကွေကာအုပ်ကို သောက်နေ၏။

ကြည်ကြည်ကိုလည်း ကျေးဇူးတင်သည့် မျက်လုံးများဖြင့် ဖိုးတာ ကြည့်နေ၏။

"အဖေ ... သားကို မရိုက်ပါဘူးနော်"

ဟုလည်း တစ်ချက်မော့၍ အဖေလုပ်သူကို တိုးသက်စွာ မေးလာပါ၏။

နောက်တော့ ဖိုးတာ မျက်ဝန်းတွေ လေးလာသယောင်ဖြင့် ပြန်၍ အိပ်သွားပါချေသတည်း။

ဘာပဲဖြစ်ဖြစ် ...



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာသည် ဤလမ်းလေးမှာ ဝေစည်နေသည့် အသံတွေကို ဖြစ်တည်စေမည့် ဖိုးတာအဖြစ် ပြန်၍ ရှိလာချေဦး တော့မည်တကား ...။





"ကြက်ဖတိန်ညင် မကစားဖူးကွ ... ညောင်ပင်တစ္ဆေ ကစားမယ် ... ငါနဲ့ ပိုးပိုးက ညောင်ပင်တစ္ဆေ ... ဒါပဲ"

ဟု ပြောနေသံ ... ကလေးဗိုလ်လုပ်၍ ဖိုးတာ ပြန်စွာနေသည့် အသံတွေ လွန်ခဲ့သည့် တစ်ပတ်လောက်ကမှ စတင်၍ လမ်းပေါ်မှာ ကြားလာနေရသည်။ ကြည်ကြည်ကတော့ အိမ်ရှေ့မှာ ရပ်၍ ပြုံးကြည့်နေပါ၏။

"လူတစ်ယောက်ရဲ့ ရင်ထဲက သံယောဇဉ်နဲ့ ချစ်ခြင်းကို နားလည်ပေးရမှာပေါ့ သဇင် ... ခု ... ကြည့်စမ်း ... လမ်းထဲက လူဟောင်း တော်တော်များများ မောင့်ကို လာပြောပြကြတယ် ... သဇင့်ကို လာပြောပြကြတယ် ... ဖိုးတာရဲ့ အဖေ လာပြောရှာတယ် ... ဖိုးတာဟာ ကလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ ကြီးပြင်းလာတဲ့ ဖိုးတာဆိုတာကိုလည်း သဇင်လည်း သိရပြီ၊ မောင်လည်း သိနေရပြီ၊ သဇင့်သမီးလေးကို သဇင်စိုးရိမ်လို့ ဖိုးတာနဲ့ ပေးမဆော့တာ သဇင် မှားတယ်လို့ မောင် မပြောပါဘူး ... အဲဒီအဖြစ်တွေကိုလည်း မောင် မသိအောင် သဇင် ဖုံးကွယ်ထားခဲ့တာမို့ မောင် မသိခဲ့ရဘူး ... ခု သိရပြီ ... ဖိုးတာရဲ့ စိတ်ထားလေးကိုလည်း သဇင် သိရပြီ၊ ကံကောင်းလို့ ဖိုးတာ မဆုံးပါးခဲ့ရတာ ... မောင်တို့ ကံကောင်းတယ်လို့ မှတ်ပါကွယ် ... ဖိုးတာသာ တစ်ခုခုဖြစ်သွားရင် ဒီလမ်းမှာ မောင်တို့နေဖို့ တောင် ကောင်းတော့မှာ မဟုတ်ဘူး၊ မောင်တို့ကိုယ်တိုင်လည်း လူတစ်ယောက် မောင်တို့ ပယောဂမကင်းဘဲ ဆုံးပါးသွားခဲ့ရတယ်ဆိုတာမျိုး ဖြစ်သွားခဲ့ရရင် စိတ်ထိခိုက်ကြရမှာပဲ ... ခု ကြည်ကြည်ကလည်း အမြဲ ဘေးက စောင့်ကြည့် စောင့်ရှောက်မှာပဲလေ၊ ပိုးပိုးအတွက် စိတ်မပူပါနဲ့၊ ဖိုးတာကို အိမ်ထဲ အဝင်အထွက်ပြုမယ့်အထိ သဇင် နားလည်ဆုံးဖြတ်ပေးခဲ့တဲ့အတွက်လည်း သဇင့်ကို မောင် ချီးကျူးပါတယ် သဇင် ... မေတ္တာဆိုတာ ရှိရင် အဲဒီ မေတ္တာရှိသူရဲ့ တန်ဖိုးဟာ မြင့်မားလှပါတယ်ကွယ်"





ဟု ပြောခဲ့ပါသော အန်ကယ် ဦးဇော်လွင်၏ စကား ကြည်ကြည် ကြားနေမိရပါ၏။ လက်ခံခဲ့သော အန်တီလေး ဒေါ်သဇင်မျိုး၏ အဆုံးအဖြတ်။ ကြည်ကြည် အမှတ်ရနေဆဲ။ ဧတော့ တစ်လမ်းလုံးဝယ် ဖိုးတာသည် ယခင်တုန်းကနှယ်ပင် ပျော်ရွှင်နေသော ဖိုးတာ ပြန်၍ဖြစ်နေချေပြီတကား ...။

"ညောင်ပင်တစ္ဆေ ..."

"ဝေလေလေ ..."

"နင် ဘယ်ကိုင်းမှာနေ ..."

"ညောင်ကိုင်းမှာနေ ..."

"နင်ဘာသီးစား ..."

"ညောင်သီးစား ..."

"နင် ဘာရေသောက် ..."

"ညောင်ရေသောက် ..."

"နင် ဘယ်သူ့ကိုချောက်ဖို့လာ ..."

"နင်တို့ကို ချောက်ဖို့လာ ..."

"မချောက်ပါနဲ့ ... ထမင်းဟင်းကျွေးပါမယ် ..."

"အခုကျွေး ..."

"မကျွေးနိုင်ဘူး ..."

"ဒါဆို အဲထဲလား ... အပြင်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"အပြင် ..."

"ဟော့ ... မရှုဘူးကွ ... ငါ ရွေးမှာ အပြင်ကို ငါပဲရွေးမှာ၊ နင်တို့က အထဲမှာနေရမှာ ... ငါက အပြင်ကနေပြီး ပိုးပိုးနဲ့ နင်တို့ကို လိုက်ပုတ်မှာ ... ဒါပဲ ... ဟော့ ... ဟော့ ငါ့ပုဆိုးကို မထိနဲ့ကွ ... ဘာဘ ဦးဇော်လွင် ဝယ်ထားပေးတဲ့ ဥစ္စာကွ ... အသစ်ကွ ... ပေကုန်ပေါ့မယ် ... ဟာ ပိုးပိုး လက်ကို လှမ်းပြီး အရမ်းမပုတ်နဲ့လေ ... နာသွားပါ့မယ် ဆိုမှ ... နင်တို့ကို ငါ တူတူ မကစားဘဲ နေလိုက်မှာနော်၊ ဘာမှတ်လဲ ... ဟော့ကောင်တွေ ... ဟော့ကောင်တွေ ငါ့ ပုဆိုး မပွတ်နဲ့ မထိနဲ့ဆိုကွာ ... ဟာ ... ပေကုန်ပြီ ..."

ဟု ဆူညံနေသည့် ကလေးတွေ၏ ဝိုင်းစနေသံ ... ပွတ်ထိနေကြဟန် ... ဆူညံနေသည့် အသံတွေကြားထဲမှ ဖိုးတာ၏ ဘိုကျနေသံ ...။

ကလေးများ၏ ရယ်သံ ...။

ပိုးပိုး၏ ရယ်သံ ...။

လသာညမှာ လမ်းထဲမှာ ဝေညံနေချေသတည်း။





ဘဝကိုလျှောက်လှမ်း
ဘယ်ကမ်းကိုကပ်ကပ်
ဘယ်အရပ်မှာနေနေ
ဘဝတွေက ဒီလိုပဲ
မပြောင်းလဲပဲ ဤ တစ်နေ့
မပြောင်းလဲပဲ ထိုတစ်နေ့
မျော်မှန်းရင်းပဲလျှောက်လျှောက်
ငိုကြွေးရင်းပဲလျှောက်လျှောက်
လူတစ်ယောက်တော့ဖြစ်နေ
မေတ္တာတွေပဲလိုအပ်
စာနာလို့ ရစ်ပတ်ကာ
ကူညီလို့ဖေးထူပါ
ဖိုးတာ ဆိုသော လူငယ်လေး
ခြော် ...
ဖိုးတာ ဆိုသော ကလေး ...။



www.burmeseclassic.com

www.burmeseclassic.com



မှူးဝေခံ့ကားပြည်မြွားစွာဖြင့်



မဟူရာ

(လှိုင်ကော်)

(မဂ္ဂဇင်းများတွင် ဖော်ပြထားသော ဖိုးတာနှင့် မဖော်ပြရသေးသော ဖိုးတာတို့ကို စုစည်းထားခြင်း ဖြစ်ပါသည်။)

(စာရေးသူ)

စေတနာစာပေ

www.burmeseclassic.com